မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက် ၂၀၁၇ ခုနှစ်၊ မေ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၆)၊ အမှတ် (၁၉၈)

လွတ်မြောက်အောင် အားထုတ်

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သော စိတ်ကိုထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

စိတ္တဝဂ်(ဓမ္မပဒ - ၃၇)

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင် မိသားစုတို့၏ နှစ်သစ်ကူးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာနှင့် သက်ကြီးပူဇော်ပွဲအလှူတော်မင်္ဂလာ သုံးခွမြို့၌ကျင်းပ

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင် သုံးခွမြို့နယ် သက်ကြီးပူဇော်ပွဲ မင်္ဂလာအခမ်းအနားတွင် အဘိုးအဘွားများအား ပူဇော်ကန်တော့စဉ် (သတင်းစဉ်)

ရန်ကုန် မေ ၁၈

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် မိသားစုတို့၏ နှစ်သစ်ကူးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာနှင့် သက်ကြီးပူဇော်ပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ရှိ မဟာအတုလဝေယံ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁●

စီးပွားရေးကဏ္ဍ အချပ်ပို (၈)မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ (၁)နှစ်တာအဖြစ် စီးပွားရေးကဏ္ဍ အချပ်ပို (၈) မျက်နှာ ပါရှိပါသည်။

အလှူရှင် နိုင်ငံတော်သမ္မတကြီး၏ စကားသံနှင့် ကန်တော့ခံအဘိုးအဘွားတို့ပြောသည့် ပီတိစကား

စာ » ၄

KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြိုတင်ကာကွယ်မှုများ၏ ရလဒ်ကောင်း

ယခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ကျင်းပသည့် လေးရက်တာကာလအတွင်း သင်္ကြန်နှင့်ပတ်သက်၍ အမှုအခင်းဖြစ်ပွားမှုတွင်ရော သေဆုံးဒဏ်ရာရရှိမှုတွင်ပါ ယမန်နှစ်ကနှင့်နှိုင်းယှဉ်ပါက သိသိသာသာလျော့ကျသွားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က တရားဝင်ထုတ်ပြန်ခဲ့ရာ သင်္ကြန်မတိုင်မီကာလကတည်းက ဆောင်ရွက်ခဲ့သော မှုခင်းကြိုတင်ကာကွယ်ရေးဆောင်ရွက်ချက်များ၏ အကျိုးရလဒ်ဟု ဆိုရမည်ဖြစ်သည်။

ယမန်နှစ်သင်္ကြန်ကာလက အမှုအခင်း ၂၄၁ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၃၅ ဦး၊ ဒဏ်ရာရသူ ၃၁၆ ဦးရှိခဲ့သည်။ အဆိုပါအရေအတွက်မှာ သင်္ကြန်ပွဲတော်ကျင်းပသည့်လေးရက်အတွင်း သင်္ကြန်နှင့်ပတ်သက်သည့် အမှုအခင်းနှင့်သေဆုံးဒဏ်ရာရ အရေအတွက်ဖြစ်သည်။ ယခုနှစ်တွင်မူ သင်္ကြန်နှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် အမှုအခင်း ၂၀၈ မှုဖြစ်ပွားခဲ့ကြောင်း၊ သေဆုံးသူ ၁၆ ဦးနှင့် ဒဏ်ရာရသူ ၁၉၄ ဦးရှိကြောင်း ထုတ်ပြန်ထားရာ ယမန်နှစ်ကနှင့် နှိုင်းယှဉ်ပါက သေဆုံးဒဏ်ရာရသူ ထက်ဝက်ခန့်လျော့ကျသွားခြင်းပင်ဖြစ်သည်။

သင်္ကြန်နှင့်ပတ်သက်၍ သေဆုံးသူ ၁၆ ဦးတွင် ယာဉ်တိုက်မှုကြောင့် ခုနစ်ဦး၊ သေမှုသေခင်းကြောင့် ရှစ်ဦး၊ လူသတ်မှုကြောင့် တစ်ဦးတို့ဖြစ်ကြောင်း၊ ဒဏ်ရာရသူ ၁၉၄ ဦးတွင်လည်း ယာဉ်တိုက်မှုကြောင့် အများဆုံးဖြစ်ကြောင်း ရဲတပ်ဖွဲ့မှတ်တမ်းများအရ သိရသည်။ မိမိတို့၏ အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သော ထိုင်းနိုင်ငံတွင်လည်း သင်္ကြန်(ဆွန်ခရန်)ပွဲတော်ကျင်းပသည့် လေးရက်တာကာလအတွင်း သေဆုံးသူ ၂၂၆ ဦးရှိခဲ့ရာ ယမန်နှစ်ကနှင့် နှိုင်းယှဉ်ပါက ၁၂ ဒသမ ၇ ရာခိုင်နှုန်းလျော့နည်းကျဆင်းသွားခြင်းဖြစ်ကြောင်း ဒေသတွင်း မီဒီယာများက ဖော်ပြထားကြသည်ကို တွေ့ရသည်။ ထိုင်းနိုင်ငံ၏ သင်္ကြန် (ဆွန်ခရန်) ပွဲတော်ကာလအတွင်း ယာဉ်မတော်တဆမှု ၆၄၂ မှုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရသူ ၆၆၄ ဦးအထိရှိခဲ့သည်ဟုလည်း ဆိုသည်။ အဆိုပါ ယာဉ်မတော်တဆမှုများ ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းမှာ မူးယစ်သောက်စားမောင်းနှင်ခြင်းကြောင့်ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၄၄ ရာခိုင်နှုန်းအထိရှိကြောင်း၊ ယာဉ်မတော်တဆမှု၏ ၂၇ ဒသမ ၄ ရာခိုင်နှုန်းမှာမူ မဆင်မခြင်အမြန်မောင်းနှင်ခြင်းကြောင့်ဖြစ်ကြောင်းလည်း သတင်းများကဆိုသည်။ တစ်ဖန် ယာဉ်မတော်တဆမှုများ၏ ၈၄ ဒသမ ၄ ရာခိုင်နှုန်းမှာ မော်တော်ဆိုင်ကယ်များနှင့်အဓိကသက်ဆိုင်နေပြီး လိုက်ထရပ်၊ ပစ်ကပ်ယာဉ်ငယ်များ မတော်တဆဖြစ်ပွားမှု ၆ ဒသမ ၆ ရာခိုင်နှုန်း ရှိသည်ဟုလည်းသိရသည်။

မိမိတို့နိုင်ငံတွင် သင်္ကြန်မတိုင်မီကာလ မှုခင်းကြိုတင်ကာကွယ်ရေးအစီအမံများအရ စိတ်ကြွရူးသွပ်ဆေးဝါး အပါအဝင် မူးယစ်ဆေးဝါးများကို ကြိုတင်ကာကွယ်နှိမ်နင်းခြင်း၊ လိင်စိတ်ကြွဆေးနှင့် အခြားဆေးဝါး အလွဲသုံးမှုများကို စစ်ဆေးပညာပေးမှုများပြုလုပ်ခဲ့ခြင်း၊ မော်တော်ဆိုင်ကယ်များတွင် ပါဝါအိတ်ဇောများတပ်ဆင်မှုနှင့် လက်နက်ကိုင်ဆောင်မှုတို့ကို စစ်ဆေးသိမ်းဆည်းမှုများ ပြုလုပ်ခဲ့ခြင်းတို့၏ အကျိုးရလဒ်များအဖြစ် သင်္ကြန်တွင်းအမှုအခင်းများ၊ ယာဉ်မတော်တဆမှုများနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့ လျော့နည်းကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိနိုင်မည်ဖြစ်သည်။

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလ မှုခင်းများလျော့နည်းကျဆင်းရေးလုပ်ငန်းစဉ်များ၏ အောင်မြင်မှုအရှိန်အဟုန်ကိုဆက်ခံကာ ပြည်သူပါဝင်သော ရဲလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့ဘဝလုံခြုံရေးတို့အတွက် အထောက်အကူကောင်း၊ ရလဒ်ကောင်းများရရှိမည်ဟု ရှုမြင်မိပါကြောင်း။ ။

ရှမ်းရိုးရာ သဲပုံစေတီတော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

တွံတေး မေ ၁၈

ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ဖြစ်သော သဲပုံစေတီတော်တည်ထားပူဇော်ခြင်းအား နှစ်ဆန်း ၁ ရက်နေ့ မေ ၁၇ ရက် နံနက် ၆ နာရီက တွံတေးမြို့နယ် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော် မြောက်ဘက်မုခ်အနီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

သဲပုံစေတီတော်ပွဲသည် မြန်မာနှစ်ဆန်း ၁ ရက်နေ့သို့ရောက်တိုင်း ရှမ်းလူမျိုးတို့၏ တည်ထားကိုးကွယ်လေ့ရှိသော ရိုးရာဓလေ့တစ်ခုဖြစ်ပြီး (၁၅၄) ကြိမ်မြောက်ရှိပြီဖြစ်ကြောင်းလည်း သိရသည်။ သဲပုံစေတီတော် တည်ထားရန်အတွက် စေတနာရှင် အလှူရှင်များနှင့် ရှမ်းရွာ လေးရွာဖြစ်သော ရှမ်းစု၊ ညောင်တံခါး၊ ငါးခုံးမစမ်းနှင့် မူးလမန်းကျေးရွာနေ ရှမ်းတိုင်းရင်းသားများသည် စေတီတော်ပြုလုပ်ရန် သဲနှင့်ဝါး အစရှိသည်များအား ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်အောက်တွင် ကြိုတင်စုပုံထားရှိကာ နှစ်ဆန်း ၁ ရက်နေ့ နံနက် ၆ နာရီမှစပြီး သဲနှင့်ဝါးများကို ရင်ပြင်တော်ပေါ်သို့ စုပေါင်းသယ်ဆောင်ပြီး သဲပုံစေတီတော်အား နေ့မကူးခင် (မွန်းတည့် ၁၂ နာရီမထိုးခင်)အပြီးတည်ထားကုသိုလ်တော်ယူကြကြောင်း သိရသည်။

"သဲပုံစေတီတော်ပွဲတော်ကကျွန်တော်တို့ ရှမ်းတိုင်းရင်းသားတွေရဲ့ဓလေ့ဖြစ်ပေမယ့် တွံတေးသား တွံတေးသူတွေရဲ့ နှစ်စဉ်စုပေါင်းတည်ထားတဲ့ စေတီတော်ပွဲပါပဲ"ဟု ရှမ်းစုကျေးရွာနေ ရှမ်းတိုင်းရင်းသား ဦးဝင်းလွင်ကပြောသည်။

မောင်ယဉ်ဦး(ဒလ)

မန်းရွှေစက်တော်ရာပါဒစေတီတော် ဘုရားပွဲတော်ပိတ်ပွဲကျင်းပ

မင်းဘူး မေ ၁၈

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ရာပါဒစေတီတော် ဘုရားပွဲတော်ပိတ်ပွဲအား မေ ၁၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။ မန်းရွှေစက်တော်ရာပါဒစေတီတော် ဘုရားပွဲတော်ပိတ်ပွဲအား မန်းရွှေစက်တော်ဘုရား ဩဝါဒါစရိယ ဆရာတော်ကြီးများက မြန်မာ့ရိုးရာအစဉ်အလာအတိုင်း အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သိရှိရသည်။ **ခရိုင်(ပြန်/ဆက်)**

မက္ကဆီကိုနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၁၉

မက္ကဆီကိုပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် မက္ကဆီကိုစီးတီးမြို့၌ မက္ကဆီကိုပြည်ထောင်စုသမ္မတ မစ္စတာ အင်နရစ်ခ်ပီညဲနီတိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများနှင့် ခရစ်ယာန်အသင်းတော်ကျောင်းများသို့ ငွေလှူ

မြစ်ကြီးနား မေ ၁၈

မြန်မာနှစ်သစ်ကူးအခါသမယ၌ ကုသိုလ်ကောင်းမှုအဖြစ် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ခရစ်ယာန်အသင်းတော် ဘုရားကျောင်းများသို့ အလှူငွေများ သွားရောက်ပေးအပ်လှူဒါန်းကြပြီး နှစ်သစ်ဆုတောင်းမေတ္တာပို့သမှုများ ခံယူကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့၊ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်၌ ဝန်းသိုဆရာတော်အား ဖူးမြော်ကြည်ညိုကာ နဝကမ္မ အလှူငွေ ကျပ် သိန်း ၅၀ ကို ဆရာတော်ထံ ပေးအပ်လှူဒါန်းခဲ့ပြီး ရှမ်းစုတောင်ရပ်ကွက်ရှိ ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် (KBC) ရုံးအတွက် ငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းကာ အောင်နန်းရပ်ကွက်ရှိ ကက်သလစ်အသင်းတော် မြစ်ကြီးနား ဂိုဏ်းအုပ်သာသနာ စိန်ကိုလန်ဘန် ကာသီဒြယ်၌ အသင်းတော်အတွက် အလှူငွေ ကျပ် ၁၅ သိန်းနှင့် မြေမြင့်ရပ်ကွက်ရှိ ကချင်မူရင်းနှစ်ခြင်းအသင်းတော် အတွက် အလှူငွေ ကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းပြီး နှစ်သစ်ဆုမွန်ကောင်းချီးမင်္ဂလာ ခံယူကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် မြေမြင့်ရပ်ကွက်ရှိ ခရစ်တော်၏အသင်းတော် ဘုရားကျောင်း၊ သီတာရပ်ကွက်ရှိ အင်္ဂလိကန်ဘုရားရှိခိုးကျောင်း၊ တပ်ကုန်းရပ်ကွက် ဇီးအုန် AG အသင်းတော်၊ တပ်ကုန်းရာဒါကောင်း ရပ်ကွက်ရှိ ခရစ်တော်၏ အသင်းတော်ဘုရားကျောင်းတို့ အတွက် အလှူငွေကျပ်ငါးသိန်းစီနှင့် ယုဇနရပ်ကွက်ရှိ ကျောင်းထိုင် ဘုန်းတော်ကြီးကျောင်း၊ ခေမာသီရိရပ်ကွက်ရှိ ခေမာသီဝံ ပရိယတ္တိကျောင်းတိုက်နှင့် ကျွန်းပင်သာရပ်ကွက်ရှိ အောင်တော်မူပရဟိတ ကျောင်းတိုက်တို့အတွက် အလှူငွေကျပ် ၁၀ သိန်းစီတို့ကို သွားရောက်လှူဒါန်းခဲ့ပြီး နှစ်သစ်ဆုမွန်များ ဆုတောင်းမေတ္တာ ပို့သမှုများ ခံယူခဲ့ကြသည်။

(ပြည်နယ် ပြန်/ဆက်)

လွိုင်လင်မြို့၌ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပ

လွိုင်လင် မေ ၁၈

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့၌ ၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက် မေ ၁၇ ရက် နံနက်ပိုင်းက ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် အသက် ၈၀ နှစ်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲသို့ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်နှင့် ဇနီး တက်ရောက်ကြောင်း သိရသည်။

ရှေးဦးစွာ နံနက် ၈ နာရီခွဲတွင် တိုင်းမှူးနှင့်ဇနီး ဦးဆောင်၍ လွိုင်လင်တပ်နယ်မှူးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများက လွိုင်လင်ရေကန်၌ ဇီဝိတဒါန ငါးလွှတ်ကြသည်။ ယင်းနောက် နံနက် ၉ နာရီတွင် လွိုင်လင်မြို့ သာသနာ့ဗိမာန်ဓမ္မာရုံ၌ အသက် ၈၀ နှစ်နှင့်အထက် အဘိုးအဘွား ၁၂၀ တို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

မိုးလွင်ဦး (လွိုင်လင်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၈-၄-၂၀၁၇ **ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၁၀၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၅၆၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၁၀၁၀၀

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

ဒီဇယ်	၆၉၅/၇၀၅ ကျပ်	(လက်ကားဈေး)
အောက်တိန်း ၉၂	၇၀၀/၇၁၀ ကျပ်	(လက်ကားဈေး)
အောက်တိန်း ၉၅	၇၄၀/၇၅၀ ကျပ်	(လက်ကားဈေး)
ပရီမီယံဒီဇယ်	၇၁၅/၇၂၅ ကျပ်	(လက်ကားဈေး)

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၅၉	·၀
ဥရောပ	တစ်ယူရို	၁၄၄၆	·၄
စင်ကာပူ	တစ်ဒေါ်လာ	၉၇၂	·၁၀
ထိုင်းဘတ်	တစ်ဘတ်	၃၉	·၄၉
အိန္ဒိယ	တစ်ရူပီး	၂၁	·၀၇
တရုတ်	တစ်ယွမ်	၁၉၇	·၄၆
မလေးရှား	တစ်ရင်းဂစ်	၃၀၈	·၂၀

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

● *ရွှေဖုံးမှ*

ပရိတ်တရားတော်နာယူ

ရှေးဦးစွာ သုံးခွမြို့နယ် ဩဝါဒါစရိယ၊ စစ်ကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကောဝိဒထံမှ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင် မိသားစုတို့နှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သော အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ပစ္စည်းများလှူဒါန်း

ထို့နောက်အလှူရှင် နိုင်ငံတော်သမ္မတနှင့် ဇနီးမိသားစုတို့က သုံးခွမြို့နယ် ဩဝါဒါစရိယ စစ်ကုန်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကောဝိဒအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆပ်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သုံးခွမြို့ မြို့မ ရေလည်ကျောင်းတိုက် ပဓာနနာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒာလင်္ကာရထံမှ နိုင်ငံတော်သမ္မတနှင့် ဇနီးမိသားစု၊ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

သက်ကြီးပူဇော်

ထို့နောက် အလှူရှင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် မိသားစုတို့သည် သုံးခွမြို့နယ်အတွင်းရှိ အသက်(၈၀ နှစ်)နှင့်အထက် အဘိုးအဘွား ၁၅၁၄ ဦးကိုယ်စား အဘိုးအဘွား ၁၁၅ ဦးတို့ကို သက်ကြီးပူဇော်ပွဲမင်္ဂလာအဖြစ် ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ကန်တော့ခံဘိုးဘွားများကိုယ်စား အဘိုးဦးလှထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးမိသားစု၊ ကြွရောက်လာကြသော

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင် သုံးခွမြို့နယ် ဩဝါဒါစရိယ စစ်ကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်
(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးထင်ကျော် သုံးခွမြို့နယ် သက်ကြီးပူဇော်ပွဲ မင်္ဂလာအခမ်းအနားတွင် အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်
(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင် သုံးခွမြို့နယ် သက်ကြီးပူဇော်ပွဲ မင်္ဂလာအခမ်းအနားတွင် အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်
(သတင်းစဉ်)

ဧည့်ပရိသတ်များသည် သက်ကြီးပူဇော်ပွဲမင်္ဂလာဒါနကုသိုလ်အတွက် အမျှပေးဝေကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ကန်တော့ခံအဘိုး၊ အဘွားများနှင့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ငါးကြိမ်မြောက်အလှူ

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် သုံးခွမြို့နယ်တွင် နှစ်သစ်ကူးအလှူတော်မင်္ဂလာကို ၂၀၁၂ ခုနှစ်ကတည်းက စတင်ကျင်းပလှူဒါန်းခဲ့ပြီး ယခုအကြိမ်သည် ငါးကြိမ်မြောက် အလှူတော်မင်္ဂလာဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးထင်ကျော် သုံးခွမြို့နယ် သက်ကြီးပူဇော်ပွဲမင်္ဂလာ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်
(သတင်းစဉ်)

အလျှုရှင်နိုင်ငံတော်သမ္မတကြီး၏ စကားသံနှင့် ကန်တော့ခံ အဘိုးအဘွားတို့ပြောသည့် ပီတိစကား

ရန်ကုန် မေ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် မိသားစုတို့၏ နှစ်သစ်ကူးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာမင်္ဂလာနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ရှိ မဟာအတုလဝေယံ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က "အဓိကလုပ်နေတာကတော့ တိုင်းပြည်ငြိမ်းချမ်းရေးနဲ့ လူနေမှုဘဝ၊ တိုင်းသူပြည်သားတွေဘဝ မြင့်မားတိုးတက်ရေးကိုပဲ။ ဒါကိုအဓိကလုပ်နေတယ်"ဟု သတင်းထောက်များ၏ မေးမြန်းမှုအပေါ် ဖြေကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး မိသားစုတို့သည် သုံးခွမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ အသက် ၈၀ နှစ်အထက် အဘိုး၊ အဘွား ၁၅၁၄ ဦးအတွက် သက်ကြီးပူဇော်ပွဲ ပြုလုပ်ခဲ့ရာ ကန်တော့ခံအဘိုးအဘွားတို့အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

အဘိုး ဦးဆိုက်ကြည်(သုံးခွမြို့)

အဘွားဒေါ်လှကြည် (သုံးခွမြို့ ၁ ရပ်ကွက်)

ဦးဝင်းမြင့် (သုံးခွမြို့ ၃ ရပ်ကွက်)

ဦးကြည်သာ (သက်ကြီးပူဇော်ပွဲအခမ်းအနားမှူး)

အဘိုး ဦးဆိုက်ကြည်
သုံးခွမြို့

အဘိုးအသက်က (၉၇ နှစ်)ရှိပြီ။ ဗိုလ်ချုပ်အောင်ဆန်းရှိတုန်းက စစ်သင်တန်း တက်ခဲ့ဖူးတယ်။ သမ္မတကြီးနဲ့ ဒေါ်စုစုလွင်တို့က သုံးခွမြို့မှ မိတ်ဆွေဟောင်းတွေပါ။ သမ္မတကြီးဖြစ်သွားတော့ဝမ်းသာပီတိဖြစ်မိတယ်။ သမ္မတကြီးလည်းအသက်ရာကျော်ရှည်ပါစေ။ ဒေါ်စုစုလွင်လည်း ကျန်းမာပါစေ ဆုတောင်းပါတယ်။

အဘွားဒေါ်ကြည်သိန်း
သုံးခွမြို့

နိုင်ငံတော်သမ္မတကိုယ်တိုင် အဘွားတို့ဆီကို လာပြီး သက်ကြီးပူဇော်ပွဲလုပ်တော့ အလွန်ဝမ်းသာတာပဲ၊ အဘွားအသက်က (၈၇)နှစ်ရှိပါပြီ။ အဘွားတို့ကမရှိတဲ့ သူတွေဆိုတော့ ပိုပြီးဝမ်းသာတာပေါ့၊ သမ္မတကြီးလည်း ဘေးကင်းပါစေ၊ ရန်ကင်းပါစေ၊ ကျန်းမာပါစေ၊ချမ်းသာပါစေ၊ နိုင်ငံတော်ကို အကောင်းဆုံး ဦးဆောင်နိုင်ပါစေလို့ အဘွားဆုတောင်းပေးပါတယ်၊ အခုလို လာရောက်လှူဒါန်းတဲ့ သမ္မတကြီးနဲ့ မိသားစုအတွက် အမြဲတမ်း ဆုတောင်းပေးသွားမှာပါ။ အမြဲတမ်း ဒီလိုပဲ လှူနိုင်ပါစေ။

အဘွားဒေါ်လှကြည်
သုံးခွမြို့ (၁)ရပ်ကွက်

အဘွားအသက်က (၈၃)နှစ်ပြည့်ပါပြီ၊ အခုလိုမျိုး သက်ကြီးပူဇော်ခံအနေနဲ့ တစ်ခါမှမကြုံခဲ့ပါဖူး၊ ပထမဆုံးအကြိမ် ကန်တော့ခံအနေနဲ့ ပါဝင်ခွင့်ရတဲ့ အခါမှာ နိုင်ငံတော် သမ္မတကြီး ကိုယ်တိုင်လာတဲ့အတွက် သိပ်ဝမ်းသာသလို ဝမ်းလည်းနည်းမိတယ်၊ နောင်နှစ်တွေမှာလည်း အခုလို လှူနိုင်အောင် ဆက်ပြီး မေတ္တာပို့ပေးမယ်၊ ဒီထက်ပိုပြီး သာသနာပြုနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်၊ အမေကတော့ ဝမ်းသာလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး၊

ဦးဝင်းမြင့်
သုံးခွမြို့ (၃) ရပ်ကွက်

အဘိုးအသက်က (၈၆)နှစ်ပါ။ သက်ကြီးကန်တော့ခံအနေနဲ့ အရင်ကနှစ်ကြိမ် တက်ရောက်ခဲ့ဖူးပါတယ်၊ သမ္မတကြီးကိုယ်တိုင်လာတဲ့ သက်ကြီးပူဇော်ပွဲမျိုးကတော့ အခုမှ ကြုံဖူးတာပါ၊ အဲဒီအတွက် အတော့်ကို ဝမ်းသာပါတယ်၊ ကျေးဇူးလည်းတင်တယ်၊ သမ္မတကြီးအနေနဲ့လည်း တိုင်းပြည်အတွက် ဒီထက်ပိုပြီး တာဝန်တွေထမ်းဆောင်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်၊

ဦးကြည်သာ (သက်ကြီးပူဇော်ပွဲအခမ်းအနားမှူး)

ဒီနေ့ သက်ကြီးပူဇော်ပွဲမှာ သုံးခွမြို့ပေါ်ရပ်ကွက်တွေက သက်ကြီး ၃၀၀ ကျော်နဲ့ အနီးဝန်းကျင်ရွာတွေက သက်ကြီး အဘိုး၊ အဘွားတွေပါဝင်ပါတယ်။ မတက်ရောက် နိုင်တဲ့ ဘိုး၊ ဘွားတွေကို လှူဖွယ်ပစ္စည်းပေးအပ်ရေးအဖွဲ့က ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကနေတစ်ဆင့် ကိုယ်တိုင်လက်ဝယ်အရောက် ပေးအပ်သွားမှာပါ။ တစ်မြို့နယ်လုံးမှာရှိတဲ့ သက်ကြီးစာရင်းတွေကို သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် အိမ်ထောင်စုဇယားတွေကနေ စာရင်းတွေကောက်ယူခဲ့တာပါ၊ သမ္မတကြီးရဲ့ဇနီးက သုံးခွမြို့နယ်ရဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်တော့ ရှေ့ပိုင်းနှစ်တွေမှာ ကိုယ့်အစီအစဉ်နဲ့ကိုယ် လုပ်ခဲ့တာတွေရှိပါတယ်၊ ဒီနှစ်မှာတော့ ထူးထူးခြားခြားအနေနဲ့ သမ္မတကြီးကိုယ်တိုင် တက်ရောက်ပါတယ်။

အဘွားဒေါ်သန်း
သုံးခွမြို့ (၆)ရပ်ကွက် ဇောတိကလမ်း

အဘွားအသက်က အခု (၈၅)နှစ်ထဲမှာ။ ကိုယ့်သားနဲ့ သမီးတို့ လာလှူသလိုပါပဲ၊ အားလုံးကျန်းမာချမ်းသာပါစေ။ သမ္မတကြီးကိုယ်တိုင်လာလှူတော့ ဝမ်းသာလို့ မဆုံးပါဘူး။ နတ်လူသာဓုခေါ်ပါစေ။

အဘိုးဦးတင်ဦး
သုံးခွမြို့ (၁၂) ရပ်ကွက်

အခုလို လာရောက်လှူဒါန်းတာ ကျေးဇူးတင်တယ်။ ဝမ်းလည်းဝမ်းသာတယ်။ သမ္မတကြီးကို အသက်ရာကျော်ရှည်ပါစေ၊ တိုင်းပြည်လည်း ဒီထက်အေးချမ်းသာယာပါစေလို့ ဆုပေးချင်တယ်။ အဘိုးက အသက်(၈၅) နှစ်ရှိပြီ။

အဘွားဒေါ်လှဌေး
သုံးခွမြို့၊ (၃) ရပ်ကွက်

အဘွားအသက်က (၈၃)နှစ်ရှိပါပြီ။ သမ္မတကြီးကိုယ်တိုင် လာရောက်တဲ့အတွက် ဝမ်းသာပီတိဖြစ်လွန်းလို့ မျက်ရည်တောင်ကျမိတယ်၊ အဘွားတို့ကို သမ္မတကြီးကိုယ်တိုင် လာရောက်ပူဇော်ကန်တော့တဲ့အတွက် သမ္မတကြီးနဲ့ မိသားစုလည်း အသက်ရှည်ပါစေ၊ ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းကျပါစေ၊ သမ္မတကြီးရဲ့ ဇနီးက ဒီမြို့နယ်မှာ နှစ်စဉ် အလှူလုပ်နေကျပါ၊ အဲဒီအတွက်လည်း သာဓုခေါ်ပါတယ်။

တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်၊ ဇော်ကြီး(ပဏ္ဍိတ)

ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွင်

စိုက်ပျိုးရေးဦးစီးဌာန အငြိမ်းစားဝန်ထမ်းများအား သက်ကြီးပူဇော်ပွဲကျင်းပ

တပ်ကုန်း မေ ၁၈

နေပြည်တော် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သက်ပြည့်ပင်စင်စားများ သက်ကြီးပူဇော်ပွဲကို စိုက်ပျိုးရေးဦးစီးဌာန တပ်ကုန်းမြို့နယ်ရုံးတွင် မေ ၁၈ ရက် နှစ်ဆန်း(၂)ရက်နေ့၌ ဌာနဝန်ထမ်းများနှင့်တပ်ကုန်းမြို့နယ်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများ စုပေါင်းကန်တော့ခဲ့ကြသည်။

ကန်တော့ပွဲတွင် နေပြည်တော် စိုက်ပျိုးရေးတိုင်းဦးစီးမှူး ဦးတင်ဦးကြိုင်က ပူဇော်ကန်တော့ပွဲ ဂါရဝပြုစကားပြောကြားပြီး အငြိမ်းစားဝန်ထမ်းကြီးများကို ကန်တော့ကြပြီး ကန်တော့ခံ အငြိမ်းစားဝန်ထမ်းတစ်ဦးက သြဝါဒစကားပြောကြားခဲ့သည်။ **မောင်ကျော်ကြီး**

လှိုင်းဘွဲမြို့၌ သက်ကြီးပူဇော်ကန်တော့ပွဲကျင်းပ

လှိုင်းဘွဲ မေ ၁၈

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲမြို့နယ်တွင် သက်ကြီးပူဇော်ပွဲအခမ်းအနားကို မေ ၁၇ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် မြို့နယ်ထွေ/အုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စစ်ဗျူဟာမှူးကြီးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကန်တော့ခံအသက်(၈၀ နှစ်) အထက် ဘိုး၊ဘွား အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၇ ဦး အပါအဝင် စုစုပေါင်း ၈၅ ဦးခန့် တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် လှိုင်းဘွဲမြို့နယ်အတွင်းရှိ အသက်(၈၀ နှစ်)အထက် သက်ကြီးဘိုး၊ဘွားများအား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှင့် အခြားအာဟာရပစ္စည်းများဖြင့်ကန်တော့ခဲ့ပြီး တက်ရောက်လာသော ဘိုး၊ဘွားများအား မြို့နယ်ကျန်းမာရေးနှင့် အားကစားဦးစီးဌာနမှ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၁၈ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။ (မိုး/ဇလ)

ပြည်သူနှင့်အတူ

မပြတ်သောသတိ၊ မလျှော့သောလုံ့လဝီရိယနဲ့ ကြိုးပမ်းဆောင်ရွက်

အခုဆိုရင် ဒီနှစ်သစ်နဲ့ နောင်လာမယ့်နှစ်များဟာ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးမှာ ပိုမိုမြင့်မားတဲ့ အဆင့်တစ်ခုဆီသို့ တက်လှမ်းနိုင်စေဖို့ အခွင့်အလမ်းများစွာ သယ်ဆောင်လာမှာ အားလုံးက ယုံကြည်စွာဖြင့် မျှော်လင့်စောင့်စားလျက်ရှိကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါပေမယ့် ဒီအခွင့်အလမ်းတွေကို အထိရောက်ဆုံး အသုံးချနိုင်ဖို့နဲ့ တိုင်းပြည်အတွက် အကောင်းဆုံးအကျိုးရလဒ်တွေပေါ်ထွက်လာစေဖို့ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ မပြတ်သော သတိ၊ မလျှော့သော လုံ့လဝီရိယနဲ့ ကြိုးပမ်းဆောင်ရွက်သွားကြရဦးမှာ ဖြစ်ပါတယ်။

(၁၇-၄-၂၀၁၆ ရက်နေ့တွင် ပေးပို့သည့် နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူး သဝဏ်လွှာမှ)

အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးဆိုတာအရေးကြီး

ကျွန်မတို့ အခုတစ်နှစ်အတွင်းမှာဆိုရင် စိန်ခေါ်မှုအများကြီးနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အားလုံးကသိတဲ့အတိုင်းပဲ ကျွန်မတို့နိုင်ငံဟာ စီးပွားရေးအရ ချွတ်ခြုံကျနေတယ်။ နောက်ပြီးတော့လည်း ကျွန်မတို့နိုင်ငံဟာ လွတ်လပ်ရေးရတဲ့ အချိန်ကနေစပြီးတော့ အခုထိ အပြည့်အဝ ငြိမ်းချမ်းရေးဆိုတာ မရရှိခဲ့သေးပါဘူး။ ကျွန်မတို့အတွက် အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးဆိုတာဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒီဟာကတော့ ဒုတိယကိစ္စရပ်ကြီးပါပဲ။ ဒါပေမယ့် ကိစ္စရပ်တွေက တစ်ခုနဲ့ တစ်ခုဆိုတာဟာ ဆက်နွှယ်နေပါတယ်။

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

(၁၂)ကြိမ်မြောက် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၁၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန နေပြည်တော်၌ ယနေ့မွန်းလွဲ ၁ နာရီက (၁၂)ကြိမ်မြောက် အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်၍ နေပြည်တော် ပျဉ်းမနားမြို့နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တ ကဝိသာရ မဟာထေရ်မြတ်ထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကာ ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော် ပျဉ်းမနားမြို့နိုင်ငံတော်ဩဝါဒါစရိယ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တ ကဝိသာရ မဟာထေရ်မြတ်ထံမှ ပရိသတ်များက အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြပြီး “ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ခေတ္တရပ်နားသည်။

အခမ်းအနားအား ဆက်လက်ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ဝန်ထမ်းမိသားစုများမှ အသက် ၇၅ နှစ်နှင့်အထက် ဘိုးဘွား ၅၈ ဦးတို့အား ကန်တော့ပစ္စည်းများဖြင့် ရှိခိုးပူဇော်ကန်တော့ကြပြီး အဘိုးအဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

တောင်သူများအား လယ်ယာမြေဥပဒေ၊ နည်းဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲ တပ်ကုန်းမြို့၌ ကျင်းပ

တပ်ကုန်း ဧပြီ ၁၈

နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ သိသင့်သိထိုက်သည့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေဆိုင်ရာအသိပညာပေး ဟောပြောပွဲကို ဧပြီလဒုတိယပတ်က မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကဦးဆောင်ပြီး ကျားသေအိုင်ကျေးရွာအုပ်စု ကျားသေအိုင်ကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဦးစီးမှူး ဦးကျော်ဝင်းနှင့် မြို့နယ်ဦးစီးမှူးတို့က တောင်သူလယ်သမားများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော လယ်ယာမြေများအတွက် လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ကို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှစိစစ်၍ ထုတ်ပေးလျက်ရှိရာ တောင်သူများမှ လျှောက်ထားရယူရမည့် လုပ်ငန်းစဉ်များကို ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း လယ်ယာမြေလုပ်ကိုင်ခွင့် လက်မှတ်ပုံစံ(၇)အပြည့်အဝ ထုတ်ပေးနိုင်ရေးနှင့်တည်ဆဲ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ ဒေသခံတောင်သူများ လိုက်နာကျင့်သုံးနိုင်ရေးအတွက် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

မောင်လွင်(တပ်ကုန်း)

ဝေဠုဝန်ကျောက်စိမ်းစေတီတော်မြတ်အား လာရောက်ဖူးမြော်ကြည်ညိုသူများ တိုးမပေါက်အောင်စည်ကား

အမရပူရ ဧပြီ ၁၈

မြန်မာနှစ်ဆန်း၁ ရက်နေ့တွင် မန္တလေးခရိုင် အမရပူရမြို့နယ် မန္တလေး- အမြန်ကားလမ်းမအနောက်ဘက် ဆင်ရွာမြင်းမှူးရှိ “ ဝေဠုဝန” ကျောက်စိမ်းစေတီတော်တွင် နံနက်ပိုင်းမှ ညပိုင်းအထိ မန္တလေးမြို့နှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရဟန်းရှင်လူပြည်သူများ၊ တရားအားထုတ်သူများက ကားကြီး ကားငယ် ဆိုင်ကယ်တို့ဖြင့် မိုးရွာသွန်းသည့်ကြားမှ လာရောက်ကာ ကျောက်စိမ်းဘုရားအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကာ အလှူငွေများ ထည့်ဝင်လှူဒါန်းကြရာ ဘုရားဖူးလာပြည်သူများ တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိကြောင်း တွေ့ရသည်။ အလှူရှင် ကျောက်စိမ်းဘုရားဒါယကာ ဦးစိုးနိုင်နှင့် မိသားစုများ၊ ဘုရားဂေါပကအဖွဲ့ဝင်များနှင့် စေတနာရှင် အလှူရှင်များကလည်း ဘုရားဖူးလာပြည်သူများအား ဖျော်ရည်၊ အအေး၊ ရွှေရင်အေးတို့ဖြင့် စတုဒိသာ ကျွေးမွေးညှဉ့်ခံကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့

နေပြည်တော် ဧပြီ ၁၈

လွန်ခဲ့သော ၂၄ နာရီအတွင်းက မွန်ပြည်နယ်တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပါသည်။

(မိုး/ဇလ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

နေပြည်တော် ခုတင် ၁၀၀၀ ဆံ့ ဆေးရုံကြီး၌ လက်ပြတ်တောက်မှုပြန်ဆက်ခြင်း ကုသမှုအောင်မြင်

တွေ့ဆုံမေးမြန်း - မျိုးမြင့်၊ မီမီဖြိုး၊ မွှေးကြူဇင်၊ ဓာတ်ပုံ - ကျော်ရဲဆွေ

နေပြည်တော် ခုတင် ၁၀၀၀ဆံ့ ဆေးရုံကြီး၌ ဆေးတက္ကသိုလ်(၁)ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးနှင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးမှ အရိုးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ကျော်အောင်ထွန်း ဦးဆောင်သည့် အရိုးခွဲစိတ်ကုဆရာဝန်များ၊ မေ့ဆေးဆရာဝန်များအဖွဲ့မှ လက်ပြတ်တောက်မှုပြန်ဆက်ခြင်းဆိုင်ရာ ခွဲစိတ်ကုသမှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ဒေါက်တာဇော်ဝေစိုး

ဒေါက်တာကျော်အောင်ထွန်း

ဒေါက်တာနုနုမေ

ဒေါက်တာသီတာလှ

ခွဲစိတ်ကုသမှု ခံယူခဲ့သည့် ကိုအေးထွန်းမှာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရတွင် နေထိုင်သူဖြစ်ပြီး မတ် ၃ ရက် နံနက်ပိုင်းက ဓားခုတ်ခံရသည့်အတွက် ညာဘက်လက်ကောက်ဝတ်မှ ပြတ်တောက်ခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ ပြတ်တောက်သွားသည့်လက်အား ပြန်ဆက်ခြင်းခွဲစိတ်ကုသမှုကို ဆောင်ရွက်ပေးခဲ့ကြသည့် ဆရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ကာယကံရှင်တို့အား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံ မေးမြန်းခဲ့သည်များကို ပြည်သူများသိရှိနိုင်ရန် ဖော်ပြလိုက်ပါသည်။

ဒေါက်တာဇော်ဝေစိုး
ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်(၁)

ကျွန်တော်ကတော့ အရိုးရောဂါကုဆရာဝန်ဖြစ်ပါတယ်။ မြန်မာပြည်မှာ လက်ပြတ်တာတွေကို ဆက်ခဲ့တာကတော့ ကြာပါပြီ။ ကျွန်တော်တို့ရဲ့ ဆရာကြီးတွေဖြစ်တဲ့ ဆေးတက္ကသိုလ် (၁) ပါမောက္ခ ဆရာဦးမျိုးမြင့်က ၁၉၈၀-၉၀ ပတ်ဝန်းကျင်လောက်က လက်ပြန်ဆက်ခဲ့တာ အဲ့ဒီအချိန်က အရှေ့တောင်အာရှမှာ လက်ပြတ်တာပြန်ဆက်ခြင်း ဦးဦးဖျားဖျားကုသမှုမှာ အောင်မြင်မှုရခဲ့ပါတယ်။

အဲ့ဒီနောက်ပိုင်းမှာ လက်ပိုင်းဆိုင်ရာမှာ တာဝန်ယူနေတဲ့ ပါမောက္ခ ဦးခင်မောင်မြင့်တို့အဖွဲ့တွေ အောင်မြင်ခဲ့တာတွေ အများကြီးရှိပါတယ်။ နေပြည်တော်အနေနဲ့တော့ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံမှာ ဆောင်ရွက်နိုင်လို့ ဝမ်းသာဂုဏ်ယူပါတယ်။ အခုလိုနှစ်သစ်မှာ မင်္ဂလာသတင်းတစ်ခု ထုတ်ပြန်နိုင်တဲ့အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့လည်း ဂုဏ်ယူပါတယ်။

နောက်ပြီးတော့ ဒီအောင်မြင်မှုဟာ ပါမောက္ခ ဦးကျော်အောင်ထွန်းနဲ့ အရိုးအထူးကုဆရာဝန်အဖွဲ့ရဲ့ ပိုင်နိုင်ကျွမ်းကျင်မှုအပြင် အသင်းအဖွဲ့နဲ့လည်းဆိုင်ပါတယ်။ Teamwork ဆိုတာ လက်ပြတ်တဲ့ နေရာကနေပြီးတော့ သယ်လာတဲ့ Ambulance ရဲ့ အခန်းကဏ္ဍ၊ အရေးပေါ်ဌာနကို ရောက်တဲ့အခါ ပြုစုတာ၊ အရေးပေါ်ပြုစုတာကနေ အရေးပေါ်ခွဲစိတ်တာ၊ ဒီလက်ကို ပြန်ပြီးဆက်တာ၊ ပြီးရင် ခွဲစိတ်ခန်းကနေပြီးတော့ လူနာကို အရေးပေါ်ကြပ်မတ်ဆောင်ရွက်တာ၊ မေ့ဆေးဆရာဝန်တွေ၊ ဆေးရုံအုပ်ချုပ်မှုအဖွဲ့တွေ၊ ဓာတ်ခွဲခန်းတွေ၊ ဓာတ်မှန်တွေ၊ သူနာပြုဆရာမတွေ၊ ဝန်ထမ်းတွေအားလုံး Teamwork နဲ့ ဆောင်ရွက်ခဲ့လို့ ကျွန်တော်တို့ အောင်မြင်ခဲ့ကြတာဖြစ်ပါတယ်။

အဲ့ဒီလိုအောင်မြင်ဖို့Teamwork က သိပ်ကိုအရေးကြီးပါတယ်။ တစ်ဦးချင်းရဲ့ စွမ်းဆောင်ရည်တွေ၊ ကျွမ်းကျင်မှုတွေအရေးကြီးသလို အားလုံးပေါင်းစည်းပြီးတော့ ဆောင်ရွက်နိုင်တာကလည်း အရေးကြီးပါတယ်။ ဒါဟာ ခုတင် ၁၀၀၀ ဆေးရုံမှာ ဒုတိယအကြိမ်ပြုလုပ်တာဖြစ်ပြီး ပထမအကြိမ်ကတော့ မအောင်မြင်ခဲ့ပါဘူး။

ဒေါက်တာနုနုမေ
မေ့ဆေးအထူးကုဆရာဝန်ကြီး

အရိုးဆရာဝန်ကြီးတွေက နေပြီးတော့ လက်ပြတ်တဲ့လူနာကို ပြန်ပြီးတော့ဆက်ဖို့ရှိတယ်ဆိုပြီး ခွဲခန်းကို အကြောင်းကြားလာပါတယ်။ ခွဲခန်းကို အကြောင်းကြားလာတဲ့အခါ ကျွန်မတို့က ဒီလူနာကို သတ်မှတ်ထားတဲ့ အချိန်မှာ ခွဲခန်းကိုခေါ်ပါတယ်။ အဲ့ဒီအချိန်မှာ ခွဲခန်း Team ရဲ့ သူနာပြုဆရာမတွေ၊ အလုပ်သမားတွေ၊ မေ့ဆေးလက်ထောက်ဆရာဝန်တွေနဲ့ အားလုံးပူးပေါင်းပြီးတော့ ဒီလူနာကို ခွဲစိတ်တဲ့အခါမှာ ကျွန်မတို့ မေ့ဆေးပေးခဲ့ပါတယ်။

မေ့ဆေးမပေးခင် လူနာရဲ့ရောဂါအခြေအနေအားလုံးကို ကြည့်ရှုရပါတယ်။ လူနာမှာရှိတဲ့ သွေးအဖြေတွေ၊ သွေးအားနည်းသလား၊ အဆုတ်အခြေအနေကောင်းသလား၊ နှလုံးအခြေအနေကောင်းသလားဆိုတာတွေကို ကြည့်ရပါတယ်။ ထုံဆေးနဲ့မေ့ဆေးကတော့ ထုံဆေးမှာမျိုးစုံရှိပါတယ်။ အကြောအရိုးထုံဆေး၊ လက်မှာပေးတဲ့ ထုံဆေး၊ မေ့ဆေးလည်းရှိပါတယ်။ အဲ့ဒီအခါမှာ လူနာရဲ့ရောဂါအခြေအနေ၊ ခွဲစိတ်မယ့်နေရာတွေအပေါ်မှာ လိုက်ပြီးတော့ မေ့ဆေးနဲ့ထုံဆေးကို ရွေးချယ်ပြီးပေးတာဖြစ်ပါတယ်။

ဒေါက်တာသီတာလှ
ဆေးရုံအုပ်ကြီး၊ နေပြည်တော်
ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး

ဒီလိုခွဲစိတ်နိုင်တာဟာ ဆေးရုံအတွက်လည်း ဂုဏ်ယူစရာဖြစ်ပါတယ်။ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ ကတော့ ဆေးရုံလာတက်တဲ့လူနာအကုန်လုံးကို ဆေးဝါး၊ စက်ပစ္စည်းအားလုံးနဲ့ အခမဲ့ကုသပေးတာဖြစ်ပါတယ်။ ဒီလူနာကိုလည်းပဲ ဒီအတိုင်း ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီလူနာကတော့ လက်ပြတ်ပြီးလာတာပါ၊ ပြတ်နေတဲ့လက်ကို နောက်တစ်ခေါက်ပြန်ယူရပါတယ်၊ နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံမှာ အရိုးအထူးကုခွဲစိတ်ဌာနရှိပါတယ်၊ အရေးပေါ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဥတ္တရသီရိအရိုးဆေးရုံကြီးမှာတော့ အေးအေးဆေးဆေးထားလို့ရတဲ့ လူနာတွေကို ကုသပေးနေပါတယ်၊ ပြည်သူလူထုအနေနဲ့ အရိုးနဲ့ပတ်သက်တဲ့ ထိခိုက်ဒဏ်ရာရရင် ဘယ်ကိုလာရမယ်ဆိုတာ သိစေချင်ပါတယ်။

ကိုအေးထွန်း (လူနာ) သာဂရ

ကျွန်တော်က ရေတာရှည်မြို့နယ် သာဂရမှာနေတာပါ။ ယာခုတ်တဲ့လုပ်ငန်းလုပ်ကိုင်ပါတယ်။ အခုဖြစ်စဉ်က လက်ကို ဓားနဲ့ခုတ်ခံရတာပါ။ အလုပ်အတူလုပ်တဲ့ သူငယ်ချင်းက ခုတ်တာပါ။ ကျွန်တော့်ကို ခုတ်လိုက်တဲ့အချိန်မှာ ကျွန်တော်က လက်နဲ့ခံလိုက်တော့ တိခနဲဆို ပြတ်သွားတာ၊ သွေးပူနေတော့ လက်ပြတ်လို့ ပြတ်မှန်းလည်းမသိဘူး၊ နောက်တော့ လက်ကိုအဝတ်နဲ့ပိတ်ပြီး ဆွာဆေးရုံကို သွားတယ်၊ ဆွာဆေးရုံကမနိုင်တော့ နေပြည်တော် ခုတင် ၁၀၀၀ ကို နံနက် ၁၁ နာရီလောက်မှာ ရောက်တယ်၊ ဆေးရုံရောက်တော့ လက်ပါလားလို့ မေးတယ်၊ မပါလာဘူးဆိုတော့ ဖုန်းဆက်ပြီး ပြန်ရှာခိုင်းတော့ ခုတ်ခံရတဲ့နေရာမှာ ပြန်တွေ့တယ်၊ လာပို့တော့ ညနေ ၄ နာရီ ထိုးနေပြီ၊ နောက်ည ၁၁ နာရီမှာ ခွဲခန်းဝင်တယ်၊ နောက်ကျွန်တော်မသိတော့ဘူး။

လက်ပြတ်တောက်မှုခွဲစိတ်ပြီးနောက် တွေ့ရစဉ်

လက်ရှိအခြေအနေအရ လှုပ်လို့ရနေပါပြီ၊ နည်းနည်းတော့နာသေးတာပေါ့၊ ခြောက်လလောက်ကြာရင် ပြန်ကောင်းသွားမယ်လို့ ပြောပါတယ်၊ ဆရာဝန်တွေ၊ သူနာပြုတွေကို ကျေးဇူးတင်ပါတယ်၊ နေလို့ထိုင်လို့ အတော်ကောင်းပါတယ်၊ ဒီဆေးရုံကြီးမှာ တက်ရတာ စားစရိတ်ပဲကုန်ပါတယ်၊ အားလုံးအခမဲ့ပါ၊ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒေါက်တာကျော်အောင်ထွန်း
အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး
နေပြည်တော် ခုတင် ၁၀၀၀
ပြည်သူ့ဆေးရုံကြီး

ဒီလိုလက်ပြတ်တာကို ခွဲစိတ်ဖို့ဆိုတာ တစ်ယောက်တည်းနဲ့မရပါဘူး၊ အုပ်စုလိုက်ဆောင်ရွက်ရတာပါ၊ အရိုးခွဲစိတ်ဆရာဝန်အဖွဲ့ပါတယ်၊ မေ့ဆေးဆရာဝန်အဖွဲ့လည်းပါတယ်၊ အထူးကြပ်မတ်ကုသအဖွဲ့ပါတယ်၊ လူနာဟာ အရက်မသောက်ရတဲ့ ပြဿနာနည်းနည်းရှိတော့ သမားတော်တို့၊ စိတ်ရောဂါကုသဆရာဝန်တို့လည်း ပါတယ်။ အားလုံးပူးပေါင်းပြီး ခွဲစိတ်ကုသခဲ့ရတာပါ။

လူနာ နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံကြီးကို ရောက်လာတဲ့အချိန်က မနက် ၁၁ နာရီထိုးနေပါပြီ၊ လက်ကို ကြည့်လိုက်တော့ ပြတ်နေတယ်၊ လက်ရှိသေးရင် သွားယူပေးပါပြောတော့ ဖုန်းဆက်ပြီးရှာခိုင်းတာ ညနေ ၄ နာရီလောက်မှ ရောက်လာတယ်၊ ရောက်လာတော့မှ ပြတ်သွားတဲ့အပိုင်းကို ပလတ်စတစ်နဲ့ထုပ်တယ်၊ ရေခဲစိမ်တယ်၊ သန့်ရှင်းရေးလုပ်ပါတယ်၊ သူ့ကိုသွေးသွင်းတာတို့၊ ပိုးသတ်ဆေးထိုးတာတို့၊ ခွဲခန်းပြင်ဆင်တာတို့ဆောင်ရွက်ပြီး ည ၁၀ နာရီလောက်မှာ ခွဲခန်းစဝင်ပါတယ်၊ ခွဲခန်းစဝင်တော့ မေ့ဆေးဆရာဝန်တွေက မေ့ဆေးပေးပါတယ်၊ ကျွန်တော်နဲ့ ဆရာဝန်တစ်ယောက်က လက်ကို သန့်ရှင်းရေးလုပ်ပါတယ်၊ တခြားအရိုးဆရာဝန်တွေက လက်ကောက်ဝတ်အပေါ်ပိုင်းကို သန့်ရှင်းရေးလုပ်ပါတယ်။

ပထမဆုံးအရိုးကို စတီးချောင်းနဲ့ဆက်ပါတယ်၊ နောက်သွေးလွှတ်ကြောနှစ်ချောင်းကို ဆက်ပါတယ်၊ ဒီနောက်မှာ သွေးပြန်ကြောလေးချောင်းကို ဆက်ပါတယ်၊ နောက်စောင့်ကြည့်ပါတယ်၊ တစ်ရက်ကြာတဲ့အချိန်မှာ သွေးကြောလေးတွေ ပြန်ပိတ်တတ်တဲ့ လက္ခဏာတွေရှိလို့ ခွဲခန်းပြန်ဝင်ပါတယ်၊ ပိတ်နေတဲ့သွေးကြောလေးတွေကို ပြန်ခွဲပါတယ်၊ ပြန်ဆက်ပါတယ်၊ အဲဒီနောက်မှာတော့ လူနာရဲ့သွေးလွှတ်ကြော၊ သွေးပြန်ကြောတွေရဲ့ အောက်ဆီဂျင်အားက ၉၈ နဲ့ ၁၀၀ ကြားမှာရှိနေပါတယ်၊ ခေါင်းလည်း ထိထားတဲ့အတွက် CT ရိုက်ပါတယ်၊ အားလုံးအခြေအနေကောင်းတဲ့အတွက် အရိုးဆောင်ကို ပြန်ပြောင်းပါတယ်၊ တစ်ရက်ခြားခွဲခန်းမှာ ဆေးထည့်ပါတယ်၊ စိတ်ချရပြီဆိုတဲ့အချိန်ကျတော့ အာရုံကြောတွေ ပြန်ဆက်ဖို့လိုပါတယ်၊ ဧပြီ ၄ ရက်မှာ အာရုံကြောတွေပြန်ဆက်တယ်၊ နောက်ဖြစ်တဲ့ ဒဏ်ရာနေရာက လွတ်နေတဲ့နေရာကို ပေါင်ကအရေပြား ယူပြီး အစားထိုးရပါတယ်၊ ဒီကုသမှုမှာ ကျွန်တော်တို့ အဆင့်သုံးဆင့် ဆောင်ရွက်ခဲ့ရပါတယ်၊ ပထမအဆင့်က သွေးလျှောက်ဖို့လုပ်ရတယ်၊ ဒုတိယအဆင့်က အကြောတွေဆက်ရတယ်၊ တတိယအဆင့်က အရေပြားအုပ်ရပါတယ်။

နေပြည်တော်တွင် လက်ပြတ်တောက်မှုကို ပြန်ဆက်ခြင်းဆိုင်ရာ ခွဲစိတ်ကုသမှုကို ပထမဆုံးအကြိမ် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ် အောင်မြင်စွာ ခွဲစိတ်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ခွဲစိတ်နိုင်မှုသည် ဝန်ကြီးဌာန၏ အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း၊ ဆက်လက်၍ လေဖြတ်လူနာများ၊ ကျောက်ကပ် အစားထိုးခြင်း စသည်တို့ကို တိုးချဲ့ဆောင်ရွက်နိုင်ရန် ကြိုးစားလျက်ရှိကြောင်း၊ ယခုခွဲစိတ်မှုအောင်မြင်ခြင်းသည် မြန်မာနိုင်ငံ ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍအတွက် သမိုင်းမှတ်တိုင်တစ်ရပ်ဖြစ်ကြောင်း၊ နေပြည်တော်အတွက် ပထမဆုံးအကြိမ် အောင်မြင်ခြင်းဖြစ်ကြောင်း၊ တစ်ဦးကောင်း တစ်ယောက်ကောင်းမဟုတ်ဘဲ အဖွဲ့အစည်းပုံစံဖြင့် ဆောင်ရွက်နိုင်ခြင်းကြောင့် အောင်မြင်ခြင်းဖြစ်ကြောင်း အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက မှတ်ချက်ပြုသည်။

ကိုအေးထွန်း

ပြည်သူလူထုအနေဖြင့် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် လက်ချောင်းများ၊ လက်မောင်းနှင့် တံတောင်ဆစ်စသည့် လက်ပိုင်းဆိုင်ရာ ပြတ်တောက်မှုများ ကြုံတွေ့လာပါက ပြတ်သွားသောလက် (သို့မဟုတ်) လက်ချောင်းကို သန့်ရှင်းခြောက်သွေ့သော ပလတ်စတစ်အိတ်ထဲသို့ထည့်ပြီး လုံအောင်ပိတ်ရန်လိုအပ်ကြောင်း၊ အခြားအိတ်တစ်ခုတည်းသို့ ရေခဲထည့်ပြီး လက်ပြတ်ထည့်ထားသည့်အိတ်ကို ရေခဲထည့်ထားသောအိတ်အတွင်းသို့ထည့်၍ ဆေးရုံသို့သယ်ဆောင်လာရန်လိုကြောင်း၊ လက်မောင်း၊ တံတောင်ဆစ်နှင့် လက်ကောက်ဝတ်တို့ ပြတ်တောက်ပါက အချိန် ၁၂ နာရီမှ ၂၄ နာရီအတွင်း၊ လက်ချောင်းလေးများ ပြတ်တောက်ပါက ၂၄ နာရီမှ ၃၆ နာရီအတွင်း ပြန်ဆက်၍ရနိုင်ကြောင်း၊ အချိန် ၆ နာရီအတွင်း ယူဆောင်လာနိုင်ပါက အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

သက်ကြီး အဘိုးအဘွားများအား ပူဇော်ကန်တော့

ကလိန်အောင် ဧပြီ ၁၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူး၍ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ ကျင်းပသော အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်းနှင့် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် (နှစ်ဆန်း ၁ ရက်နေ့) မွန်းလွဲ ၂ နာရီက ကလိန်အောင်မြို့ အမှတ် ၃ ရပ်ကွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ကလိန်အောင်မြို့ အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်နှင့် တက်ရောက်လာကြသူများက သဒ္ဓမ္မရံသီအောင်တော်မူဝတ်ပြုကျောင်း ဆရာတော် ဦးကောသလ္လထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်က အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည်။ ဆက်လက်၍ ကလိန်အောင်မြို့အတွင်းရှိ အသက် (၈၀)နှစ်အထက် အဘိုးအဘွား ၂၅ ဦးကို ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြကာ အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

ကလိန်အောင် (မြန်/ဆက်)

ကလေးခရိုင်၌ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

ကလေး ဧပြီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ ညနေပိုင်းတွင် ကလေးမြို့သို့ရောက်ရှိပြီး ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ခရိုင်ပြည်သူ့စာကြည့်တိုက်၏ စာဖတ်ပရိသတ်နှင့် စာအုပ်ငှားရမ်းမှု အခြေအနေအား ကြည့်ရှုစစ်ဆေးပြီး ပြတိုက်ငယ် (Museum) အတွင်း ပြသထားရှိသည့် ရှေးဟောင်းချင်းရိုးရာ အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုလေ့လာကာ Community Centre နှင့် ကလေးစာဖတ်ခန်းပြင်ဆင်ထားရှိမှု အခြေအနေအား စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ မှာကြားကာ ဝန်ထမ်းသားသမီးများအတွက် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညနေ ၆ နာရီတွင် ကလေးကိုယ်ပွားသတင်းစာတိုက်သို့ရောက်ရှိရာ တာဝန်ခံအရာရှိက ကလေးကိုယ်ပွားသတင်းစာတိုက်မှ သတင်းစာဖြန့်ချိနေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ဖြည့်စွက်မှာကြားပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်ကာ ကိုယ်ပွားသတင်းစာတိုက်အတွင်း လှည့်လည်ကြည့်ရှုသည်။ (ဝဲပုံ)

ထို့နောက် MRTV ထပ်ဆင့်လွှင့်စက်ရုံသို့ရောက်ရှိကြရာ တာဝန်ခံအရာရှိက ရုပ်မြင်သံကြားထပ်ဆင့်ထုတ်လွှင့်မှု အခြေအနေနှင့် ကနေဒီထပ်ဆင့်လွှင့်စက်ရုံမှ DVB, T-2 ဒစ်ဂျစ်တယ်စနစ်ဖြင့် ထပ်ဆင့်ထုတ်လွှင့်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိလိုသည်များမေးမြန်းပြီး လုပ်ငန်းလိုအပ်ချက်များအား ဖြည့်စွက်မှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်သည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

ဂလိုဘယ်အသင်းနည်းပြချုပ် တိုရှီအာလီက "နည်းပြတိုင်းကတော့ ကိုယ့်အသင်းအနိုင်ရဖို့နဲ့ နောက်တစ်ဆင့်တက်ဖို့မျှော်လင့်ကြပါတယ်။ မကွေးအသင်းနဲ့ ကစားရမယ့်ပွဲမှာလည်း အနိုင်ရချင်ပါတယ်။ အသင်းမှာ အမာခံကစားသမားတချို့ ဒဏ်ရာရနေပါတယ်။ အုပ်စုပထမနေရာအတွက် လက်ကျန်နှစ်ပွဲစလုံး အနိုင်ရအောင် ကြိုးစားသွားမှာပါ"ဟု ပြောသည်။

ပွဲစဉ်(၄)အပြီးတွင် အုပ်စု (F)၌ ဂလိုဘယ်(ဖိလစ်ပိုင်)က ကိုးမှတ်၊ ဂျိုဟိုးဒါရူးလ်(မလေးရှား)က ခုနစ်မှတ်၊ အန်ကော (ကမ္ဘောဒီးယား)က လေးမှတ်၊ မကွေး(မြန်မာ)က နှစ်မှတ်ရရှိထားသည်။ နှစ်ပွဲသာကစားရန်ကျန်ရှိတော့သည့်အချိန်တွင် မကွေးအသင်းသည် အုပ်စုပထမဖြင့် အာဆီယံဇုန်ဆီမီးဖိုင်နယ် တိုက်ရိုက်တက်ရောက်ခွင့်ဆုံးရှုံးခဲ့ပြီး ဒုတိယနေရာအတွက်လည်း ယခုပွဲအနိုင်ရမှသာ ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ သို့သော်အခြားပွဲတွင် ဂျိုဟိုးဒါရူးလ်အသင်း အနိုင်ရခဲ့ပါက အုပ်စုအဆင့်မှ စောစီးစွာ ထွက်ခွာရမည်ဖြစ်သည်။

စာပေမြင့်မှ လူမျိုးတင့်မည်

ကားလမ်းများပျက်စီးမှုကြောင့် ဂေါ်ရန်ဂျီကျွန်းသွား ကားအစီး ၅၀ ရပ်နားခဲ့ရ

ပုသိမ် ဧပြီ ၁၈

ဧပြီ ၁၅ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ငပုတောမြို့နယ် နံ့သာပုကျေးရွာအုပ်စု ငရုတ်ကောင်း-ကြွေချိုင်-ဂေါ်ရန်ဂျီ မြေသားလမ်းမှာပျက်စီးနေသဖြင့် ဂေါ်ရန်ဂျီကျွန်းသို့ လာရောက်လည်ပတ်သည့် မော်တော်ယာဉ်အစီး ၅၀ မှာ နံ့သာပုကျေးရွာနှင့် ကြွေချိုင်ကျေးရွာအနီးတို့တွင် ရပ်နားခဲ့ရကြောင်း သိရသည်။ အဆိုပါ မော်တော်ယာဉ်များ ပြန်လည်ထွက်ခွာနိုင်ရေးအတွက် ဧပြီ ၁၇ ရက်က နယ်မြေခံတပ်ရင်းတပ်ဖွဲ့၊ ငရုတ်ကောင်းနယ်မြေရဲတပ်ဖွဲ့၊ မြို့နယ်ထွေ/အုပ်၊ မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်စည်ပင်အဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့က ကူညီဆောင်ရွက်ပေးခဲ့ရာ နံ့သာပုကျေးရွာမှ မော်တော်ယာဉ် ၁၇ စီး၊ ကြွေချိုင်ကျေးရွာမှ မော်တော်ယာဉ် ၁၅ စီး စုစု ပေါင်း ၃၂ စီးတို့မှာ ၎င်းတို့၏နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။ လမ်းပျက်စီးနေသဖြင့် ရပ်နားနေသော မော်တော်ယာဉ်အစီး ၅၀အနက် ကြွေချိုင်ကျေးရွာ၌ မော်တော်ယာဉ် ၁၈စီးကျန်ရှိနေပြီး အဆိုပါမော်တော်ယာဉ် ၁၈ စီးမှာ ဆက်လက်ခရီးသွားလာ၍ရသော်လည်း ၎င်းတို့၏ဆန္ဒအရ ကြွေချိုင်ကျေးရွာတွင် ဆက်လက်ရပ်နားလျက်ရှိကြောင်း သိရသည်။ **ပုသိမ်-လှကြည်**

ကဒူးရွှေဝန်ဦးကွတ္တိ၏ဆင်ကို ထူးခတ်ချည်နှောင်ခဲ့သည့် ဆင်ချည်တိုင်ကျွန်းသားတိုင်လုံးကြီး

မင်းတုန်းမင်းကြီးကိုယ်တော်တိုင် တစ်ကြောင်းစာချွန်အမိန့်ဖြင့် ခန့်အပ်ခဲ့သော ရွှေကြောင်းကြီးသုံးကြောင်း၏ ကဒူးရွှေဝန်ဦးကွတ္တိ၏ဆင်ကို ထူးခတ်ချည်နှောင်ခဲ့သည့် ရှေးဟောင်းဆင်ချည်တိုင်ကျွန်းသားတိုင်လုံးကြီးကို ကဒူးတိုင်းရင်းသားများနေထိုင်ရာ မော်တိတ်ရွာ (ရတနာကုန်းရွာ)တွင် အမျိုးသားရှေးဟောင်းအမွေပစ္စည်းတစ်ခုအဖြစ် ကဒူးဒေသခံများက ယနေ့ထိတိုင် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

မော်တိတ်ရွာသည် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်-ဗန်းမောက်သွားကားလမ်းပေါ်တွင်ရှိပြီး အင်းတော်မြို့မှ ၁၀ မိုင်ခန့်ဝေးပါသည်။ "မော်တိတ်ရွာမှကြိုဆိုပါ၏"ဆိုင်းဘုတ်လက်ဝဲဘက်တွင် "နေမျိုးသုဝဏ္ဏတန်ဆောင်ဘွဲ့ခံ ရွှေဝန်ဦးကွတ္တိ၏ရာထူးအမှတ်အသားဆင်ချည်တိုင်" ကို ဆိုင်းဘုတ်ကမ္ပည်းရေးထိုးထားပြီး မိုးလုံနေလုံစေရန် ကျွန်းတိုင်လေးလုံးစိုက်ပြီး သွပ်မိုးထားသည်။

ထိုဆင်ချည်တိုင်အနီးတွင် ပုံစံတူကျွန်းသားဆင်ချည်တိုင်ကို နှောင်းလူများ လေ့လာနိုင်ရန်အတွက် ကဒူးဒေသခံများက အမြော်အမြင်ကြီးမားစွာဖြင့် စိုက်ထူထားသည်ကို တွေ့ရမည်ဖြစ်သည်။

ကဒူးအကြီးအကဲ ရွှေဝန်ဦးကွတ္တိ၏ ရှေးဟောင်းဆင်ချည်တိုင်ကျွန်းသားတိုင်ကြီးသည် မြေပေါ်အမြင့်ခြောက်တောင်ထွာရှိပြီး လုံးပတ်မှာ သုံးတောင်ရှိသည်။ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီး နေဒဏ်၊ မိုးဒဏ် သဘာဝဘေးဒဏ်တို့ခံခဲ့ရသည့်အတွက် ဟောင်းနွမ်းဆွေးမြည့်နေပြီး ကျွန်းတိုင်ကြီး၏ အပေါ်ပိုင်းတွင် မြန်မာ့ပန်းပုလက်ရာများနှင့်ထုဆစ်ထားသည်ကို တွေ့ရမည်ဖြစ်သည်။ **(ယာပုံ)**

မော်တိတ်ရွှေမှူးငထွန်းကြာ ကွယ်လွန်သောအခါ ဦးကွတ္တိသည် သက္ကရာဇ် ၁၂၃၁ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်တွင် မင်းတုန်းမင်းကြီး၏တစ်ကြောင်းစာချွန်အမိန့်တော်နှင့် မော်တိတ်ရွှေမှူးရာထူးကို ဆက်ခံရပါသည်။

သက္ကရာဇ် ၁၂၃၆ ခုနှစ် နှောင်းတန်ခူးလတွင် မင်းတုန်းမင်းကြီးက ဦးကွတ္တိကို မော်နိုင်းမြို့ ရွှေကြောင်းကြီးသုံးကြောင်း၏ ရွှေဝန်အဖြစ် ခန့်အပ်တော်မူခဲ့ပါသည်။ မြန်မာဘုရင်အဆက်ဆက်က မော်နိုင်းမြို့ ရွှေဝန်များကို နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးဦးကိုသာ ရွေးချယ်ခန့်ထားမြဲဖြစ်ပြီး ဦးကွတ္တိတစ်ဦးတည်းသာနယ်တွင်ရှိသည့် ရွှေမှူးများမှ ရွှေဝန်အဖြစ် ခန့်အပ်ထားခံရခြင်းဖြစ်သည်။

ဦးကွတ္တိသည် နေမျိုးသုဝဏ္ဏတန်ဆောင်ဘွဲ့ကို ရွှေဝန်အဖြစ် ချီးမြှင့်ခြင်းခံရခြင်းဖြစ်ပြီး ကင်းတားဗိုလ်မင်းရဲကျော်ခေါင်ဘွဲ့ကိုမူ တိုက်ပွဲများ အောင်မြင်မှုအတွက်ရရှိခြင်းဖြစ်ပါသည်။ ရွှေဝန်ဦးကွတ္တိသည် ရွှေခွန်ဆက်သရေးတွင် တာဝန်ယူရသကဲ့သို့ မြို့ပြအုပ်ချုပ်ရေး တရားစီရင်ရေးတွင်လည်း တာဝန်ယူရပါသည်။

ရွှေဝန်ဦးကွတ္တိသည် လက်ရုံးရည် နှလုံးရည်ပြည့်ဝသူဖြစ်သည်။ ခရီးသွားလာရေးတွင် လွယ်ကူအဆင်ပြေစေရန် ဆင်ပေါက်ထီး၊ ဆင်ပေါက်မတစ်စုံကို ချီးမြှင့်ခြင်းခံရပါသည်။

"ကဒူးရွှေဝန်ဦးကွတ္တိရဲ့ ဆင်ချည်တိုင်ဟာ သာမန်တိုင်တစ်လုံးမဟုတ်ပါဘူး။ ၁၈၈၃ ခုနှစ်-၁၈၈၄ ခုနှစ်တစ်ဝိုက် ဗန်းမော်အရေးအခင်းမှာ ပြည်ထောင်စုမပြိုကွဲရေးအတွက် ရှပ်ရှပ်ချွံချွံဆောင်ရွက်ခဲ့တဲ့ ရွှေဝန်တပ်မှူးတစ်ပါးရဲ့ ရာထူးအမှတ်အသားဆင်ချည်တိုင်ဖြစ်လို့ သမိုင်းတန်ဖိုးရှိနေပါတယ်။ ဒါကြောင့် အမျိုးသားရှေးဟောင်းအမွေပစ္စည်းတစ်ခုဖြစ်တဲ့ ဒီဆင်ချည်တိုင်အစွန့်ရှည်တည်တံ့ရေးကို ကျွန်တော်တို့ကဒူးလူမျိုးများက ယနေ့ထိတိုင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရတာကို ဝမ်းမြောက်ဂုဏ်ယူမိပါတယ်"ဟု ကဒူးတိုင်းရင်းသား ဆရာဦးထွေးမောင်ကျော်က ပြောသည်။

ကိုမင်း(အင်းတော်)

လေပြင်းတိုက်ခတ်မှုကြောင့် သေဆုံး၊ပျက်စီးသူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

ဟိုင်းကြီးကျွန်း ဧပြီ ၁၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၊ ဟိုင်းကြီးကျွန်းမြို့နယ်၌ ဧပြီ ၁၆ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ဇီးချိုင်ကျေးရွာအုပ်စု ကြာကန်ကျေးရွာတွင် ဒေသခံတစ်ဦး အုန်းပင်ပိ၍ သေဆုံးခဲ့ပြီး ဒီးဒူးကုန်းကျေးရွာအုပ်စု ပြည်သာယာကျေးရွာတွင် လူနေအိမ် လေးလုံးနှင့် မေဒါအိုင်ကျေးရွာတွင် လူနေအိမ် တစ်လုံးပြိုကျပျက်စီးခဲ့သည်။

၎င်းဖြစ်စဉ်နှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးသန်းစိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦးတို့ ဦးဆောင်သည့်အဖွဲ့သည် ဧပြီ ၁၈ ရက် ရက်က ကြာကန်ကျေးရွာသို့ရောက်ရှိခဲ့ပြီး အုန်းပင်ပိသေဆုံးသူ ဦးစိုးရွှေ၏ ကျန်ရစ်သူမိသားစုအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးနှင့် ထောက်ပံ့ငွေကျပ် ၄၁၀၅၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဟိုင်းကြီးကျွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ နေအိမ်များပြိုကျပျက်စီးခဲ့ကြသည့် ဒေသခံငါးဦးကို ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးနှင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၅၃၉၉၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တောင်ငူတွင် မောင်းနှင်နေသည့်ယာဉ်တစ်စီးပေါ်သို့ စိန်ပန်းပင်ကြီး လဲကျမှုဖြစ်ပွား

တောင်ငူ ဧပြီ ၁၈

ဧပြီ ၁၈ ရက်နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က ဦးချိုကြီး ၄၆ နှစ် တောင်ငူမြို့နယ် နေသူမောင်းနှင်လာသော Double Cub ယာဉ်မှာ ယာဉ်မောင်းနှင့်အတူ အဖော်တစ်ဦးလိုက်ပါပြီး တောင်ငူမြို့ ၁၇ ရပ်ကွက် ဆေးရုံဟောင်းလမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာစဉ် ဆေးရုံဟောင်းလမ်းဘေးရှိ နှစ်ချို့စိန်ပန်း ပင်တစ်ပင် အလိုအလျောက် လဲကျ၍ လမ်းပေါ်သွားနေသော အဆိုပါယာဉ်ပေါ်သို့ ပိကျသွားခဲ့ခြင်းဖြစ်သည်။

စိန်ပန်းပင်နှင့် ကိုင်းများမှာ ယာဉ်မောင်းနှင့် လိုက်ပါလာသူရှိနေသော ခေါင်းခန်းအားခွ၍ ယာဉ်၏ခါးလယ်ပိုင်းနှင့် ယာဉ်ခေါင်းပိုင်းတို့ကို ပိမိသွားခဲ့ခြင်းဖြစ်သဖြင့် ယာဉ်မောင်းနှင့်အတူလိုက်ပါသူတို့မှာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိ၊ ရှေ့ခေါင်းပိုင်းတို့ အနည်းငယ်ပျက်စီးသွားခဲ့သည်။

အဆိုပါ သစ်ပင်လဲကျရာသို့ တောင်ငူမြို့မှ အမှတ်(၁)ရဲစခန်းမှူး ဒုရဲမှူး အောင်ဝင်းထွေးနှင့်အဖွဲ့၊ တောင်ငူမြို့နယ် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး(DR)အဖွဲ့နှင့် မြို့နယ်မီးသတ်အဖွဲ့တို့မှ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြပြီး နံနက် ၁၁ နာရီခန့်တွင် ရှင်းလင်းပြီးစီးခဲ့ကြောင်း သိရသည်။

သူရ(တောင်ငူ)

တာလေမြို့အနီး အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

တာလေ ဧပြီ ၁၈

ဧပြီ ၁၈ ရက် ညနေ ၃နာရီ ၄၅ မိနစ်ခန့်က ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် တာလေမြို့အနီးကိုဗဟိုပြုကာ အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်သွားခဲ့ရာ ယင်းမြေငလျင်လှုပ်ခတ်မှုအရှိန်အား တာချီလိတ်၊ မိုင်းယောင်း၊ မိုင်းဖြတ်၊ မိုင်းယုနှင့် ကျိုင်းတုံမြို့များအထိ ရိုက်ခတ်ခဲ့သည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် လူနှင့်အဆောက်အအုံထိခိုက်ပျက်စီးမှုမရှိသော်လည်း ၂၀၁၁ ခုနှစ် မတ်လအတွင်းက တာလေငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် လူ ၇၀ ကျော်သေဆုံးပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့၍ ဒေသတွင်းနေပြည်သူများက စိုးရိမ်စိတ်များဖြစ်ပေါ်လျက် ရှိကြသည်။

မြေငလျင်လှုပ်ခတ်မှုအရှိန်အား မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာနမှ အင်အား ၄ ဒသမ ၇ရစ်ချ်တာစကေးရှိကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ထိုင်းနိုင်ငံ မိုးလေဝသဌာနကမူ အင်အား ၅ ဒသမ ၁ ရစ်ချ်တာစကေးရှိကြောင်း ကြေညာခဲ့သည်။

ညနေ ၅ နာရီ ၁၅မိနစ်အချိန် ထပ်မံရရှိသောသတင်းအရ ဧပြီ ၁၁ ရက်က ထီးတော်တင်လှူခဲ့သည့် မိုင်းလင်း(အရှေ့)အုပ်စု ဝိန်းလန်းရွာရှိ ထပ်လုံကျိန်းလန့်စေတီတော်၏ ထီးတော်အနည်းငယ်စောင်းသွားကြောင်း သိရသည်။

မောင်ယဉ်ကျေး

လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ အနည်းငယ်ရှိခဲ့

အောင်လံ ဧပြီ ၁၈

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် သမ္ဘုလအခြေစိုက်အတွင်း၌ ဧပြီ ၁၇ ရက်က မိုးများရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် နေအိမ်အဆောက်အအုံပျက်စီးဆုံးရှုံးမှုများ အနည်းငယ်ရှိခဲ့သည်။ အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် သမ္ဘုလရဲကင်းစခန်း၏အရှေ့ဘက် ၂၃ မိုင်ခန့်အကွာရှိ မဲခေါင်းကျေးရွာ မနီလာဝင်း၏ နေအိမ်၊ ယင်းစခန်း၏ အရှေ့ဘက် ၁၂ မိုင်ခန့်အကွာ မြေနီကုန်းကျေးရွာရှိ မပျိုလေး၏ နေအိမ် ၊ ယင်းရွာနေ ဒေါ်မမြ၏နေအိမ်နှင့် ဒေါ်အုန်းတင်၏နေအိမ်တို့ ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်။

သိန်းလွင်(အောင်လံ)

၂၀၁၇ ခုနှစ် ဧပြီလ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဧပြီ ၁၈

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ၅ ရက်မှ ၆ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ၁ ရက်မှ ၃ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

တစ်ပြည်လုံးတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် ဧပြီလ တတိယ ၁၀ ရက်ပတ်အတွင်း မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် နှစ်ပေမှ လေးပေခန့်နှင့် အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ဧပြီလ တတိယ ၁၀ ရက်ပတ်အတွင်း ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် လေးပေမှ ငါးပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ လေးပေခန့်မြင့်တက်လာနိုင်သည်။

(မိုး/ဇလ)

မိုးရွာသွန်းမှုကြောင့် တံတားတစ်စင်း မြေထိန်းနံရံပြိုကျ

ဥတ္တရသီရိ ဧပြီ ၁၈

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာ၌ ဧပြီ ၁၇ ရက်က ရွာသွန်းခဲ့သောမိုးကြောင့် ပိုတက်ချောင်းရေကြီးခဲ့ပြီး ဘုရားတောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှေ့ရှိ တံတားမှာ တောင်ဘက်မြေ ထိန်းနံရံပြိုကျခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် တစ်သိန်းခွဲခန့်ရှိပြီး ကျေးရွာသူကျေးရွာသားများမှ ကိုယ့်အားကိုယ်ကိုးပြန်လည်ပြုပြင်မည်ဖြစ်ကြောင်း၊ မိုးရွာသွန်းမှုကြောင့် မြို့နယ်အတွင်းရှိ ငလိုက်ချောင်း၊ တံခွန်တိုင်ချောင်း၊ နတ်တောင်ချောင်းနှင့် ချောင်းမကြီးချောင်းများတွင်လည်း ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မိုးရွာသွန်းမှုကြောင့် ပျက်စီးသွားသည့် တံတားတစ်စင်းကို တွေ့ရစဉ်

မြန်မာနိုင်ငံလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်သွားမည်

နေပြည်တော် ဧပြီ ၁၈

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံဆာကူရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E. Mr. Tadamori OSHIMA ၏ဖိတ်ကြားချက်အရ ဧပြီ ၈ ရက်မှ ၁၆ ရက်အထိ ဂျပန်နိုင်ငံသို့သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၁၀ ရက် နံနက်ပိုင်းက ဂျပန်နိုင်ငံ ပါလီမန်အဆောက်အအုံ၌ ဂျပန်ဆာကူရာ ဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌဖြစ်သူနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာအကူအညီပေးရန်၊ ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်ပေးရန်နှင့် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား တိုက်ရိုက်လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းရေး အကူအညီပေးရန် ပြောကြားပြီး H.E.Mr. Tadamori OSHIMA က လာမည့် ချယ်ရီပန်းပွဲတော်သို့ တက်ရောက်ရန် ကြိုးစားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍတွင် ထိရောက်သော အကူအညီများပေးရန် ဂျပန်နိုင်ငံခရီးသွားဝန်ကြီးအား ပြောကြားပြီးဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံသူများ လာရောက်ရေးအတွက် အားပေးကူညီမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံမြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့်ခရီးသွားလာရေးဝန်ကြီး H.E. Mr. Keiichi ISHII ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဆက်လက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးလိုကြောင်း၊ ဂျပန်နိုင်ငံမှတိုက်ရိုက်လေကြောင်းလိုင်းကို မန္တလေးမြို့သို့ ပြေးဆွဲပေးရေး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲကို ဂျပန်နိုင်ငံတွင် ကျင်းပနိုင်ရေး ပြောကြားပြီး နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ ရေးထိုးရေးအတွက် မိမိဝန်ကြီးဌာနအောက်ရှိ Japan Tourism Agency မှ ဆက်လက် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီတွင် ဝန်ကြီးချုပ်ရုံး၌ ဂျပန်ဆာကူရာ ဖောင်ဒေးရှင်း၏ နာယကဖြစ်သူ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးကို သွားရောက်ဂါရဝပြုတွေ့ဆုံ၍ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်တွင် နေပြည်တော်၌ ထပ်မံကျင်းပမည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၏ အခြေခံဖြစ်သော ချယ်ရီပန်းစိုက်ပျိုးပွဲတော်သို့ တက်ရောက်ပေးရန် ဖိတ်ကြားပါကြောင်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးရန် မေတ္တာရပ်ခံကြောင်း တင်ပြရာ ဝန်ကြီးချုပ်က မြန်မာနိုင်ငံလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့် နိုဝင်ဘာလတွင် ဂျပန်-မြန်မာ ပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း၊ ချယ်ရီပန်းစိုက်ပျိုးပွဲတော်ကို ဖိတ်ကြား၍ ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပါလီမန်အဆောက်အအုံ၌ ဂျပန်နိုင်ငံညွန့်ပေါင်းအစိုးရအဖွဲ့ဝင် H.E. Mr.Natsuo YAMAGUCHI နှင့်တွေ့ဆုံ၍ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေး ပံ့ပိုးဆောင်ရွက်ပေးရန် ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၁၂ ရက် နံနက်ပိုင်းက Japan Myanmar Parliamentary Friendship Association ဥက္ကဋ္ဌ Mr. Ichiro Aisawa နှင့်တွေ့ဆုံရာတွင် ဥက္ကဋ္ဌက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးရန် အသင့်ရှိကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၁၂ ရက် နံနက် ၁၁ နာရီက ဂျပန်နိုင်ငံ National Constitution Memorial Hall ၌ ကျင်းပသော Japan Sakura Foundation 2017 Annual Ceremony သို့ တက်ရောက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ သဝဏ်လွှာကို ဖတ်ကြားပြီး မွန်းလွဲပိုင်းတွင် အာဆီယံ-ဂျပန် ဗဟိုဌာနသို့ သွားရောက်ကာ အာဆီယံ-ဂျပန် ဗဟိုဌာန အထွေထွေအတွင်းရေးမှူးချုပ် Mr.Masataka Fujita နှင့် တွေ့ဆုံ၍ ဂျပန်နိုင်ငံတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲတစ်ရပ်ကျင်းပရေး ပံ့ပိုးကူညီပေးရန် မြန်မာနိုင်ငံသို့ လာရောက်လေ့လာရန် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၁၃ ရက်က Nikko မြို့ရှိ ဂျပန်ရိုးရာ Roykan တည်းခိုရိပ်သာရှိ ရေပူစမ်းအပန်းဖြေခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် အဖွဲ့ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး တို့ တွေ့ဆုံစဉ်

ကျုံးပတ်လည်တွင်ဆောက်လုပ်ထားကြသည့် သင်္ကြန်မဏ္ဍပ်များ ဧပြီ ၂၃ ရက်နေ့ အပြီးဖျက်သိမ်းရမည်ဟု အသိပေးကြေညာ

မန္တလေး ဧပြီ ၁၈

သင်္ကြန်ကာလပြီးဆုံးသွားပြီ ဖြစ်သောကြောင့် ကျုံးပတ်လည်တစ်လျှောက်တွင် ဆောက်လုပ်ထားကြသည့် ဖျော်ဖြေရေးမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များကို ဧပြီ ၂၃ ရက် နောက်ဆုံးထား၍ အပြီးဖျက်သိမ်းရမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အသိပေးကြေညာထားကြောင်း သိရသည်။

သင်္ကြန်မဏ္ဍပ်များဆောက်လုပ်ခွင့် လျှောက်ထားစဉ်ကတည်းက လျှောက်လွှာတွင် မဏ္ဍပ်ပိုင်ရှင်များ လိုက်နာရမည့် စည်းကမ်းချက် ၂၆ချက်တွင် မဏ္ဍပ်များ နောက်ဆုံးဖျက်သိမ်းရမည့်နေ့ရက်ကိုလည်း ထည့်သွင်းအသိပေးထားပြီးဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"သတ်မှတ်ရက်မှာ အပြီးဖျက်သိမ်းရမယ့်အပြင် သန့်ရှင်းရေးလုပ်ငန်းတွေကိုလည်း လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ စည်းကမ်းချက်တစ်ခုခုကို ဖောက်ဖျက်တာတွေရှိခဲ့ရင် ကြိုသွင်းထားတဲ့ အာမခံငွေကျပ် သိန်း ၂၀ ထဲက ခုနှိမ်ဒဏ်ရိုက်သွားမှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ယခုနှစ်သင်္ကြန်တွင် ကျုံးပတ်လည်မဏ္ဍပ်ဆောက်လုပ်ခွင့်များ လေလံစနစ်ဖြင့် ရွေးချယ်ချထားပေးခြင်းဖြစ်ပြီး ဆောက်လုပ်ခွင့်ရရှိသူများအနေဖြင့် အာမခံငွေကျပ်သိန်း ၂၀ ကြိုတင်ပေးသွင်းထားရပြီး သတ်မှတ်စည်းကမ်းလိုက်နာမှုအပေါ်မူတည်၍ သင်္ကြန်အပြီးတွင် အာမခံငွေကို ပြန်လည်ထုတ်ပေးခဲ့ကြောင်း ကျုံးအရှေ့ဘက်ခြမ်းတွင် ဆောက်လုပ်ထားသည့် ကြံ့နှစ်ကောင်မဏ္ဍပ်မှ မန်နေဂျာမစန္ဒီက ပြောသည်။

"မနှစ်ကလည်း ၂၃ ရက် နောက်ဆုံးဖျက်သိမ်းဖို့ကြေညာထားပေမယ့် ၂၂ ရက်မှာ အပြီးဖျက်သိမ်းပေးခဲ့ပါတယ်။ စည်းကမ်းဖောက်ဖျက်တာမရှိလို့ အာမခံငွေကျပ်သိန်း ၂၀ အပြည့် ပြန်လည်ရရှိခဲ့ပါတယ်။ ဒီနှစ်မှာလည်း သတ်မှတ်ရက်မှာ အပြီးဖျက်နိုင်ဖို့ နှစ်ဆန်း ၁ ရက်ကစပြီး ဖျက်နေပါပြီ"ဟု ၎င်းကပြောသည်။

ယခုနှစ် မန္တလေးသင်္ကြန်တွင် ကျုံးပတ်လည်၌ ဆောက်လုပ်ထားသည့် မဏ္ဍပ်အရေအတွက်မှာ ကျုံးအရှေ့ဘက်အခြမ်းတွင် မဏ္ဍပ်ကိုးခု၊ အနောက်ဘက်ခြမ်းတွင် နှစ်ခု၊ မြောက်ဘက်တွင် တစ်ခုနှင့် ကျုံးတောင်ဘက်ခြမ်းတွင် မဏ္ဍပ်ပေါင်း ၃၀ ကျော် ဆောက်လုပ်ထားကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

သင်္ကြန်အပြီး၌ ကား၊ ဆိုင်ကယ်ပြုပြင်ရေးနှင့် ရေဆေးဆိုင်များ ဝင်ငွေကောင်းလာ

မန္တလေး ဧပြီ ၁၈

သင်္ကြန်အပြီး နှစ်ဆန်း ၂ ရက်တွင် မန္တလေးမြို့ရှိ ကား၊ ဆိုင်ကယ်ပြုပြင်ရေးဆိုင်များနှင့် ရေဆေးဆီလိုက်ဆိုင်များ၌ လာရောက်အပ်နှံသူ များပြားသည့်အတွက် လုပ်ငန်းတွင်ကျယ်စွာ လုပ်ဆောင်နေရကြောင်း ကား၊ ဆိုင်ကယ် ပြုပြင်ရေးနှင့် ရေဆေးဆီလိုက်ဆိုင်များထံမှ သိရသည်။

သင်္ကြန်တွင်းကာလများ၌ ကားဆိုင်ကယ်များဖြင့် လည်ပတ်ရေကစားခဲ့ကြသဖြင့် စက်ချွတ်ယွင်းထိခိုက်မှုများနှင့် ညစ်ပတ်ပေကျံနေမှုများကို ယနေ့ဆိုင်များ ပြန်လည်ဖွင့်သည့်နေ့တွင် လာရောက်အပ်နှံသူ များပြားသဖြင့် ဝင်ငွေကောင်းကြောင်း Welcome ဆိုင်ကယ်ရေဆေးဆီလိုက် လုပ်ငန်းပိုင်ရှင် ကိုကျော်ထက်အောင်က ပြောသည်။

"ကျွန်တော်တို့ဆိုင်တွေကလည်း သင်္ကြန်တွင်းမှာ ပိတ်ထားပြီး ဒီနေ့မှ ပြန်ဖွင့်တာပါ။ ဆိုင်စဖွင့်ကတည်းက လက်မလည်အောင်လုပ်ပေးနေရတယ်။ ဝန်ထမ်းအင်အားလည်း တိုးထားပါတယ်။ ပုံမှန်ရက်တွေဆို အစီးရေ ၅၀ လောက်လာအပ်ပေမယ့် ဒီနေ့ကတော့ အစီး ၁၀၀ ကျော်မယ်လို့ ခန့်မှန်းထားပါတယ်။ အပ်နှံသူများပေမယ့်လည်း ပုံမှန်ဈေးနှုန်းအတိုင်းနဲ့ ပုံမှန်ဝန်ဆောင်မှုအတိုင်း အကောင်းဆုံးလုပ်ပေးနေပါတယ်"ဟု ၎င်းကပြောသည်။

ထို့အပြင် ကောင်းသန့် ကားရေဆေး ဆီလိုက်လုပ်ငန်းရှင် ဦးမျိုးနိုင်ကလည်း "ဒီလိုနေ့မျိုးကတော့ ပုံမှန်လာနေကျ ဖောက်သည်တွေ စုပြုံပြီးရောက်လာတဲ့အတွက် ပုံမှန်ထက်ပိုလုပ်ရတယ်။ သင်္ကြန်လည်ပြီး ရောက်လာတဲ့ ကားတွေက အညစ်အကြေးတွေ ပိုပါလာတဲ့အတွက် ပုံမှန်ထက်ဆေးရတာ ပိုကြာတယ်။ ဒါကြောင့် ဝန်ထမ်းအင်အား တိုးပြီးလုပ်ပေးနေပါတယ်"ဟု ပြောသည်။ ဆိုင်ကယ်ရေဆေးဆီလိုက်လုပ်ငန်းများအတွက် ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် ၁၀၀၀နှုန်းဖြင့် လည်းကောင်း၊ ကားတစ်စီးလျှင် ကားအမျိုးအစား အလိုက် ငွေကျပ် ၄၀၀၀ မှ ၆၀၀၀ အထိ ဝန်ဆောင်မှုရရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ချောင်းဆုံမြို့နယ်တွင် ရွာအစဉ်ဆက်ဘုရားပွဲများ စည်ကားစွာကျင်းပ

ချောင်းဆုံ ဧပြီ ၁၈

မွန်ပြည်နယ်(ဘီလူးကျွန်း)ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးတွင် ကျေးရွာစဉ်အလိုက် ဘုရားပွဲများကို နှစ်စဉ် စည်ကားစွာကျင်းပလျက်ရှိရာ ဧပြီ ၁၈ ရက်က ကလော့ကျေးရွာအုပ်စုနှင့် မုရစ်ကလေး ကျေးရွာအုပ်စုတို့တွင် ကျေးရွာဘုရားပွဲတော်အား စည်ကားစွာသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ချောင်းဆုံမြို့နယ်တွင်ကျေးရွာအုပ်စု ၄၃ အုပ်စုရှိပြီး ကျေးရွာ စုစုပေါင်း ၇၈ ရွာရှိကာ နှစ်စဉ် ရွာစဉ်အလိုက် ဘုရားပွဲတော်ကိုကျင်းပခဲ့ကြပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသည့်ပွဲတော်တစ်ခုဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဗြိတိန်ခွဲထွက်မှုကို အားဖြည့်ပေးမည့် ရွေးကောက်ပွဲကိုစော၍ ကျင်းပရန် ဝန်ကြီးချုပ်မေ တောင်းဆို

လန်ဒန် ဧပြီ ၁၈

ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေသည် ဗြိတိန်၏ခွဲထွက်မှုနှင့်ပတ်သက်၍ ဥရောပသမဂ္ဂခေါင်းဆောင်များနှင့်ဆွေးနွေးရာတွင် ခွဲထွက်ရေးအစီအစဉ်ကို ကူညီထောက်ပံ့ပေးခြင်းအားဖြင့် ပိုမိုအားကောင်းလာအောင်ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားကာ ဇွန် ၈ ရက်တွင် အထွေထွေရွေးကောက်ပွဲကျင်းပသွားရန် တိုက်တွန်းခဲ့သည်။

မေက ၎င်းသည် ရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ်အထိ ရွှေ့ဆိုင်းသွားရန် ကြိုးစားမှုကို ပါလီမန်လွှတ်တော်က ထောက်ခံပေးရေးတောင်းဆိုသွားရန် များစွာဆန္ဒရှိခဲ့သော်လည်း ဥရောပသမဂ္ဂမှဗြိတိန်ထွက်ခွာမှုမတိုင်မီ ၎င်း၏အာဏာရ ကွန်ဆာဗေးတစ်ပါတီအပေါ် ထောက်ခံပေးရန်အရေးတကြီးလိုအပ်သည်ဟုဆုံးဖြတ်လိုက်ကြောင်း ပြောကြားခဲ့သည်။

မေ၏လှုပ်ရှားဆောင်ရွက်မှုအပေါ် အချို့ကအံ့သြခဲ့ကြသည်။ မေသည်အချိန်ဖြုန်းသော ယှဉ်ပြိုင်မှုများဖြင့် စိတ်ရှုပ်မခံလိုကြောင်း အကြိမ်ကြိမ်အခါခါပြောကြားခဲ့သူဖြစ်သည်။ သို့သော် မဲထည့်ဝင်မှုများက မေအား ဦးဆောင်သူတစ်ယောက်နေရာသို့ အခိုင်အမာတွန်းပို့ခဲ့သည်။

ဗြိတိန်၏စီးပွားရေးအခြေအနေက နိုင်ငံအား ဥရောပသမဂ္ဂမှခွဲထွက်ရန်မဲခွဲဆုံးဖြတ်သည့်အခြေအနေကိုရောက်ရှိစေခဲ့ပြီး မေသည်နိုင်ငံအတွင်း ၎င်း၏ပြုပြင်ပြောင်းလဲမှုအချို့ကြောင့် ၎င်း၏ပါတီဝင်များက ၎င်းအားအတိုက်အခံပြုလုပ်မှုကို ရင်ဆိုင်ခဲ့ရသည်။

ဗြိတိန်ငွေကြေးစနစ်မှာလည်း ခွဲထွက်ရေးကြေညာချက်ထုတ်ပြန်မှုအပြီး နှစ်လခွဲခန့်အကြာတွင် အမေရိကန်ဒေါ်လာဈေးနှင့် ဆန့်ကျင်စွာမြင့်တက်လာခဲ့သည်။ ဗြိတိန်၏ ရှယ်ယာဈေးမှာ ရက်သတ္တပတ်ခုနစ်ပတ်ကျော်အကြာတွင် အနိမ့်ဆုံးအဆင့်အထိ ထိုးကျသွားခဲ့သည်။

ဗြိတိန်အနေဖြင့် ဥရောပမှခွဲထွက်မှုနှင့်ခွဲထွက်မှုအပြီးတွင် ကြံ့ခိုင်ပြီး တည်ငြိမ်သည့်ခေါင်းဆောင်မှုတစ်ရပ်ကို တွေ့မြင်နိုင်ရန်လိုအပ်နေကြောင်း၊ ထို့ကြောင့်လာမည့် ဇွန်လရက်တွင် အထွေထွေရွေးကောက်ပွဲစတင်ရန်လိုအပ်သည်ဟု ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း မေကပြောကြားခဲ့သည်။

(ရိုက်တာ)

အမေရိကန်အနေဖြင့် မြောက်ကိုရီးယားအပေါ် တစ်ဖက်သတ် မဆောင်ရွက်ရန် ရုရှားမျှော်လင့်

မော်စကို ဧပြီ ၁၈

အမေရိကန်သည် ဆီးရီးယားအပေါ် တစ်ဖက်သတ် ဆောင်ရွက်မှုမျိုး မြောက်ကိုရီးယားအပေါ် မဆောင်ရွက်ရန် မျှော်လင့်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ဗ်ရော့က ပြောသည်။

အမေရိကန်သည် မြောက်ကိုရီးယားနိုင်ငံအပေါ် သည်းခံမှုကုန်ဆုံးခဲ့ပြီဟူသော ဒုတိယသမ္မတ မိုက်ပန့်စ်၏ ပြောကြားချက်နှင့်ပတ်သက်ပြီး မြောက်ကိုရီးယားနိုင်ငံအပေါ် အမေရိကန်က မည်သည့်အခါကမှ သည်းခံမှုထားရှိခဲ့သည်ဟု မယူဆကြောင်း ရုရှားကပြောကြားခဲ့သည်။

အမေရိကန်သည် မြောက်ကိုရီးယားနိုင်ငံအပေါ်ပြင်းထန်သော ပိတ်ဆို့အရေးယူမှုများပြုလုပ်ခဲ့သလို ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်း လုံလောက်သည့်ပြင်းထန်သော အရေးယူမှုများကို ဆောင်ရွက်ခဲ့ပြီဖြစ်ကြောင်း ရုရှားက ဆက်လက်ပြောကြားခဲ့သည်။

အကယ်၍ အမေရိကန်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် တစ်ဖက်သတ်စစ်အင်အားဖြင့် ခြိမ်းခြောက်မှုဆောင်ရွက်ခဲ့ပါက အန္တရာယ်များသော ဆောင်ရွက်ချက်ဖြစ်ကြောင်း လက်ဗ်ရော့က ဆက်လက်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့

အမေရိကန်နိုင်ငံအနေဖြင့် ဆီးရီးယားအပေါ် ဆောင်ရွက်ခဲ့သည့် တစ်ဖက်သတ် ဆောင်ရွက်မှုမျိုးကို ထပ်မံမမြင်တွေ့လိုကြောင်းနှင့် မြောက်ကိုရီးယားနိုင်ငံအနေဖြင့်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အများအပြားကို ချိုးဖောက်ခဲ့ပြီး နျူကလီးယားနှင့် ဒုံးကျည်စမ်းသပ်မှုများ ဆောင်ရွက်ခဲ့သည့်အပေါ် လက်မခံကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် မြောက်ကိုရီးယားနှင့်ပတ်သက်ပြီး ရပ်တည်ချက်မပြောင်းလဲကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် မြောက်ကိုရီးယားအရေးကို မူဘောင်များအတွင်းမှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံပြန်ကြားရေးဆိုင်ရာ အတွင်းရေးမှူး ပက်ခ်ကော့ဗ်က ပြောခဲ့သည်။ **(ဆင်ဟွာ)**

နိုင်ငံပေါင်း ၂၈ နိုင်ငံမှခေါင်းဆောင်များ One Belt ဖိုရမ်တက်ရောက်မည်

ပေကျင်း ဧပြီ ၁၈

တရုတ်နိုင်ငံက ဆောင်ရွက်လျက်ရှိသည့် One Belt,One Road စီမံကိန်းအပေါ်အခြေခံလျက် လာမည့်လတွင် ကျင်းပမည့် စီးပွားရေးဖိုရမ်သို့ နိုင်ငံပေါင်း ၂၈ နိုင်ငံတို့မှ ခေါင်းဆောင်များ တက်ရောက်မည်ဖြစ်ကြောင်း တရုတ်အစိုးရက ပြောကြားခဲ့သည်။

အာရှနှင့် ဥရောပဒေသများနှင့်ဆက်စပ်သည့် စီးပွားရေးဇုန်တစ်ခု တည်ထောင်ဖန်တီးရန် ရည်ရွယ်သည့် စီးပွားရေးဆိုင်ရာ ဆောင်ရွက်လှုပ်ရှားမှုတစ်ခုဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် လာမည့် မေ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် တရုတ်နိုင်ငံပေကျင်း၌ ကျင်းပရန် စီစဉ်ထားသည့် စီးပွားရေးဖိုရမ်သို့ တက်ရောက်မည့်သူများစာရင်းကို အင်္ဂါနေ့တွင်ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ခေါင်းဆောင်များအနက် ရုရှားသမ္မတဗလာဒီမာပူတင်၊ တူရကီသမ္မတရီဆက်ပ်တေယစ်အာဒိုဂန်နှင့် အီတလီဝန်ကြီးချုပ် ပေါ်လိုဂျန်တီလိုနီတို့ ပါဝင်တက်ရောက်ကြမည်ဖြစ်သည်ဟု ဆိုသည်။

ဂျန်တီလိုနီ သည် စက်မှုထိပ်သီးခုနစ်နိုင်ငံအဖွဲ့မှ ဖိုရမ်သို့တက်ရောက်မည့် တစ်ဦးတည်းသော ခေါင်းဆောင်ဖြစ်သည်။

တရုတ်နိုင်ငံသည် ယခုနှစ်အတွက် နိုင်ငံ၏အရေးအကြီးဆုံး သံတမန်ရေးရာ ဆောင်ရွက်မှုတစ်ခုအနေဖြင့် ဖိုရမ်ကိုပြုလုပ်ရန် စီစဉ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံပိုင် ရုပ်မြင်သံကြားထုတ်လွှင့်တင်ဆက်မှုက ဖိုရမ်ကျင်းပမည့် အစီအစဉ်နှင့်ပတ်သက်၍ အကျယ်တဝင့် သတင်းဖော်ပြမှုပြုလုပ်ခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိက One Belt, One Road စီမံကိန်းသည် တရုတ်နိုင်ငံက ကမ္ဘာကိုပေးအပ်လိုက်သည့် အရေးအပါဆုံး အကျိုးအမြတ်တစ်ခုပင်ဖြစ်ကြောင်း သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ဖိုရမ်ကို လက်ခံကျင်းပခြင်းအားဖြင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍအတွက် ပိုမိုပွင့်လင်းမြင်သာ၍ ပိုမိုထိရောက်သည့် စီးပွားရေးစကြံ်တစ်ခု ဖန်တီးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(အန်အိတ်ချ်ကေ)

ဖိလစ်ပိုင်တွင် ဘတ်စ်ကားတစ်စီး လျှိုမြောင်အတွင်းသို့ထိုးကျ၊ ၂၄ ဦးထက်မနည်း သေဆုံး

မနီလာ ဧပြီ ၁၈

ဧပြီ ၁၈ ရက်က ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် ဘတ်စ်ကားတစ်စီး လျှိုမြောင်တစ်ခုအတွင်းသို့ ထိုးကျခဲ့ရာ လူ ၂၄ ဦးထက်မနည်း သေဆုံးခဲ့ပြီး အမြောက်အမြား ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြောက်ပိုင်း နူဗာအီဂျီယာပြည်နယ် ကာရန်ဂလန် မြို့ ကက်ပင်တလန်ကျေးရွာ လျှိုမြောင်အတွင်းသို့ ခရီးသည် ၅၀ တင်ဆောင်လာသော ဘတ်စ်ကားတစ်စီး ဒေသစံတော်ချိန် နံနက် ၁၁နာရီဝန်းကျင်က ထိုးကျခဲ့ခြင်းဖြစ်သည်။

အီလောကော်စ ပြည်နယ်သို့ ဦးတည်သွားနေသော ဘတ်စ်ကားမှာ အရှိန်မထိန်းနိုင်ဘဲ အနက်ပေ ၉၀ ခန့်ရှိ လျှိုမြောင်အတွင်းသို့ ထိုးကျခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများက ပြောသည်။

ခရီးသည်တင် ဘတ်စ်ကားမှာ အလွန်နက်သော လျှိုမြောင်အတွင်းသို့ ထိုးကျခဲ့ရာ အချို့ကို အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့ပြီး နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အီလောကော်စပြည်နယ်သို့သွားရာ ယင်းနေရာသည် မတော်တဆမှုဖြစ်ပွားလေ့ရှိသောနေရာဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

လန်ဒန်ရှိ ကလပ်တစ်ခုတွင် အက်စစ်ဖြင့် တိုက်ခိုက်မှုကြောင့် ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိ

လန်ဒန် ဧပြီ ၁၈

ဗြိတိန်နိုင်ငံ လန်ဒန်အရှေ့ပိုင်းရှိ ကလပ်တစ်ခုတွင် အက်စစ်ဟုယူဆရသည့် အရည်များဖြင့် တိုက်ခိုက်ခဲ့မှုဖြစ်ပွားခဲ့ရာ လူ ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း သိရသည်။ အက်စစ်ဖြင့်ဖျန်းသူမှာ တိုက်ခိုက်မှုပြုလုပ်ပြီးနောက်တွင် ကလပ်မှ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားသည့်နေရာအတွင်း၌ အဖွဲ့နှစ်ဖွဲ့တို့ အချေအတင်စကားများ ရန်ဖြစ်ခဲ့ပြီးသည့်နောက်တွင် လူတစ်ဦးက အက်စစ်ရည်များဖြင့် လူနှစ်ဦးကို ပက်ကာ ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

လူအယောက် ၂၀ ပါရှိသည့်အဖွဲ့မှ နှစ်ဦးမှာ အက်စစ်ရည်များထိမှန်ပြီးနောက် အရေပြားများ ပြင်းထန်စွာ ထိခိုက်လောင်ကျွမ်းခံရကာ ဆေးရုံသို့ အလျင်အမြန်ပို့ဆောင် ကုသမှုခံယူခဲ့ရကြောင်း သိရသည်။

ကျန် ၁၀ဦးမှာ ထိခိုက်ဒဏ်ရာ ပြင်းထန်မှုမရှိသော်လည်း ကုသမှုခံယူလျက်ရှိသည်။ တိုက်ခိုက်မှုဖြစ်ပွားချိန်တွင်ကလပ်အတွင်း၌ လူပေါင်း ၆၀၀ ကျော်ခန့်ရှိနေခဲ့ကြောင်း ဒေသမီဒီယာက ပြောကြားခဲ့သည်။

(အန်အိတ်ချ်ကေ)

ဆိုင်ကယ်ကယ်ရီဖြင့် တရားမဝင်ခရီးသွားလာသူနှစ်ဦးနှင့် ကယ်ရီသမားအား ဂွမြို့စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးအရေးယူ

ဂွ မေ ၁၈

ဂွမြို့ ဂွ-ငါးသိုင်းချောင်းကားလမ်း မြို့အထွက် စစ်ဆေးရေးဂိတ်တွင် မေ ၁၇ ရက် ည ၁၁ နာရီခန့်က အထောက်အထားမဲ့ ခရီးသွားလာသူနှစ်ဦးနှင့် ဆိုင်ကယ်ကယ်ရီ မောင်းနှင်သူနှစ်ဦးတို့ကို စစ်ဆေးဖမ်းဆီးရမိကြောင်း သိရသည်။ **(ဓာတ်ပုံ)**

ဂွမြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ် အုပ်မျိုးအောင် ဦးစီးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် ယာဉ်များအား စစ်ဆေးရာ သံတွဲဘက်မှလာသည့် ဆိုင်ကယ်ကယ်ရီမောင်း ဇော်မင်းနိုင်(ခ)တုတ်ဖြူ တိုးချဲ့ကွက်သစ် အမှတ်(၆)ရပ်ကွက် သံတွဲမြို့နေသူ မောင်းနှင်သည့် ဆိုင်ကယ်ဖြင့် ကျော်သူရ(ခ)နော်ဖော်ဟူဆောင်း(၁၄ နှစ်) ကုတင်ပိုက်ရွာ ရေချမ်းပြင်ကျေးရွာအုပ်စု စစ်တွေမြို့နေသူကို လည်းကောင်း၊ နေလင်းအောင်(ခ) ဗေလုဝ(၃၁ နှစ်) ကြိမ်ချောင်းကျေးရွာ ပဒဲကောကျေးရွာအုပ်စု သံတွဲမြို့နယ်နေသူ မောင်းနှင်သည့် ဆိုင်ကယ်ဖြင့် အီဘရာဟင်(ခ)ခင်မောင်မြင့်(၂၇ နှစ်) ကုတင်ပိုက်ကျေးရွာ ရေချမ်းပြင်ကျေးရွာအုပ်စု စစ်တွေမြို့နယ်နေသူကိုလည်းကောင်း တင်ဆောင်မောင်းနှင်လာကြောင်း တွေ့ရသည်။

စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းတို့သည် မေ ၁၄ ရက် ညနေ ၄ နာရီခန့်တွင် စစ်တွေမြို့နယ် ရေချမ်းပြင်ကျေးရွာအနီးမှ အီဘရာဟင်(ခ)ခင်မောင်မြင့်နှင့် ကျော်သူရ(ခ) နော်ဖော်ဟူဆောင်းတို့ နှစ်ဦးကို ယာဉ်မောင်း ဇော်မင်းနိုင်၏ ဆိုင်ကယ်ဖြင့် တင်ဆောင်ပြီး စစ်တွေ-ရန်ကုန်ကားလမ်းအတိုင်း အမ်းမြို့သို့လည်းကောင်း၊ အမ်းမြို့မှ တစ်ဆင့် အမ်း-မအီ-တောင်ကုတ်-သံတွဲကားလမ်းအတိုင်းမောင်းနှင်ခဲ့ပြီး သံတွဲမြို့ရှိ ဇော်မင်းနိုင်၏ နေအိမ်သို့ မေ ၁၆ ရက် ည ၇ နာရီခန့်တွင် ရောက်ရှိ ညအိပ်ခဲ့ကြပြီး မေ ၁၇ ရက် ညနေ ၃ နာရီခန့်တွင် ဇော်မင်းနိုင်က နေလင်းအောင်(ခ)ဗေလုဝ ကို ခေါ်ယူ၍ ဆိုင်ကယ်တစ်စီးလျှင် လူတစ်ဦးတင်ဆောင်ကာ သံတွဲမြို့မှ ထွက်ခွာခဲ့ပြီး ကယ်ရီကြေးအဖြစ် စစ်တွေမြို့မှ သံတွဲမြို့အထိ တစ်ဦးလျှင် ငွေကျပ်တစ်သိန်းဖြင့် လည်းကောင်း၊ သံတွဲမှ ရေဝတီတိုင်းဒေသကြီး ရေနံ့သာလမ်းဆုံအထိ ငွေကျပ်တစ်သိန်းဖြင့် လည်းကောင်း ပို့ဆောင်ပေးရာမှ ဂွမြို့ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးရမိခဲ့ပြီး ယာဉ်မောင်း ဇော်မင်းနိုင်နှင့် နေလင်းအောင်(ခ)ဗေလုဝ၊ ဆိုင်ကယ်ဖြင့် လိုက်ပါလာသည့် အထောက်အထားမဲ့ လူနှစ်ဦးတို့အား ဂွမြို့နယ်ရဲစခန်းက တရားဥပဒေအရ အရေးယူနိုင်ရေးအတွက် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဓားပြအဖွဲ့၏ပစ်ခတ်မှုကြောင့် မောင်တောမြို့နယ်တွင် ရွာသားတစ်ဦး ဒဏ်ရာရ

နေပြည်တော် မေ ၁၈

ရခိုင်ပြည်နယ် မောင်တောမြို့နယ် သဝန်ချောင်းကျေးရွာတွင် ယမန်နေ့ညပိုင်းက ဓားပြအဖွဲ့အား ရွာသားများက ဝိုင်းဝန်းဖမ်းဆီးစဉ် ဓားပြအဖွဲ့၏ သေနတ်ပစ်ခတ်မှုကြောင့် ရွာသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် သဝန်ချောင်းကျေးရွာ လမ်းခွဆုံရှိ အာမန့်၏ နေအိမ်အနောက်ဘက်သို့ မေ ၁၇ ရက် ည ၉ နာရီခန့်က "အဒူလာကိန်း" ဟု ယူဆရသူ အပါအဝင် လေးဦးပါ ဓားပြအဖွဲ့သည် သေနတ်အတို နှစ်လက်ဖြင့် ရောက်ရှိခဲ့ရာ ရွာသားများက ဖမ်းဆီးရန် ဝိုင်းဝန်းစဉ် ၎င်းအဖွဲ့မှ သေနတ်သုံးချက်ပစ်ဖောက်ပြီး ရွာ၏ အနောက်ဘက်နှင့် မြောက်ဘက်သို့ လူစုခွဲ၍ ထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ သေနတ်ပစ်ခတ်မှုကြောင့် ကျေးရွာသားတစ်ဦးဖြစ်သူ ဟာမိတ်(၃၀ နှစ်) **(ဓာတ်ပုံ)** မှာ ယာပေါင်တွင် ကျည်ထိမှန် ဖောက်ထွက်မစိုးရိမ်ရ ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာသို့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိပြီး ပိတ်ဆို့ရှင်းလင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မောင်တောမြို့နယ်တွင် ကျေးရွာအုပ်စု တာဝန်ခံတစ်ဦး အသတ်ခံရ

နေပြည်တော် မေ ၁၈

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဖွေယာရွာနေ တပ်ဦးချောင်းကျေးရွာအုပ်စု တာဝန်ခံ အာမီအာလီသည် မေ ၁၇ ရက် ညပိုင်းက နေအိမ်၌ မျက်နှာဖုံးစွပ်ထားသော လူအုပ်စု၏ သတ်ဖြတ်မှုခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ တပ်ဦးချောင်းကျေးရွာအုပ်စုတာဝန်ခံ အာမီအာလီ (၃၈ နှစ်) သည် ဖွေယာရွာ၊ အိမ်ထောင်စု အမှတ် (၂၂) နေအိမ်၌ ရှိနေစဉ် မေ ၁၇ ရက် ညပိုင်းက အနက်ရောင် မျက်နှာဖုံးစွပ်ထားသည့် အမျိုးသား ၁၀ ဦးခန့် ရောက်ရှိလာပြီး နှစ်ဦးမှာ အိမ်ပေါ်သို့ တက်ရောက်၍ အာမီအာလီအား ဓားဖြင့် ခုတ်ပြီး နေအိမ်အောက်သို့ ဆွဲချခဲ့ကြောင်း၊ ထို့နောက် အိမ်ရှေ့တွင် မျက်နှာဖုံးစွပ်ထားသူများက ၎င်းအား ဓားဖြင့် ထပ်မံထိုးခုတ်စဉ် ပတ်ဝန်းကျင်မှ လူများထွက်လာသဖြင့် မျက်နှာဖုံးစွပ်အဖွဲ့မှာ သေနတ်ငါးချက်ပစ်ဖောက်၍ ရွာ၏အနောက်မြောက်ဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း၊ ဓားခုတ်ခံရမှုကြောင့် အာမီအာလီ၏ လက်ဖျံ၊ လက်မောင်း၊ ဦးခေါင်းငယ်ထိပ်၊ ယာတင်ပါးပြတ်ရှ၊ နောက်ကျောတို့တွင် ထိုးသွင်းဒဏ်ရာများရရှိပြီး သေဆုံးခဲ့ကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာသို့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိရှင်းလင်း စစ်ဆေးရာ အာမီအာလီ၏ နေအိမ်အနီးတွင် ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်ခဲ့သော ကျည်ခွံ နှစ်ခုတွေ့ရှိခဲ့သဖြင့် ၎င်းလူအုပ်စု ထွက်ပြေးမှုအား လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ သေဆုံးသူ အာမီအာလီအား မောင်တောပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)



မောင်တောမြို့နယ် ဖွေယာကျေးရွာ အမည်(စိစစ်ဆဲ) အမျိုးသား (၁၀)ဦးခန့်က အာမီအာလီ၏ အိမ်ပေါ်သို့ တက်၍ ဓားဖြင့်ခုတ်သတ်သည့် နေရာပြမြေပုံ

လူသုံးဦးအား ငွေကြေးရယူ၍ ဆိုင်ကယ်ဖြင့်ခေါ်ဆောင်လာသူများအား ဖမ်းမိ

သာယာဝတီ မေ ၁၈

တောင်ကုတ်မြို့နယ် တောင်ပေါ်ကြီးစစ်ဆေးရေးဂိတ် တောင်ပေါ်ကြီးရဲစခန်းမှူး ရဲအုပ်ခင်မောင်ထွေးနှင့် နယ်မြေခံတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၆ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ က စစ်ဆေးဆောင်ရွက်နေစဉ် မသင်္ကာဖွယ်ရာ မောင်းနှင်လာသည့် ဆိုင်ကယ်သုံးစီးအားရပ်တန့်စစ်ဆေးရာ ဦးဆန်းတင့်ဝေ (၅၅ နှစ်) ငြိမ်းချမ်းရေးလမ်း-ကွက်သစ်ရပ်ကွက် သာယာဝတီမြို့ ပဲခူးတိုင်းဒေသကြီးနေသူ မောင်းနှင်လာသော ဆိုင်ကယ်၏နောက်တွင် ခင်မောင်စိုး(ခ)မာမတ်ရှော်ရီ (၁၇ နှစ်) (ဘ)ဦးခင်မောင်(ခ) ဦးဖူးရှူးအာမောက် အနောက်စံပြရပ်ကွက် ဟာဆာကျေးရွာ စစ်တွေမြို့နယ်၊ ဦးလင်းဝေ (၄၈ နှစ်) (ဘ) ဦးလှကျော် ကုန်းကြီးရပ်ကွက် သာယာဝတီမြို့နေသူ မောင်းနှင်လာသော ဆိုင်ကယ်နောက်တွင် ကိုနိုင်ဝင်း (ခ) မူဟာမတ်ဆော်မီ (၁၇ နှစ်) (ဘ) ဦးတင်ဝင်း(ခ)မူဟာမတ်ရော်ဖီ သဲချောင်းကျေးရွာ စစ်တွေမြို့နယ်နေသူနှင့် ဦးမောင်နီ(၄၀ နှစ်)(ဘ)ဦးဟိန်းဒူး မင်းထက်သာလမ်း ဧည့ဝတီ(က)ရပ်ကွက် စစ်တွေမြို့နေသူ မောင်းနှင်လာသော ဆိုင်ကယ်နောက်တွင် ခင်မောင်အေး (ခ) မူဟာမတ် ဆာဒိတ် (၁၆ နှစ်) (ဘ)ဦးမောင်ရွှေ (ခ)ကာမာလာဟူးဆောင်း သက္ကယ်ပြင် ကျေးရွာ စစ်တွေမြို့နယ်နေသူတို့အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့သုံးဦးအား စစ်တွေမြို့မှ တစ်ဦးလျှင် ရှစ်သိန်းကျပ်နှုန်းဖြင့် ခေါ်ဆောင်လာကြောင်း သိရ၍ သက်ဆိုင်ရာက စစ်ဆေးလျက်ရှိပြီး ငွေကြေးရယူခေါ်ဆောင်လာသည့် ဦးဆန်းတင့်ဝေနှင့် ဦးမောင်နီတို့ကို သက်ဆိုင်ရာက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၀၆၂)

မောင်တောမြို့နယ် သာဇေကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

နေပြည်တော် မေ ၁၈

ရခိုင်ပြည်နယ် မောင်တောမြို့နယ် သာဇေကျေးရွာတွင် ယမန်နေ့ညပိုင်းက နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် သာဇေကျေးရွာနေ မအူဆော်နာ(၃၀ နှစ်)၏ နေအိမ်၌ မေ ၁၇ ရက် ည ၁၁ နာရီခွဲခန့်က မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ ဓနိမိုး၊ ထရံကာ နေအိမ် တစ်လုံး၊ တန်ဖိုးငွေကျပ် ၅၀၀၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။

အဆိုပါ မီးလောင်မှုနှင့် ပတ်သက်၍ နယ်မြေရဲစခန်းမှ မအူဆော်နာအား အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

မာရသာအကြောင်းပြု ကြက်သွန်နီဈေးတက်ရန် အစပြု

ရန်ကုန် မေ ၁၈

မေ ၁၆ ရက်က တွေ့ကြုံခဲ့သော မာရသာမုန်တိုင်းမိုးကြောင့် ကြက်သွန်နီထွက်ရှိရာ ဒေသအပါအဝင် မြို့ကြီး ကိုးမြို့တွင် မိုးရေချိန် စံချိန်သစ်တင်ရှိမှု အခြေပြစာရင်း ထုတ်ပြန်ခဲ့သည်။

အချို့မြို့တွင် နှစ်ပေါင်း ၂၀၊ အချို့မြို့များတွင် နှစ်ပေါင်း ၅၄ နှစ်အတွင်း မေလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်ဟု ဖော်ပြထားသည်။

ယခုအချိန်သည် လှောင်ကြက်သွန်နီဖြစ်သော ဆောင်းစိုက်ကြက်သွန်နီ တူးဖော်ဆဲရှိသေးသည်။ မတူးဖော်ရသေးသော ကြက်သွန်များ မိုးရွာထား၍ အချိန်စောင့်ရဦးမည်ဟု သိရသည်။

သကြံန်ပိတ်ရက်မတိုင်မီ မေ ၁၁ ရက်တွင် ကြက်သွန်နီ ပိဿာချိန် ၄၂၀၀၀ ဝင်ရောက်ပြီး မေ ၁၂ရက်တွင် အဝင်မရှိ ကုန်စည်ဒိုင်ဈေးမဖွင့်ဟု သိရသည်။ ယင်းနေ့တွင် ဆိပ်ဖြူ ကြက်သွန်နီလက်ကား တစ်ပိဿာ ကျပ် ၅၅၀ မှ ၇၀၀၊ မြစ်သား ၈၅၀ မှ ၁၀၇၅ ကျပ်အတွင်း ဈေးရှိခဲ့သည်။

ဖွင့်ရက် မေ ၁၈ ရက်တွင် ကြက်သွန်နီ ပိဿာချိန် ၉၆၀၀၀ ဝင်ရောက်ပြီး ဝယ်လက်များ စုံလင်စွာမရောက်သေးသော်လည်း ဆိပ်ဖြူ ကျပ် ၆၀၀ မှ ၈၅၀ နှုန်းသို့ ဈေးမြင့်လာသည်။ သို့သော် မိုးရေအကြောင်းပြု တူးဖော်ဆဲနှင့် မတူးဖော်ရသေးသော ကြက်သွန်နီစိုက်ခင်းများ အခက်အခဲကြုံတွေ့လာရချိန် တူးဖော်ပြီးနှင့် လှောင်ထားသည်များ ဈေးမြှင့်တင်ရောင်းချခြင်းဖြစ်သည်ဟု အဝယ်တော်တစ်ဦးက ပြောသည်။

လှောင်သမားများ ဝယ်လှောင်ချိန်နှင့် ပြည်ပတွင် ကြက်သွန်နီထွက်ရှိမှု များပြားနေသဖြင့် လှောင်သမားများ အမြတ်ရရန် ဈေးနှုန်းမြှင့်တင်မှု မများနိုင်သေးဟု သိရသည်။ သို့သော် ဘုရင့်နောင်ဈေးကွက်တွင် ယနေ့ဖွင့်ဈေးနှင့် ဝယ်ယူပြီး နောက်နေ့ မြင့်တက်လာနိုင်မည်ကို စောင့်ဆိုင်းနေသည်ဟု ဈေးကွက်မှ သိရသည်။

အာလူး ပိဿာချိန် ၁၂၀၀၀၀ ဝင်လာပြီး ဈေးနှုန်း လက်ကား တစ်ပိဿာ ကျပ် ၄၅၀ မှ ၇၇၀ အတွင်းဖြင့် ဈေးနှုန်း အပြောင်းအလဲနည်းသည်။ စားအုန်းဆီ လက်ကားအလှယ် တစ်ပိဿာ ၁၇၅၅ ကျပ် စာရွက်ဈေး ၁၇၃၅ မှ ၁၇၄၀ ကျပ်နှုန်း အသီးသီးရှိသည်။ ကုန်စည်ဒိုင်ဖွင့် ပုဂ္ဂလိကဘဏ်အများစုလည်း ဖွင့်နေ သည့် မေ ၁၈ ရက်တွင် မတ်ပဲ RC တစ်တန် ကျပ် ၁၀၇၈၀၀၀၊ SQ RC တစ်တန် ကျပ် ၁၃၄၆၀၀၀၊ ပဲစင်းငုံနီ RC တစ်တန် ကျပ် ၇၆၅၀၀၀ နှုန်း ဈေးဖွင့်သည်။

မတ်ပဲ RC ကုန်သေတ္တာအလုံးရေ ၂၅ လုံး အရောင်းအဝယ်ဖြစ်သည်ဟု ဒိုင်ဈေးနှုန်းစာရွက်တွင် ဖော်ပြထားသည်။ ပြည်ပမှ တင်သွင်းလာသော နိုင်ငံစုံသကြားဈေးမှာ လက်ကား တစ်ပိဿာ ကျပ် ၁၂၂၀ မှ ၁၂၄၀ အတွင်း တင်သွင်းလာသည့် နိုင်ငံအပေါ်မူတည်၍ ဈေးနှုန်းကွာခြားရောင်းချနေသည်ဟု သိရသည်။

ဂီရိမုန်တိုင်းတိုက်ခတ်ခဲ့သော ကြက်သွန်နီလှောင်လက် ထုတ်ရောင်းချိန် နှစ်ကုန်လများတွင် ဈေးမြင့်တက်မှုများရှိခဲ့သော်လည်း ယခုနှစ်တွေ့ကြုံရသော မာရသာမုန်တိုင်းကြောင့် ကြက်သွန်နီ ဈေးမြင့်လာနိုင်မှုသည် လှောင်လက်ဝယ်ချိန်ဖြစ်၍ အနည်းငယ်သာဈေးတက်နိုင်မည်ဟု ပြောဆိုခန့်မှန်းနေကြသည်။ မြစ်ဝကျွန်းပေါ်ထွက် ငရုတ်ရှည်များမှာ ပျက်စီးမှုနည်းပြီး လက်ကား တစ်ပိဿာ ကျပ် ၂၇၀၀ ဝန်းကျင်သာရှိနေဆဲဟု ငရုတ်ကုန်သည်တစ်ဦးက ပြောသည်။ **ခင်ဆိုင်**

နယ်မှဝင်ရောက်လာသည့် ကြက်သွန်နီတင်ယာဉ်

ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၈

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၄၁ စီး၊ သွင်းကုန် ၃၅၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် လေးစီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီလ ၁၇ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၇၈ သန်းခန့်၊ အလားတူ မြဝတီကုန်သွယ်ရေးဇုန်က တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၈၂၉ သန်းခန့် စုစုပေါင်း သုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈ ဒသမ ၆၀၉ သန်းခန့်ရှိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၇ ရက်တွင် Canter ခြောက်ဘီးယာဉ်သည် မြဝတီကုန်သွယ်ရေးဇုန်သို့ ဝင်ရောက်စစ်ဆေးခံခြင်းမရှိဘဲ အာရှလမ်းမကြီးအတိုင်း မောင်းနှင်သွားသဖြင့် တားဆီးခဲ့ပြီး မြဝတီကုန်သွယ်ရေးဇုန်သို့ ခေါ်ဆောင်၍ ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကားပစ္စည်းအဟောင်းများနှင့် သယ်ဆောင်သည့် ယာဉ်တစ်စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄ ဒသမ ၈၂၉ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကားပစ္စည်းအဟောင်းများ

ကျောက်တံခါးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ ဖမ်းမိ

ကျောက်တံခါး မေ ၁၈

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မ ရဲစခန်းအပိုင် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် ၁၁၅/၀-၁ ကြား ကျောက်တံခါးမြို့ ထွန်းစားသောက်ဆိုင်အနီး၌ မေ ၁၈ ရက်မွန်းလွဲ ၁ နာရီက မသင်္ကာသူ လူတစ်ဦးအား စစ်ဆေးရာမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။

သတင်းအရ မူးယစ်တပ်ဖွဲ့စု(၃၆)မှ ရဲအုပ်လင်းထွန်း ဦးစီးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် တောင်ငူမှ ရန်ကုန်ဘက်သို့ သူရအောင်(၂၉ နှစ်)(၁)ရပ်ကွက် လှေဆွဲမြောင်ကျေးရွာအုပ်စု တွင်းမြို့နယ်နေသူ မောင်းနှင်လာသော YGN 4E/---- ယာဉ်ကို ရပ်တန့်စစ်ဆေးရာ သူရအောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ အထုပ်ငယ် ၂၇ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ ကာလတန်ဖိုး ငွေကျပ်သိန်း ၂၇၀ ခန့် ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်ပြီး မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိသူ သူရအောင်အား ကျောက်တံခါးမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

သုံးခွမြို့တွင် ကလေးငယ်တစ်ဦး ရေနစ်သေဆုံးမှုဖြစ်

သုံးခွ မေ ၁၈

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ကလေးငယ်တစ်ဦး ရေနစ်သေဆုံးကြောင်း သိရသည်။

သုံးခွမြို့အမှတ်(၃)ရပ်ကွက် မေတ္တာမွန်လမ်းတွင် မေ ၁၈ ရက် မွန်းလွဲ ၂ နာရီခန့်က ကလေးငယ်တစ်ဦး ရေနစ်သေဆုံးကြောင်း သတင်းရရှိသဖြင့် သုံးခွမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ သွားရောက်စုံစမ်းရာ ဦးအောင်သူ (၂၆ နှစ်) နှင့် ၎င်း၏သား ချစ်ညီ တစ်နှစ်ခွဲတို့ နေအိမ်၌ ရှိစဉ် ဦးအောင်သူမှာ အမှတ်(၁)ရပ်ကွက်၌ ဆောင်းဘောက်သွားဖွင့်ပေးရန်အတွက် တစ်ခြံတည်းနေ ဦးလေးတော်သူ ဦးဌေးအောင်ထံ သားဖြစ်သူကို နံနက် ၁၀ နာရီခန့်တွင် အပ်နှံကာ ထွက်ခွာသွားပြီး မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် နေအိမ်သို့ ပြန်ရောက်လာပြီး သားဖြစ်သူ ပျောက်နေသဖြင့် လိုက်လံရှာဖွေရာ ခြံအနောက်ဘက်ရှိ တူးလက်စအိမ်သာ ကျင်းထဲ၌ သားဖြစ်သူအား ပြင်ပဒဏ်ရာ မတွေ့ရှိရဘဲ ရေနစ်သေဆုံးနေသည်ကို တွေ့ရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သုံးခွမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

၂၀၁၆ ခုနှစ် ဧပြီလ ၁၂ ရက်မှ ၁၆ ရက်နေ့အထိ သင်္ကြန်ကာလ မူးယစ်ဆေးဝါးဖမ်းဆီးမှုနှင့် ၂၀၁၇ ခုနှစ် ဧပြီလ ၁၂ ရက်မှ ၁၆ ရက်နေ့အထိ သင်္ကြန်ကာလ မူးယစ်ဆေးဝါးဖမ်းဆီးမှု နှိုင်းယှဉ်ဖော်ပြချက်

စဉ်	မူးယစ်ဆေးဝါး အမျိုးအစား	၂၀၁၆ ခုနှစ်		၂၀၁၇ ခုနှစ်		ရေတွက်ပုံ
		မှု	ပမာဏ	မှု	ပမာဏ	
၁	ဘိန်း	၁	၀.၂၂၆	၂	၆.၆၀၃	ကီလို
၂	ဘိန်းဖြူ	၁၃	၀.၀၈၃၅	၁၆	၀.၀၄၄၉	ကီလို
၃	စိတ်ကြွရူးသွပ်ဆေးပြား	၃၅	၂၀၉၃၉	၄၁	၄၀၄၀၇	ပြား
၄	ဆေးခြောက်		၀.၀၃၂၄	၅	၀.၂၄၂၄၆	ကီလို
၅	အဆင့်နိမ့်ဘိန်း		၀.၀၁၀၂			ကီလို
၆	ဘိန်းစာမှုန့်			၁	၇.၃၇၀၀၀	ကီလို
၇	အိုက်စ်	၁	၀.၀၃၃၂	၃	၉.၀၀၃၅	ကီလို
၈	အရိုးမီးသွေး		၅၀			ကီလို
၉	အက်တက်စီဆေးပြား			၁	၂၁	ပြား
၁၀	အက်စီတုန်း		၁၇.၅၀			လစ်တာ
၁၁	ကော့စတစ်		၄၀			ကီလို
၁၂	အက်ဆစ်တစ်အင်ဟိုက်ဒြိုက်	၁	၁၆			ပုလင်း
၁၃	အရက်ပြန်		၃၀			လစ်တာ
၁၄	မှတ်ပုံတင်ပျက်	၃		၁		
အမှုပေါင်း		၅၄		၇၀		
တရားခံ (ကျား)		၇၃ ဦး		၉၄ ဦး		
တရားခံ (မ)		၅ ဦး		၈ ဦး		
တရားခံပေါင်း		၇၈ ဦး		၁၀၂ ဦး		

(မြန်မာနိုင်ငံရဲတပ်ဖွဲ့)

အငှားယာဉ်များအသုံးပြုပြီး လုယက်မှုအကြိမ်ကြိမ်ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး အောင်မြတ်စိုးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အငှားယာဉ်များအသုံးပြုပြီး လုယက်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေးအတွက် သတင်းစုံစမ်းထောက်လှမ်းခဲ့ရာ လှိုင်သာယာမြို့နယ်နေ ဇင်ကိုလတ်ဆိုသူမှာ အပေါင်းအသင်းများနှင့်အတူအုပ်စုဖွဲ့၍ အငှားယာဉ်များဖြင့် လုယက်မှုများကျူးလွန်ခဲ့ကြောင်း သတင်းစုံစမ်းအတည်ပြုရရှိခဲ့သည်။

သတင်းရရှိထားသူ ဇင်ကိုလတ်မှာ ထွက်ပြေးတိမ်းရှောင်နေပြီး ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ လှိုင်သာယာမြို့နယ်နေ ဇေယျာထက်နှင့် ရဲလင်းအောင်တို့အား မေ ၆ ရက် နံနက် ၃ နာရီတွင် လှည်းကူးမြို့နယ်တွင် လည်းကောင်း၊ နံနက် ၉ နာရီတွင် အောင်ကျော်မြင့်အား လှိုင်သာယာမြို့နယ်တွင်လည်းကောင်း၊ ရဲဝင်းနောင်အား မွန်ပြည်နယ် ရေးမြို့တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။ **(ယာပုံ)**

ဖမ်းဆီးရမိသူများသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက ဝေဖြိုးဆိုသူနှင့်အတူ 2H/--- Probox အငှားယာဉ်ဖြင့် မြောက်ဥက္ကလာပမြို့နယ်တွင် အမျိုးသားတစ်ဦးထံမှ Oppo လက်ကိုင်ဖုန်းတစ်လုံး၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီနှင့် မတ်လများအတွင်းက 2H/---Probox အငှားယာဉ်ဖြင့် သဃ်န်းကျွန်းဈေးတွင် အမျိုးသားတစ်ဦးထံမှ သုံးကျပ်သားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံးနှင့် ရွှေကြုတ်တစ်ခု၊ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းတွင် အမျိုးသမီးတစ်ဦး လွယ်ထားသော ငွေကျပ် ၁၃ သိန်းနှင့် SONY လက်ကိုင်ဖုန်းတစ်လုံးတို့ပါရှိသည့် စလင်းဘတ်အိတ်တစ်လုံး၊ 7E/---- Probox အငှားယာဉ်ဖြင့် သဃ်န်းကျွန်းမြို့နယ်တွင် အမျိုးသားတစ်ဦးထံမှ လက်ကိုင်ဖုန်းတစ်လုံး၊ လေးထောင့်ကန်လမ်းတွင် အမျိုးသားတစ်ဦးထံမှ SAMSUNG အမျိုးအစား Tablet တစ်လုံး၊ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ဈေးအနီး အမျိုးသားတစ်ဦးထံမှ SAMSUNG Galaxy Mega II လက်ကိုင်ဖုန်းတစ်လုံး၊ အဆိုပါနေရာတွင် အမျိုးသမီးတစ်ဦးထံမှ လက်ကိုင်ဖုန်းတစ်လုံးပါ စလင်းဘတ်အိတ်၊ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းတွင် အမျိုးသမီးတစ်ဦးထံမှ ရွှေလက်ကောက်၊ ရွှေလက်စွပ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ ထည့်ထားသော စလင်းဘတ်အိတ်တို့ကို လုယက်ခဲ့ကြကြောင်း စစ်ဆေးဖော်ထုတ်ရရှိခဲ့သည်။

အလားတူ BB-Probox အငှားယာဉ်ဖြင့် ဇင်ကိုလတ်နှင့်အတူ မင်္ဂလာဒုံမြို့နယ်အတွင်း ဆိုင်ကယ်နောက်တွင်ထိုင်စီးလာသူ အမျိုးသမီးတစ်ဦးထံမှ လက်ကိုင်ဖုန်းနှစ်လုံးထည့်ထားသော စလင်းဘတ်အိတ်၊ သဃ်န်းကျွန်းမြို့နယ်တွင် အမျိုးသားတစ်ဦးထံမှ ကျောပိုးအိတ်တစ်လုံး၊ မြောက်ဥက္ကလာမြို့နယ်တွင် အမျိုးသားတစ်ဦးထံမှ honor လက်ကိုင်ဖုန်းတစ်လုံးတို့ကို လုယက်ခဲ့ကြကြောင်း ပေါ်ပေါက်ခဲ့သည်။

အငှားယာဉ်များကို အသုံးပြုပြီး လုယက်မှုများကို အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြသူ ဇေယျာထက်ပါ လေးဦးတို့ထံမှ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော မော်တော်ယာဉ်များနှင့် သက်သေခံပစ္စည်းများအား သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ ရဲစခန်းများ

တွင် လုယက်မှုများဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။ ထွက်ပြေးတိမ်းရှောင်နေသူ ဇင်ကိုလတ်နှင့် ဝေဖြိုးတို့နှစ်ဦးတို့ကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သုဝဏ္ဏဝတီမြို့၌ ဘုရားဖူးယာဉ်တစ်စီး လမ်းဘေးဓာတ်တိုင်ဝင်တိုက်

သုဝဏ္ဏဝတီ မေ ၁၈

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ဒုံဝန်းကျေးရွာအုပ်စု ကမာစိုင်ကျေးရွာ အနီး၌ မေ ၁၈ ရက် နံနက် ၅ နာရီခွဲခန့်က ဘုရားဖူးမော်တော်ယာဉ်တစ်စီး လမ်းချော်၍ လမ်းဘေးရှိ ဓာတ်တိုင်ကို ဝင်တိုက်မိကြောင်း သိရသည်။ **(ဓဲပုံ)**

အခင်းဖြစ်ရာသို့ ဒုံဝန်းရဲစခန်းမှ ရဲကင်းမှူး ရဲအုပ် စံရွှေထွန်းနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမပေါ်ရှိ တံတားအမှတ် (၂/၁၃၄) အနီး၌ သထုံမြို့မှ ဘီးလင်းမြို့ဘက်သို့ ယာဉ်မောင်း ဦးမျိုးမင်း (ရွှေပြည်ရန်အောင်ရပ်ကွက် ပျော်ဘွယ်မြို့) မောင်းနှင်လာသည့် ဟိုက်ဂျက် MDY. 9M/---- ယာဉ်သည် အဆိုပါနေရာအရောက်တွင် အိပ်ငိုက်သွား၍ လမ်းဘေးရှိ 33 KV သထုံ-ဘီးလင်း ဓာတ်အားလိုင်းတိုင်ကို ဝင်ရောက်တိုက်မိပြီး ယာဉ်ပေါ်လိုက်ပါလာသူ ရှစ်ဦးအနက် သုံးဦးမှာ ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ) ရရှိသဖြင့် သုဝဏ္ဏဝတီမြို့(Rescue) အဖွဲ့များက သိမ်ဆိပ်တိုက်နယ်ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ပြတ်တောက်သွားသော လျှပ်စစ်ဓာတ်အားလိုင်းအား မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ အမြန်ဆုံး လျှပ်စစ်မီးပြန်လည်ရရှိရန် ဆောင်ရွက်နေပြီး ယာဉ်ကို ပေါ့ဆစွာမောင်းနှင်သူ ဦးမျိုးမင်းအား သိမ်ဆိပ်နယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

ခွန်(ဝင်းပ)

တာမိုးညဲမြို့၊ ပင်လောင်းမြို့နှင့် မြစ်ကြီးနားမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၈

နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၅ ရက်က တာမိုးညဲမြို့ ရပ်ကွက်(၈) ဓာတ်အားခွဲရုံအနီး ကားလမ်းဘေးတွင် လုရှင်းဖ မောင်းနှင်ပြီး ရန်ကွမ်းခ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၄၅၅ ပြား မြန်မာငွေကျပ် ၂ ဒသမ ၅၉၅ သိန်း နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ မေ ၁၆ ရက်က ပင်လောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် နမ့်ဖာမူးကျေးရွာ-မိုးဦးကျေးရွာသွား ကားလမ်းပေါ်တွင် ဆိုင်ကယ်မောင်းနှင်လာသူ မောင်ငဲအား ရှာဖွေရာ ဘိန်းစိမ်း အလေးချိန် ၂ ဒသမ ၂ ကီလိုကိုလည်းကောင်း။

ထို့အတူ မေ ၁၇ ရက်က မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့နယ် (၂၁)မိုင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် သိန်းအောင်(ခ)ရန်ဟူး မောင်းနှင်ပြီး လောက်ဝု လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် မြန်မာငွေ ကျပ် ၃၁ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(သတင်းစဉ်)

လောက်ဝု၊ သိန်းအောင်(ခ) ရန်ဟူးတို့ နှစ်ဦးအား ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်

ဘုရားဖူးယာဉ်တစ်စီး ကလေးမြို့နယ် ဆားတွင်းတောင်တက်ရာမှ တိမ်းမှောက်၊ သုံးဦးသေ၊ ၂၅ ဦး ဒဏ်ရာရ

ကလေး မေ ၁၈

ခါမ်းပါတ်မြို့မှ မော်လိုက်ကြီးသို့ ဘုရားဖူးသွားသော လူ ၄၀ ခန့် တင်လာသော SKAT မော်တော်ယာဉ်တစ်စီး ကလေးမြို့နယ် ကံအောင်ကျေးရွာအလွန် ပြောင်ဘုတ် သစ်တောကြိုးဝိုင်းရှိ ဆားတွင်းတောင်တက်ရာ မတက်နိုင်ဘဲ နောက်ပြန်လိမ့်ကျ တိမ်းမှောက်မှု မေ ၁၈ ရက် နံနက် ၉ နာရီခွဲက ဖြစ်ပွားခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး တာဝန်ရှိသူထံမှ သိရသည်။

မေ ၁၈ ရက် နံနက် ၉ နာရီခွဲခန့်က ကလေးမြို့နယ် စခန်းကြီးရဲကင်းစခန်း နယ်မြေ ကံအောင်ကျေးရွာအလွန် ပြောင်ဘုတ်သစ်တောကြိုးဝိုင်းရှိ ဆားတွင်းတောင်တက်ရာမှ မတက်နိုင်ဘဲ ယာဉ်တစ်စီး နောက်ပြန်ကျတိမ်းမှောက်နေကြောင်း သတင်းအရ စခန်းကြီး ရဲကင်းစခန်းမှူး ရဲအုပ်ထွန်းထွန်းလွင်နှင့် အဖွဲ့သွားရောက်စစ်ဆေးခဲ့ရာ ခါမ်းပါတ်မြို့နယ် မလူကျေးရွာနေ ခင်ဇော်မိုး မောင်းနှင်သည့် ယာဉ်အမှတ် 6J/---- SKAT ယာဉ်ပေါ်တွင် လူ ၄၀ ခန့် လိုက်ပါလာသော ဘုရားဖူးယာဉ်သည် ခါမ်းပါတ်မှ မော်လိုက်ကြီးသို့ ဘုရားဖူးသွားစဉ် တောင်တက်ရာ မတက်နိုင်ဘဲ နောက်ပြန်ကျ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်ကို စိစစ်တွေ့ရှိရကြောင်း သိရသည်။

ထိုသို့ တိမ်းမှောက်ရာ ယာဉ်ပေါ်ပါ ဖိုးလုံး၊ မပြူးနှင့် မအေးမြင့်ကြူတို့သည် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ခရီးသည် ၂၅ ဦးခန့် ဒဏ်ရာရရှိခဲ့သည်။

အခင်းဖြစ်နေရာသို့ ကလေးမြို့နယ် ဒုရဲမှူး ဇော်ဘုန်းဝင်းနှင့် ကလေးမြို့မ ရဲစခန်းမှူး ဒုရဲမှူး သက်နိုင်ဦးတို့ ပါဝင်သော အဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိပြီး ဒဏ်ရာရလူနာများအား ကလေးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

သူငယ်ချင်း ငါးဦး ရေဆင်းချိုးရာမှ တစ်ဦး ရေနစ်သေဆုံးပြီး တစ်ဦး ပျောက်ဆုံးလျက်ရှိ

နေပြည်တော် မေ ၁၈

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် စစ်တောင်းမြစ်အတွင်း ရေဆင်းချိုးရာမှ ရေနစ်သေဆုံးကြောင်း သတင်းအရ မေ ၁၇ ရက် ညနေ ၅ နာရီက သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ဇရပ်ကြီးမြို့ နောင်ကုလားရပ်ကွက်နေ ဇွဲခန့်ဇော်(၁၇ နှစ်)၊ တစ်ရပ်ကွက်တည်းနေ ထူးပြည့်ဖြိုးဝေ (၁၆ နှစ်)၊ နေဝင်းထွန်း(၁၆ နှစ်)၊ ကျော်မြတ်သူ (၁၅ နှစ်)နှင့် အေးသက်ပိုင်(၁၆ နှစ်)တို့ ငါးဦးသည် ရေဆင်းချိုးစဉ် ရေနစ်နေသဖြင့် အနီးပတ်ဝန်းကျင်ရှိ လူများမှ ကယ်တင်ခဲ့ရာ နေဝင်းထွန်း၊ ကျော်မြတ်သူနှင့် အေးသက်ပိုင်တို့ သုံးဦးအား အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့ကာ ဇွဲခန့်ဇော်မှာ ရေနစ်သေဆုံးသွားပြီး ထူးပြည့်ဖြိုးဝေမှာ ပျောက်ဆုံးနေကြောင်း စစ်ဆေးသိရှိရသဖြင့် ထန်းတပင်မြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်းနှင့် ထူးပြည့်ဖြိုးဝေကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

ကိုရဲ

ရေမြောင်းထဲသို့ ယာဉ်ထိုးကျတိမ်းမှောက် နှစ်ဦးသေဆုံး

ဒိုက်ဦး မေ ၁၈ - ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၇၇/၅-၆) အကြားတွင် မေ ၁၇ ရက် နံနက် ၁၁ နာရီက ဒိုက်ဦးမှ ပဲခူးဘက်သို့ ယာဉ်မောင်း ကျော်ထွေး (၂၂နှစ်) ကတုတ် ရွာမကျေးရွာ ဒိုက်ဦးမြို့နေသူ မောင်းနှင်ပြီး တစ်ရွာတည်းနေ ကျော်ကျော်ထွန်း(၂၁ နှစ်)ပါ ငါးဦးတို့ လိုက်ပါလာသော ယာဉ်အမှတ်7F/---- FAW ယာဉ်သည် ယာဉ်ကြောတူ ရှေ့မှ ယာဉ်တစ်စီးကို ကျော်တက်မောင်းနှင်စဉ် အရှိန်မထိန်းနိုင်ဘဲ ကားလမ်းယာဘက်ရှိ ရေမြောင်းထဲ ထိုးကျတိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ကျော်ကျော်ထွန်းနှင့် ဝင်းကိုကိုတို့နှစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးပြီး ကျန်သူများမှာ ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိသဖြင့် ယာဉ်မောင်း ကျော်ထွေးအား ဖောင်တော်သီနယ်မြေစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်

မေ ၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၃ တွင် ဖော်ပြခဲ့သော ၂၀၁၇ ခုနှစ် "သင်္ကြန်ကာလအတွင်း ပြစ်မှုပေါင်း (၁၂၀၀) ဖြစ်ပွားခဲ့ပြီး သေဆုံးသူ (၂၈၅) ဦးနှင့် ဒဏ်ရာရရှိသူ (၁၀၇၃)ဦးရှိ" ခေါင်းစဉ်ပါ သတင်း၏ နောက်ဆုံးစာပိုဒ်အား "သို့ပါ၍ မဟာသင်္ကြန်ကာလ အကြိုနေ့မှ အတက်နေ့အတွင်း သင်္ကြန်နှင့် ဆက်နွှယ်ဖြစ်ပွားသော အမှုပေါင်း (၂၀၈)မှု၊ သေဆုံးသူ(၁၆)ဦး၊ ဒဏ်ရာရရှိသူ (၁၉၄)ဦး၊ သင်္ကြန်နှင့် မပတ်သက်သည့် ဖြစ်ပွားသောအမှုပေါင်း (၉၉၂)မှု၊ သေဆုံးသူ (၂၆၉)ဦး၊ ဒဏ်ရာရရှိသူ (၈၇၉)ဦးရှိခဲ့ရာ သင်္ကြန်ကာလအတွင်း စုစုပေါင်းမှုခင်းဖြစ်ပွားမှု (၁၂၀၀)၊ သေဆုံးသူ (၂၈၅)ဦးနှင့် ဒဏ်ရရရှိ သူ (၁၀၃၇) ဦး ရှိခဲ့ကြောင်းသိရသည်" ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သန်းဦး(လေးမျက်နှာ)

ရတနာပုံအသင်း ဟုမ်းယူနိုက်တက်ကို အဝေးကွင်း၌ ရှုံးနိမ့်

ရန်ကုန် ဧပြီ ၁၈

2017 AFC Cup ပြိုင်ပွဲ အုပ်စု(H) ပွဲစဉ် (၅)အဖြစ် ဟုမ်း ယူနိုက်တက်(စင်ကာပူ)နှင့် ရတနာပုံ(မြန်မာ)တို့ ယနေ့ ညနေ ပိုင်းက စင်ကာပူနိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ ရတနာပုံအသင်းက လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ရတနာပုံအသင်းသည် ယခုပွဲရှုံးနိမ့်ခဲ့သောကြောင့် အုပ်စု ပထမဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့် ဆုံးရှုံးခဲ့ပြီး အကောင်းဆုံး အုပ်စုဒုတိယရအသင်းဖြစ်ရန်သာ မျှော်လင့်ရတော့မည်ဖြစ်သည်။ ရတနာပုံအသင်းသည် ဟုမ်းယူနိုက်တက်အသင်းကို ပထမအကျော့တွင် အိမ်ကွင်း၌ အနိုင်ရထားသော်လည်း ရှုံးကြွေးပြန်ဆပ်ခံရခြင်းဖြစ်သည်။

ဟုမ်းယူနိုက်တက်အသင်းသည် သုံးပွဲဆက် အနိုင်ရလဒ်နှင့်အတူ အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ ပထမဆုံး တက်ရောက်ခွင့်ရသည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ရတနာပုံအသင်းသည် အောင်သူ၊ ရန်ပိုင်၊ ရဲကိုဦး၊ သိန်းသန်းဝင်း၊ စည်သူအောင်တို့ဖြင့် လူစုံအသုံးပြုပြီး ယှဉ်ပြိုင်ကစားခဲ့သည်။ ပွဲအစတွင် ရတနာပုံအသင်း၏ ခံစစ်ကစားပုံနှင့် လူကပ်ကစားပုံအားနည်းမှုကို ဟုမ်း ယူနိုက်တက်အသင်းက အခွင့်ကောင်းယူကာ ဂိုးများ ဆက်တိုက်သွင်းယူခဲ့သည်။ ၁၂ မိနစ်တွင် ယူနိစ်က ထောင့်ကန်ဘောမှ ခေါင်းတိုက်သွင်းခဲ့သောကြောင့် ဟုမ်းယူနိုက်တက် အဖွင့်ဂိုးရခဲ့ပြီး ၁၄ မိနစ်တွင် ပယ်နယ်တီမှတ်စ်ဆင့် ဖာရစ်က ဒုတိယဂိုးသွင်းခဲ့သည်။ ခံစစ်ကစားပုံ အမှားများနေသည့် ရတနာပုံအသင်းသည် ၂၆ မိနစ်တွင် ဂိုးထပ်ပေးခဲ့ရပြီး ဖန်ဒီက ဟုမ်းယူနိုက်တက်အတွက် တတိယဂိုးသွင်းခဲ့သည်။ ၃၃ မိနစ်တွင် ရတနာပုံ အသင်းခေါင်းဆောင် ရန်ပိုင်နှင့် ဟုမ်းယူနိုက်တက် ကွင်းလယ်ကစားသမား ကာမာရာတို့ အနီကတ်ဖြင့် ထုတ်ပယ်ခံရပြီး ပထမပိုင်းပြီးခါနီးတွင် စည်သူအောင်က ရတနာပုံအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။

ဒုတိယပိုင်းတွင် ရတနာပုံအသင်းက စည်သူအောင် အစား သက်နိုင်ကို ထည့်ကာ အပြောင်းအလဲလုပ်ခဲ့သော်လည်း ကစားအားတက်မလာဘဲ ဟုမ်းယူနိုက်တက် အသင်း၏ ကစားကွက်ကို မကျော်နိုင်ခဲ့ပေ။ ၇၁ မိနစ်တွင် ဟုမ်းယူနိုက်တက်အသင်း စတုတ္ထဂိုးရခဲ့ပြီး အဒမ်က အဝေးမှ ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ပွဲပြီးခါနီးတွင် ရတနာပုံကွင်းလယ်လူ ရဲကိုဦး အနီကတ်ဖြင့် ထပ်မံ အထုတ်ခံရသည်။

ယခုပွဲအပြီးတွင် ဟုမ်းယူနိုက်တက်အသင်းက ပွဲကုန် လေးပွဲကစား ကိုးမှတ်ဖြင့် ပထမနေရာရကာ အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီး ရတနာပုံအသင်းက သုံးပွဲကစား လေးမှတ်၊ ထန်ကွမ်နင်(ဗီယက်နမ်)က သုံးပွဲကစား တစ်မှတ်ရရှိထားသည်။

ရတနာပုံအသင်းသည် နောက်ဆုံးပွဲအဖြစ် ထန်ကွမ်နင်အသင်းနှင့် မေ ၂ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အနိုင်ရမှသာ အကောင်းဆုံး အုပ်စုဒုတိယနေရာအတွက် မျှော်လင့်နိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အာဆီယံဇုန် အုပ်စုသုံးခုတွင် ပထမရသည့်သုံးသင်းနှင့် ဒုတိယနေရာ အသင်းများအနက် အကောင်းဆုံးတစ်သင်းမှာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ညီမြတ်သော်တာ

ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ မြန်မာ ယူ-၁၈ အသင်း ပထမဆုံးနိုင်ပွဲရရှိ

ရန်ကုန် ဧပြီ ၁၈

၂၀၁၇ ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာယူ-၁၈ အသင်း ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။ မြန်မာအသင်းသည် တရုတ်(တိုင်ပေ) ယူ-၁၉ အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရပြီး နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် တရုတ်(တိုင်ပေ) အသင်းကို ခြေအသာဖြင့်ကစားကာ အနိုင်ရခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်အမြောက်အမြား ဖန်တီးနိုင်ခဲ့သော်လည်း အသုံးမချနိုင်ခဲ့သောကြောင့် နှစ်ဂိုးဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အဖွင့်ဂိုးကို ၁၈ မိနစ်တွင် တိုက်စစ်မှူး ဝင်းနိုင်ထွန်းက သွင်းယူခဲ့သော်လည်း ယင်းနောက်ပိုင်းတွင် မြန်မာကစားသမားများ မကြာခဏ လူကျွံနေသောကြောင့် အခွင့်အရေးများ ဆုံးရှုံးခဲ့ရသည်။ မြန်မာအသင်းအတွက် ဒုတိယဂိုးကို ၅၅ မိနစ်တွင် ဟိန်းထက်အောင်က သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ခဲ့ပြီး သုံးပွဲကစား သုံးမှတ်ရရှိထားသည်။ တရုတ်(တိုင်ပေ)အသင်းသည် ပွဲကုန် လေးပွဲကစားအပြီးတွင် တစ်မှတ်သာ ရရှိသောကြောင့် ပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု နောက်ဆုံးပွဲအဖြစ် ဧပြီ ၂၀ ရက်တွင် ဗီယက်နမ်ကလပ် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဖိုးသော်ဇင်

အာဆင်နယ်တို့ မစ်ဒယ်ဘရော့ကို အနိုင်ယူပြီး အဆင့်(၆)၌ ရပ်တည်

အင်္ဂလန် ပရီမီယာလိဂ်ပွဲစဉ်(၃၃) နောက်ဆုံးပွဲစဉ်အဖြစ် ဧပြီ ၁၈ ရက် နံနက်ပိုင်းက မစ်ဒယ်ဘရော့နှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်တို့က အဝေးကွင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အဆင့်(၆)၌ ရပ်တည်ဆဲဖြစ်သည်။

ယင်းပွဲတွင် အိမ်ရှင်မစ်ဒယ်ဘရော့အသင်းက ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး အာဆင်နယ်က ၄-၂-၃-၁ ပုံစံဖြင့် ဂျီရုဒ်ကို အထောင်ထားကာ ပွဲထွက်လာသည်။ ပထမပိုင်း ပွဲချိန် ၄၂ မိနစ်တွင် ဆန်ချက်ဇ်၏ သွင်းဂိုးဖြင့် အာဆင်နယ်အသင်းဦးဆောင်ခဲ့ပြီး ဒုတိယပိုင်း ၅၂ မိနစ်တွင် တိုက်စစ်မှူး နီဂရီဒိုက မစ်ဒယ်ဘရော့အတွက် ချေပဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၇၁ မိနစ်တွင် ရမ်ဆေး၏ ဖန်တီးမှုမှတစ်ဆင့် အိုဇေးလ်က အာဆင်နယ်အတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ ယင်းပွဲတွင် အာဆင်နယ်တို့ အဝေးကွင်းတွင် ယှဉ်ပြိုင်ရသော်လည်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၀ ကြိမ်အနက် လေးကြိမ်ဂိုးပေါက်တည့်ခဲ့သည်။ အိမ်ရှင် မစ်ဒယ်ဘရော့အသင်းသည် ဂိုးကန်သွင်းခွင့် ၁၀ ကြိမ်အနက် ငါးကြိမ် ဂိုးပေါက်တည့်ခဲ့သည်။

ပွဲစဉ်(၃၃)အပြီး အာဆင်နယ် ရမှတ် ၅၇ မှတ်ဖြင့် အဆင့်(၆)တွင် ရပ်တည်နေပြီး မစ်ဒယ်ဘရော့မှာ ရမှတ် ၂၄ မှတ်ဖြင့် အဆင့်(၁၉)တန်းဆင်းဇုန်ထဲ၌ ရုန်းကန်နေရဆဲဖြစ်သည်။

■ **သီဟ**

မြန်မာ့ရုပ်မြင်သံကြား

၁၉-၄-၂၀၁၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၁၅ - မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာစကားဝိုင်း
၁၀း၃၀ - ဆေးရောင်စုံရုပ်ရှင် “အလန်းလွန် အလွန်လန်း” (ဇာတ်သိမ်းပိုင်း) (နေတိုး၊ ဝတ်မှုန်ရွှေရည်၊ သင်ဇာဝင့်ကျော်၊ နန်းဆုရတီစိုး၊ စိုးပြည့်သဇင်၊ ချမ်းမီမီကို) (ဒါရိုက်တာ-ညီညီထွန်းလွင်)
၁၃း၀၀ - ကြယ်ပွင့်လေးများရဲ့ ရင်ခုန်သံ (သားညီ)
၁၅း၁၅ - "AFC CUP 2017 Myanmar Club ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်” (Magwe Vs Global)

ညပိုင်း

၁၇း၃၀ - MRTV Travelogue
၂၀း၀၀ - ပြည်တွင်းသတင်း
၂၀း၃၅ - ဂီတသမား၊ ဂီတစကား “မန်းတောင်ရိပ်ခို ဖန်တီးသူများ” (ဂီတစာဆို ဦးမောင်လတ်၊ ဦးဝင့်အောင်)
- “ချစ်သော အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ”(ဇာတ်သိမ်း) (လူမင်း၊ ကျော်သူ၊ ရဲအောင်၊ နေအောင်၊ ဖြိုးငွေစိုး၊ နန္ဒာလှိုင်၊ မေသန်းနု) (ဒါရိုက်တာ-ကြည်ဖြူရှင်)

ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဖျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်၊ ဖျိုင်းရေအိုးစင်လမ်း၊ အမှတ် 77-A ရှိ ZAW MYANMAR COMPANY LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ် ၇၀၂/၂၀၀၉-၂၀၁၀) ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးဆာဒက်ဟူစိန်(ဘ) ဦးရှောကတ်အလီ ၁၀/ကမရ(နိုင်)၀၆၇၅၃၆သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မိမိ၏ကုမ္ပဏီ မူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက် မှတ်ပုံတင်အမှတ် ၄/၃၆၈၃(၂၀-၃-၂၀၁၇) ရက်တွင် မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

အထက်တွင် ကပ်နှိပ်ဖော်ပြထားသော HUBBUB BRAND ၏ SUPER HB HUBBUB ဟူသော ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားဖြင့် ZAW MYANMAR COMPANY LIMITED မှ အမျိုးသား/အမျိုးသမီးစီး ဖိနပ်များကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း စသည်တို့ကို လုပ်ကိုင်ဆောင်ရွက်ရာတွင် မိမိ၏ ကုမ္ပဏီတစ်ခုတည်းမှ မူပိုင်ကုန်အမှတ်တံဆိပ် အမှတ်အသားအဖြစ် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိသုံးစွဲသွားမည် ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ SUPER HB HUBBUB ဟူသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ အခြားမည်သူ တစ်ဦးတစ်ယောက်မျှ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ အတုအပပြုလုပ်၍ အသုံးပြု၊ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုပါရန်နှင့် အကယ်၍ ထိုသို့ပြုလုပ်နေသည်ကို တွေ့မြင်သိရှိရပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ထားနွယ်ခင်(LL.B, D.I.R, D.I.L, D.M.L)	**ဦးတင့်ကျော် (LL.B,) (စဉ်-၁၀၉၁၃)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၂၁)	**ဒေါ်ခိုင်ဇင်ဝင်း (LL.B,D.B.L)(စဉ်-၃၉၇၅၁)**
အမှတ် ၈၀/၁၊ ပထမထပ်၊ ၂၂လမ်း၊	**ဒေါ်ထွေးဇာခြည်(LL.B,D.B.L)(စဉ်-၃၈၀၂၀)**
(၅)ရပ်ကွက်၊ လသာမြို့နယ်၊	**ဦးကျော်မိုးလွင်(LL.B,D.I.L)(စဉ်-၃၇၉၂၃)**
ဖုန်း-၀၉-၅၁၉၇၉၃၂၊ ၀၉-၉၆၅၁၉၇၉၃၂	**ဒေါ်သန္တာအောင်(LL.B,D.M.L)(စဉ်-၄၆၉၃၅)**

E-mail -htarnwekhin 92@ gmail.com (အထက်တန်းရှေ့နေများ)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၅၂၈

ဦးဖေသိန်း (၄င်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ - ဦးရန်နိုင်ထွန်း)	နှင့်	၁။ ဦးဇော်မင်းထွန်း ၂။ ဦးဇော်မင်းလွင်
တရားလို		**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းဒွေးကြွယ်ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၈) ၂-လွှာ၊ ခြေရင်းခန်းနေ ဦးဇော်မင်းထွန်း၊ ဦးဇော်မင်းလွင်(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန်ပေး ကတိစာချုပ်ပါအတိုင်း ဆောင်ရွက်ရန် ပျက်ကွက်သည့်အတွက် ပေးအပ်ထားသည့် စရန်ငွေကျပ်သိန်း(၆၀)တိတိ၏ နှစ်ဆဖြစ်သော ငွေကျပ်သိန်း(၁၂၀)တိတိနှင့် နစ်နာကြေးအဖြစ် ငွေကျပ်သိန်း(၈၀) စုစုပေါင်းငွေကျပ်သိန်း (၂၀၀)တိတိ လျော်ကြေးငွေရလိုမှု လျှောက်ထားစွဲ ဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဧပြီ ၂၇ ရက် (၁၃၇၉ခုနှစ် ကဆုန်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့ မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဧပြီ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်နှင်းရီ)
ဒုတိယခရိုင်တရားသူကြီး(၈)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

သားအဖြစ်မှ စွန့်လွှတ်ခြင်းအားပြန်လည်ရုပ်သိမ်းခြင်း

လက်ပံတန်းမြို့၊ မအူကုန်း၊ (ခ)ရပ်ကွက်၊ အတွင်း(၁)လမ်း၊ အမှတ်(၁)နေ ဦးပြည်အေး(ခ)ဦးတင်အေး ၇/လပတ(နိုင်)၀၁၁၇၂၇ မှ မောင်သန်းညွှန့်(ခ) မောင်တင်မြင့် MHA၀၆၄၂၇၁ကို ၆-၂-၁၉၉၂ က သားအဖြစ်မှစွန့်လွှတ်ခြင်းအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဦးပြည်အေး(ခ)ဦးတင်အေး

အမည်ပြောင်း

ကချင်ပြည်နယ်၊ ဟိုပင်မြို့နေ ဦးပေါက်ကျော်၏သား မောင်ညီညီ ၁/ဟပန(နိုင်)၀၁၀၁၂၉ အား ယနေ့မှစ၍ မောင်ကျော်မင်းသိန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်မင်းသိန်း**

အမည်ပြောင်း

ကချင်ပြည်နယ်၊ ဟိုပင်မြို့နေ ဦးပေါက်ကျော်၏သား မောင်သိန်းထိုက် ၁/ဟပန(နိုင်)၀၀၈၉၄၃အား ယနေ့မှစ၍ မောင်မင်းခန့်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းခန့်ဇော်**

ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းသို့ လှူဒါန်းခြင်း

ကွယ်လွန်သူမိခင် ဒေါ်တင်တင်နှင့် ဇနီး ဒေါ်ကြည်ကြည်အုန်းတို့အား ရည်စူး၍ ခင်ပွန်းဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး(ငြိမ်း)နှင့် သားသမီး၊ မြေးမိသားစုတို့မှ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ်(၁၅)သိန်းတိတိ လှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အေးဘဲလ်(ငြိမ်း)က လက်ခံယူပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ခြံအမှတ် (၂၁)၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅-ဘီ)၊ မြေကွက်အမှတ်(၁၅)နှင့် ပတ်သက်၍

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဗိုလ်မှူးကြီးသန်းတင်(ငြိမ်း) ၁၂/ဥကမ(နိုင်)၀၂၀၀၀၈၊ အမှတ် (၆၆၄)၊ သုမိတ္တာ(၁၈)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် နေထိုင်သူ၏ လွှဲအပ်ချက်အရ သိအပ်စေသည်မှာ-

ကျွန်ုပ်တို့၏မိတ်ဆွေ ဗိုလ်မှူးကြီးသန်းတင်(ငြိမ်း)အား ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ခြံအမှတ် (၂၁)၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅/ဘီ)၊ မြေကွက်အမှတ်(၁၅)၏ ပိုင်ဆိုင်ခွင့်အကျိုးခံစားခွင့်ရှိသော ဒေါ်ခင်လေးကြီး၊ ဒေါ်ခင်လေးငယ်တို့မှ (၅-၁-၂၀၀၇) ရက်တွင် ကိုယ်စားလှယ်လွှဲစာပေးအပ်၍ မြေပိုင်ဆိုင်ခွင့်ရရှိအောင် ဆောင်ရွက်စေခဲ့ပါသည်။ သို့ဖြစ်၍ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ ခြံအမှတ် (၂၁)၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅/ဘီ)၊ မြေကွက်အမှတ်(၁၅)ရှိ မြေနှင့်အကျိုးခံစားခွင့်များအား ဗိုလ်မှူးကြီးသန်းတင်(ငြိမ်း) တာဝန်ယူဆောင်ရွက်နေသူဖြစ်၍ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ပါဝင်ဆောင်ရွက်ထားခြင်း မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးမြသီတာ	**ဒေါ်အေးသန္တာမင်းအောင်**
(LL.B) စဉ်(၁၁၉၀၁)	**(LL.B, D.B.L) စဉ်(၁၁၉၀၄)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
အမှတ်(၅၁၄/ခ)၊ မြလေးရုံလမ်း၊	**အမှတ်(၃၃၂)၊ ကန်ဦးလမ်း၊**
(၈၈) ရပ်ကွက်၊ ဒဂုံမြို့သစ်	**(၁၀၈)ရပ်ကွက်၊ ဒဂုံမြို့သစ်**
(ဆိပ်ကမ်း)မြို့နယ်။	**(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
ဖုန်း-၀၉-၄၂၁၁၄၀၃၂၉	**ဖုန်း-၀၉-၄၂၀၇၂၄၉၄**

အမည်ပြောင်း

ဦးဇော်ဝင်း၏သား ထားဝယ်မြို့၊ အထက(၁) နဝမတန်း(ခ)မှ မောင်သူရိန်လင်းဇော်အား အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆ အရ မောင်ထူးမြတ်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ထူးမြတ်ကျော်**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 7D/1065၊ ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၁၂/မဂဒ(နိုင်)၀၈၀၀၅၂က ကမ(၃) မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

ပျောက်ဆုံးကြောင်း

ယာဉ်အမှတ်2J- 5755၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

ခေတ်မီစိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲပေးမည့် ချင်းပြည်နယ်စိုက်ပျိုးရေးသိပ္ပံ(လုံပီး)ကျောင်း

နေစု(ချင်းရိုးမ)

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ချင်းပြည်နယ်မြို့တော် ဟားခါးသို့သွားရာ ကားလမ်းပေါ် ဖလမ်းမြို့နယ် လုံပီးကျေးရွာရှိ ယခင် စိုက်ပျိုးရေးအထက်တန်းကျောင်းကို ယခုအခါ စိုက်ပျိုးရေးသိပ္ပံကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျောင်းဆောက်လုပ်ရန်အတွက် ငွေကျပ်သန်းပေါင်း ၂၅၉၄ ဒသမ ၃၁ သန်းကို နိုင်ငံတော်က အကုန်အကျခံပြီး တင်ဒါရရှိသည့် ကုမ္ပဏီကိုးခုက ၂၀၁၄ ခုနှစ် စက်တင်ဘာလမှစတင်၍ တည်ဆောက်ခဲ့သည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း တည်ဆောက်မှုများ ပြီးစီး၍ စတင်သင်ကြားနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် အဆိုပါကျောင်းဖွင့်ပွဲ၌ နိုင်ငံတော်ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများ တက်ရောက်ချီးမြှင့်ကာ လုံပီး စိုက်ပျိုးရေးသိပ္ပံကျောင်းသစ်ကြီးကို ဖွင့်လှစ်ပေးခဲ့သည်။

စိုက်ပျိုးရေးသိပ္ပံကျောင်း(လုံပီး)ကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဖွင့်လှစ်သင်ကြားနိုင်ရန် ရည်ရွယ်ခဲ့သော်လည်း ၂၀၁၅ ခုနှစ် ဇူလိုင်လက ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသော သဘာဝဘေးဖြစ်သည့် မြေပြိုကျမှုများကြောင့် စာသင်ဆောင်များ အပါအဝင် ဆရာ၊ ဆရာမ နေအိမ်များ ပျက်စီးခဲ့ကာ အဆောက်အအုံများကို ပြန်လည်ပြင်ဆင်ရသဖြင့် ကျောင်းမဖွင့်နိုင်သေးဘဲ ပထမနှစ်တက်ရောက်မည့် ကျောင်းသားကျောင်းသူများကို ပျဉ်းမနားမြို့တွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းသို့ တက်ရောက်စေခဲ့ကြောင်း သိရသည်။

ထို့နောက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးဖြစ်သောကြောင့် ယခုအချိန်တွင် ပထမနှစ်တက်ရောက်သူ ၁၀၃ ဦးနှင့် ဒုတိယနှစ်တက်ရောက်သူ ၄၂ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၄၅ ဦးတို့ကို သင်ကြားပေးလျက်ရှိပြီဖြစ်သည်။ သင်ကြားနေသည့် ဘာသာရပ်များမှာ လယ်ယာသီးနှံစိုက်ပျိုးရေး၊ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေး၊ စိုက်ပျိုးရေး ဓာတုဗေဒ၊ စိုက်ပျိုးရေးရုက္ခဗေဒ၊ သီးနှံကာကွယ်ရေး၊ လယ်ယာစက်မှုလက်မှု၊ စိုက်ပျိုးရေး တိုးချဲ့ပညာပေးရေး၊ လယ်ယာစီမံခန့်ခွဲမှုနှင့် စာရင်းအင်း၊ သင်္ချာ၊ ရူပဗေဒနှင့် အင်္ဂလိပ်စာ ဘာသာရပ်များဖြစ်ကာ သင်ကြားရေး ဆရာဆရာမအင်အား ၁၅ ဦးဖြင့် စိုက်ပျိုးရေးဒီပလိုမာသင်တန်းကို နှစ်အလိုက် သင်ကြားပို့ချပေးကြောင်း၊ ကျောင်း၏ ဖွဲ့စည်းပုံအရ ဝန်ထမ်း ၁၃၀ ဖြစ်ပြီး လက်ရှိဝန်ထမ်းအင်အား ၃၁ ဦးနှင့် နေ့စားခြောက်ဦးရှိကြောင်း အဆိုပါကျောင်းမှ ကျောင်းအုပ်ကြီး ဦးစိုးညွန့်က ပြောသည်။

သင်ကြားပို့ချရာတွင် စာတွေ့နှင့် လက်တွေ့ကို ၄၀း၆၀ ဖြင့် ပို့ချပြီး ဘာသာရပ်အလိုက် လက်တွေ့လုပ်ငန်းကို နံနက်ကွင်းဆင်းခြင်း၊ လက်တွေ့ခန်း၌ ဆောင်ရွက်ခြင်းနှင့် ကျူတိုရီရယ်ဖြင့် လေ့ကျင့်ခြင်း၊ စဉ်ဆက်မပြတ် အကဲဖြတ်သောစနစ်(Continuous Assessment)ဖြင့် ကျောင်းသား၏ သင်ယူမှုကို အမှတ်ပေးခြင်းများ ဆောင်ရွက်ကြောင်း၊ နံနက်ကွင်းဆင်းလုပ်ငန်း၊ လက်တွေ့ခန်းလုပ်ငန်းနှင့် ကျူတိုရီရယ်တို့ကို ဘာသာရပ်အလိုက် အမှတ်ပေးထားပြီး Informal Test Practical Exam နှင့် ရေး/ဖြေ Semester Exam တို့ကို ဘာသာရပ်အလိုက် အချိုးကျ ခွဲဝေအမှတ်ပေးခြင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄)ချက်နှင့် မျိုးသန့်မျိုးစေ့ ထုတ်လုပ်နည်းပညာ စာတွေ့လက်တွေ့သင်ကြားခြင်းတို့ကို ဆောင်ရွက်ကြောင်း သိရသည်။ ပညာသင်နှစ် တစ်နှစ်တွင် Semester နှစ်ခုပိုင်းခြားထားပြီး Semester တစ်ခုလျှင် အမှတ် ၅၀ ရာခိုင်နှုန်းစီဖြင့် စုစုပေါင်းအမှတ် ၁၀၀ တွင် စိုက်ပျိုးရေးဘာသာတစ်ခု၌ အမှတ် ၅၀၊ စာပေဘာသာတစ်ခုစီ၌ အမှတ် ၄၀ မှတ်ရရှိမှသာ စာမေးပွဲအောင်မြင်ကြောင်းလည်း ကျောင်းအုပ်ကြီးက ဆက်လက်ပြောကြားသည်။

စိုက်ပျိုးရေးသိပ္ပံကျောင်း(လုံပီး)၏ နောက်ခံသမိုင်းအကျဉ်းမှာ ၁၉၆၂ ခုနှစ်တွင် စိုက်ပျိုးရေးအထက်တန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး စတုတ္ထတန်းအောင် ပဉ္စမတန်းဖြင့် စတင်သင်ကြားပေးခဲ့သည်။ ၁၉၆၃- ၁၉၆၄ ပညာသင်နှစ်တွင် ဆဋ္ဌမတန်းအထိ ထပ်မံတိုးမြှင့်ဖွင့်လှစ်၍ ၁၉၆၄- ၁၉၆၅ ပညာသင်နှစ်တွင် သတ္တမတန်းအထိ ဖွင့်လှစ်ခဲ့ရာ ၁၉၇၀- ၁၉၇၁ ပညာသင်နှစ်တွင် စိုက်ပျိုးရေးအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ပြီး သုံးနှစ်သင်တန်းအဖြစ် သင်ကြားပေးခဲ့သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် စိုက်ပျိုးရေးသိပ္ပံကျောင်း ခုနှစ်ကျောင်းနှင့် စိုက်ပျိုးမွေးမြူရေး သင်တန်းကျောင်း ၁၀ ကျောင်းကို ဖွင့်လှစ်ခဲ့ရာ ပညာရေးဝန်ကြီးဌာန၊ စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာဦးစီးဌာနအောက်တွင် ထားရှိရာမှ ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနသို့ ပြောင်းရွှေ့စေခဲ့ပြီး ၂၀၁၂ ခုနှစ် ဇွန် ၂၈ ရက်မှစ၍ စိုက်ပျိုးရေးဦးစီးဌာနအောက်တွင်ထားရှိကြောင်း သိရသည်။

၁၉၉၉ ခုနှစ် မတ် ၃၁ ရက်မှစ၍ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း ၁၀ ကျောင်းကို ဖျက်သိမ်းပြီး ဝန်ကြီးဌာန၏ သင်တန်းကျောင်း(သို့မဟုတ်) သုတေသနကျောင်းအဖြစ် ပြောင်းလဲရာတွင် မြန်မာ့ ဝါနှင့် ပိုးချည်လုပ်ငန်းသို့ ပြောင်းလဲခဲ့ရာမှ ၂၀၁၄ ခုနှစ်မှစ၍ စိုက်ပျိုးရေးသိပ္ပံကျောင်းအဖြစ် ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေး သိပ္ပံဌာနခွဲ စိုက်ပျိုးရေးသိပ္ပံကျောင်း(လုံပီး)အဖြစ် အဆင့်တိုးမြှင့်၍ ၂၀၁၄- ၂၀၁၅ ပညာသင်နှစ် အခြေခံပညာအထက်တန်းအောင်မြင်သူများထဲမှ လျှောက်ထားခွင့်ပြုခဲ့ခြင်းဖြစ်သည်။ သင်တန်းကာလမှာ သုံးနှစ်သင်တန်းဖြစ်ပြီး အောင်မြင်ပါက ဒီပလိုမာအောင်လက်မှတ် ရရှိမည်ဖြစ်၍ ထူးချွန်သူများ အနေဖြင့် တက္ကသိုလ်သို့ ဆက်လက်သင်ကြားနိုင်ရေးအတွက် ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့် ရရှိမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးမြှင့်ဖွင့်လှစ်ပေးရာတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ချင်းပြည်နယ် စိုက်ပျိုးရေးသိပ္ပံကျောင်း(လုံပီး)သည် မြန်မာနိုင်ငံ၏ ၁၃ ခုမြောက်ကျောင်းဖြစ်ပြီး ရခိုင်ပြည်နယ် ကျောက်တော်မှာ နောက်ဆုံးဖွင့်လှစ်ခြင်းဖြစ်၍ အရေအတွက်အားဖြင့် ၁၄ ခုမြောက် စိုက်ပျိုးရေးသိပ္ပံကျောင်း ဖြစ်လာမည်ဖြစ်သည်။

စိုက်ပျိုးရေးသိပ္ပံကျောင်း(လုံပီး)၏ ကျောင်းပိုင်မြေဧရိယာ အကျယ်အဝန်းမှာ ၅၇ ဒသမ ၀၇ ဧကရှိသည့်အနက် မြေယာခွဲဝေအသုံးပြုမှုမှာ ဖော်ထုတ်ရှင်းလင်းပြီး စိုက်ပျိုးနိုင်သောမြေ ၁ ဒသမ ၅ ဧက၊ မြေလွတ်တောင်စောင်းတွင် ပြောင်းဖူး စိုက်ဧက ၂၈ ဒသမ ၅၇ ဧက၊ အဆောက်အအုံနှင့် လမ်းဧရိယာမှာ ၂၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

“နိုင်ငံတော်က လုံပီးစိုက်ပျိုးရေးကျောင်းကို စိုက်ပျိုးရေး သိပ္ပံကျောင်းအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ပေးတာ အင်မတန် ဝမ်းသာမိပါတယ်။ ချင်းပြည်နယ်ဟာ စိုက်ပျိုးရေးက အဓိကစီးပွားရေးဖြစ်တဲ့အတွက် သစ်တောပြုန်းတီးမှုကို အကာအကွယ်ပြုတဲ့ စိုက်ပျိုးရေးစနစ် နည်းပညာတွေ ကျင့်သုံးမှသာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တယ်။ လက်ရှိ ချင်းပြည်နယ်ရဲ့ အဓိကစိန်ခေါ်မှုဟာ ဝမ်းစာဖူလုံရေးက အဓိကဖြစ်နေတယ်လို့ ယူဆပါတယ်။ အတိတ်ကာလမှာ လုံပီးစိုက်ပျိုးရေးကျောင်းကနေ ပညာသည်များစွာ မွေးထုတ်ပေးခဲ့ပြီးဖြစ်သလို နောင်အနာဂတ်အတွက်မှာလည်း ပိုပြီးအားရစရာကောင်းလာမယ့် မျှော်လင့်ချက်ကို ထားရှိပါတယ်”ဟု စိုက်ပျိုးရေး သိပ္ပံကျောင်း(လုံပီး)နှင့်ပတ်သက်၍ ကနေဒီစိမ်းလန်းစိုပြည်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှိုင်အောင်(ခ)ဦးငင့်ရှင်းခွါလ်က ပြောသည်။

စိုက်ပျိုးရေးသိပ္ပံကျောင်းများသည် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး ထုတ်လုပ်မှုလုပ်ငန်းများတွင် လိုအပ်သည့် အလယ်အလတ်အဆင့် စိုက်ပျိုးရေးအတတ်ပညာရှင်များနှင့် ကျွမ်းကျင်သူများ မွေးထုတ်ပေးရန်၊ ဒေသ၏ စံပြစိုက်ကွင်းများ ဖြစ်စေရန်၊ သင်ကြားတတ်မြောက်ထားသည့် ပညာရပ်ဖြင့် တောင်သူလယ်သမားများအား ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ပြန်လည်ဆင့်ပွား ပညာပေးရန်၊ ဒေသတွင်းရှိ လယ်ယာကဏ္ဍထုတ်ကုန်မှ တောင်သူများ ဝင်ငွေတိုးတက်ရန်နှင့် လူနေမှုဘဝ ဖွံ့ ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်ရန်တို့ကို အဓိကရည်ရွယ်လျက်ရှိသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ချင်းပြည်နယ်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(လုံပီး)ကို ဖွင့်လှစ်ပေးစဉ်

ချင်းပြည်နယ်တွင် သီးနှံမျိုးစုံဖြစ်ထွန်းလျက်ရှိရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာအထိ နောက်ဆုံးစာရင်းအရ ချင်းပြည်နယ်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးနိုင်သည့်မြေမှာ ၂၂၇၆၈၈ ဧကဖြစ်ပြီး လယ်မြေ ၂၉၉၃၃ ဧက၊ ယာဧက ၅၃၆၀၊ ကိုင်း/ကျွန်း ၅၀၅၄ ဧက၊ ဥယျာဉ် ၁၅၉၄၂ ဧက၊ တောင်ယာ ၁၇၂၃၉၉ ဧကတို့ ဖြစ်ကြသည်။ အသားတင် စိုက်မြေမှာ ၂၂၃၇၆၄ ဧကဖြစ်ပြီး ယင်းတွင် လယ် ၂၅၃၉၇ ဧက၊ ယာ ၅၃၄၉ ဧက၊ ကိုင်း/ကျွန်း ၄၉၂၁ ဧက၊ ဥယျာဉ် ၁၅၆၉၈ ဧက၊ တောင်ယာ ၁၇၂၃၉၉ ဧက တို့ ဖြစ်ကြသည်။ ပလပ်မြေမှာ ၃၉၂၄ ဧကဖြစ်ပြီး တောရိုင်းမြေ ၁၁၄၀၇၁၀ ဧက၊ မြေရိုင်း ၁၀၅၅၀၀၉ ဧကနှင့် စိုက်ပျိုးခြင်းမပြုနိုင်သည့်မြေ ၃၀၀၈၁၁၅ ဧကတို့ ဖြစ်ကြသည်။

ချင်းပြည်နယ်၏ သစ်တောဧရိယာမှာ ၁၄၅၆၃၁၅ ဒသမ ၁၅ ဧကရှိ၍ ထို ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောအတွင်း ကျူးကျော် လယ်ယာနှင့် တောင်ယာ ၂၁၆၃ ဒသမ ၄၀ ဧကရှိရာ ဒေသခံတောင်သူများ ဝမ်းစာဖူလုံရေးနှင့် ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေး၊ လူနေမှုဘဝဖွံ့ ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ကျူးကျော်လယ်ယာများကို ၂၀၁၄ ခုနှစ်က ပယ်ဖျက်ပြီး တရားဝင် ပြန်လည်လုပ်ကိုင်ခွင့်ပြုခဲ့သောကြောင့် ချင်းပြည်နယ်၏ သစ်တောဧရိယာမှာ ၁၄၅၄၁၅၂ ဒသမ ၀၅ သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

(မှတ်ချက်။ စာရင်းဇယား အချက်အလက်များသည် ပြည်နယ်သစ်တောနှင့် စိုက်ပျိုးရေးဌာနမှ တရားဝင်ရရှိသော အချက်အလက်များဖြစ်ပါသည်။)

ချင်းပြည်နယ်သည် ရွှေ့ပြောင်းတောင်ယာများကိုသာ အဓိကစိုက်ပျိုးနေခြင်းများကြောင့် သစ်တောပြုန်းတီးမှုနှင့် မြေဆီလွှာပျက်သုဉ်းမှု အများဆုံးဖြစ်နေသည့် ဒေသတစ်ခုဖြစ်ပြီး နည်းလမ်းတကျ စိုက်ပျိုးနိုင်မည့် ပညာရှင်များစွာ လိုအပ်နေကြောင်း၊ တောင်ယာစိုက်ပျိုးရေးစနစ်ကို မိရိုးဖလာကျင့်သုံးလာခဲ့ရာတွင် ရှေးရိုးစွဲအယူအဆများကို မစွန့်လွှတ်နိုင်သေးသဖြင့် ခေတ်မီစိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲရန် အခက်အခဲ ဖြစ်လျက်ရှိကြောင်း၊ ချင်းပြည်နယ်စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွှေ့ပြောင်းတောင်ယာ စနစ်ကိုပယ်ဖျက်၍ အမြဲတမ်းတောင်ယာစနစ်၊ ခေတ်မီစိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲပေးနိုင်ရန်လိုအပ်ကြောင်း၊ ချင်းပြည်နယ်တွင် ဒေသကုန်ထုတ်လုပ်မှုတိုးတက်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေကြသော်လည်း လက်ရှိစိန်ခေါ်မှုမှာ ဒေသဝမ်းစာဖူလုံရေးသာဖြစ်ကြောင်း၊ ချင်းပြည်နယ်၏ အသားတင်စိုက်မြေဖြစ်သည့် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်၊ တောင်ယာများတွင် ခေတ်မီစိုက်ပျိုးမွေးမြူရေးများကို ကျင့်သုံးရန်ဖြစ်သည့်အပြင် မစိုက်ပျိုးနိုင်သေးသည့် တောရိုင်းမြေရိုင်းများတွင်လည်း သဘာဝသစ်တောပြုန်းတီးမှုကိုလျှော့ချ၍ သစ်တောပြုန်းတီးမှုကို မထိခိုက်နိုင်သော နည်းပညာများ အသုံးပြုကာ ချဲ့ထွင်နိုင်ရန် အရေးကြီးကြောင်းစိုက်ပျိုးရေးပညာရှင်များက ဆိုသည်။

“ချင်းပြည်နယ်မှာ စိုက်ပျိုးရေးလုပ်ကိုင်သူ ၇၅ ရာခိုင်နှုန်းက ရွှေ့ပြောင်းတောင်ယာစနစ်နဲ့ စိုက်ပျိုးထားကြတော့ တောင်ယာခုတ်ထွင်မှုက နှစ်စဉ်သိန်းချီရှိပါတယ်။ ဒီလိုသာ ဆက်သွားနေရင် တောင်ပြုန်းပြီးတော့ မြေပြိုမှုတွေပိုဖြစ်လာမှာပါ။ ဒါကြောင့် ရွှေ့ပြောင်းတောင်ယာစနစ် လျှော့နည်းပြီးတော့ အမြဲ စိုက်ကွက်ဖြစ်မြောက်ရေးကို လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ အခုနှစ်ကစပြီးတော့ ရွှေ့ပြောင်းတောင်ယာစနစ် လျှော့နည်းသွားဖို့အတွက် အမြဲတမ်းစိုက်ကွက်ဖြစ်မြောက်ရေးကို ဦးစားပေးဆောင်ရွက်မှာဖြစ်တယ်။ ပြည်နယ်အတွင်းမှာ အမြဲတမ်းစိုက်ကွက်ပေါ်ပေါက်ရေးကို အခုနှစ်ကစပြီး ၅၅ ဧကပေါ်မှာ အကောင်အထည်ဖော်နိုင်ဖို့ နေရာသတ်မှတ်တာတွေ၊ စီမံချက်ရေးဆွဲတဲ့လုပ်ငန်းတွေကို အစပြုနေပါပြီ”ဟု စိုက်ပျိုးရေးပညာရှင်တစ်ဦးကပြောသည်။

ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒုတိယသမ္မတ၏ လမ်းညွှန်မှာကြားချက်အရ ချင်းပြည်နယ်၏ ဒေသခံစားသုံးသီးနှံဖြစ်ခဲ့သည့် လူးဆန်၊ စပ်ဆန်စသည့် နှံစားသီးနှံများ စိုက်ပျိုးရေးနှင့် စံပြစိုက်ကွက်များကို ပြန်လည်ဆောင်ရွက်သွားရန်၊ ချင်းပြည်နယ်အတွင်း စိုက်ပျိုးမြေဖော်ထုတ်ရေးနှင့် ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးအတွက် စီမံချက်များချကာ အကောင်အထည်ဖော်ရန်၊ ချင်းပြည်နယ်၏ တောင်ယာမြေစနစ်နှင့် ပတ်သက်၍ လေ့ကားထစ်မြေယာဖော်ထုတ်ပြီး တောင်ယာမြေများကို ရွှေ့ပြောင်းတောင်ယာမြေစနစ်မှ အမြဲတမ်းစိုက်ကွင်းစိုက်ကွက်စနစ်သို့ ပြောင်းလဲဖော်ထုတ်ရန်၊ အဓိကအားဖြင့် တောင်စောင်းစိုက်ပျိုးရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးရန် စသည့် နည်းလမ်းများဖြင့် စီမံချက်များ အကောင်အထည်ဖော် ကြိုးစားဆောင်ရွက်နေကြောင်း သိရသည်။

သို့ဖြစ်၍ စိုက်ပျိုးရေးသိပ္ပံကျောင်း(လုံပီး)မှ မွေးထုတ်ပေးမည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်များထံမှ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်လာမည့် မျှော်လင့်ချက်များကို မျှော်မှန်းလျက်ရှိသည်။

အချုပ်အားဖြင့်ဆိုလျှင် ချင်းပြည်နယ် စိုက်ပျိုးရေးသိပ္ပံကျောင်း(လုံပီး)တွင် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးအတွက် လိုအပ်သည့် အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ပေးရန် ကျောင်းအုပ်ကြီး၏ ဦးဆောင်မှု၊ ဆရာ ဆရာမများ၏ ကြိုးကြပ်မှုများဖြင့် ဆောင်ရွက်နေသည့်အပြင် အနီးပတ်ဝန်းကျင်ရှိ တောင်သူများကို စိုက်ပျိုးရေးနည်းပညာရပ်များ ဖြန့်ဝေပေးနိုင်ရေးအတွက် တောင်သူဖိတ်ခေါ်ပညာပေးလုပ်ငန်းများ၊ ကျေးရွာများသို့ သွားရောက်၍ နည်းပညာဖြန့်ဝေခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနေသဖြင့် စိုက်ပျိုးရေးသိပ္ပံကျောင်း(လုံပီး) အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးပညာရှင်များ မွေးထုတ်ပေးရာ ဌာန၊ ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်များသို့ ပြောင်းလဲပေးရာဌာန၊ မြို့ပြနှင့် ကျေးလက်နေပြည်သူများအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေသော အသက်မွေးဝမ်းကျောင်းပညာရပ်များ ပို့ချရာကျောင်းတစ်ကျောင်းအဖြစ် မြင်တွေ့လာရတော့မည်ဖြစ်ပါကြောင်း။ ။

သောက်သုံးရေပြတ်လပ်သည့် ရပ်ကွက်များသို့ ရေလှူဒါန်းမည်

မော်လမြိုင် ဧပြီ ၁၈

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်းရှိ ရပ်ကွက်အချို့တွင် သောက်သုံးရေအခက်အခဲများကြုံတွေ့နေရသဖြင့် သံဖြူဇရပ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ထွေးဦးစီးသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက သံဖြူဇရပ်မြို့နယ်အတွင်း သောက်သုံးရေအခက်အခဲကြုံတွေ့နေရသော ရပ်ကွက်များသို့ နေ့စဉ်မွန်းလွဲပိုင်းအချိန်များ၌ မီးသတ်ရေယာဉ်များဖြင့်နေ့စဉ် သွားရောက်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

သံဖြူဇရပ်မြို့နယ်အတွင်း သောက်သုံးရေပြတ်လပ်သည့် ရပ်ကွက်များသို့ သောက်သုံးရေလှူဒါန်းပေးဝေရာတွင် မြန်ဆန်မှုရှိစေရန် ပြည်သူများမှ အချိန်နှင့်တစ်ပြေးညီရေသုံးစွဲနိုင်ရန်အတွက် လမ်းများအလိုက် ယာယီရေလှောင်ကန်များ ပြုလုပ်ပေး၍ ရေများနေ့စဉ်ဖြည့်ဆည်းပေးလျက်ရှိပြီး သံဖြူဇရပ်မြို့နယ် မီးသတ်ဦးစီးဌာနက တစ်နေ့လျှင် ရေဂါလန်ရှစ်ထောင်ခန့်လှူဒါန်းပေးနေကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။ **တင်ထွဋ်(မော်လမြိုင်)**

မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ" ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။

အယ်ဒီတာစားပွဲ၊ သူကြွယ်ကုန်းနှင့် စိတ်ကူးကွန်ပလက်ဒီဇိုင်း

ဆူးငှက်

ယခင်အပတ်မှအဆက်

တကယ်တော့ ထုတ်ဝေသူ၊ တာဝန်ခံအယ်ဒီတာနှင့် ကျွန်တော်တို့အကြားတွင် ထုတ်ဝေသူက တာဝန်ခံအယ်ဒီတာအပေါ် လေးစားစိတ်၊ ယုံကြည်စိတ်၊ ဂါရဝစိတ်ဖြင့် ဦးထိပ်ထားသည်။ တာဝန်ခံအယ်ဒီတာကလည်း ကျွန်တော်တို့အပေါ် အယူအဆတူ၊ သဘောထားတူအဖြစ် သူကိုယ်တိုင်ယုံကြည်ရွေးချယ်သောကြောင့် စိတ်ချလက်ချမျက်နှာလွှဲကာ လွတ်လပ်စွာ ရွေးချယ်ဖန်တီးခွင့်ပေးသည်။ ပုံနှိပ်အခက်အခဲနှင့် ရန်ကုန်ကိစ္စအခက်အခဲ၊ ဖြန့်ချိရေး အခက်အခဲကြောင့်သာ ကျွန်တော်တို့ နောက်ဆုတ်ခဲ့ကြရ၏။ မဂ္ဂဇင်းကိစ္စ၊ စာမူကိစ္စနှင့် ပတ်သက်၍မူ ယခုအချိန် ထိုမဂ္ဂဇင်းအဟောင်းလေး ပြန်ကြည့်တိုင်း နွေးထွေးဆဲ၊ ပီတိဖြစ်ဆဲ၊ အားရကြဆဲ။

ကျွန်တော်၏ စာပေလမ်းကြောင်းအစက မဂ္ဂဇင်းအတွေ့အကြုံကို ရွှေတချောင်းဘေးက လက်ဖက်ရည်ဆိုင်လေး၏ စားပွဲမှာ မြိန်ရှက်စွာ စားသောက်ရင်း ဆွေးနွေးညှိနှိုင်း သင်ယူခဲ့ရတာကဖြင့် လွမ်းစရာ။ ကိုစိုးဝင်းငြိမ်းကတော့ ရန်ကုန်မှာ အခြေကျပြီး ကွန်ပျူတာဖန်သားပြင်ပေါ်မှာ အရုပ်ရေးတာ နာမည်ရကြီးပွားနေပေပြီ။ ဆရာမောင်သစ်လွင်ကတော့ ဆိတ်ငြိမ်သော မန္တလေးမြို့စွန်၏ ရပ်ကွက်တစ်ကွက်ထဲမှာ သမီးလိမ္မာများဖြင့် ရေဒီယိုနားထောင်လိုက်၊ စာဖတ်လိုက်၊ ဂစ်တာတီးလိုက်၊ သီချင်းစာသားလေးတွေရေးစပ်လိုက်။ ထုတ်ဝေသူ အစ်မကြီး ဒေါ်နုနုယဉ်ကတော့ စာပေပိုးမသေသေးတော့ စာပေအဖွဲ့အစည်း ကိစ္စတွေမှာ တက်တက်ကြွကြွ ဆောင်ရွက်နေဆဲ။ ကျွန်တော်ကတော့ ထီးထမ်းလမ်းလျှောက်၊ ဘာမှမဟုတ်။

အခုတော့ လူထုကြီးပွားရေးစာအုပ်တိုက်တွင် အရိပ်ခိုရင်း အမေလူထုဒေါ်အမာ တာဝန်ပေးသော တိုက်ထုတ်စာအုပ်များကို စိတ်ကြိုက်လွတ်လပ်စွာ ဖန်တီးခွင့်ရသောအခါများ။ တစ်ခါတစ်ရံတိုက်မှ ဆောင်ရွက်ပေးသော အထိမ်းအမှတ် မဂ္ဂဇင်းကြီးများ၏ စာမူကိစ္စ၊ ဒီဇိုင်းကိစ္စ၊ ပုံနှိပ်ကိစ္စများကို ယုံကြည်စွာ လွတ်လွတ်လပ်လပ် ရွေးချယ်ဖန်တီးခွင့်ရတိုင်း အမေလူထုဒေါ်အမာနှင့် ဆရာမောင်သစ်လွင်(လူထု)တို့၏ ကျေးဇူးကို ဦးအကြိမ်ကြိမ် တင်မိပါသည်။ ဘာပဲပြောပြော ရွှေတချောင်းမြောင်းပေါင် လက်ဖက်ရည်ဆိုင် အယ်ဒီတာ စားပွဲလေးကိုတော့ လွမ်းဆွတ်ကျေးဇူးတင်မိနေပါသည်။

အခုတော့ လူထုကြီးပွားရေးစာအုပ်တိုက်တွင် အရိပ်ခိုရင်း အမေလူထုဒေါ်အမာ တာဝန်ပေးသော တိုက်ထုတ်စာအုပ်များကို စိတ်ကြိုက် လွတ်လပ်စွာ ဖန်တီးခွင့်ရသောအခါများ။ တစ်ခါတစ်ရံတိုက်မှ ဆောင်ရွက်ပေးသော အထိမ်းအမှတ် မဂ္ဂဇင်းကြီးများ၏ စာမူကိစ္စ၊ ဒီဇိုင်းကိစ္စ၊ ပုံနှိပ်ကိစ္စများကို ယုံကြည်စွာ လွတ်လွတ်လပ်လပ် ရွေးချယ်ဖန်တီးခွင့်ရတိုင်း အမေလူထုဒေါ်အမာနှင့် ဆရာမောင်သစ်လွင် (လူထု) တို့၏ ကျေးဇူးကို ဦးအကြိမ်ကြိမ် တင်မိပါသည်။ ဘာပဲပြောပြော ရွှေတချောင်းမြောင်းပေါင် လက်ဖက်ရည်ဆိုင် အယ်ဒီတာ စားပွဲလေးကိုတော့ လွမ်းဆွတ်ကျေးဇူးတင်မိနေပါသည်

မင်းသားစုရပ်ထဲ ရွှေတချောင်းမြောင်းဘေး လက်ဖက်ရည်ဆိုင်လေးက အယ်ဒီတာစားပွဲအကြောင်း အလောတကြီး ပြောမိတာ ၃၈ လမ်း၊ ၃၉ လမ်းတစ်ဝိုက် ရွှေတချောင်းမြောင်းပေါ်က လုပ်ငန်းကြီးတစ်ခုအကြောင်း စကားစပ်ဖို့ ကျန်သွားသေးတာပေါ့။

မန္တလေးတွင် ရပ်ကွက်နာမည်များနှင့် ပတ်သက်၍ လုပ်ငန်းကို အစွဲပြု၍ မှည့်ခေါ်သော ရပ်ကွက်များရှိပါသည်။ ထိုရပ်ကွက်များနှင့် ပတ်သက်၍ သက္ကရာဇ် ၁၁၅၀ ပြည့်၊ ကဆုန်လပြည့်ကျော် ၁ ရက် ၁၇၈၈ ခုနှစ်၊ မေ ၂၀ က နာခံကျော်စွာ နော်ရထာနှင့် ပြန်သည့် အမိန့်တော်တွင် မြန်မာ့အုပ်ချုပ်ပုံစနစ်ကို တွေ့ရသည်မှာ-

'ကေရာဇ်မင်းမြတ် အဆက်ဆက် အမှုထမ်း၊ အရာထမ်း၊ ဆင်သည်၊ မြင်းသည်၊ ခြေသည်သူရဲတို့ကို သားတော်အစဉ် မြေးတော်အဆက် အစွန့်ရှည်စွာ သနားတော်ရေးနှင့်တကွ မထွေးမရှုပ် ဥဒါန်းမော်ကွန်း အစဉ်ထွန်းအောင် သွေးသောက်စု၊ မြင်းစု၊ ဒိုင်းစု၊ ရှေ့ဝန်းကျင်သေနတ်၊ နောက်ဝန်းကျင်သေနတ်၊ မြေနန်းသေနတ်မှစ၍ အသီးသီးအစုအအုပ် ဖွဲ့တော်မူသည်။ ခမည်းတော်ဘုရားလက်ထက်တော်လည်း ရွှေလေးရွှေလုံ၊ လက်ဝဲကြောင်း၊ လက်ယာကြောင်း၊ ရွှေကြောင်းနက်စု ဖွဲ့တော်မူသည်။ နောင်တော် ဆင်ဖြူရှင်လက်ထက်လည်း သွေးသောက်စု၊ မြင်းစု၊ သေနတ်စု၊ တွဲဖက်ရင်းကို မဖျက်စေရ၊ ဘွဲ့သက်ထင်ရှားရှိစေရမည်'

စသည်ဖြင့် အုပ်ချုပ်ရေးစနစ်နှင့်အညီ ဆောင်ရွက်ထား၏။ ယင်းသို့ အစုအဖွဲ့များနှင့် နေထိုင်ကြရာ အစုအဖွဲ့သားတို့သည် မွေးသည်မှ သေသည့်တိုင် ကိုယ့်ဆိုင်ရာလုပ်ငန်းများကို ကျွမ်းကျင်စွာ လုပ်ကိုင်ခဲ့ကြသည်ဆို၏။ မန္တလေးတွင် အစုအဖွဲ့သားများ ပတ်သက်၍ ထင်ရှားသော ရပ်ကွက်ကြီးများမှာ-

၁။ ရွှေချည်ထိုးရပ်၊
၂။ မျက်ပါးရပ်၊
၃။ ကြေးသွန်းရပ်(တမ္ပဝတီ)၊
၄။ ကျောက်ဆစ်တန်း၊
၅။ စာတိုက်တန်း။

စသည်တို့ရှိသည်။ ထို့ပြင် လုပ်ငန်းဆိုင်ရာနှင့် ပတ်သက်ပြီး အတန်းများ၊ ဝင်းများမှာလည်း ၆၀ ခန့် ရှိလေသည်။ ထိုအထဲတွင် လှည်းတန်း၊ လှည်းယဉ်တန်း စသည်တို့ပါ၏။

မန်းမြို့ဈေး(ယခင်ရွှာဟိုင်းဈေး) ၏ အနောက်ဘက်၊ ရွှေတချောင်း အရှေ့ဘက်တွင် မြန်မာ့ရိုးရာလှည်းများ ထုတ်လုပ်သော လုပ်ငန်းကြီး ယခုထက်တိုင်ဖြစ်ထွန်းနေဆဲဖြစ်သည်။ မြန်မာနိုင်ငံသည် ကျေးလက်မှ စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သောအခါ လယ်ယာသုံးလှည်းနှင့် လှည်းပစ္စည်းကို စက်မှုက အစားမထိုးနိုင်သေးပေ။ ထို့ကြောင့် လှည်းလုပ်ငန်းကား အတော်နှင့် ပျောက်ကွယ်ဦးမှာမဟုတ်။ မန္တလေးမြို့၏ မြို့တွင်းသယ်ယူပို့ဆောင်ရေးများတွင် နွားလှည်းများကို အင်တိုက်အားတိုက် အသုံးပြုခဲ့ရတာ ကြာပေပြီ။

လွန်ခဲ့သော နှစ်အနည်းငယ်ကမှ မြို့တွင်းလှည်း မဝင်ရနယ်မြေများ ကန့်သတ်လိုက်သောကြောင့် မြို့စွန်ဆင်ခြေဖုံးများမှာပဲ နွားလှည်းကို အသုံးပြုရ၍ မြို့ထဲမှာ အမြင်နည်းသွားရခြင်းဖြစ်၏။ သို့သော် မြို့ရွာအတော်များများမှာ နွားလှည်းကို အသုံးပြုကြရဆဲဖြစ်၏။ ကုန်ပစ္စည်း သယ်ဖို့၊ သွားလာပို့ဆောင်ဖို့၊ လှည်းယဉ်၊ လှည်းကြမ်း၊ ရေစည်လှည်း၊ အမှိုက်လှည်းစသည်ရှိကြသည်။

ရှမ်းပြည်နယ်မှာတော့ လှည်းအသုံးချမှုမှာ အားကောင်းနေဆဲဖြစ်၏။ တစ်နယ်နှင့်တစ်နယ် မတူကြ။ ဆောင်ပန်းမှာကွဲသည်။ ရုံတိုင်မှာကွဲသည်။ တံကူအရေအတွက်မှာကွဲသည်။ အညာသုံးလှည်းများက စွယ်ရန်းကော့ကြ၏။ ကော့ပုံချင်းကလည်း တစ်နယ်နှင့်တစ်နယ် မတူကြ။ ပုဂံညောင်ဦးဘက်မှာ တစ်မျိုး၊ မြင်းခြံဘက်မှာ တစ်မျိုး၊ မုံရွာဘက်မှာတစ်မျိုး၊ ထို့အတူ စည်းကုံးကလည်း တစ်နယ်နှင့်တစ်နယ်မတူကြ။ တချို့က ဝါးရုံမြစ်လေးကို အလှဆင်ကြသလို တချို့က အရုပ်များထု၍ တပ်ဆင်ကြ၏။ မြို့များတွင် အသုံးပြုသည့် လှည်းများမှာတော့ လှည်းဖနောင့်(ခွသံ)တွင် ရော်ဘာတုံးများ အစားထိုးလာကြရ၏။ ကတ္တရာလမ်းများ မပျက်စီးရန်အတွက် ဖြစ်သည်။

လှည်းယဉ်ကိုမူ စိတ်ကူးအမျိုးမျိုးဖြင့် ကွန့်ကြ၊ ညွှန့်ကြတော့သည်။ မင်းသုံးနန်းသုံးမှအစ ထေရ်ကြီးဝါကြီး၊ သံဃာသုံး၊ လူထုသုံးအထိရှိသည်။ ယခု ပျောက်ကွယ်သွားသည်ကား ဇီရိုလှည်းဖြစ်၏။ သီပေါဘုရင်နှင့် စုဖုရားလတ်တို့ ပါတော်မူရာတွင် ဇီရိုလှည်းဖြင့် တင်ဆောင်သွားခြင်းဖြစ်သည်။ "သူ့ကျွန်မခံပြီ" ရုပ်ရှင်ကားကြီးမှ ပါတော်မူခန်းကို ခမ်းနားစွာ ရိုက်ကူးသောအခါ ဇီရိုလှည်း၏ လှည်းဖနောင့်က ရော်ဘာတုံးဖြစ်နေတာ သတိထားမိသည်။ တကယ် တော့ မြန်မာ့လှည်းလုပ်ငန်း၏ အဓိကကုန်ကြမ်းက သစ်ဖြစ်၏။ ကျွန်းသစ်၊ အသားမာတို့ကို အသုံးပြုရသောအခါ ကုန်ကြမ်းပြဿနာက လှည်းလုပ်ငန်းတွင် အဓိကအတား အဆီးဖြစ်နေသည်ဟု လှည်းလုပ်ငန်းရှင်တစ်ဦးက ညည်းတွားလေသည်။ မြန်မာ့လှည်း လုပ်ငန်းသည် လက်သမားပညာ သာမက ပန်းပုပညာ၊ ပန်းပဲပညာနှင့်ပါဆက်စပ်ပါဝင်လေသည်။ မန္တလေးရွှေတချောင်း အရှေ့ဘက်က မိရိုးဖလာ လှည်းလုပ်ငန်း ကြီးကတော့ ခိုင်မြဲနေဦးမှာ သေချာပါသည်။

ရွှေတချောင်းက မင်းသားစုကိုကျော်တော့ ဘုရားကြီးအနောက်မုခ်ကျောက်ဆစ်တန်းနောက်ကျောက ဖြတ်သည်။ ကျောက်ဆစ်တန်းကလည်း မန္တလေး၏ အထင်ကရလက်မှုအနုပညာလုပ်ငန်းကြီးဖြစ်၏။ ဘုရားဆင်းတုတော်အမျိုးမျိုးကို အခြေခံ၍ကျောက်စာ၊ ကျောက်တိုင်စသော ပန်းတမော့လုပ်ငန်းကြီး တည်ရှိရာအရပ်ဖြစ်သည်။ တကယ်တော့ ကျောက်ဆစ်ပန်းတမော့လုပ်ငန်းက မန္တလေးမှာ အထွန်းကားဆုံး မဟုတ်ပါလော။

ကမ္ဘာ့အကြီးဆုံး ကျောက်ဆင်းတုတော်ကြီးဟု ခေါ်ဆိုအပ်သည့်ကျောက်တော်ကြီးဆင်းတုကြီး ထုလုပ်ကိုးကွယ်ခဲ့ရာအရပ်မဟုတ်ပါလော။ ကျောက်တော်ကြီးဘုရားကား မင်းတုန်းမင်းကြီး၏ကောင်းမှုဖြစ်ပြီး မန္တလေးတောင်ခြေတွင် တည်ရှိသည်။ ရုပ်ပွားတော်ကြီး ထုလုပ်သည့် ကျောက်တုံးကြီးကိုစကျင်တောင်မှ ထုတ်လုပ်ကာ ၁၂၂၆ ခု၊ ဝါခေါင်လတွင် ရုပ်ပွားသဏ္ဌာန်အကြမ်းထုလုပ်ပြီး ဧရာဝတီမြစ်ကြောင်းအတိုင်း သယ်ဆောင်၍ အနောက်ပြင်အီကင်းဆိပ်ရောက်သောအခါ ရွှေတချောင်းမြောင်းအတွင်းသွင်း၏။ မန္တလေးတောင်ခြေသို့မူ စွပ်ဖားလမ်းဖြင့် လူသောင်းချီသော လုပ်အားသုံးကာပင့်ဆောင်ခဲ့သည်။ ကဆုန်လတွင် ဘုရင်နှင့်မိဖုရားခေါင်တို့ အတူထွက်ပြီး ကဆုန်လပြည့်ကျော် ၇ ရက်နေ့တွင်မင်းတရားကြီးကိုယ်တိုင် ရွှေစုတ်တော်ဖြင့် မျက်နှာတော်ဖွင့်သည်။

မဟာသကျမာရဇိန်ဘွဲ့တော်တွင်သည့် ကျောက်တော်ကြီး ရုပ်ပွားတော်သည် ထက်ဝယ်တော်ဝဲယာအပြန့် ၁၂ တောင်၊ အဝန်း ၂၈ တောင် နှစ်မိုက် လေးသစ်၊ ခါးတော်အဝန်း ၁၀ တောင်နှစ်မိုက် လေးသစ်၊ ရင်ဖွင့်တော်ပခုံးစွန်းဝဲယာအကျယ် ရှစ်တောင်၊ အဝန်း ၂၀၊ ဦးခေါင်းတော် အဝန်း ၁၃ တောင်၊ စမ္ဗခဏ်မှသည် ရောင်လျှံတော်အထိအမြင့်ဉာဏ်တော် ၁၇ တောင်တစ်မိုက်လေးသစ်ရှိ၏။ အလေးချိန်ပိဿာငါးသန်းခွဲရှိသည်ဆို၏။

စာမျက်နှာ ၁၇ သို့

ဘားအံ၌ သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ

ဘားအံ မေ ၁၈

မြန်မာတိုင်းရင်းသားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံကို အစဉ်အလာမပျက်ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲကို ဘားအံမြို့၌ မေ ၁၇ ရက်က ကျင်းပသည်။

သက်ကြီးပူဇော်ပွဲကို ဘားအံမြို့ဇွဲကပင်ခန်းမ၌ ကျင်းပရာ ဘားအံမြို့ပေါ်ရပ်ကွက်များမှ အသက် (၈၅ နှစ်) နှင့်အထက် ဘိုးဘွားများအား ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစောချစ်ခင်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက ကန်တော့၍ အခမ်းအနားသို့ တက်ရောက်လာသော အဘိုးအဘွား ၄၇ ဦးအား တစ်ဦးလျှင် လှူဒါန်းငွေကျပ် ၄၁၀၀၀နှင့် ဂါရဝပစ္စည်းများ၊ တိုင်းရင်းဆေးဝါးများ ပေးအပ်လှူဒါန်းပြီး သက်ကြီးပူဇော်ပွဲမတက်ရောက်နိုင်သော ဘိုးဘွားများကိုလည်း အိမ်တိုင်ရာရောက်သွားရောက်ကန်တော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းသက်ကြီးပူဇော်ပွဲတွင် ဘိုးဘွား ၃၂၈ ဦးအတွက် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ပြည်နယ်တိုင်းရင်းဆေးပညာ ဦးစီးဌာနနှင့် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ လှူဒါန်းငွေနှင့် ဂါရဝပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဇီဝိတဒါနငါးလွှတ်ပွဲကို ဇွဲကပင်ခန်းမရှေ့ကန်သာယာအတွင်း၌ ကျင်းပရာ ငါးကောင်ရေ ငါးသောင်းကို ကန်သာယာအတွင်းသို့ ဇီဝိတဒါနငါးများ လွှတ်ပေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း (ပြန်/ဆက်)

အမြို့မြို့အနယ်နယ်၌ ကုသိုလ်ကောင်းမှုများပြုလုပ်

ပဲခူး

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာနှစ်ဆန်းတစ်ရက်နေ့ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို မေ ၁၇ ရက်က ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းမြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က အမှာစကားပြောကြားခဲ့ပြီး ဘိုးဘွားများအား ကန်တော့ကာတာဝန်ရှိသူများက ဘိုးဘွားများအတွက် အသုံးအဆောင်ပစ္စည်းများနှင့်အလှူငွေများပေးအပ်ခဲ့သည်။ ပဲခူးမြို့ပေါ်တွင် ကန်တော့ခံ ဘိုးဘွား ၈၄၇ ဦးရှိခဲ့ရာ ပူဇော်ကန်တော့ပွဲသို့မတက်ရောက်နိုင်သည့် ဘိုးဘွားများအား သက်ဆိုင်ရာတာဝန်ရှိသူများက နေအိမ်အရောက် လိုက်လံကန်တော့မည်ဖြစ်ကြောင်း သိရသည်။

သန့်စင်(ပဲခူး)

မင်းလှ

မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်သည့် နှစ်စဉ်ကျင်းပမြဲဖြစ်သော ၁၃၇၉ ခုနှစ် မြန်မာ့နှစ်ဆန်းတစ်ရက်နေ့ သက်ကြီးပူဇော်ပွဲကို သာယာဝတီခရိုင် မင်းလှမြို့နယ် မြို့လယ်ဓမ္မာရုံ၌ မေ ၁၇ ရက်က ကျင်းပခဲ့သည်။

အဆိုပါ သက်ကြီးပူဇော်ပွဲတွင် ကန်တော့ခံ အဘိုး ၆၂ ဦး၊ အဘွား ၁၁၈ ဦး စုစုပေါင်း ၁၈၀ တို့ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဦးစီး၍ မြို့နယ်အဆင့်ဌာနဆိုင်များ၊ ကုမ္ပဏီများနှင့်ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးက လှူဒါန်းငွေကျပ် ၁၀၀၀၀ နှင့်စေတနာအလှူရှင်များလှူဒါန်းငွေနှင့် လှူဖွယ်ပစ္စည်းများစုပေါင်းပြီး ဘိုးဘွားတစ်ဦးလျှင် ကန်တော့ခံငွေကျပ် ၁၅၀၀၀ ခန့်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့်တာဝန်ရှိသူများက လှူဒါန်းခဲ့ကြောင်း သိရသည်။ **ပေါက်စ-မင်းလှ**

ပုသိမ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဇီဝိတဒါန (အဘယဒါန) ဘေးမဲ့ငါးနှင့်လိပ်လွှတ်ပွဲကိုမေ ၁၇ ရက်က ကန်သာယာကန်၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီနှင့်တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် ကန်သာယာကန်ထဲသို့ ဇီဝိတဒါန ငါးနှင့်လိပ်များကို ဘေးမဲ့လွှတ်ပေးခဲ့သည်။ ဇီဝိတဒါနအဖြစ် ငါးကြင်းရွှေဝါငါးသားပေါက် ၂၅၀၀၀၊ ငါးခုံးမကြီး ၂၅၀၀၀ နှင့် လိပ်အကောင် ၅၀ တို့ကိုဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

မောင်မောင်မြင့် (ပြန်/ ဆက်)

သီပေါမြို့နယ်တွင် အန္တရာယ်ကင်းပရိတ်ရွတ်၊ သက်ကြီးပူဇော်

သီပေါ မေ ၁၈

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် မြို့ပေါ် (၁၁) ရပ်ကွက်နှင့်ကျေးရွာများတွင် ရှေးရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် အန္တရာယ်ကင်း ပရိတ်တရားတော်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းနှင့်သက်ကြီးအဘိုးအဘွားများ ပူဇော်ကန်တော့ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် သက်ဆိုင်ရာရပ်ကွက်ရုံးများ၌ ကျင်းပခဲ့သည်။

အလားတူ တောင်မြို့ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌လည်း အသက် (၇၅ နှစ်) နှင့်အထက် အဘိုးအဘွား ၂၄ ဦးတို့အား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုဦးဆောင်သော ရပ်ကွက်ပြည်သူများက လှူဒါန်းပူဇော်ကြပြီး ပင့်သံဃာတော်ငါးပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းလျက် အနုမောဒနာတရား နာကြားကာ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြကြောင်း သိရသည်။

စိုင်း(သီပေါ)

နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။

စာမျက်နှာ ၁၆ မှ

ကျောက်ဆစ်ပန်းတမော့ လုပ်ငန်းအတွက် အဓိကကုန်ကြမ်းမှာ မန္တလေးမြောက်ဘက် မတ္တရာမြို့နယ် စကျင်ရွာမှထွက်ရှိသည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာကျော်ကတည်းက စကျင်ကျောက်များကို ပန်းတမော့လုပ်ငန်းအတွက် အသုံးပြုခဲ့ကြ၏။ စကျင်တောင်များမှ ကျောက်များတူးကြရာတွင် ပထမတန်းစားကို ဘုရား သားဟုလည်းကောင်း၊ ဒုတိယတန်းစားကို အမည်းကျောက် ဟုလည်းကောင်း၊ တတိယတန်းစားကို သမင်အံ့ဟုလည်းကောင်းခေါ်သည်။ စကျင်ရွာတွင် ကျောက်ဆစ်လုပ်ငန်းရှိသော် လည်း ကုန်ချောပစ္စည်းများအဆင့်ထိ ထုတ်လုပ်ရာ၌ကား မန္တလေးဘုရားကြီးအနောက်မုခ်ရွှေတချောင်းအရှေ့ဘက် ကျောက်ဆစ်တန်းက အကွက်အကွင်းကျလေသည်။ ယခုအခါ မြန်မာ့ကျောက်ဆစ်လက်ရာများ နိုင်ငံရပ်ခြားအထိ ပေါက်ရောက်မှုများလာသောအခါ ထေရဝါဒဗုဒ္ဓရုပ်ပွားတော်များ သာမက မဟာယနရုပ်ပွားတော်များ၊ တခြားဘာသာဝင်များ၏ ရုပ်တုရုပ်ပွားများကိုပါ တင်ပို့ရောင်းချရမှုလုပ်ငန်းတွင်ကျယ်လာ၏။ ကျောက်ဆစ်ပန်းတမော့ကုန်သည်များ ကျောက်ဆစ်တန်းနှင့်စကျင်တွင် ခြေချင်းလိမ်နေကြပေပြီ။

ကျောက်ဆစ်တန်းကိုလွန်တော့ ရွှေတချောင်း၏ အနောက်ဘက်မှာ ဟင်းသီးဟင်းရွက်စိုက်ခင်းတွေ ရှိလေသည်။ ဒေါနခြံရပ်ဟုခေါ်၏။ မန္တလေးတစ်မြို့လုံးအတွက် စားသုံးနိုင်မည့် ဟင်းသီးဟင်းရွက်များကို ဤနေရာမှသည် ဟို...အနောက်ဘက်၊ ဟိုး တောင်ဘက်တက်သေးအင်းအထိ စိုက်ခင်းတွေ တစ်မျှော်တစ်ခေါ်နှင့်စိုက်ပျိုးကြတာပေ့ါ။ အခုတော့ ကန်တော်ကြီး အိမ်ရာစီမံကိန်းကြီး ပေါ်လာသောအခါ စိုက်ခင်းစိမ်းစိမ်းစိုစို၊ သွင်းရေတသွင်သွင်၊ ဝါးတံတားလေးတွေ တသွယ်သွယ်၊ ဘဲအုပ်သံ တစာစာနေရာများ၌ ကျောက်ပုံ၊ သဲပုံ၊ ကွန်ကရစ်သံတိုင်နှင့် မြေထိုးစက်၊ မြေကော်စက်၊ လမ်းကြိတ်စက်များ၏ တဒီးဒီးအသံကို ကြားနေရ၏။

ရွှေတချောင်း၏အရှေ့ဘက်မှာက မန္တလေးအာဇာနည် ၁၇ ဦး ဗိမာန်ရှိသည်။ အရင်ကတော့ သူကြွယ်ကုန်းခေါ်တာပေ့ါ။ ၁၃၀၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၇ ရက် (၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်) နေ့က မန္တလေးအိမ်တော်ရာ ၁၄ ခန်းဇရပ်ကြီးမှာစုဝေးပြီး ၂၆ လမ်းအတိုင်း နယ်ချဲ့ဆန့်ကျင်ရေးလူထုချီတက်ပွဲကြီးတွင် အင်္ဂလိပ်စစ်တပ်လက်ချက်ဖြင့် ကျဆုံးခဲ့သော ရဟန်းရှင်လူကျောင်းသား ၁၇ ဦးအား မြှုပ်နှံသင်္ဂြိုဟ်ရာနေရာကို ဗိမာန်တည်ဆောက်ထားခြင်းဖြစ်သည်။

တော်လှန်ရေး တပ်သားဟောင်းကြီးတစ်ဦးကမူ 'မြန်မာ့လွတ်လပ်ရေးကန်ပေါင်ရိုးမှာ ဒီအာဇာနည် ၁၇ ဦးအား ရဲလှတဲ့အဖိုးမဖြတ်နိုင်တဲ့ အသက်တစ်ချောင်းကို ရက်ရက်ရောရောကြီး အစတေးခံခဲ့ကြပါတယ်။ ဘာပဲဖြစ်ဖြစ် သူတို့ကို အမြဲတမ်းဂုဏ်ပြုနေရမှာပေ့ါ။ သူတို့ရဲ့နယ်ချဲ့ဆန့်ကျင်တဲ့ အမျိုးသားစိတ်ဓာတ်တွေ တစ်ဆင့်ပွားများနေရမှာပေ့ါ။ ဒါပေမယ့် ဒီလိုဂုဏ်ပြုထိုက်တဲ့ အာဇာနည်ဗိမာန်ဝင်းကတော့ ခြောက်ကပ်ကပ်နိုင်လှပါတယ်။ သစ်ကိုင်းခြောက်၊ ပေါင်းပင်ခြောက်တွေနဲ့ဆိုတော့ ရှုခင်းမသာယာလှပါ။ ရန်ကုန်မှာရှိတဲ့ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကျဆုံးသွားလို့ အင်္ဂလိပ်နယ်ချဲ့စစ်သားများထားခဲ့တဲ့ စစ်သင်္ချိုင်းများ(ထောက်ကြံ့နဲ့ ဟံသာဝတီအဝိုင်းအနီးက စစ်သင်္ချိုင်းများ) ဆီ ရောက်ဖူးသူတိုင်းမြင်တွေ့ဖူးကြမှာပါ။

လှပတင့်တယ်ခံ့ညားတဲ့ ဝင်ပေါက်တံတိုင်းများ၊ အမြဲတမ်းဂရုစိုက်ပြုစုထားတဲ့ မြစိမ်းရောင်ထနေတဲ့ မြက်ခင်းနှင့် ပန်းမန်မျိုးစုံတို့ဟာ ကြည့်လိုက်ရင် သင်္ချိုင်းနဲ့မတူဘဲ ရင်ထဲစိတ်ထဲအေးမြကြည်လင်စေပြီး သဘာဝကို ဖန်တီးပေးတဲ့ ပန်းခြံတစ်ခုလားလို့တောင် အောက်မေ့ရမှာပါ။ ဒီအာဇာနည်ဗိမာန်နဲ့ အဲဒီနယ်ချဲ့စစ်သင်္ချိုင်းများရဲ့ပြုစုယုယပုံချင်းကွာခြားနေပါလား ဆိုပြီး စိတ်ထဲမချိတင်ကဲ ဖြစ်မိပါတော့တယ်' လို့ ရေးသားခဲ့ဖူးပါတယ်။

(ကျော်မင်းမောင် မန္တလေး ၁၃၀၀ ပြည့် အရေးတော်ပုံမှသည် နယ်ချဲ့တော်လှန်ရေးသို့)

မျက်နှာချင်းဆိုင် တက်သေးအင်းကိုတော့ မန္တလေးကန်တော်ကြီး အမည်ပြောင်းပြီး အဆင့်မြင့်အိမ်ရာ စီမံကိန်းတွေ စတင်နေပြီဖြစ်၏။ တက်သေးအင်းကား ရှေးယခင်ကာလကတည်းက အင်းကြီးအဖြစ်တည်ရှိခဲ့သည်။ အမရပူရခေတ်က မြို့တော်သည် တက်သေးအင်း၏ အရှေ့တောင်ဘက်၌ တည်သည်။ ယခုကပ်ကျော်စေတီက မြို့ထောင့်စေတီတစ်ဆူဖြစ်၏။ အနီးတွင် သုဓမ္မာဇရပ်နှင့်ပိဋကတ်တိုက်ရှိသည်။ ရတနာပုံဟု အမည်ရသော ထိုပိဋကတ်တိုက်ကား အဆင့်မီပြည့်စုံလှသော စာကြည့်တိုက်ဖြစ်သည်ဟုဆို၏။

တက်သေးရှင်မနတ်ကွန်းက အင်းကြီး၏ တောင်ဘက်မှာရှိသည်။ ပုံတော်က ရုပ်သေးရုပ်အတိုင်း ထုလုပ်ထားသည်။ အမရပူရခေတ်က တက်သေးအင်းတွင် နိုင်ငံခြားသံတဲများရှိခဲ့ဖူးသည်။ မဟာမုနိဘုရားကြီးကို ရခိုင်မှပင့်ဆောင်ရာတွင် နေပြည်တော်သို့ရောက်သောအခါ ဧရာဝတီမြစ်မှ တက်သေးအင်းမြောက်ဘက်တွင် ဖောင်ဆိုက်ပြီး ယခုလက်ရှိဘုရားဝင်းသို့ ပင့်ဆောင်ခဲ့ခြင်းဖြစ်သည်။

ယခုတော့ သူကြွယ်ကုန်းအာဇာနည်ဗိမာန်နှင့်မျက်နှာချင်းဆိုင်တွင်ကား ကန်တော်ကြီးစီမံကိန်းကြောင့် လုံးချင်းအိမ်ရာများ၊ ဟိုတယ်ကြီးများ၊ အဆင့်မြင့် ၁၂ ထပ်တိုက်များ၊ ၂၁ ထပ်မြင့် အဆင့်မြင့်ကွန်ဒိုကြီး၊ Resort ဟိုတယ်ကြီး၊ ပလာဇာများ၊ Show Room များ၊ Shopping Complex များ၊ ရုံးခန်းများ၊ ကျောက်မျက်ရတနာဈေးကွက်၊ သစ်ခွပန်းဈေးကွက်များဖြစ်လာမည်ဟု ဆိုသည်။ ကန်တော်ကြီးထဲမှာလည်း ရေနန်းပြာသာဒ်ရှိဦးမှာတဲ့၊ Boat Club တွေရှိဦးမှာတဲ့။ ဟင်းသီးဟင်းရွက်စိုက်ခင်း၊ ဟင်းသီးဟင်းရွက်ဈေးတွေရှိဦးမှာတဲ့။ ပြီးတော့ နိုင်ငံတကာနဲ့ ဆက်သွယ်နိုင်မယ့် Tele Communication လည်းရှိဦးမှာတဲ့။ Amusement Park လည်း ရှိဦးမှာတဲ့။

လောလောဆယ်တော့ တက်သေးအင်း(ကန်တော်ကြီး) ထဲကို စီးဝင်တဲ့ ရွှေတချောင်းက ရေဆိုးတွေကို ရေစုပ်ပန့်ကြီးများနဲ့ရောဝတီမြစ်ထဲ လမ်းလွှဲလိုက်သည်။ ရွှေတချောင်းကတော့ သူ့ဖွားဖက်တော်တက်သေးအင်းက ကန်တော်ကြီးအမည်သစ်နဲ့ အရှင်မွေးနေ့ချင်းကြီးပြီး တစ်သွေးတစ်မွေးဖြစ်မည့်လေသံကြောင့် အရင်လို တရင်းတနှီးဖက်လဲတကင်းမနေရ၊ သချာတာက နှစ်ယောက်စလုံး ချက်ထဲမှာရှံ့တွေနဲ့။ ဒါပေမယ့် သူကြွယ်ကုန်းကတော့ အရင်အတိုင်းပဲ မပြောင်းလဲ။ ငုံ့လျှိုးနေဆဲ။

("တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)

ရှားပါးမျိုးစိတ် ဧရာဝတီလင်းပိုင်

မောင်သာ(ရှေးဟောင်းသုတေသန)

ဤကမ္ဘာပေါ်တွင် ရှင်သန်ကျက်စားနေကြသည့် ရေသတ္တဝါများအနက် သွေးနွေးနို့တိုက်သတ္တဝါမျိုးစိတ်သည် လင်းပိုင်၊ ဝေလငါးနှင့် ရေဝက်တို့သုံးမျိုးသာရှိပြီး ယင်းတို့သည် အများအားဖြင့် ရေငန်ဒေသ၊ ပင်လယ်သမုဒ္ဒရာများ၌ နေထိုင်ကျက်စားလေ့ရှိကြသည်။ လင်းပိုင်မျိုးစိတ် ၃၀ ကျော်ရှိသည့်အနက် ရေချိုဒေသတွင် ကျက်စားသော လင်းပိုင်မျိုးစိတ်သည် သတ္တဗေဒအခေါ် Orcaella brevirostris ဟူသည့် ဧရာဝတီလင်းပိုင်တစ်မျိုးတည်းသာရှိသည်။

ဧရာဝတီလင်းပိုင် မျိုးစိတ်ကို ဆာရစ်ချတ်အိုဝင်က ၁၈၅၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ အရှေ့ဘက်ကမ်းခြေရှိ ဗီဇာကာပတ္တနမ် ဆိပ်ခံတံတား Harbour of Visakhapatnam အနီးတွင် တွေ့ရှိခဲ့ကြောင်း ၁၈၆၆ ခုနှစ်၌ မှတ်တမ်းတင်ခဲ့သည်။ အင်္ဂလိပ်လူမျိုး သဘာဝသိပ္ပံပညာရှင် ဂျွန်အန်ဒါဆင် (Naturalist John Anderson) သည် ၁၈၇၁ ခုနှစ်မှ ၁၈၇၉ ခုနှစ်များအတွင်း မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ဧရာဝတီမြစ်ရိုးတစ်လျှောက် သုတေသနခရီး ထွက်ခဲ့စဉ် နှုတ်သီးဝိုင်း မီးခိုးရောင်လင်းပိုင်များကို ဧရာဝတီမြစ်အတွင်း ပထမဆုံး တွေ့ရှိခဲ့သည်။

အန်ဒါဆင်သည် လန်ဒန်မြို့သို့ ပြန်လည်ရောက်သော အခါ သူ၏တွေ့ရှိခဲ့မှုများကို လန်ဒန်သတ္တဗေဒအသင်းကြီးသို့ (Description of a new cetacean from the Irrawaddy River, Burma) အမည်ဖြင့် စာတမ်းတစ်စောင် တင်သွင်းခဲ့သည်။ သူ၏စာတမ်းတွင် တွေ့ရှိခဲ့သော လင်းပိုင်များကို ဧရာဝတီလင်းပိုင်ဟု ဖော်ပြခဲ့ရာမှ ယင်းလင်းပိုင်မျိုးစိတ်များသည် ဧရာဝတီလင်းပိုင်ဟု အမည်တွင်ခဲ့သည်။ ထိုအချိန်မှစ၍ အခြားနိုင်ငံများ၌ တွေ့ရှိခဲ့သည့် မျိုးတူလင်းပိုင်များကိုလည်း ဧရာဝတီလင်းပိုင်ဟုပင် ခေါ်ဆိုခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် ဧရာဝတီလင်းပိုင်

ရန်ကုန်တက္ကသိုလ်မှ သမိုင်းပါမောက္ခလုစ် (G.H Luce) သည် ၁၉၃၇ ခုနှစ်က ထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်၌ Ancient Pyu ခေါင်းစဉ်ဖြင့် စာတမ်းတစ်စောင်ရေးသားခဲ့သည်။ ယင်းစာတမ်းတွင် ပျူလူမျိုးများနှင့် ပတ်သက်၍ ရေးသားထားသည့် မှတ်တမ်းတစ်ခုတွင် ဧရာဝတီမြစ်အတွင်း တွေ့ရှိခဲ့သည့် လင်းပိုင်ကို မြစ်ဝက် (River Pig) ဟု ဖော်ပြထားကြောင်း ကောက်နုတ်တင်ပြခဲ့သည်။ ယင်းအချက်ကိုထောက်ထား၍ ဧရာဝတီလင်းပိုင်များသည် မြန်မာနိုင်ငံအတွင်း ပျူလူမျိုးများရှိခဲ့သည့် လွန်ခဲ့သော နှစ် ၁၀၀၀ ကျော် ကတည်းက ဧရာဝတီမြစ်အတွင်း ရှိနေခဲ့ကြောင်း သိရှိနိုင်ခဲ့သည်။

ဧရာဝတီလင်းပိုင်များကို မြန်မာနိုင်ငံတွင်သာမက အိန္ဒိယနိုင်ငံ ဩရိသပြည်နယ် ပင်လယ်ကမ်းအနီးရှိ ချီလ်ကာရေအိုင် (Chilka Lagoon)၊ အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်းရှိ မဟာကန်မြစ် (Mahakan River)၊ ထိုင်းနိုင်ငံရှိ ဆွန်ကလာရေကန် (Songkla Lake) နှင့် မဲခေါင်မြစ်အတွင်း၌လည်း တွေ့မြင်နိုင်သည်။

အန်ဒါဆင်က ဧရာဝတီလင်းပိုင်များကို ရေနံချောင်းနှင့် ဗန်းမော်မြို့အကြားတွင် တွေ့ရှိခဲ့ရကြောင်း မှတ်တမ်းတင်ခဲ့သော်လည်း ယခုအခါတွင် ဧရာဝတီလင်းပိုင်များကို မင်းကွန်းအထက်ပိုင်း ဧရာဝတီမြစ်ရိုးတွင်သာ တွေ့ရှိနိုင်ပေသည်။

ဧရာဝတီမြစ်သည် မင်းကွန်းမှ ဗန်းမော်အကြား ၂၇၅ မိုင်ရှည်လျားပြီး ထိုနေရာတစ်လျှောက်ကို ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့က ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးနယ်မြေအဖြစ် အပိုင်း ခြောက်ပိုင်း ခွဲခြားသတ်မှတ်ထားရာ (၁) ဗန်းမော်အထက်ရှိ မြစေတီရွာမှ စင်ခန်းအထိ၊ (၂) စင်ခန်းမှ ရွှေကူမြို့အနီး ဒုတိယမြစ်ကျဉ်းအထိ၊ (၃) ဒုတိယမြစ်ကျဉ်းမှ တကောင်းအထိ၊ (၄) တကောင်းမှ စမ္ပာနကို အထိ၊ (၅) စမ္ပာနကိုမှ ကျောက်မြောင်း တတိယမြစ်ကျဉ်းအထိ၊ (၆) ကျောက်မြောင်းမှ မင်းကွန်းအထိ ဖြစ်သည်။

ယင်းအပိုင်း ခြောက်ခုအနက် ကျောက်မြောင်းနှင့် မင်းကွန်းအကြားတွင် ဧရာဝတီလင်းပိုင်များ အများဆုံးနေထိုင်ကျက်စားကြပြီး ထိုနေရာတစ်ဝိုက်၌ လင်းပိုင်အရေအတွက် အကောင် ၂၀ မှ ၂၃ ကောင်အထိ အမြဲနေထိုင်လျက်ရှိသည်။ ထို့ကြောင့် ၄၆ ဒသမ ၂၅ မိုင်ရှည်လျားသော ကျောက်မြောင်းနှင့် မင်းကွန်းအကြားနယ်မြေ အမှတ် (၆)ကို ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး အဓိကဧရိယာအဖြစ် သတ်မှတ်ကာ ဧရာဝတီလင်းပိုင်များအား စောင့်ရှောက်မှုများကို ဆောင်ရွက်လျက်ရှိသည်။

လင်းပိုင်နှင့် ရေလုပ်သားများ

ကမ္ဘာကျော် ရေချိုလင်းပိုင်များကျက်စားသည့် နေရာအဖြစ်ထင်ရှားသည့် ဧရာဝတီမြစ်၏ မင်းကွန်းနှင့် ကျောက်မြောင်းအကြား အစိတ်အပိုင်းအတွင်း နေထိုင်ကျက်စားကြသည့် လင်းပိုင်များတွင် အလွန်ထူးခြားသော စရိုက်လက္ခဏာများရှိနေကြသည်။ ယင်းတို့သည် ဒေသနေရေလုပ်သားများ ငါးရှာရာတွင် အကူအညီပေးလေ့ရှိကြပြီး ထူးခြားသည့် ယင်းဓလေ့ကို ကြည့်ရှုရန် လင်းပိုင်ချစ်သူများ လာရောက်လေ့ရှိကာ စိတ်ဝင်စားဖွယ် လင်းပိုင်ကြည့် ခရီးသွားလုပ်ငန်းတစ်ခု ပေါ်ထွန်းလာခဲ့သည်။

မင်းကွန်းနှင့် ကျောက်မြောင်းအကြားတွင် ရေလုပ်ငန်းဖြင့် အသက်မွေးကြသည့် ရွာ ၁၀ ရွာရှိသည့်အနက် ဆင်ကျွန်း၊ အေးကျွန်း၊ စိန်ပန်းကုန်း၊ မြစ်ကမ်းကြီး၊ ဟသ်ာမ၊ ဆယ်သည်

နှင့် မြေစွန်းရွာများမှ ရေလုပ်သားများ လင်းပိုင်များ၏ အကူအညီဖြင့် ငါးရှာကြခြင်းသည် စိတ်ဝင်စားဖွယ်ကောင်းလှသည်။

တံငါလှေတစ်စင်းတွင် ရေလုပ်သားနှစ်ဦး လိုက်ပါလေ့ရှိကာ တစ်ဦးက လှေနောက်ပိုင်းတွင်ထိုင်လျက် လှေကို လှော်ခတ်ပြီး ကျန်တစ်ဦးက လှေဦးတွင်ရပ်ကာ ကွန်ပစ်လေ့ရှိသည်။ လှေကို လှော်ခတ်လာသူသည် လှော်တက်အတိုတစ်ချောင်းနှင့် အရှည်တစ်ချောင်း ယူဆောင်လာလေ့ရှိပြီး လှော်တက်အတိုမှာ လှေကိုလှော်ခတ်ရန်ဖြစ်ကာ လှော်တက်အရှည်မှာ လှေလှော်ခတ်၍မရသည့် သောင်စပ်၊ ရေတိမ်ပိုင်းနှင့် မြစ်ကမ်းအနီးတွင် ထိုးဝါးအဖြစ် အသုံးပြုရန်ဖြစ်ပေသည်။

လင်းပိုင်များနှင့်အတူ ငါးရှာထွက်သည့် လှေတွင် တက်မကိုင်ရေလုပ်သားသည် လှော်တက်နှစ်ချောင်းအပြင် တစ်ပေဝန်းကျင်ရှည်သည့် သစ်သားတုတ်တိုလေးတစ်ချောင်းကိုလည်း ယူဆောင်လာလေ့ရှိသည်။ တုတ်တိုလေးသည် ခေတ်ပေါ်တီးဝိုင်းများတွင် ဒရမ်တီးသည့် တုတ်တံလေးနှင့် ပုံသဏ္ဌာန်တူကာ အရင်းတွင် ကျပ်လုံးခန့်တုတ်လျက် အဖျားပိုင်းသို့ ရှူးနေသည်။

ရေလုပ်သားများသည် ဧရာဝတီမြစ်ရိုးတစ်လျှောက် အုပ်စုဖွဲ့ကာ သွားလာနေလေ့ရှိသည့်လင်းပိုင်များ ရှိရာနေရာကို လှေတစ်စင်းဖြင့် လိုက်လံရှာဖွေကြကာ မြစ်ကမ်းဘေးနှင့် မြစ်လယ်သောင်ကျွန်းများတွင်ရှိသည့် ယာသမားများကို မေးမြန်းကြသည်။ လင်းပိုင်များသည် ရေနေနို့တိုက်သွေးနွေးသတ္တဝါများဖြစ်ကြသဖြင့် ရေအောက်တွင် အချိန်ကြာမြင့်စွာမနေကြဘဲ ရေပေါ်သို့ ခေါင်းဖော်ကာ လေရှူတတ်ကြသောကြောင့် လင်းပိုင်များရောက်ရှိနေသည့်နေရာကို မြစ်ကမ်းပေါ်မှလူများက မြင်နိုင်သိနိုင်ကြသည်။ လင်းပိုင်များသည် လေရှူပြီးနောက် ခေါင်းဖော်၍ ရေများကိုမှုတ်ထုတ်ကြသဖြင့် ရေလုပ်သားများသည် မိမိတို့၏လုပ်ဖော်ကိုင်ဖက် လင်းပိုင်များကို အဝေးမှပင် တွေ့မြင်နိုင်ကာ မှတ်မိနေကြသည်။

ရေလုပ်သားများသည် လင်းပိုင်များကို တွေ့လျှင် ယင်းတို့နှင့် အနီးဆုံးနေရာသို့ လှေကိုလှော်ခတ်သွားကြပြီး အဖျားရှူး တုတ်တိုလေးကို အရင်းမှကိုင်ကာ အဖျားဖြင့် လှေနံရံအား စည်းချက်ညီရိုက်ပေးလေ့ရှိသည်။ လှေနံရံကို ရိုက်ခတ်သဖြင့် ထွက်ပေါ်လာသော တုန်ခါမှုကို လင်းပိုင်များက သိရှိကြသည်။ယင်းတို့သည် ရေပြင်ကို ဖြတ်သန်းလာသော တုန်ခါမှုလမ်းကြောင်းအတိုင်း ကူးခတ်လာကြကာ လှေနှင့်မနီးမဝေးသို့ နှစ်ကောင်မှ ငါးကောင်အထိ အုပ်စုဖြင့် ရောက်ရှိလာလေ့ရှိသည်။

လင်းပိုင်အုပ်စုထဲမှ ခေါင်းဆောင်ဟု ယူဆရသည့် လင်းပိုင်မှ ယင်း၏ဦးခေါင်းပိုင်းကို ရေပေါ်သို့ဖော်၍ အမြီးကိုထောင်ပြလိုက်ခြင်းသည် ငါးဖမ်းရန် အချက်ပေးခြင်းဖြစ်ပေသည်။ ခဏအကြာတွင် လင်းပိုင်ကအမြီးကို အပြားလိုက် ရေပေါ်သို့ထောင်ထားပြီး အထက်အောက်လှုပ်ကာ ရေပြင်ကို ရိုက်လိုက်ပါက သူ့နောက်သို့လိုက်ခဲ့ရန် ခေါ်ခြင်းဖြစ်ကြောင်း ရေလုပ်သားများက နားလည်ကြပြီး လင်းပိုင်ကူးခတ်သွားသည့်နောက်သို့ လှေဖြင့်လိုက်သွားကြရပေသည်။

လင်းပိုင်တို့၏ အချက်ပြမှုများသည် ရေလုပ်သားများနှင့် လင်းပိုင်တို့ အချင်းချင်းနားလည်ကြသည့် ဆက်သွယ်မှုသင်္ကေတများအဖြစ် ထူးခြားလှသည်။ လင်းပိုင်က ရေအောက်တွင် ငါးများကိုတွေ့နေသဖြင့် ကွန်ပစ်ရန်အချက်ပေးသည့်အနေဖြင့် အမြီးကို ရေပြင်ပေါ်တွင် မတ်နေအောင် ထောင်ပြလေ့ရှိသည်။ ထိုအချိန်၌ လှေဦးတွင် လိုက်ပါလာသူက မတ်တတ်ရပ်ကာ ကွန်ကိုရေထဲသို့ပစ်ရန် ပြင်ရသည်။

အမြီးကို ရေပေါ်တွင် ထောင်ထားသော လင်းပိုင်ခေါင်းဆောင်သည် စက်ဝိုင်းခြမ်းပုံသဏ္ဌာန် ရွေ့လျားကူးခတ်နေခြင်းသည် ရေအောက်ထဲတွင်ရှိနေသော ငါးများကို စက်ဝိုင်းပုံလှည့်ပတ်၍ တစ်နေရာတည်းတွင် စုမိစေရန် မောင်းသွင်းနေခြင်းဖြစ်သည်။ ကျန်သော လင်းပိုင်များက ငါးများပြန့်ထွက်မသွားစေရန် ဝိုင်းပတ်ထားသည်။ ယင်းသို့ပြုလုပ်ခြင်းကို လင်းပိုင်များ ငါးခြောက်၊ ငါးစု၊ ကွန်ချက်ပြခြင်းဟု ဆိုကြသည်။ ဒေသအခေါ်အရ "စီးခို"ဖြစ်သည်။ လင်းပိုင်များ စီးခိုလေ့ရှိသည့်နေရာများသည် ရေလယ်ကောင်တွင် ထွန်းနေသော ရေလက်ကြားနေရာများ၊ ဧရာဝတီမြစ်ရေစီးကြောင်းကွေ့ဝိုက်စီးလေ့ရှိသည့် သောင်ကွေ့နေရာများနှင့် ရေတိမ်နေရာများ ဖြစ်ကြသည်။

ရေအောက်တွင် ငါးများစုမိလျှင် လင်းပိုင်သည် အမြီးကို ရေပေါ်တွင် မတ်နေအောင်ထောင်ပြပြီး ဘယ်ညာယိမ်းပြမည်ဖြစ်ကာ ထိုအချိန်တွင် ရေလုပ်သားက ကွန်ကိုပစ်ရသည်။ ရေပေါ်သို့ ဝဲပျံကျသွားသည့် ကွန်အတွင်းမိသွားသည့်ငါးများကို လင်းပိုင်များက စားလေ့မရှိဘဲ ပိုက်ကွန်အပြင်တွင် ပြေးလွှားနေကြသည့်ငါးများကို ဖမ်းယူစားသောက်ကြသည်။ နှုတ်ခမ်းသားအဖျားတွင် ခဲသီးများတပ်ထားသည့် ပိုက်ကွန်သည် ရေထဲသို့ အဝိုင်းလိုက်ကျသွားရာ ပိုက်ကွန်နှုတ်ခမ်းအပြင်မှ ငါးများသည် လင်းပိုင်အတွက်၊ ကွန်အတွင်းမှ ငါးများသည် ရေလုပ်သားအတွက်ဟု ပိုင်းခြားထားကြောင်း လူနှင့်လင်းပိုင်တို့ သဘောတူညီထားသည့်အလား ထူးခြားလှပေသည်။ ပိုက်ကိုဆွဲတင်လိုက်ချိန်တွင် ပိုက်အတွင်း ပါမလာသည့်ငါးများသည် လင်းပိုင်တို့၏အစာဖြစ်သည်။ ကွန်၏အောက်ခြေ မြစ်ကြမ်းပြင်တွင်ကပ်နေသည့် ငါးများကိုလည်း လင်းပိုင်များက ဖမ်းယူစားသောက်ကြသည်။

ရေလုပ်သားနှင့် လင်းပိုင်တို့ အကျိုးတူငါးဖမ်းလုပ်ငန်းဆောင်ရွက်နေသည့်အတွက် လင်းပိုင်တို့သည် ကွန်အတွင်းသို့ ငါးအပါများသည့် ရေနက်ပိုင်းတွင် ကွန်ချက်ပြလေ့မရှိကြပါချေ။ယင်းတို့အတွက် ဝေစုများများရနိုင်သည့် ရေတိမ်ပိုင်းနေရာများတွင်သာ ကွန်ချက်ပြလေ့ရှိသည်မှာ ဧရာဝတီလင်းပိုင်တို့၏ ထူးခြားဆန်းကြယ်သည့် ဉာဏ်စွမ်းရည်ဟု ဆိုနိုင်ပေသည်။

လင်းပိုင်များ ထိန်းသိမ်းစောင့်ရှောက်ရေး

ဧရာဝတီလင်းပိုင်များ၏ ပျမ်းမျှအလေးချိန်သည် ပေါင် ၂၀၀ မှ ၄၀၀ အတွင်းရှိပြီး သွား ၁၂ ချောင်းမှ ၁၉ ချောင်းအထိ ရှိသည်။ ခန္ဓာကိုယ်တစ်ခုလုံးသည်ခုနစ်ပေ ကျော် ရှည်လျားကာ လုံးပတ်လေးပေကျော်ရှိသည်။ ထိုင်းနိုင်ငံ၌ တွေ့ရှိခဲ့သည့် ဧရာဝတီလင်းပိုင် အထီးတစ်ကောင်သည် အလျားကိုးပေအထိ ရှည်လျားသည်။

ယင်းတို့သည် အသက် ၃၀ နှစ်အထိ ရှင်သန်နိုင်ကြပြီး ခုနစ်နှစ်မှ ကိုးနှစ်အရွယ်တွင် မျိုးပွားနိုင်ကြသည်။ ကိုယ်ဝန်ဆောင်ချိန်မှာ ၁၄ လ ဖြစ်ပြီး တစ်ကြိမ်လျှင် တစ်ကောင်သာ သားပေါက်ကြသည်။ တစ်နာရီအတွင်း ၁၂ မိုင်မှ ၁၄ မိုင်အထိ ကူးခတ်နိုင်ကြကာ 60 KHz ရှိသော အသံလှိုင်းကို ကြားသိကြသည်။

ယခုအခါတွင် ကမ္ဘာတစ်ဝန်း၌ ဧရာဝတီလင်းပိုင် ကောင်ရေ ၇၀၀၀ မျှသာ ကျန်ရှိရာ မြန်မာ၊ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ လာအို၊ ကမ္ဘောဒီးယား၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တို့တွင်သာ မြင်တွေ့နိုင်တော့ကြောင်း သိရှိရပေသည်။ တစ်စတစ်စ အရေအတွက်နည်းပါးလာပြီဖြစ်သည့် ဧရာဝတီလင်းပိုင်များအား ကာကွယ်စောင့်ရှောက်မှုပြုရန် နိုင်ငံအသီးသီးက ဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံကလည်း ဧရာဝတီလင်းပိုင်များကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ဘက်ထရီရှော့ခ်တိုက်ခြင်းများမရှိစေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရှိ ဧရာဝတီလင်းပိုင်များနှင့် ရေလုပ်သားများ ပူးပေါင်းငါးရှာကြပုံကို ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်များတွင် ဂျပန်နိုင်ငံမှ (NHK) သတင်းဌာနနှင့် ဂျာမနီ နိုင်ငံရုပ်သံဌာနများမှ လာရောက်ရိုက်ကူး ထုတ်လွှင့်ပြသခဲ့သဖြင့် ကမ္ဘာအနှံ့ထင်ရှားခဲ့သည်။ နိုင်ငံတကာမှ လင်းပိုင်ချစ်သူများ၊ လေ့လာစောင့်ကြည့်သူများ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုလေ့ရှိကြသည်။ ဧရာဝတီမြစ်အတွင်း အစုန်အဆန်သွားလာနေကြသည့် အပျော်စီးသင်္ဘောများတွင် လိုက်ပါလာကြသည့် ကမ္ဘာလှည့်ခရီးသည်များသည် ဧရာဝတီလင်းပိုင်များကို မြင်တွေ့၊ မှတ်တမ်းတင်လေ့ရှိကြသည်။ ထူးခြားသည့် လင်းပိုင်မျိုးစိတ်တစ်ခုဖြစ်သည့် ဧရာဝတီလင်းပိုင်များကို စောင့်ရှောက်မှုပြုခြင်းဖြင့် လင်းပိုင်ကြည့်ခရီးသွား လုပ်ငန်းသည် ယခုထက်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပေသည်။

တစ်ချိန်က အကောင်ရေများစွာ ရှိခဲ့သည့် ဧရာဝတီလင်းပိုင်များသည် ၂၀၁၄ ခုနှစ် စစ်တမ်းများအရ မြန်မာနိုင်ငံတွင် ကောင်ရေ ၇၀ ဝန်းကျင်သာ ကျန်ရှိတော့ပေသည်။ ရေလုပ်သားများနှင့်အတူ ငါးရှာ၊ ငါးဖမ်းကြသည့် ဧရာဝတီလင်းပိုင်များ မျိုးသုဉ်းပျောက်ကွယ်သွားခြင်းမှ ကာကွယ်ရန် ဆောင်ရွက်နေချိန်တွင် ဒေသခံများသည် ဧရာဝတီလင်းပိုင်များအပေါ် တန်ဖိုးထား ချစ်မြတ်နိုးကြရန် လိုအပ်လှပေသည်။

ဧရာဝတီလင်းပိုင်ဟု ဂုဏ်ယူဖွယ်တည်ရှိနေသည့် ရေသတ္တဝါများအား ဝိုင်းဝန်းစောင့်ရှောက်ကြခြင်းဖြင့် မြန်မာနိုင်ငံရှိ ရှားပါးလင်းပိုင်မျိုးစိတ်တစ်ခုကို ပြည်သူများက တန်ဖိုးထား ထိန်းသိမ်းထားသင့်ကြပါပေသည်။

အန်ဒါဆင်သည် လန်ဒန်မြို့သို့ ပြန်လည်ရောက်သောအခါ သူ၏တွေ့ရှိခဲ့မှုများကို လန်ဒန်သတ္တဗေဒအသင်းကြီးသို့ (Description of a new cetacean from the Irrawaddy River, Burma) အမည်ဖြင့် စာတမ်းတစ်စောင် တင်သွင်းခဲ့သည်။ သူ၏စာတမ်းတွင် တွေ့ရှိခဲ့သော လင်းပိုင်များကို ဧရာဝတီလင်းပိုင်ဟု ဖော်ပြခဲ့ရာမှ ယင်းလင်းပိုင်မျိုးစိတ်များသည် ဧရာဝတီလင်းပိုင်ဟု အမည်တွင်ခဲ့သည်။ ထိုအချိန်မှစ၍ အခြားနိုင်ငံများ၌ တွေ့ရှိခဲ့သည့် မျိုးတူလင်းပိုင်များကိုလည်း ဧရာဝတီလင်းပိုင်ဟုပင် ခေါ်ဆိုခဲ့ကြသည်။

ဥစားကြက်များ၏အစာထဲ၌ အဓိကပါဝင်သော ပြောင်းနေရာတွင် ပီလောပီနံအား အစားထိုးအသုံးပြုခြင်း

ယဉ်ယဉ်ကျော့ စိုက်၊ မွေး၊ ဆည်

တိရစ္ဆာန်များတွင်အသား၊ နို့နှင့် ဥထုတ်လုပ်မှုတို့အတွက် စွမ်းအင်ဓာတ် (energy) သည် အလွန်အရေးကြီးပါသည်။ ကြက်စာတွင် စွမ်းအင်ဓာတ်အဖြစ် ပြောင်း (Maize) ကို အဓိကထည့်သွင်းအသုံးပြုကြပါသည်။ သို့သော်လည်း ပြောင်းကိုအခြားတိရစ္ဆာန် အစာများနှင့် ယှဉ်ပြိုင်အသုံးပြုနေရခြင်းကြောင့် အနာဂတ်တွင် ကြက်မွေးမြူသူများအနေဖြင့် ကြက်စာအတွက် ပြောင်းရရှိမှုသည် အခက်အခဲရှိလာနိုင်ပါသည်။ ထို့ကြောင့် ပြောင်းနေရာတွင် အစားထိုး အသုံးပြုရန်အတွက် စွမ်းအင်ဓာတ်မြင့်မားသည့် အခြားသီးနှံများကိုရွေးချယ်အသုံးပြုရန် စဉ်းစားလာကြပါသည်။ ယင်းတို့အနက်မှ ပီလောပီနံသည် စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်ပါသည်။

ပီလောပီနံ (Cassava) သည် ထွက်နှုန်းကောင်းပြီး အာဟာရတန်ဖိုးများလည်း မြင့်မားကြောင်း သုတေသန တွေ့ရှိချက်များမှ ဖော်ပြထားပါသည်။ ပီလောပီနံကို စိုက်ပျိုးပြီး ရှစ်လအကြာတွင် ရိတ်သိမ်းနိုင်ပြီး နောက်အကျဆုံး ၁၈ လ မှ လ ၂၀ တွင် ရိတ်သိမ်းနိုင်ပါသည်။ ပီလောပီနံကို အပင်ရင့်သောပင်စည်မှ ၆ လက်မခန့် ဖြတ်ပြီး မိုးရာသီမတိုင်မီ စိုက်ပျိုးနိုင်ပါသည်။

ပီလောပီနံသည် အပူဒဏ်ခံနိုင်သောအပင်တစ်မျိုးဖြစ်ပြီး ပူအိုက်စွတ်စိုသော ရာသီဉတု (humid-warm climate) နှင့် သဲဆန်သောနုန်းမြေတွင် စိုက်ပျိုးရန် အသင့်လျော်ဆုံး ဖြစ်ပါသည်။ အပူချိန်အနေဖြင့် အကောင်းဆုံးမှာ ၂၅ မှ ၂၉ ဒီဂရီစင်တီဂရိတ် ဖြစ်သော်လည်း ၁၆ မှ ၃၈ အထိ ခံနိုင်ရည်ရှိကြောင်း သိရှိရပါ သည်။ စိုက်ပျိုးမြေ၏ ချဉ်ဖန်နှုန်းအနေဖြင့် ၄ ဒသမ ၀ မှ ၈ ဒသမ၀ အထိ ခံနိုင်ရည်ရှိပါသည်။

ပီလောပီနံအရွက်တွင် အသားဓာတ် (Protein) ၁၄-၄၀ ရာခိုင်နှုန်း ကြွယ်ဝပြီး ပီလောပီနံဥတွင် စွမ်းအင်ဓာတ်ကြွယ်ဝပါသည်။ ပီလောပီနံသည် တစ်ဟက်တာ (1 hectare) တွင် စွမ်းအင်ဓာတ် ၂၅၀၀၀၀ ကယ်လိုရီခန့် ထုတ်လုပ်နိုင်ပြီးဆန်သည် ၁၇၆၀၀၀၊ ဂျုံသည် ၁၁၀၀၀၀ နှင့် ပြောင်းသည် ၂၀၀၀၀၀ ခန့်ထုတ်လုပ်နိုင်ပါသည်။ ထို့ကြောင့် ပီလောပီနံသည် အခြားစွမ်းအင်ဓာတ် ကြွယ်ဝသော ဆန်၊ ဂျုံ၊ ပြောင်းတို့နှင့် နှိုင်းယှဉ်ပါက တစ်ဟက်တာတွင် ကယ်လိုရီထုတ်လုပ်နိုင်မှုအများဆုံးဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

ပြောင်းနေရာတွင် ပီလောပီနံဥကို အစားထိုးလိုက်သောအခါ အစာထဲတွင် အသားဓာတ် ပါဝင်မှုနှုန်းလျော့ကျသွားပါသည်။ ထို့ကြောင့် အစာထဲတွင် အသားဓာတ် ပါဝင်မှု မြင့်မားစေရန်အတွက် ပီလောပီနံအရွက်ကို ထည့်သွင်းအသုံးပြု စမ်းသပ်ခဲ့ပါသည်။

သို့သော်လည်းပီလောပီနံ (ဥ + အရွက်) ကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုရန်အတွက် အဓိကအဟန့်အတားတစ်ခုမှာ ဆိုင်ရာနိုဒ် (cyanide) ဟုခေါ်သည့် အဆိပ်ဓာတ်တစ်ခု ပါဝင်နေခြင်းဖြစ်ပါသည်။ ပီလောပီနံအရွက်တွင် ဆိုင်ရာနိုဒ် ဓာတ်ပါဝင်မှုသည့် ပီလောပီနံဥတွင် ပါဝင်မှုထက် ခြောက်ဆခန့်ပိုများပါသည်။ ဆိုင်ရာနိုဒ်ဓာတ် ပမာဏလွန်ကဲစွာစားသုံးမိပါက လူနှင့် တိရစ္ဆာန်များတွင် အသက်သေဆုံးနိုင်သည်အထိ ဆိုးကျိုးများကို ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ပီလောပီနံကို တိရစ္ဆာန် အစာအဖြစ် အသုံးမပြုမီ ပထမဦးစွာ ယင်းတွင်ပါဝင်သည့် ဆိုင်ရာနိုဒ်ဓာတ်ကို လျှော့ချရန်လိုအပ်ပါသည်။ လျှော့ချရန် နည်းလမ်းများစွာကို သုတေသနပြု စမ်းသပ်ခဲ့ပါသည်။ ယင်းတို့အနက်မှ ချဉ်ဖတ် (silage) ပြုလုပ်ခြင်းသည် ပီလောပီနံတွင် ပါဝင်သည့် ဆိုင်ရာနိုဒ်ပမာဏကိုအထိရောက်ဆုံး လျှော့ချနိုင်ခဲ့ပါသည်။ ချဉ်ဖတ်ပြုလုပ်ရာတွင် fermented juice of epiphytic lactic acid bacteria (FJLB) ဟုခေါ်သည့် လက်တစ်အက်စစ်ဗက်တီးရီးယား ပါဝင်သော အရည်တစ်မျိုးကို ဓာတ်ကူပစ္စည်း (additive) အဖြစ် အသုံးပြုခြင်းသည် ဆိုင်ရာနိုဒ် ပမာဏကို ၈၀ ရာခိုင်နှုန်းခန့်အထိ လျှော့ချနိုင်ပါသည်။ ပီလောပီနံကို ပြောင်းနေရာအစားမထိုးမီ ပထမဆုံး FJLB ကိုအသုံးပြုပြီး ချဉ်ဖတ်ပြုလုပ်ခဲ့ပါသည်။ ထိုချဉ်ဖတ်ကို တစ်လခန့်သိုလှောင်ထားပြီးနောက် အခြောက်ခံကာကြိတ်ခွဲပြီး ကြက်စာထဲတွင် ပြောင်းနေရာ၌ အစားထိုးခဲ့ပါသည်။

ပီလောပီနံကိုပြောင်းနေရာတွင် အစားထိုးစမ်းသပ်ရာ၌ အရွက်ကိုပြောင်း၏ ၁၀ ရာခိုင်နှုန်းသာအစားထိုးခဲ့ပြီး ပီလောပီနံဥကို ရာခိုင်နှုန်းအမျိုးမျိုးဖြင့် ၁၀၀ ရာခိုင်နှုန်း (အရွက် ၁၀ + ဥ ၉၀) ဖြစ်သည်အထိ အစားထိုးပြီး ဥစားကြက်များ၏ အစာအဖြစ် အသုံးပြု စမ်းသပ်ခဲ့ပါသည်။ ယင်းအစာများကို ဥစားကြက်မများအား ကျွေးပြီး ကြက်များ၏ အစာစားနှုန်း၊ ဥထွက်နှုန်း၊ အစာမှဥအဖြစ်သို့ ပြောင်းလဲပေးနိုင်နှုန်းနှင့် ကြက်ဥအရည်အသွေးများကို သုတေသနပြုစမ်းသပ်ခဲ့ပါသည်။ လေ့လာတွေ့ရှိချက်များအရ ပီလောပီနံကို ပြောင်းနေရာ၌ အစားထိုးကျွေးခြင်းအားဖြင့် ကြက်များ၏ အစာစားနှုန်း၊ ကိုယ်အလေးချိန်နှင့် ကြက်ဥအလေးချိန်တို့ သိသိသာသာပြောင်းလဲမသွားသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း ကြက်ဥဥနှုန်းသည် ၁၀၀ ရာခိုင်နှုန်း



အစားထိုးကျွေးသည့်အုပ်စုတွင် အနည်းငယ်ကျဆင်းသွားပါသည်။ ပြောင်းနေရာ၌ ပီလောပီနံကိုအစားထိုးကျွေးခြင်းအားဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်ကို သိသိသာသာ လျှော့ချနိုင်ပါသည်။

ကြက်ဥအရည်အသွေးများဖြစ်သည့် ဥအရွယ်အစား၊ ဥအနှစ်တွင်ပါဝင်သည့် ကိုလက်စထရောပမာဏ (egg yolk cholesterol)၊ ဥအနှစ်အရောင်၊ ဥခွံအထူတို့နှင့်ပတ်သက်ပြီး စမ်းသပ်ခဲ့ရာတွင်လည်း ပီလောပီနံအစားထိုးကျွေးခြင်းအားဖြင့် ယင်းအရည်အသွေးများ သိသိသာသာပြောင်းလဲမသွားသည်ကို လေ့လာတွေ့ရှိခဲ့ပါသည်။ သို့သော် အစာထဲတွင် ပီလောပီနံပါဝင်မှုပမာဏ တိုးလာတိုင်း ကြက်ဥတွင် ဗီတာမင်အေ (vitamin A) နှင့် ဘီတာကယ်ရိုတင်း (ß-carotene) ကဲ့သို့သော အာဟာရဓာတ်များ ပိုမိုပါဝင်လာသည်ကို လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် ဥစားကြက်မများ၏အစာတွင် ပြောင်းနေရာ၌ ပီလောပီနံကို ၁၀၀ ရာခိုင်နှုန်းအထိ အစားထိုးကျွေးနိုင်သော်လည်း ထုတ်လုပ်မှုကျဆင်းသည်ကို လေ့လာတွေ့ရှိရပါသည်။ ပြောင်းနေရာတွင် ၇၅ ရာခိုင်နှုန်း (အရွက် ၁၀ + ဥ ၆၅) အထိ အစားထိုးခြင်းအားဖြင့် ထုတ်လုပ်မှုနှင့် ကြက်ဥအရည်အသွေးတို့ မြင့်တက်လာသည့်အပြင် ထုတ်လုပ်မှု ကုန်ကျစရိတ်တို့ကို လျှော့ချနိုင်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ဥစားကြက်မများ၏အစာတွင် ပြောင်းနေရာ၌ ပီလောပီနံကို ၇၅ ရာခိုင်နှုန်းအထိ အစားထိုးကျွေးခြင်းအားဖြင့် ကြက်မွေးသူများအတွက် ကောင်းကျိုးများရရှိနိုင်ကြောင်း စာရေးသူ၏ သုတေသနစမ်းသပ်တွေ့ရှိချက်များအား ဝေမျှတင်ပြလိုက်ရပါသည်။

အာဆီယံနှင့် မြန်မာနိုင်ငံတို့၏ လွန်ခဲ့သော ၁၅ နှစ်အတွင်းပြောင်းနှင့် ပီလောပီနံ စိုက်ပျိုးထုတ်လုပ်နိုင်မှုများကို နှိုင်းယှဉ်လေ့လာကြည့်သောအခါ အာဆီယံနိုင်ငံများတွင် ပီလောပီနံသည် ပြောင်းထက် ထုတ်လုပ်မှုပိုမိုများပြားနေသော်လည်း မြန်မာနိုင်ငံတွင်မူ ပီလောပီနံသည် ပြောင်းထက်လျော့နည်းနေသည်ကို တွေ့ရှိရပါသည်။ ယခုအခါ ကမ္ဘာ့နိုင်ငံအများစုတွင်လည်း ပီလောပီနံကို ပိုမိုစိုက်ပျိုးလာကြပြီး စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများ (ပီလောပီနံအရွက်) ကို တိရစ္ဆာန်များ၏အစာအတွက် အကျိုးရှိစွာ အသုံးပြုလာကြပါသည်။ ထို့ကြောင့် ပီလောပီနံကို ပိုမိုစိုက်ပျိုးပြီး အဓိကထုတ်ကုန် (စားသောက်ကုန်၊ ကော်မှုန့်၊ ဇီဝလောင်စာ) အနေဖြင့်သာမက စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာအဖြစ် အကျိုးရှိစွာ အသုံးချပြီး တောင်သူများဝင်ငွေ ပိုမိုကောင်းမွန်လာနိုင်သောကြောင့် မြန်မာနိုင်ငံတွင်လည်း ပီလောပီနံကို ပိုမိုစိုက်ပျိုးကြပါစို့ဟု တိုက်တွန်းနိုးဆော်လိုက်ရပါသည်။ ။





ကမ္ဘာ့နိုင်ငံအများစုတွင်လည်း ပီလောပီနံကို ပိုမိုစိုက်ပျိုးလာကြပြီး စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများ (ပီလောပီနံအရွက်) ကို တိရစ္ဆာန်များ၏အစာအတွက် အကျိုးရှိစွာ အသုံးပြုလာကြပါသည်။ ထို့ကြောင့် ပီလောပီနံကို ပိုမိုစိုက်ပျိုးပြီး အဓိကထုတ်ကုန် (စားသောက်ကုန်၊ ကော်မှုန့်၊ ဇီဝလောင်စာ) အနေဖြင့်သာမက စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာအဖြစ် အကျိုးရှိစွာ အသုံးချပြီး တောင်သူများဝင်ငွေ ပိုမိုကောင်းမွန်လာနိုင်သောကြောင့် မြန်မာနိုင်ငံတွင်လည်း ပီလောပီနံကို ပိုမိုစိုက်ပျိုးကြပါစို့

မြဝတီမြို့ မဟာသင်္ကြန်ပွဲတော် ပျော်ရွှင်စွာဆင်နွှဲ

မြဝတီ ဧပြီ ၁၈

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့တွင် ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် သင်္ကြန်အတက်နေ့ ဧပြီ ၁၆ ရက် က ကားများဖြင့်ရေပတ်ခံထွက်သူများ၊ ရေပတ်သူများနှင့် မြို့နယ်အတွင်းရှိ ရေတံခွန်၊ ခြေတော်ရာ၊ ချောင်းဆုံ၊ ရေပူနေရာများတွင် တည်ငြိမ်အေးချမ်း ပျော်ရွှင်စွာ ရေကစားသူများဖြင့် စည်ကားခဲ့ကြသည်။

၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ညနေ ၆ နာရီက မြဝတီခရိုင် ဗဟိုမဏ္ဍပ်၌ ကျင်းပရာ မြဝတီခရိုင်မဟာသင်္ကြန်ဖြစ်မြောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က နှစ်သစ်ကူးအမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက မဟာသင်္ကြန်ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပရာတွင် ဆောင်ရွက်ခဲ့ကြသော အဖွဲ့ဝင်များနှင့် ယိမ်းအဖွဲ့များအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။

ထို့နောက် ယိမ်းအဖွဲ့သုံးဖွဲ့မှ ဖျော်ဖြေတင်ဆက်ပြီး မြဝတီခရိုင် မဟာသင်္ကြန်ဖြစ်မြောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က မဟာသင်္ကြန်ဗဟိုမဏ္ဍပ်အား အောင်မြင်စွာ ပိတ်သိမ်းကြောင်း ကြေညာပြီး မြန်နန္ဒာသီချင်းဖြင့် စုပေါင်းသရုပ်ဖော်ကပြပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်တို့က အတာရေများ ပက်ဖျန်းပေးပြီး ပျော်ရွှင်စွာ ရေကစား၍ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ကချင်ပြည်နယ်၌ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပပြီးစီး

မြစ်ကြီးနား ဧပြီ ၁၈

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် ကချင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုရယိမ်းအဖွဲ့များအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို သင်္ကြန်အတက်နေ့ ညနေ ၅ နာရီတွင် မြစ်ကြီးနားမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ဗဟိုမဏ္ဍပ်မှ ယိမ်းအဖွဲ့များက ယိမ်းအက အလှများ၊ တိုင်းရင်းသားရိုးရာ အကအလှများဖြင့် သီဆိုဖျော်ဖြေကြသည်။

သံချပ်ပြိုင်ပွဲဆုရရှိသည့် သံချပ်အဖွဲ့များ၏ အမည်စာရင်းကို ဒိုင်ချုပ် မြစ်ကြီးနားတက္ကသိုလ်မှ ဒေါက်တာကျော်ဆွေညွန့်က ကြေညာပြီး ပြည်နယ်ဝန်ကြီးချုပ်က ပထမ၊ ဒုတိယ၊တတိယ၊ နှစ်သိမ့်ဆုရရှိသူများနှင့် အလှပြယာဉ်ပြိုင်ပွဲတွင် ဆုရရှိသည့် ယာဉ်များအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လည်းကောင်း၊ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် စီဒီကတ်ဆက်ဖြင့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ ၁၄ ဖွဲ့နှင့် ကိုယ်ပိုင်သံစဉ်/ ကိုယ်ပိုင်စာသားဖြင့် ယှဉ်ပြိုင်ခဲ့ကြသည့် ယိမ်းအဖွဲ့ ၁၀ ဖွဲ့တို့မှ ပထမ၊ ဒုတိယ၊တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ယိမ်းအဖွဲ့များအား ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အမှတ်ပေးအကဲဖြတ်ဒိုင်အဖွဲ့အား ဂုဏ်ပြုလက်ဆောင်များပေးအပ်ရာ ဆုရရှိသည့် ယိမ်းအဖွဲ့များနှင့် သံချပ်အဖွဲ့တို့က သင်္ကြန်တေးသီချင်းများ၊ သံချပ်တို့ဖြင့် သီဆိုကပြဖျော်ဖြေကြပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်က ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ပိတ်သိမ်းကြောင်း၊ ၁၃၇၉ ခုနှစ် နှစ်သစ်ကို ကြိုဆိုလိုက်ကြောင်း ကြေညာပြီး ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခို တေးသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(ပြည်နယ်ပြန်/ဆက်)

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ပသီချောင်းအတွင်းရေကစားကြသူများဖြင့်စည်ကား

ဘားအံ ဧပြီ ၁၈

ကရင်ပြည်နယ်အတွင်း သင်္ကြန်ကာလအတွင်း သွားရောက်လည်ပတ်ရေကစားနိုင်ကြသော သဘာဝရေပူစမ်းများ၊ ရေတံခွန်များ၊ ဂူဘုရားများ များစွာရှိရာတွင် ဘားအံခရိုင်၊ သံတောင်ကြီးမြို့နယ်၊ သံတောင်မြို့ (၁၃ မိုင်)ရှိ အထင်ကရဖြစ်သော ပသီချောင်းတွင် ၁၃၇၈ ခုနှစ်၊ မဟာသင်္ကြန်နှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက်က အနယ်နယ်အရပ်ရပ်ရှိ မိဘပြည်သူများ စိတ်လက်အပန်းဖြေခြင်း၊ ရေကစားကြရန် လာရောက်လည်ပတ်ကြသည်မှာ များပြားစည်ကားလျက်ရှိသည်။

"သင်္ကြန် အတက်နေ့ကနေစပြီး တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ဖြူး၊ ထန်းတပင်မြို့နဲ့ တောင်ငူအရှေ့ဘက်ကမ်း ကျေးရွာများကနေပြီး ရေပက်ခံထွက်ပြီး ပသီချောင်းကို ဆက်ပြီးတော့ ရေကစားဖို့လာကြတာ နှစ်ဆန်း ၁ ရက်နေ့ကတော့ အများဆုံးပေါ့၊ ကားတွေ၊ ဆိုင်ကယ်တွေနဲ့ စည်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဈေးလည်းတအား ရောင်းရတယ်။ အစားအသောက်တွေ အရောင်းရဆုံးပေါ့၊ ရေကတော့ ဒူးလောက်ပဲ တချို့နေရာ အနည်းအကျင်းက ပေါင်လောက်၊ ခါးလောက်က အနက်ဆုံးပဲဆိုတော့ ရေနစ်ကြတာ မရှိပါဘူး၊ ပသီချောင်းက တောင်ကျရေဖြစ်လို့ ဒီနှစ်တော့ မိုးရွာလို့ ရေနောက်တယ်"ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

အဆိုပါ ပသီချောင်းရှိရာ သံတောင်မြို့ (၁၃)မိုင်သည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့အရှေ့ဘက် (၁၃) မိုင်အကွာအဝေးတွင် ရှိပြီး မြို့လယ်ကောင်ကို ဖြတ်စီးသွားသော တောင်ကျစိမ့်စမ်းရေများ ပေါင်းဆုံရာမှ တောင်ကျချောင်းတစ်ခုဖြစ်ပြီး ဒေသအတွင်း သောက်သုံးရေနှင့်စိုက်ရေးပျိုးရေးအတွက် များစွာအကျိုးပြုလေသည်။ ထို့အပြင်ပသီချောင်းသို့ အခါကြီးရက်ကြီးများနှင့် ရုံးပိတ်ရက်များတွင် လာရောက် လည်ပတ်ကြသော်လည်း ယခုလိုနှစ်ဆန်းတစ်ရက်နေ့တွင် သင်္ကြန်ရေ လာရောက်ကစားကြသူများ ချောင်းအပြည့်ရှိရာ ချောင်းအတွင်း သဲအောက်ခံပေါ်တွင် ကျောက်တုံးကြီးငယ်များနှင့် အမြဲတမ်းအေးလျက်ရှိသော စီးဆင်းနေသည့် ရေများတွင် ရေစိမ်ခြင်း၊ တစ်ဦးနှင့်တစ်ဦးအပြန်အလှန် ရေပက်ဆော့ကစားခြင်းဖြင့် စည်ကားကြသည့်အပြင် ဒေသခံများမှလည်း ချောင်းတစ်လျှောက်နှင့် အဝင်လမ်းများတွင် ရိုးရာခေါင်ဘူးများနှင့် အစားအသောက်များကို ပွဲဈေးတန်းကဲ့သို့ ရောင်းချနေသည်မှာ စည်ကားလျက်ရှိကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနား မြိတ်မြို့တွင် စည်ကားစွာကျင်းပ

မြိတ် ဧပြီ ၁၈

၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်း(၁)ရက်နေ့ နှစ်သစ်မင်္ဂလာအချိန်ခါတွင် မြန်မာတစ်နိုင်ငံလုံး၌ ကုသိုလ် ကောင်းမှုများပြုလုပ်လျက်ရှိကြရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကို ဧပြီ ၁၇ ရက် နံနက် ၇ နာရီခွဲက မြိတ်မြို့ဆိပ်ငယ်ဇေတံတား၌ ကျင်းပသည်။

ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲတွင် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကို၊ ဌာနဆိုင်ရာများ၊ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြ၍ မြိတ်မြစ်အတွင်းသို့ ကျောက်ငါးကောင်ရေ ၃၀၀၊ ကကတစ်သားပေါက်ကောင်ရေ ၂၀၀၀၀၊ ကဏန်းကောင်ရေ ၅၀၀ တို့အား တပျော်တပါး ကုသိုလ်ပြုလွှတ်ပေးခဲ့ကြသည်။

ဆက်လက်၍ သက်ကြီးပူဇော်ပွဲကို ပုလဲရတနာခန်းမ၌ ကျင်းပရာ အဘိုးအဘွားများအား ပူဇော်ကန်တော့လွှာကို မြိတ်ခရိုင်အုပ်ချုပ်ရေးမှူးက ဖတ်ကြားသည်။ ယင်းနောက် တက်ရောက်လာကြသူများက အဘိုးအဘွားများကို ကန်တော့ချီးဖြင့် ကန်တော့ကြရာ အဘိုး ဦးပြည်သိန်းက ဆုပေးစကားနှင့် အဘိုးအဘွားများ၏ ဆုတောင်း မေတ္တာပို့သမှုကို ခံယူကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အဘိုးအဘွားများအား ကန်တော့လက်ဆောင်ပစ္စည်းနှင့် အလှူငွေကျပ် ၁၀၀၀၀ စီ ပေးအပ်လှူဒါန်းခဲ့ကြပြီး အခမ်းအနားရုပ်သိမ်းကြသည်။ အခမ်းအနားအပြီးတွင် အဘိုးအဘွားများအား အာဟာရဒါနကျွေးမွေးခြင်း၊ ကျန်းမာရေးဆေးစစ်ကုသပေးခြင်းများ ကုသိုလ်ကောင်းမှုများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သက်ကြီးပူဇော်ပွဲတွင် ကန်တော့ခံ အသက်(၉၀) နှင့်အထက် စုစုပေါင်း အဘိုးအဘွား ၂၂၄ ဦးအား တစ်ဦးလျှင် ကန်တော့လက်ဆောင် မုန့်ပုံးတစ်ပုံး၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ဆပ်ပြာ၊ အလှူငွေကျပ် ၁၀၀၀၀ တို့ဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။ အခမ်းအနားသို့ မတက်ရောက်နိုင်သော အဘိုး အဘွားများအား တာဝန်ရှိသူများက အိမ်တိုင်ရာရောက် သွားရောက်၍ ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

သတင်းတိုများ

စလင်းမြို့ရတနာမဉ္ဇူဘုရား ဒေသစာရီကြွချီအပူဇော်ခံ

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ဧပြီ ၁၇ ရက် (နှစ်ဆန်း ၁ ရက်)နံနက်ပိုင်းက စလင်းမြို့၏ တန်ခိုးကြီးဘုရား ရတနာမဉ္ဇူကိုယ်တော်မြတ်ကြီး မြို့နယ်အတွင်းသို့ ဒေသစာရီ ကြွချီအပူဇော်ခံသည်။ ရတနာမဉ္ဇူဘုရားကို နှစ်စဉ် နှစ်ဆန်းတစ်ရက်တွင် ဒေသစာရီအပူဇော်ခံလှည့်လည်၍ ကျန်အချိန်များတွင် လက်ပန်ပင်ကျောင်းဝင်းအတွင်းရှိ အာရုံခံကျောင်းတော်ကြီးတွင်သာ သီတင်းသုံးတော်မူ၍ နံနက်ပိုင်း တစ်ကြိမ်နှင့် ညနေပိုင်း တစ်ကြိမ်သာ ဖူးမြော်ခွင့်ရရှိသည်။ ရတနာမဉ္ဇူဘုရားကြီးကို အလောင်းစည်သူမင်းကြီးက သိကြားမင်းပေးအပ်သော သရက္ခန်နံ့သာနီကို ဘုရားငါးဆူထုလုပ်ကိုးကွယ်ရာ ထိုဘုရားငါးဆူ၏ ထုစာမှုန့်ကို မံ၍ ခြောက်ဆူမြောက်သွန်းလုပ်ခဲ့သောဘုရားဖြစ်သည်။ ဘုရားကြီးကို သံဃာစဉ်ခြောက်ဆက်ထိန်းသိမ်းလာခဲ့ရာ ဆရာတော်ဦးမာလာလက်ထက်တွင် ကျောင်းကြီးမီးလောင်ခဲ့ပြီး မီးထဲတွင်မပါဘဲကျောင်းအနီး ပေပင်ပေါ်သို့ စံမြန်းသီတင်းသုံးခဲ့သည်။ နောက်ရက်တွင် ဆရာတော်အားအိပ်မက်ပေး၍ ပေပင်ပေါ် ရောင်ခြည်ကွန့် မြူးနေသောဘုရားကြီးကို တွေ့ရှိခဲ့ပြီး မီးကွင်းခဲ့သောဘုရားကိုပေပင်ပေါ်မှပင့်ဆောင်၍ ယနေ့တိုင်ကိုးကွယ်ထားရှိခဲ့ခြင်းဖြစ်သည်။ ဘုရားကြီးကို နှစ်စဉ်စလင်းရဲတပ်ဖွဲ့မှ တာဝန်ယူပင့်ဆောင်ကာ ဒေသစာရီကြွချီ အပူဇော်ခံခြင်းဖြစ်သည်။

စစ်ကြည်(စလင်း)

အင်းတော်မြို့နယ်၌ သက်ကြီးပူဇော်ပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးကျေးရွာတွင် (၂၇)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို မဟာသင်္ကြန်အတက်နေ့ ညနေ ၅ နာရီခွဲက စံပြကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။အဆိုပါအခမ်းအနားသို့မော်လူး စံပြကျေးရွာ အုပ်ချုပ်ရေးမှူးဦးစိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ပွဲဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အသက်(၈၀)နှင့်အထက် အဘိုး အဘွား ၈၁ ဦးတက်ရောက်ခဲ့ကြသည်။ အဆိုပါသက်ကြီးပူဇော်ပွဲအတွက် ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၄၀ နီးပါးရရှိခဲ့ကြောင်း သိရပြီး မော်လူးစံပြကျေးရွာရှိ သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များကလည်း နှစ်စဉ်ကျင်းပနိုင်ရန်စီစဉ်ထားကြောင်း ပွဲဖြစ်မြောက်ရေးကော်မတီဝင် ကိုချိတ်က ပြောကြားသည်။

လူအောင်(ကသာ)

ဗန်းမော်မြို့၌ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

ကချင်ပြည်နယ် ဗန်းမော်မြို့၌ မြန်မာ့နှစ်သစ်ကူးမင်္ဂလာအခါသမယ ၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက် (၂၀၁၇ ခုနှစ် ဧပြီ ၁၇ ရက်) နံနက် ၇ နာရီက မြို့မရပ်ကွက် ရှပ်ပြေးဆိပ်ကမ်း၌ ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးသွင်ဦးဆောင်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံများ စုပေါင်းငါးလွှတ်ခဲ့ကြသည်။ အဆိုပါအခမ်းအနားတွင် ရွှေဝါငါးကြင်း၊ ငါးခုံးမကောင်ရေ စုစုပေါင်း ၃၂၀၀၀ ကို ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပခဲ့ကြကြောင်း သိရသည်။

ဆီမီးခုံ - နန်းရီ

စစ်ကိုင်းမြို့ ယိမ်းပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် ဗဟိုမဏ္ဍပ်ပိတ်ပွဲကျင်းပ

စစ်ကိုင်း မေ ၁၈

စစ်ကိုင်းမြို့နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ ကျင်းပခဲ့သည့် ယိမ်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ယိမ်းအဖွဲ့များအား ဆုချီးမြှင့်ခြင်းနှင့် ဗဟိုမဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို မေ ၁၆ ရက် ညနေပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပထမဆုရရှိသည့် ပညာရေးယိမ်းအဖွဲ့အားလည်းကောင်း၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်လှက ဒုတိယဆုရရှိသည့် ပိတောက်နန်းကလှသူဇာ ယိမ်းအဖွဲ့အားလည်းကောင်း၊ စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဆန်းက တတိယဆုရရှိသည့် ဇေယျာယိမ်းအဖွဲ့အားလည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးကျော်သောင်းက နှစ်သိမ့်ဆုများရရှိခဲ့ကြသည့် အသင်္ချာ၊ တကောင်း၊ နီလာ၊ ဟိုတယ်စစ်ကိုင်းနှင့် နီလာမေတ္တာယိမ်းအဖွဲ့များအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် မဏ္ဍပ်တွင်အစီအစဉ် ကြေညာသူများနှင့် ပြိုင်ပွဲမှ အမှတ်ပေးဒိုင်အဖွဲ့များအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့က အမှတ်တရဂုဏ်ပြု လက်ဆောင်များ ပေးအပ်ခဲ့ကြပြီး မြနန္ဒာတေးသီချင်းဖြင့် အောင်မြင်စွာ ပိတ်သိမ်းခဲ့သည်။ **မျိုးဝင်း(စစ်ကိုင်း)**

သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲများ သထုံတွင်ကျင်းပ

သထုံ မေ ၁၈

မွန်ပြည်နယ် သထုံမြို့နယ်တွင် မြန်မာနှစ်ဆန်း ၁ ရက် အထိမ်းအမှတ် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲများကို မေ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်နေ့)က စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

နှစ်ဆန်း ၁ ရက် နံနက် ၇ နာရီခွဲမှ စတင်ကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက သထုံမြို့ဝါးပါးဆည်အတွင်းသို့ ရွှေဝါငါးကြင်း ကောင်ရေ ၁၀၀၀၀ ကျော်ကို ဇီဝိတဒါန လွှတ်ပေးခဲ့ကြသည်။

ထို့နောက် သထုံမြို့၏ ကျက်သရေဆောင် သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တော်ကြီးတွင် မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ၁၀၀ ကျော်တို့အား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြကာ လူမှုရေးအသင်းအဖွဲ့များက ခြေသည်း၊ လက်သည်း ညှပ်ခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ပေးခြင်းတို့ဖြင့် ကုသိုလ်ပြုခဲ့ကြပြီး ကျန်းမာရေးဝန်ထမ်းများကလည်း ဘိုးဘွားများအား အခမဲ့ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သက်ဦး(သထုံ)

သုဝဏ္ဏဝတီမြို့မှ ရေရှားပါးသော ရပ်ကွက်များသို့ သောက်သုံးရေများ စတင်ဖြန့်ဝေပေးလျက်ရှိ

သုဝဏ္ဏဝတီ မေ ၁၈

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့သည် ရေရှားပါးလေ့ရှိသည့်ဒေသဖြစ်သောကြောင့် ယခုနှစ်တွင် သင်္ကြန်မတိုင်မီကပင် သောက်သုံးရေပြတ်လပ်မှု မကြုံတွေ့ရစေရန် ပြည်သူများက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြပြီး လက်ရှိအချိန်တွင် သောက်သုံးရေ ရှားပါးစပြုလာသည့် ရပ်ကွက်များသို့လည်း မေ ၁၆ ရက်မှစ၍ သောက်သုံးရေများ လိုက်လံလှူဒါန်းခဲ့ကြကြောင်း သိရသည်။

သုဝဏ္ဏဝတီမြို့သည် လွန်ခဲ့သောငါးနှစ်ခန့်မှစတင်၍ မိုးရာသီအချိန်၌ ရေကြီးမှုများ၊ နွေရာသီအချိန်တွင် ရေရှားပါးမှုများကို ကြုံတွေ့လာရခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် ရေရှားပါးမှုအတွက် ကြိုတင်ပြင်ဆင်မှုများအနေဖြင့် ရပ်ကွက်အတွင်း တတ်နိုင်သူများက စက်ရေတွင်း အဝီစိတွင်းများ တူးဖော်၍ ရပ်ကွက်အတွင်းရှိ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အလှူရှင် ရေသယ်ယာဉ်ငယ်လေးများဖြင့် ရေရှားပါးသည့် ရပ်ကွက်များအတွင်း အခမဲ့ လိုက်လံပို့ဆောင်ကူညီပေးနေကြခြင်းဖြစ်ကြောင်း သိရသည်။

"သင်္ကြန်မကျခင်ကတည်းက ပြင်ဆင်ပြီး ရေလိုက်ဝေတာ၊ ဒီနေ့ဆို ငါးရက်ရှိပြီ၊ နေ့စဉ် ငါးခေါက်ခြောက်ခေါက်လောက် ပုံမှန်ဖြစ်နေပြီ။ နောက်ဆို အခေါက်ရေ များလာမယ်နဲ့တူတယ် "ဟု ရေလိုက်ဝေသူ ဦးအောင်မိုးက ပြောသည်။

ယခုအချိန်တွင် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်အတွင်းရှိ သာသနာလမ်းနှင့် ရတနာလမ်းရှိ ရပ်ကွက်နေပြည်သူများအား စတင်၍ ရေလိုက်လံဖြန့်ဝေပေးနေပြီး နောက်ပိုင်းအချိန်များတွင် အခြားရပ်ကွက်များလည်း ရေအခက်အခဲကို များစွာကြုံတွေ့နိုင်ကြောင်း သာသနာလမ်းနေ ပြည်သူတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် မြို့အတွင်းရှိ စေတနာ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း၍ သုဝဏ္ဏဝတီမြို့ ရေအခက်အခဲရှိရာ ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ လိုက်လံကူညီဆောင်ရွက်နေပြီး သက်ဆိုင်ရာက ရေသယ်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းသွားရန်လည်း အစီအစဉ်ရှိကြောင်း သိရသည်။

ခွန်(ဝင်းပ)

သူ့အတွေးသူ့အမြင်

ငြိမ်းချမ်းရေးအတွက် နှစ်သစ်မင်္ဂလာ

သီတဂူကျော်ရှိန်

သာသနာတော်နှစ် ၂၅၆၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၉ ခုနှစ် မြန်မာနှစ်သစ်သို့ ကူးပြောင်းခဲ့ပြီ။ ဓမ္မဖြင့် နှုတ်ဆက်ကာ ဓမ္မဖြင့် ကြိုဆိုကြလျက် နှစ်ဟောင်း ၁၃၇၈ ခုနှစ်မှ နှစ်သစ် ၁၃၇၉ ခုနှစ်သို့ ပြောင်းခဲ့ပြီဖြစ်သည်။

စက္ကန့်က မိနစ်သို့ ပြောင်း၏၊ မိနစ်က နာရီသို့ပြောင်း၏။ နာရီကရက်သို့ ပြောင်း၏။ ထိုမှ ရက်က လပြောင်း၊ လမှ နှစ်ပြောင်း စသည်ဖြင့် တစ်နှစ်ပြီး တစ်နှစ် ပြောင်း၏ စက္ကန့်တိုင်း၊ စက္ကန့်တိုင်းသည်လည်း အပြောင်းအလဲပင်ဖြစ်သည်။

ကာလောကသတိဘူတာနိ သဗ္ဗမေဝသဟတနာ

ကာလသည် အချိန်ကိုစား၏။ ကာလသည် လူကိုစား၏။ ကာလသည် ကာလကိုလည်း စား၏။

မိမိတို့အနေဖြင့် လူ့လောကကြီးထဲ နေရမည့် နေ့၊ ရက်၊ လများနှင့် နာရီများ၊ မိနစ်များ၊ စက္ကန့်များကို တဖြည်းဖြည်း ကုန်လွန်စားသုံးနေကြသည်။ မိမိတို့အားလုံး စက္ကန့်တိုင်း၊ စက္ကန့်တိုင်း သေမည့်လမ်းကို တရွေ့ရွေ့သွားနေကြသူတွေချည်း ဖြစ်သည်။ မိမိတို့အားလုံး အိပ်နေချိန်တွင်ပင်လျှင် စက္ကန့်ချိန်ကလေးများသည် တဒင်္ဂပြီးတဒင်္ဂ တရွေ့ရွေ့ပြောင်းသွားနေဆဲဖြစ်သည်။

ထို့ကြောင့် ဆရာတော်ကြီးများက "တစ်နေကွယ် သေနယ်သို့ တစ်ခါကူး၊ ကိုယ့်ကိုယ်ကိုယ် သေဘူးထင်ပါနဲ့၊ နေကွယ်တာကြိမ်ဖန်များရင်ဖြင့်၊ သေနယ်ကို တစ်ခါသွားရပါလိမ့်မယ်၊ တားမရဘူး"ဟူ၍ မိန့်ဆိုခဲ့ကြဖူးပါသည်။

လူသားတို့သည် မိမိတို့ကျန်ရှိသည့် နေရက်များ တဖြည်းဖြည်းချင်း နည်းပါးလာနေပြီကို မေ့လျော့ကာ သို့တည်းမဟုတ် အသိလက်လွတ်ကာနေကြချိန်က ပိုမိုများပြားလျက်ရှိကြသည်။ ဥပမာအားဖြင့်ဆိုရလျှင် ကြက်ခြင်းထဲမှ ကြက်များ ကြက်သတ်ရုံသို့ သွားသည်ကို မသိရှိဘဲ အချင်းချင်း တစ်ကောင်နှင့်တစ်ကောင် အနိုင်ကျင့် ဗိုလ်ကျကာ တစ်ကောင်၏ ဦးခေါင်းကို တစ်ကောင်က နှုတ်သီးဖြင့် ထိုးဆိတ်သကဲ့သို့ပင် ဖြစ်သည်။

သတ္တဝါများအားလုံးသည် နာမ်၊ ရုပ် နှစ်ပါးသာရှိသည်။ ဆင်းရဲချမ်းသာမရွေး၊ အားလုံးသော သတ္တဝါအပေါင်းတို့သည် ရုပ်နှင့် နာမ်တို့သာ ဖြစ်ပါသည်။ လူမျိုး၊ ဘာသာ၊ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများနှင့် ယုံကြည်ရာ အားလုံးတို့သည် ပရမတ္ထတရားနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ရုပ်၊ နာမ်တို့သာ ကျန်ရစ်မည်ဖြစ်ခြင်းကြောင့် ဒေါသ၊ လောဘ၊ မောဟတို့ကို ထိန်းချုပ်ကာအချင်းချင်း ညီညီညွတ်ညွတ် ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်ကြရန် လိုအပ်ပါသည်။

မြန်မာပြည်တစ်ဝန်း ငြိမ်းချမ်းရေးပန်းများ ဝေဆာစွာ ပွင့်ဖူးရန်အတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးဘဝတွင် နေထိုင်ခွင့်ရသည့် ခဏတာ ကာလကလေးအတွင်း တစ်နည်းအားဖြင့်ဆို သော် နှစ်တစ်ရာပတ်လည်အတွင်း သေဆုံးချိန်မတိုင်မီ မိမိတို့ကိုးကွယ်ရာ ဘာသာ တရားအဆုံးအမများနှင့်အညီ အပြစ်များကို ခွင့်လွှတ်၊ အဟောင်းများကို ထားရစ်ကာ ရှေ့ဆက်ရမည့် နှစ်သစ် များတွင် အချင်းချင်းညီညီညွတ်ညွတ်လက်တွဲကာ ငြိမ်းချမ်းပျော်ရွှင်သောဘဝများ ပိုင်ဆိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလျက် မင်္ဂလာရှိသည့် နှစ်သစ်ကို ကြိုဆိုလိုက်ရပါသည်။

မိုင်းယု၌ ၂၄ နာရီ အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

မိုင်းယု မေ ၁၈

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့ထေရဝါဒ(နှစ်ထပ်)ကျောင်းဆောင်သစ်၌ (၁၁)ကြိမ်မြောက် အသံမစဲပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို မေ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားသို့ ကြွရောက်လာကြသော သံဃာတော်အရှင်သူမြတ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာနှင့် ဌာနဆိုင်ရာများ၊ မိုင်းယုဓမ္မစကြာ အသင်းအဖွဲ့များနှင့် ဒါယကာ ဒါယိကာမများက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်လိုက်ပြီး မိုင်းယုထေရဝါဒကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

မိုင်းယုထေရဝါဒ လက်ထောက်ကျောင်းတိုက်ဆရာတော် ဦးဣသရိယက ပဋ္ဌာန်းအမွှမ်းဂါထာတော်ကို ဆက်လက်ရွတ်ဖတ်ပြီး သံဃာတော် အရှင်သူမြတ်များနှင့် ဒါယကာ ဒါယိကာမများက နှစ်ဆယ့်လေးပစ္စည်းပဋ္ဌာန်းအား သံပြိုင်ရွတ်ဖတ်ပူဇော်၍ အသံမစဲ ၂၄ နာရီပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းအား စတင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပဋ္ဌာန်းရွတ်ဖတ်ခြင်းအား မေ ၁၇ ရက် နံနက် ၉ နာရီထိ ရွတ်ဖတ်ပူဇော်ခဲ့ပြီး ယင်းပဋ္ဌာန်းအပြီးတွင် (၁၆)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဆက်လက်ကျင်းပကြောင်း သိရသည်။ **ကိုကိုနိုင်(ပြန်/ဆက်)**

မုံရွာခရိုင်၌ သင်္ကြန်ကာလအတွင်း မှုခင်းဖြစ်ပွားမှုလျော့နည်းခဲ့

မုံရွာ မေ ၁၈

ယခုနှစ် မဟာသင်္ကြန်ကာလတွင် မုံရွာမြို့ပေါ်အပါအဝင် မုံရွာခရိုင်အတွင်း ရေကစားကြသူ ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်မှု အားကောင်းသောကြောင့် မှုခင်းဖြစ်ပွားမှုနည်းခဲ့ကြောင်း မုံရွာခရိုင် ခေတ္တရဲတပ်ဖွဲ့မှူး၏ ပြောကြားချက်အရ သိရသည်။

"ရဲတပ်ဖွဲ့အနေနဲ့ သင်္ကြန်ကာလအတွင်း သာမန်အချိန်မှာ ရဲတပ်ဖွဲ့ဝင်အင်အား ၆၅ ရာခိုင်နှုန်း သုံးသလို အရေးအကြောင်းဖြစ်လာရင် ၈၀ ရာခိုင်နှုန်း ထုတ်နုတ်အသုံးပြုလို့ရအောင် စီစဉ်ထားတာနဲ့အတူ ရေကစားကြတဲ့ ပြည်သူတွေဟာ သူ့ဟာနဲ့သူ စည်းကမ်းတကျနဲ့ လိုက်ပါပူးပေါင်း ဆောင်ရွက်ခဲ့ကြတဲ့အတွက် အမှုအခင်းဖြစ်ပွားမှုနည်းခဲ့တာဖြစ်တယ်လို့ သုံးသပ်တွေ့ရှိပါတယ်"ဟု ရဲမှူးမြင့်အေးက ပြောသည်။

"မုံရွာခရိုင်မှာ သင်္ကြန်ကာလအတွင်း ကြီးကြီးမားမား မှုခင်းပြဿနာတွေ မဖြစ်ပွားခဲ့ပါဘူး။ သင်္ကြန်ကာလ နံနက် ၆ နာရီမှ ည ၇ နာရီအထိ မှုခင်းတွေ မဖြစ်ပွားခဲ့ဘူးဆိုတာ စုစည်းထွက်ရှိလာတဲ့ ကိန်းဂဏန်းစာရင်းဇယားတွေအရ သိရပါတယ်။ ညပိုင်းတွင် တချို့နေရာတွေမှာ ယာဉ်တိုက်မှုဖြစ်ခဲ့တာတော့ ရှိပါတယ်။ ဒါကတော့ သင်္ကြန်အချိန်ကာလ မဟုတ်တဲ့အချိန်မှာလည်းဖြစ်တဲ့အတွက် သာမန် ဖြစ်ရိုးဖြစ်စဉ် မှုခင်းဖြစ်စဉ်မှာပဲ မှတ်တမ်းတင်တာဖြစ်ပါတယ်"ဟုလည်း ခရိုင်ရဲတပ်ဖွဲ့မှူးက ဆက်လက်ပြောကြားသည်။

၂၀၁၇ ခု သင်္ကြန်ကာလ အကြိုနေ့မှ နှစ်ဆန်း ၁ ရက် နံနက် ၈ နာရီအထိ မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ယာဉ်မတော်တဆမှုများကြောင့် အမျိုးသား ၉၃ ဦးနှင့် အမျိုးသမီး ၂၆ ဦး တက်ရောက်ကုသခဲ့ရပြီး ခိုက်ရန်ဖြစ်၍ ရောက်ရှိလာသူမှာ အမျိုးသား ၂၈ ဦး၊ အမျိုးသမီး ငါးဦးရှိကာ အခြားထိခိုက်မိ၍ ရောက်လာသူမှာ အမျိုးသား ၃၀၊ အမျိုးသမီး ၁၄ ဦးရှိကြောင်း စုစုပေါင်း အမျိုးသား ၁၅၁ ဦး၊ အမျိုးသမီး ၄၅ ဦးဖြစ်ပြီး သက်ဆိုင်ရာဌာနများတွင် ဆေးကုသပေးခဲ့ကြောင်း သိရသည်။ မုံရွာဆေးရုံသို့ သင်္ကြန်ကာလအတွင်း သေဆုံးသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး နှစ်ဦး ရောက်ရှိပြီး ဆေးရုံသို့ ရောက်ရှိကုသနေစဉ် သေဆုံးသူအမျိုးသမီးတစ်ဦးရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

သံတစ်ချောင်းပြုတ်သော်

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

"မြင်းခွာမှာတပ်ထားတဲ့ သံတစ်ချောင်းပြုတ်သွားလို့ မြင်းသည်တော် ဆက်မပြေးနိုင်တော့ဘူး။ ဒီတော့ မြင်းသည်တော် ဆုံးရှုံးရတယ်။ မြင်းသည်တော်နဲ့အတူ ရဲမက်စစ်သည်တော်တစ်ဦးပါ တိုက်ပွဲမဝင်နိုင်တော့ဘူး။ စစ်သည်တော်တစ်ဦး ဆုံးရှုံးရလို့ စစ်ပွဲတစ်ခုလုံး ဆုံးရှုံးရတယ်။ စစ်ပွဲရှုံးရလို့ တိုင်းပြည်တစ်ခုလုံးလည်း ဆုံးရှုံးလက်လွှတ်ရပြီ။ ဒါတွေအားလုံးဟာ တိုက်ပွဲဝင်မြင်းကောင်းတစ်ကောင်ရဲ့ခွာမှာ တပ်ထားတဲ့ သံလေးတစ်ချောင်းကြောင့်ဖြစ်တယ်"

"For the lack of nail,a shoe was lost. For the lack of a horse, a rider was lost. For the lack of a rider,a battle was lost. For the lack of a battle,a country was lost. And it all happened for the lack of a horseshoe nail."

အင်္ဂလိပ်ဘာသာနဲ့ရေးထားတဲ့ ဒီစာတိုလေးက အတော်နှစ်သက်စရာဖြစ်ပါတယ်။ စစ်ပွဲဝင်တော့မယ့် မြင်းတစ်ကောင်ရဲ့ ခွာမှာ သံချောင်းပြုတ်နေတာကို ဂရုမစိုက်မိတော့ မြင်းဟာ ရေရှည်မပြေးနိုင်တော့ဘူး။ မြင်းခွာတစ်ခုလုံး ပျက်စီးသွားတယ်။ မြင်းနဲ့အတူ ရဲမက်စစ်သည်လည်း စစ်ပွဲမဝင်နိုင်တော့ဘူး။ စစ်ပွဲကြီးမှာ အရေးပါတဲ့စစ်သည် မပါဝင်နိုင်တော့လို့ စစ်ပွဲကြီးကို အရှုံးပေးလိုက်ရတယ်။ စစ်ပွဲရှုံးလို့ တိုင်းပြည်လည်း သူတစ်ပါးကိုပေးလိုက်ရပြီ။ တိုင်းပြည်ဆုံးရှုံးရပြီ။ ဒါတွေဟာ အသေးအမွှားတစ်ခုကြောင့် ကြီးမားတဲ့ဆုံးရှုံးရခြင်း ဖြစ်နိုင်တယ်ဆိုတာကို ဖော်ပြခြင်းဖြစ်ပါတယ်။

အလေးထား အလေးပေးသင့်တာကို အသေးအမွှားဆိုပြီး ဂရုမမူ ပေါ့ဆရင် အလွန်ကြီးမားတဲ့ လက်လွှတ်ဆုံးရှုံးရမှုကြီးတွေအထိ ဖြစ်နိုင်တယ်ဆိုတာ သတိချပ်စေလိုခြင်းဖြစ်ပါတယ်။ ဒီလိုဆုံးရှုံးရမှုတွေဟာ သမိုင်းမှာရှိခဲ့သလို အခုအချိန်လည်း တွေ့နေရဆဲ၊ ဖြစ်နေဆဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်နေသလို ကမ္ဘာတစ်ဝန်းမှာလည်း ဖြစ်နေဆဲပါ။ လေကြောင်းပျံသန်းမှုတွေရဲ့မတော်တဆ ပျက်စီးနေမှုတွေထဲမှာ ရေဒါစနစ်တစ်ခုရဲ့ အလွန်သေးငယ်တဲ့အမှားလေးတစ်ခုကြောင့် လေယာဉ်တစ်စင်းလုံးပျက်ကျပြီး လေယာဉ်ပေါ်ပါသူအားလုံး အသက်ဆုံးရတာမျိုးတွေ တွေ့နေ ကြားနေရပါတယ်။ မော်တော်ကားတစ်စီးရဲ့နပ်တစ်လုံးပြုတ်သွားလို့ ဘရိတ်မမိတော့ဘဲ မြစ်ထဲထိုးကျသွားတဲ့ အဖြစ်ဆိုးတွေ၊ ဖယ်ရီခေါ် မြစ်ကူး ကူးတို့ယာဉ်တွေ ပေါ့ဆလွန်းလို့ ခရီးသည်တွေ မကြာခဏ အသက်ဆုံးရတာတွေ၊ အမြန်လမ်းမကြီးတွေမှာ ပေါ့ပေါ့ဆဆ ဂရုမမူဘဲ အပြင်းမောင်းနှင်ကြလို့ ကားမီးလောင်မှုအပါအဝင် ပြင်းထန်တဲ့ ထိခိုက်ဆုံးရှုံးရမှုတွေ ဖြစ်နေတာတွေကို တွေ့နေရတာ အတော်ဝမ်းနည်းဖွယ်ဖြစ်ပါတယ်။

အထူးသဖြင့် အဓိကတာဝန်ရှိသူတွေဟာ တာဝန်ကို ပေါ့ဆတာ၊ မလေးစားတာ၊ ရေရှည်အကျိုးဆက်တွေကို မကြည့်တာ၊ အသေးအဖွဲ့ပါ မဖြစ်လောက်ပါဘူးဆိုတဲ့ နိမ့်ပါးတဲ့ အတွေးတွေကို နှစ်သက်တာတွေကြောင့် ဖြစ်ပါတယ်။ ဘာမှမဖြစ်ရင် ဘာမှမဖြစ်ဘူးဆိုတဲ့ လူပေါ့သမားတွေကြောင့် မဖြစ်အောင် ကြိုတင်ကာကွယ်နိုင်ပါလျက်နဲ့ လည်စင်းခံရတာမျိုးတွေ ကြုံနေရပါတယ်။ တကယ်ဖြစ်လာတော့ ဘာမှမတတ်နိုင်ကြတော့ပါဘူး။ တကယ်ခံစားဆုံးရှုံးရတာက အပြစ်မဲ့သူတွေဖြစ်ပါတယ်။ လောကမှာ ကိုယ့်ကြောင့် အများထိခိုက်ဆုံးရှုံးရတာ အဆိုးဆုံးတွေထဲက တစ်ခုဖြစ်ပါတယ်။

မီးလောင်ဆုံးရှုံးရမှုတွေထဲမှာလည်း အများစုက ပေါ့ဆမှုတွေကြောင့် ဖြစ်ပါတယ်။ မီးလောင်မှုတွေမှာ တစ်ဦးတစ်ယောက်ပေါ့ဆရင် အားလုံးဆုံးရှုံးနိုင်တယ်ဆိုတာ သတိပြုဖို့လိုပါတယ်။ တက္ကသိုလ်စာမေးပွဲတစ်ခုမှာ ကျောင်းသား စာလာဖြေပါတယ်။ ကျောင်းရောက်တော့ စာဖြေခန်းက ပိတ်ထားတယ်။ အကြောင်းက နံနက်ဖြေရမှာကို ညနေဖြေရမယ်ထင်လို့ပါ။ ခုခေတ်မှာ ဒီလိုလူငယ်တွေ၊ အလားတူ အဖြစ်တွေကိုလည်း တွေ့နေရလေ့ရှိပါတယ်။

တောင်ကြီးတစ်တောင် ပြိုကျတယ်ဆိုတာ နှင်းခဲတစ်လုံး၊ ကျောက်တုံးမြေတုံးလေးတစ်တုံး ပြိုကျရာက စတာပါ။ ချက်ချင်း ဝုန်းခနဲပြိုကျလာတာ မဟုတ်ပါဘူး။ ဒီလိုပဲ ကြီးမားတဲ့ပြဿနာတွေ၊ အခက်အခဲတွေ၊ ဆုံးရှုံးရမှုတွေဆိုတာလည်း နေ့ချင်းညချင်း ဖြစ်လာတာမဟုတ်ပါဘူး၊ သေးငယ်တဲ့ ပြုသင့်ဖွယ်အချက်တွေကို ဂရုမမူခဲ့လို့ ကြီးထွားလာပြီး ကြီးမားတဲ့ပျက်စီးမှုတွေရဲ့ အခြေခံအချက် ဖြစ်လာတတ်ပါတယ်။ ဒါကြောင့် "The devil is in the detail" မကောင်းဆိုးဝါးဟာ အသေးစိတ်ထဲမှာရှိတယ်လို့ ပြောကြတာဖြစ်ပါတယ်။ ဆိုလိုတာက ဖြစ်စဉ်တစ်ခုလုံးရဲ့ အခြေခံအသေးစိတ်တွေကို ပေါ့ဆဂရုမစိုက်ရင်၊ ဆုံးရှုံးရနိုင်တယ်ဆိုတာဖြစ်ပါတယ်။ ဆုံးရှုံးရမှုတွေရဲ့အခြေခံအချက်တွေကို ရှာကြည့်ရင် ဖြစ်စဉ်တစ်ခုလုံးရဲ့တစ်ခုချင်းသော အသေးစိတ်အချက်တွေထဲမှာ ရှိနေတာဖြစ်ပါတယ်။

၁၉၇၁ ခုနှစ် ဇူလိုင်လက 747 ဂျက်လေယာဉ်ကြီးတစ်စင်း ဆန်ဖရန်စစ္စကို လေဆိပ်ကအတက်မှာ ပျက်ကျသွားပါတယ်။ အပြင်းအထန် ဒဏ်ရာရသူအချို့ရှိခဲ့ပေမယ့် အသက်ဆုံးရှုံးသူ မရှိခဲ့ပါဘူး။ သို့သော် လေယာဉ်ပျံသန်းမှုမှာ လေယာဉ်ပျက်ကျတယ်ဆိုတာ အဆိုးဆုံးအဖြစ်အပျက်ဖြစ်ပြီး လေယာဉ်လိုင်းအတွက် အကြီးမားဆုံး ဂုဏ်သိက္ခာထိခိုက်မှုကြီး ဖြစ်ပါတယ်။ မျက်နှာပျက်စရာ အလွန်ကောင်းပါတယ်။ ဒါကြောင့် ဘာကြောင့် ဖြစ်ပျက်ရတယ်ဆိုတာကို သေသေချာချာ စုံစမ်းဖော်ထုတ် ကြေညာပေးရပါတယ်။ တာဝန်ရှိသူတွေကိုလည်း အရေးယူရပါတယ်။ အမှားကနေ သင်ခန်းစာယူပြီးနောက် ဒီလိုမဖြစ်အောင် ဆောင်ရွက်ကြရလေ့ရှိပါတယ်။

ဒီဖြစ်ပျက်မှုမှာ လေယာဉ်မှူးက လေကြောင်းလမ်းပြကို လေယာဉ်မထွက်မီ မေးတော့ လေယာဉ်ပြေးလမ်းအရှည် ပေ ၉၅၀၀ ရှိတယ်လို့ ပြောပါတယ်။ သို့သော် ဆောက်လုပ်ရေးလုပ်ငန်းတွေရှိနေလို့ ပြေးလမ်းအရှည်က ၈၄၀၀ ပေသာ အမှန်ရှိနေတာ ဖြစ်ပါတယ်။ ဒီအချက်အပေါ်မူတည်ပြီး လေယာဉ်ကိုပျံတက်ဖို့ အရှိန်ယူနှုန်းတွက်ချက်ရာမှာ မတိကျတော့ပါဘူး။ ဒါကြောင့် လက်တွေ့ပျံတက်ရာမှာ လုံလောက်တဲ့အရှိန်မရတော့ဘဲ အခုလိုဖြစ်ရတာဖြစ်ကြောင်း တွေ့ကြရပါတယ်။ အထူးသဖြင့် လေကြောင်းပျံသန်းမှုလို အဆင့်မြင့်နည်းပညာသုံးရတဲ့ အလုပ်တွေမှာ တိကျမှုက အလွန်အရေးကြီးပါတယ်။ အသေးအဖွဲ့ဆိုပြီး ပေါ့ဆလို့မရပါဘူး။

ဆရာဝန်တွေဆိုရင် လူနာကို သေသေချာချာ စမ်းသပ်စစ်ဆေးပြီး ခွဲစိတ်ဖို့လိုမလိုကို တိတိကျကျ ဆုံးဖြတ်ရပါတယ်။ ဆုံးဖြတ်ချက်နဲ့အတူ လူနာရဲ့အသက်ကို ကယ်ခွင့်၊ ဆုံးရှုံးနိုင်ခွင့်တွေ ဒွန်တွဲနေပါတယ်။ ၁၉၅၀ ခုနှစ်တွေအတွင်းက ယခုခေတ် ဒုံးပျံများရဲ့ ရှေ့ပြေး ရက်စတုန်းဒုံးပျံ (Redstone rocket)တွေ စမ်းသပ်စဉ် မအောင်မြင်မှုတစ်ခု ကြုံရပါတယ်။ နာမည်ကြီးဒုံးပျံပညာရှင် ဗွန်ဗရောင်းက ဘာကြောင့် ဖြစ်ရတယ်ဆိုတာကို စုံစမ်းပါတယ်။ တည်ဆောက်မှုမှာပါဝင်တဲ့ အင်ဂျင်နီယာတစ်ယောက်က အစိတ်အပိုင်းတစ်ခုမှာ ပေါ့ဆစွာဆောင်ရွက်ခဲ့တာကို သွားတွေ့ရပါတယ်။ တစ်ဆင့်ချင်းစစ်ဆေးတာမို့ တွေ့သွားခြင်းဖြစ်ပါတယ်။ အင်ဂျင်နီယာဟာ အသေးစိတ်ကိစ္စတစ်ခုမှာ ပေါ့ဆခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ပညာရှင် ဗဲရ်နာဗွန်ဗရောင်း (Wenher Von Braun)က ထိုသူကို အမှန်အတိုင်း ထုတ်ပြောလို့ နှစ်သိမ့်လိုက်သေးတယ်လို့တောင် သိရပါတယ်။

ဗွန်ဗရောင်းက အာကာသပျံသန်းရေး အစီအစဉ်တွေမှာ အလွန်တိကျဖို့ လိုကြောင်း ပြောသွားပါသေးတယ်။ "ဆေတန်ဒုံးပျံမှာ အစိတ်အပိုင်းပေါင်း ၅၆၀၀၀၀၀ ရှိပါတယ်။ အဲဒီတော့ သေချာမှုက ၉၉ ဒသမ ၉ ရာခိုင်နှုန်း ရှိတယ်ဆိုရင်တောင် မသေချာတဲ့ ၀ ဒသမ ၁ ရာခိုင်နှုန်းကြောင့် မသေချာတဲ့အစိတ်အပိုင်းက ၅၆၀၀ ရှိနေပါတယ်။ ဒါဟာပျံသန်းရာမှာ စိတ်မချရတဲ့အခြေအနေ ဖြစ်သွားပါတယ်။ ဆေတန်-၅ ဒုံးပျံနဲ့ လကမ္ဘာကိုတက်တဲ့ အပိုလိုအာကာသယာဉ်မှာတောင် သေချာမှုက ၉၉ ဒသမ ၉၉၉၉ ရာခိုင်နှုန်းပဲရှိတာ တွေ့ရပါတယ်။ ဒါကြောင့် အတိအကျမဖြစ်ဘူးလို့ ဆိုရပါမယ်"လို့ ပြောဆိုခဲ့ဖူးပါတယ်။ မော်တော်ကားတစ်စီးမှာ သာမာန်အားဖြင့် အစိတ်အပိုင်းပေါင်း ၁၃၀၀၀ လောက် ပါဝင်ပါတယ်။ ဒီကားကို တည်ဆောက်ရာမှာ ၉၉ ဒသမ ၉၉ ရာခိုင်နှုန်းသာ တိကျသေချာတယ်ဆိုရင် ဒီကားဟာ နှစ်ပေါင်းတစ်ရာလောက်ကြာမှ စဖောက်မှာဖြစ်တယ်။ နာမည်ကြီးကားကုမ္ပဏီကြီးတွေဟာ ဒီလို တိကျသေချာကြလို့ သူတို့ထုတ်လုပ်တဲ့ကားတွေဟာ စိတ်ချရတာဖြစ်ပါတယ်လို့လည်း ပြောသွားပါတယ်။

ဒါကြောင့် အသေးအဖွဲ့လေးပါဆိုပြီး ပေါ့ပေါ့ဆဆ သဘောထားတတ်၊ လုပ်နေတတ်ကြရင် အောင်မြင်တဲ့လုပ်ငန်း၊ အောင်မြင်တဲ့အဖွဲ့အစည်း မဖြစ်လာနိုင်ပါဘူး။ တိုးတက်တဲ့လူမျိုးလည်း မဖြစ်လာနိုင်ပါဘူး။ ကျွန်တော်တို့လူမျိုးတွေ နိုင်ငံသားတွေကို တခြားသူတွေ ကျော်တက်နေကြပါပြီ။ ကျွန်တော်တို့ နောက်ကျကျန်နေကြဆဲပါ။ ဒီလိုဖြစ်နေရခြင်းရဲ့အခြေခံအချက်တွေထဲမှာ ကျွန်တော်တို့တစ်တွေ ပေါ့ပေါ့ဆဆ နေတတ်ကြတာ၊ အလေးထားသင့်တာတွေကို အလေးမထားဘဲ အလေးမထားသင့်တာတွေကို အလေးထားနေကြတာ၊ လုပ်သင့်တာကိုမလုပ်ဘဲ မလုပ်သင့်ရာတွေမှာ အာရုံတွေများနေတာ၊ Put first thing first ဦးစားပေးလုပ်ရမယ့်အလုပ်တွေကို ဘေးဖယ်ပြီး အဓိကနဲ့သာမညကို မခွဲတတ်ကြတာတွေ စသည်ဖြင့် ပါဝင်တယ်လို့ ထင်ပါတယ်။

နားတစ်တိုင် သွားတစ်ထိုင်တဲ့။ ကျွန်တော်တို့တစ်တွေ တွေဝေငေးမော ငေးငိုင်ထိုင်နေကြချိန်မှာ အနီးက တိုင်းပြည်တွေက အပြေးသွားနိုင်ခဲ့ကြတယ်။ ဒါကြောင့် ကျွန်တော်တို့ အကွာအဝေးတစ်ခုအထိ ဝေးကွာနောက်ကျကျန်ခဲ့ကြပြီ။ ရှေ့ဆက်ပြီး ဒီလိုပဲ ပေါ့ဆ၊ မတိကျဘဲ နေတတ်တဲ့အကျင့်တွေကို မဖျက်နိုင်ကြဘူးဆိုရင် ဘယ်လိုဖြစ်လာမလဲ တွေးကြည့်နိုင်ကြပါတယ်။ နိုင်ငံသားများအားလုံး ငေးငိုင်မနေကြပါနဲ့။ နိုးကြား တက်ကြွစွာ မိမိတို့ကိုယ်ကို တည်ဆောက်ကြပါ။ မလိုအပ်တာတွေကို ဖျက်ပစ်ကြပါ။ အားလုံးလက်တွဲပြီး ကမ္ဘာမှာ မြန်မာဆိုတာကို ပြလိုက်ကြစို့ ပါခင်ဗျား။ ။

ကိုးကား

Global Newlight of Myanmar

တိကျသေချာဖို့လိုသည်(ဇေမြင့်)

သင်္ကြန် ဘဏ်ပိတ်ရက် ငါးရက်ဖြစ်၍ ငွေကြေးစီးဆင်းမှုလွယ်ကူ

ရန်ကုန် မေ ၁၈

ယခင်နှစ်များက သင်္ကြန် ဘဏ်ပိတ်ရက် ၁၀ ရက် ရှိခဲ့ရာမှ ယခုနှစ်တွင် ငါးရက်သို့ပြောင်းလဲလိုက်ခြင်းကြောင့် သင်္ကြန်အလွန် မေ ၁၈ မှ ၂၁ အထိ လေးရက်ကာလအတွင်း အလုပ်လုပ်ကိုင်မည့် စီးပွားရေးလုပ်ငန်းများ၏ ငွေကြေးစီးဆင်းလည်ပတ်မှုအပေါ် အထောက်အကူဖြစ်စေသည်ဟု ဘုရင့်နောင် ကုန်စည်ဒိုင်တွင် ကုန်ရောင်း ကုန်ဝယ် လုပ်ကိုင်နေသူအချို့ထံမှ သိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ယခင်နှစ်များက နှစ်ဆန်းတစ်ရက်အလွန် ပိတ်ရက်လေးရက်တွင် ဒိုင်မဖွင့်သော်လည်း ပွဲရုံအများစု ဖွင့်လှစ်ရောင်းဝယ်လေ့ရှိရာ ယခုနှစ်တွင်မူ ကုန်စည်ဒိုင်သည်လည်း ဘဏ်များကဲ့သို့ပင် နှစ်ဆန်း ၁ ရက်အထိသာပိတ်ပြီး နောက်ရက်များ ဖွင့်မည်ဟုအသိပေးထားသည်။ သို့ဖြစ်၍ ယခုနှစ် ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ယခင်နှစ်များကပိတ်ခဲ့သည့် နှစ်ဆန်းတစ်ရက်နေ့အလွန် လေးရက်တာအတွင်း ကုန်စည်ဒိုင်ဖွင့်ခြင်းနှင့်အတူ ကုန်ပစ္စည်းတန်ဖိုး ငွေပမာဏ အများအပြားကို တရားဝင်ငွေစီးဆင်းသည့် ဘဏ်များဖြင့် လွှဲပြောင်းလာနိုင်မည်ဖြစ်သည်။

ဘုရင့်နောင်ကုန်စည်ဒိုင်အဆောက်အအုံ

ယခင်နှစ်က ဘဏ်များနှင့်အတူ ကုန်စည်ဒိုင်ပါ ပိတ်ခဲ့သော နှစ်ဆန်းတစ်ရက်အလွန် လေးရက်တာအတွင်း ကုန်စည်ဒိုင်နှင့် ဘဏ်များ အလုပ်ဖွင့်လုပ်ကိုင်ကြမည်ဖြစ်၍ စီးပွားရေးလုပ်ကိုင်ရာတွင် အဆင်ပြေလာမည်ဟု ကုန်ရောင်းကုန်ဝယ်လုပ်ကိုင်နေသူများက သုံးသပ်ထားသည်။

ယခင်နှစ်များက သင်္ကြန်ဘဏ်ပိတ်ရက် ၁၀ ရက်ရှိခဲ့ရာမှ ယခုနှစ်တွင် ငါးရက်သို့ပြောင်းလဲပြီး ကျန်ငါးရက်ကို နှစ်ကုန်ပိတ်ရက်များ သတ်မှတ်ခြင်း၊ ရိုးရာပွဲတော် ပိတ်ရက်များတွင် ပေါင်းထည့်ပေးခြင်းတို့ဖြင့် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ပိတ်ရက်များကို သင်္ကြန်မတိုင်မီ က ပြောင်းလဲသတ်မှတ်ခဲ့ခြင်းဖြစ်ကာ ယခုနှစ်တွင်မူ သင်္ကြန်ကာလပိတ်ရက်ကို ၁၀ ရက် အပြည့်ခံစားနိုင်ရန် အစိုးရဌာနများတွင် စီမံခန့်ခွဲမှုနည်းလမ်းအရ ဆောင်ရွက်ပေးခဲ့ပြီး ပုဂ္ဂလိကပိုင်းတွင်လည်း အလုပ်ရှင်အလုပ်သမား ညှိနှိုင်းသဘောတူညီမှုအရ ဆောင်ရွက်ပေးခဲ့သည်။

ပုဂ္ဂလိကဘဏ်များအနေဖြင့် ယခင်နှစ်များတွင် သင်္ကြန်အပြီး မေ ၁၈ မှ ၂၁ ရက်အထိအတွင်း မိမိတို့ဘဏ်အခြေအနေအပေါ် မူတည်၍ ပိတ်ထားခြင်း၊ ဝန်ထမ်းအင်အားထက်ဝက်စီဖြင့် လုပ်ကိုင်ခြင်းတို့ဖြင့် ဆီလျော်သလို လုပ်ကိုင်ခဲ့ကြသည်ကို တွေ့ရသော်လည်း ဘဏ်လုံခြုံရေးဝန်ထမ်းများမှာမူ အင်အားလျှော့မရဘဲ ပိတ်ရက်ငါးရက်သာ ရလေ့ရှိကြောင်း၊ ယခုနှစ်တွင်မူ ဘဏ်အားလုံး ၅ ရက်သာ ပိတ်ခဲ့ကာ ပြန်လည်ဖွင့်လှစ်လုပ်ကိုင်ကြကြောင်း သိရသည်။

ခင်ဆိုင်

မွန်ဘိုးဘွား ၂၀၀ အား သက်ကြီးပူဇော်

ရန်ကုန် မေ ၁၈

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) က ကြီးမှူး၍ (၄၄) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေတိဂုံဘုရားတောင်ဘက်မုခ် မွန်ပိဋကတ်တိုက်၌ ကျင်းပသည်။

"ဒီကနေ့ ကျင်းပတဲ့ အခမ်းအနားမှာ အသက် ၇၅ နှစ် အထက် မွန်အဘိုးအဘွား ၂၀၀ ကို သက်ကြီးပူဇော်ပွဲကျင်းပပေးပါတယ်။ ဒ့ါအပြင် ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းမှာ ထူးချွန်စွာအောင်မြင်တဲ့ကျောင်းသားကျောင်းသူ ၁၆ ဦးကိုလည်း ဆုချီးမြှင့်ပေးပါတယ်" ဟု မွန်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ နိုင်စိုးကြည်က ပြောသည်။

အခမ်းအနားတွင် အဘိုးနိုင်ချစ်ဖေနှင့် အဘွား မိထွေးစိန်တို့က နှစ်သစ်ကူးသက်ကြီးပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အမှတ်တရဆုတောင်းစကားများပြောကြားပေးကြသည်။

အခမ်းအနားသို့ ကြွရောက်လာသော အဘိုးအဘွားများနှင့် ဧည့်ပရိသတ်တို့အား နှစ်သစ်ကူး မွန်သင်္ကြန်ထမင်းဖြင့် ဧည့်ခံကျွေးမွေးကြောင်း သိရသည်။

သတင်း-မြင့်မောင်စိုး

ဓာတ်ပုံ-ထွန်းအောင်ရှိန်

ပြည်မြို့ သီရိခေတ္တရာဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား မေ ၁၇ ရက်က သက်ကြီးပူဇော်ပွဲကျင်းပရာ ရိပ်သာရှိ အဘိုးအဘွား ၄၅ ဦးကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများက ရှိခိုးကန်တော့ခြင်း၊ လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းနှင့် ခြေသည်း၊ လက်သည်းများ သန့်စင်ပေးခြင်းတို့ ဆောင်ရွက်ပေးကြစဉ် မျိုးကျော်ကြီး (ပြန်/ဆက်)

(၂၂) ကြိမ်မြောက်ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပ

ရွှေကူ မေ ၁၈

ကချင်ပြည်နယ် ရွှေကူမြို့ အမှတ်(၃)ရပ်ကွက် မင်္ဂလာပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိ၊ ပုဗ္ဗာရုံကျောင်းဆရာတော် ဦးကုမာရ၊ မြင်သာယာဆရာတော် ဦးပညာသာမိငါးဂတ်ဝဆရာတော် ဦးနန္ဒောဘာသ၊ ငါးဂတ်ဝကျောင်းဆရာတော် ဦးဇာဂရိယ၊ ကျွန်းတော်ဆရာတော် ဦးဝိမလတို့ကြီးမှူး၍ (၂၂) ကြိမ်မြောက်ဇီဝိတဒါနငါးလွှတ်ပွဲကို မေ ၁၇ရက် နံနက် ၇နာရီခွဲက အမှတ်(၂) ရပ်ကွက်သဘော်ဆိပ်ကမ်း၌ ကျင်းပသည်။

ဇီဝိတဒါနငါးလွှတ်ပွဲတွင် သတ္တဝါများဇီဝိတအသက်ချမ်းသာရစေရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကိုကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ဓမ္မစကူး ကျောင်းသားကျောင်းသူ ၁၀၀၀ ခန့်က ငါးကောင်ရေ တစ်သောင်းခန့်ကို ဧရာဝတီမြစ်အတွင်းသို့လွှတ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သုံးခွမြို့နယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပ

သုံးခွ မေ ၁၈

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ နံနက် ၈ နာရီက တကောကျေးရွာ မော်ဝန်းချောင်းဆိပ်ကမ်း၌ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တကောကျေးရွာ၊ ရပ်မိရပ်ဖများ စုပေါင်း၍ စုစုပေါင်း ၅၀ ခန့်က ငါးကောင်ရေ ၁၀၀၀၀ ခန့်အား မော်ဝန်းချောင်းထဲသို့ ဇီဝိတဒါန ငါးများလွှတ်ပေးခဲ့ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

မိတ္ထီလာမြို့တွင် နှစ်ဆန်း ၁ရက် သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

မိတ္ထီလာ မေ ၁၈

မြန်မာနှစ်ဆန်း ၁ရက်က မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ မြို့နယ်အတွင်းမှ သက်ကြီးဘိုးဘွားများ ပူဇော်ပွဲကို ကျင်းပခဲ့ပြီး ဇီဝိတဒါန ငါးလွှတ်ပွဲကိုလည်း မိတ္ထီလာတောင်ကန်၌ ကျင်းပခဲ့ကြောင်း သိရသည်။

သက်ကြီးပူဇော်ပွဲကို ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပခဲ့ရာတွင် မိုးရွာသွန်းနေသည့် ရာသီဥတုအခြေအနေကြောင့် အပူဇော်ခံ သက်ကြီးဘိုးဘွား ၄၀ အနက် ဘိုးဘွားခုနစ်ဦးသာ တက်ရောက်လာနိုင်ခဲ့ကြောင်း၊ တက်ရောက်လာသည့် ဘိုးဘွားများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။

ဆက်လက်၍ ဇီဝိတဒါနငါးလွှတ်ပွဲကို အထက(၁) ကန်ပတ်လမ်းအနီးရှိ မိတ္ထီလာတောင်ကန်၌ ကျင်းပခဲ့ကာ မြန်မာနှစ်ဆန်း ၁ ရက် ကောင်းမှုကုသိုလ်အဖြစ် ငါးသားပေါက်ငယ်များကို လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက မိတ္ထီလာကန်အတွင်းသို့ ဇီဝိတဒါန ကုသိုလ်အဖြစ် လွှတ်ပေးခဲ့ကြကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

မန္တလေး၌ ထရန်စဖော်မာအသစ်များ တိုးချဲ့တပ်ဆင်

မန္တလေး မေ ၁၈

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ၂၃၀/၃၃/၁၁ ကေဗွီ၊ မြောက်ပြင် ပင်မဓာတ်အားခွဲရုံရှိ ၁၀၀x၂ အမ်ဗွီအေ ထရန်စဖော်မာများ ဝန်အားပြည့်လာခြင်းကြောင့် ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရန်အတွက် ၁၀၀ အမ်ဗွီအေထရန်စဖော်မာများ အသစ်တစ်လုံးတည်ဆောက်၍ ဖီဒါခွဲကာ ဓာတ်အားပေးခြင်းကို မေ ၁၂ ရက်က ဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် ချမ်းမြသာစည်မြို့နယ် ချမ်း/ တောင်ရပ်ကွက်နှင့် (၆-၇) ရပ်ကွက်တွင်လည်း ပြည်သူများ ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရန်အတွက် ၃၁၅ ကေဗွီအေ ထရန်စဖော်မာများအသစ် နှစ်လုံးတည်ဆောက်ပေးခဲ့ကြောင်း ခရိုင်/မြို့နယ် လျှပ်စစ်မန်နေဂျာထံမှ သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ထင်သာမြင်သာပြုပြင်စရာ

အင်းတော်ကြီးအင်းအတွင်း စက်လှေစီးဘုရားဖူးပြည်သူများအား အသက်ကယ်အင်္ကျီပေးစေလို

အင်းတော်ကြီးအင်းသည် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် တည်ရှိသည်။ မြန်မာ့စွယ်စုံကျမ်းတွင် ရေပြင်အကျယ် အလျား ၁၄ မိုင်၊ အနံ ၇ မိုင်ရှိသည်ဟု ဖော်ပြထားသည်။ အင်းတော်ကြီးအင်း၏ ရေအလယ်တွင် ရွှေမဥ္ဇူစေတီတော်(ရေလယ်ဘုရား) တည်ထားကိုးကွယ်ခဲ့ကြ၍ ကချင်ပြည်နယ်၏ အထင်ကရ တန်ခိုးကြီးဘုရားတစ်ဆူဟု ထင်ရှားကျော်ကြား၍ လူသိများလာခြင်း၊ အင်းတော်ကြီးအင်းသည် မြန်မာပြည်၌ အကြီးဆုံးအင်းဖြစ်ပြီး ရေလယ်ဘုရား တန်ခိုးကြီးမားခြင်းကြောင့် အင်းတော်ကြီးအင်းကို မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီး ကပါ စိတ်ပါဝင်စားလာခြင်းတို့ကြောင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက်ဖူးမျှော်လျက်ရှိသည်။

အင်းရေလယ်တွင် စက်လှေစီးခြင်း၊ ဘုရားအနီး စက်လှေဆိပ်ကမ်းမှ ရေလယ် ရွှေမဥ္ဇူစေတီသို့ စက်လှေစီး၍ ဘုရားဖူးခြင်း၊ မုဆိုးမခြေရာကြည့်ခြင်း၊ နီးဘုရားဖူးခြင်းများကို စက်လှေအသုံးပြု၍ သွားလာကြသူများရှိသည်။

စက်လှေဆိပ်မှ အင်းကြီး၏ မြောက်ဘက်နမ့်မီးလောင်ရွာနီးဘုရားနှင့် အင်းဘေးရှိ မုဆိုးမခရာတော်သို့ စက်လှေဖြင့်သွားလျှင် တစ်ခေါက်ကို စက်လှေခငွေကျပ် ၂၀၀၀၀ မှ ငွေကျပ် ၃၀၀၀၀ အထိ ဖြစ်သည်။

စက်လှေပေါ်ရောက်သည်နှင့် ရေပြင်ကျယ်အင်းကြီးကို ကြည့်၍ ကြောက်မိကြောင်း၊ အသက်ကယ် အင်္ကျီမပါ၍ဖြစ်ကြောင်း အကြောင်းအမျိုးမျိုးကြောင့် စက်လှေနစ်မြုပ်ပါက အသက်အန္တရာယ်ရှိကြောင်း ရေယာဉ်စီးသူတစ်ဦးက ပြောသည်။

ရေယာဉ်စီးဘုရားဖူး မိဘပြည်သူများ၊ ကလေးသူငယ်များ၏ အသက်အန္တရာယ်စိုးရိမ်ရသဖြင့် အသက်ကယ်အင်္ကျီပေးစေလိုကြောင်း စက်လှေစီးဘုရားဖူးပြည်သူများထံမှ သိရသည်။

ဆီမီးခုံ(နန်းရီ)

ရွှေဘိုမြို့လူထုသောက်သုံးရေအတွက်နေ့စဉ် ရေပေးဝေလျက်ရှိသော သမိုင်းဝင်မဟာနန္ဒာကန်

ရွှေဘို ဧပြီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့လူထုသောက်သုံးရေအတွက် နေ့စဉ်ရေဂါလန်သိန်း ၂၀ကို ရွှေဘိုမြို့မြောက်ဘက်နှစ်မိုင်ခန့်အကွာ သမိုင်းဝင် မဟာနန္ဒာကန်မှ ပေးဝေလျက်ရှိသကဲ့သို့ မြို့လူထုကျန်းမာရေးနှင့် အပန်းဖြေရာ နေရာအဖြစ်တည်ရှိနေကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။

“မဟာနန္ဒာကန်ဟာ ရွှေဘိုမြို့ မြောက်ဘက် နှစ်မိုင်လောက်အကွာမှာ တည်ရှိပါတယ်၊ အလောင်းမင်းတရားကြီးဦးအောင်ဇေယျဟာ ရတနာသိင်္ဃမြို့(ရွှေဘိုမြို့)ကို တည်ထောင်စဉ်ကတည်းက တူးဖော်ခဲ့တဲ့ သမိုင်းဝင်ကန်ကြီးဖြစ်လို့ ဆည်မြောင်းဦးစီးဌာနက အဆက်ဆက် ပြုပြင်ထိန်းသိမ်းခဲ့တဲ့ကန်ကြီးလည်း ဖြစ်ပါတယ်။ အခုမှာ ကင်းတပ်ရေလွှဲတမံ လက်ဝဲတူးမြောင်းကတစ်ဆင့်မဟာနန္ဒာကန်ထဲကို ရေသွင်းယူပြီး ရွှေဘိုမြို့ လူထုသောက်သုံးရေအတွက် နေ့စဉ်ရေဂါလန် သိန်း ၂၀ ပေးဝေနေပါတယ်”ဟု ဒေသခံတစ်ဦးက ပြောပြသည်။

၁၉၈၅ ခုနှစ်က မဟာနန္ဒာကန်ကို ရေပိုမိုရရှိစေရန်နှင့် ရေကြီးမှုမှကာကွယ်ရန်အတွက် ဆည်မြောင်းဦးစီးဌာနမှ ကိုးပင်ချောင်းကိုပိတ်၍ ကိုးပင်ရေလှောင်တမံကို တည်ဆောက်ခဲ့ပြီး မဟာနန္ဒာကန်ရေနည်းသည့်အချိန်တွင် ရေဖြည့်ပေးခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးစောသက်ခိုင်ဝင်းထံမှ သိရသည်။

၁၉၉၅-၁၉၉၆ ခုနှစ်က ကင်းတပ်ရေလွှဲတမံတည်ဆောက်ခြင်းနှင့် မူးတူးမြောင်းဟောင်း ပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်ပြီးစီးခဲ့ခြင်းကြောင့် မူးတူးမြောင်းဟောင်းမှ မဟာနန္ဒာကန်သို့ ရေအဆက်မပြတ်ပေးဝေနိုင်ခဲ့ပြီး နှစ်စဉ်မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး မဟာနန္ဒာကန်၏ ကန်တော်မင်ရေပိုလွှဲမှတစ်ဆင့် သက္ကယ်တန်းချောင်းသို့ရေထုတ်လွှတ်ပေးကာ ကဗျူရေဟန့်မှ တစ်ဆင့် မိုးငေလယ်ကေ ၁၀၀၀ ကို မိုးစပါးစိုက်ပျိုးရေ ပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

“ မဟာနန္ဒာကန်ကြီးဟာ တောင်မြောက်သွယ်တန်းနေတဲ့ တစ်ဖက်ရပ်ဆည်ကြီးဖြစ်တဲ့အတွက် ၁၉၉၀ ပြည့်နှစ်က ပြုပြင်ပြီးနောက်မှာ အနှစ် ၂၀ ကြာမှ အရှေ့ဘက် ရေဆင်းဧရိယာမှာရှိတဲ့ ချောင်းတွေနဲ့ လွင်ပြင်တွေက စီးဝင်လာတဲ့ရေတွေကြောင့် သဲနုန်း ဝင်တာများလာပါတယ်။ ကန်ထဲမှာ သဲနုန်းတိမ်ကောလာသလို ကြာ၊ ဗေဒါ၊ ရေမှော်တွေ ကန်ရေပြင်ဖုံးလွှမ်းမတတ် ပေါက်လာတဲ့အတွက် ရေထုညစ်ညမ်းပြီး အနံ့အသက်တွေ ဆိုးဝါးလာခဲ့ပါတယ်။ ကန်ကြီးသန့်ရှင်းသာယာလှပဖို့ လူအားနဲ့ ရှင်းလင်းတာကို ၂၀၀၈ ခုနှစ်စက်တင်ဘာလနဲ့ အောက်တိုဘာလတွေမှာ စုပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ ဒါကြောင့် သဲနုန်းတူးတာ ကန်ပေါင်ဖို့တာနဲ့ဆက်စပ်တဲ့ ရေသွင်းရေထုတ်အဆောက်အအုံ ဆောက်လုပ်တာတွေကို ဆည်မြောင်းဦးစီးဌာနက တာဝန်ယူပြီး ၂၀၀၉ ခုနှစ် ဇန်နဝါရီကစပြီး စက်ယန္တရား ကြီးတွေနဲ့ ငွေလုံးငွေရင်းရန်ပုံငွေ ကျခံပြုပြင်တည်ဆောက်ခဲ့ပါတယ်” ဟု ၎င်းက ရှင်းပြသည်။

ထို့နောက် ကန်အတွင်းမှရေများကို ရေထုတ်ပေါက်များမှ ထုတ်ပစ်ခြင်း ရေစုပ်စက်များဖြင့် စုပ်ထုတ်ပြီး ကန်အတွင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို ပမာဏအားဖြင့် ၉၆၉၃၈ ကျင်းဆောင်ရွက်ခဲ့ပြီး ကန်ပေါင်လုံးဝမရှိသော အရှေ့ဘက်နှင့် မြောက်ဘက်တို့တွင် ထိပ်ပြင်အကျယ်ပေ ၂၀ ၊ အမြင့် ၁၂ ပေနှင့် အရှည်ပေ ၄၆၄၀ ဖြစ်ပြီး ကန်ပေါင်အကျယ်ကေ ၂၀ ရှိ ကန်ပေါင်အသစ်ကိုတည်ဆောက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ၂၀၀၉ ခုနှစ် စက်တင်ဘာလက ကန်အတွင်း ရေစတင်ဖြည့်သွင်းနိုင်ခဲ့ခြင်းကြောင့် တိုးတက်လာသော ရွှေဘိုမြို့လူဦးရေကို သောက်သုံးရေဖူလုံစွာရရှိစေရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး၊ မြို့အနောက်ဘက်ရှိ ကျေးရွာအချို့အား မိုးရာသီ၌ ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရေးအတွက် ၂၀၁၄ ခုနှစ် ဧပြီ ၉ ရက်က မဟာနန္ဒာကန်အရှေ့ဘက်တိုးချဲ့ကန်ကို ပြုပြင်ခဲ့ရာ ၂၀၁၄ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ပြီးစီးကြောင်း၊ ဧရိယာစုစုပေါင်း ၆၃ ဒသမ ၁၁ ဧကခန့်ရှိ မဟာနန္ဒာကန်တော်အပိုင်းသုံးအဖြစ် မြောက်ဘက်တိုးချဲ့ကန် တည်ဆောက်ရန် အဆိုပြုထားကြောင်း ဦးစောသက်ခိုင်ဝင်းက ပြောသည်။

အဆိုပါ တိုးချဲ့ကန်ပြုပြင်တည်ဆောက်ပြီးပါက ကိုးပင်တမံမှ ရေကို တိုးချဲ့ကန်အတွင်း ဖြည့်သွင်းကာ တိုးချဲ့ကန်မှတစ်ဆင့် သက္ကယ်တန်းချောင်းသို့ ရေချ၍ မိုးကောင်းလယ်ကေ ၁၀၀၀ ခန့်ကို မိုးစပါးစိုက်ပျိုးရေ ပေးဝေနိုင်မည့်အပြင် လူထုသောက်သုံးရေ လုံလောက်စွာ သိုလှောင်နိုင်ကာ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ပြီး ပြည်သူများ အပန်းဖြေရာနေရာအဖြစ် ကျယ်ပြန့်လာစေမည်ဖြစ်ကြောင်း ဦးစောသက်ခိုင်ဝင်းက အကြံပြုထားသည်။

မျိုးဝင်းထွန်း(မုံရွာ)

ကျောက်ချောလမ်း အဆင့်တိုးမြှင့်ဆောင်ရွက်မည်

ညောင်ဦး ဧပြီ ၁၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လာမည့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ညောင်ဦးမြို့နယ် ဇီးအို - မြေသင်းတွင်း ကျေးရွာချင်းဆက်မြေသားလမ်းအား ဒေသခံကျေးလက်နေပြည်သူများရာသီမရွေး ဖြတ်သန်းသွားလာနိုင်ရေးအတွက် ကျောက်ချောလမ်းအဆင့်တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ကျွန်တော်တို့ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလာမယ့် ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်မှာ လျာထားခွင့်ရန်ပုံငွေဖြင့် ကျောက်ချောလမ်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးသွားဖို့ ရှိပါတယ်။ ကျောက်ချောလမ်းအဆင့် တိုးမြှင့်ခင်းကျင်းပေးနိုင်ဖို့အတွက် မြေနေရာသတ်မှတ်ခြင်းတွေကို ဒေသခံပြည်သူတွေနဲ့ သဘောတူညီမှုတွေလည်းရရှိပြီးဖြစ်ပါတယ်။လုပ်ငန်းစတင်မယ့်ရက်တော့ အတိအကျပြောလို့မရသေးပါဘူး။ လာမယ့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်လေးလပိုင်း ဘတ်ဂျက်မှာ ခွင့်ပြုချထားပေးမယ့် ရန်ပုံငွေအပေါ်မှာမူတည်သွားမှာပါ။ ကျွန်တော်တို့ ဌာနအနေနဲ့ကတော့ ခွင့်ပြုငွေကျတာနဲ့အမြန်ဆုံးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာပါ”ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးညီညီဦး (ဦးစီးအရာရှိ - နည်းပညာ)၏ ပြောပြချက်အရ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ပန်ကြား

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ် မတ်လ၊ ဧပြီလနှင့် မေလများ၌ မိုးတိမ်တောင်များဖြစ်ပေါ်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း၌ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်း၊ ပြိုကျပျက်စီးခြင်း၊ အမိုးလန်ခြင်းများကြောင့် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၊ မြို့နယ်ပေါင်း ၅၉ မြို့နယ်မှ လူဦးရေတစ်သိန်းခွဲခန့် ဘေးဒုက္ခကြုံတွေ့ခဲ့ကာ ၄၄ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုမှတ်တမ်းများအရ တွေ့ရှိရပါသည်။

၂။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဘေးလျော့ပါးစေရေးနှင့် ကြိုတင် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အရေးပေါ်တုံ့ပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုတင်စီမံထားခြင်းတို့ဖြင့်သာ ထိခိုက်ဆုံးရှုံးပျက်စီးမှုများလျော့နည်းသက်သာစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့အစည်းတစ်ရပ်တည်း ဆောင်ရွက်ခြင်းထက် ဆက်နွယ်ပတ်သက်သူအားလုံးအပါအဝင် ပြည်သူလူထုမှ ပူးပေါင်းဆောင်ရွက်မှသာလုပ်ငန်းများ ပိုမိုအောင်မြင်ပါမည်။

နေအိမ်အဆောက်အအုံများနှင့်စပ်လျဉ်း၍ ပြင်ဆင်ရန်အကြံပြုချက်များ

၃။ ၂၀၁၇ ခုနှစ် မတ်လ၊ ဧပြီလနှင့် မေလများတွင် ဖြစ်ပွားနိုင်သည့် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းသက်သာစေရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်အတူ အောက်ပါလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားရန် အကြံပြုတိုက်တွန်းအပ်ပါသည်-

(က) မိမိတို့နေအိမ်အဆောက်အအုံများ၏ ကြံ့ခိုင်မှုကိုစစ်ဆေးပါ။
(ခ) လေဒဏ်ခံနိုင်စေရေးအတွက် ကန့်လန့်ဖြတ်ဘေးထောက်တန်းများ၊ နံရံထောက်တန်းများ၊ ဒေါက်တိုင်များကို လိုအပ်သည့်နေရာများတွင် ကျားကန်တပ်ဆင်ပါ။
(ဂ) မြေဝင်အိမ်တိုင်များအား ချောင်၍လှုပ်နေခြင်းရှိ/မရှိစစ်ဆေးပြီး လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍သိပ်သည်းကျစ်လျစ်အောင် မြေကျပ်ပေးပါ။
(ဃ) အိမ်၏အတွဲအဆက်ပြုထားသည့်နေရာအားလုံးကို ချောင်ထွက်မနေအောင်လိုအပ်သလိုဆောင်ရွက်ပါ။ (မူလီကျပ်ခြင်း၊ သံထပ်ပိုးရိုက်ခြင်း -ဥပမာ)
(င) အိမ်အမိုးများကို ခိုင်ခံ့အောင် ပြန်လည်စစ်ဆေးပြင်ဆင်ပါ။ ခေါင်ချုပ်ကန့်လန့်ဖြတ်တန်းများ၊ ရေပြင်ညီချုပ်တန်းများထည့်ပါ။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုး ဖြစ်ပါက ဝါးရာဇမတ် ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာချည်နှောင်ပါ။
(စ) အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် သွပ်နန်းကြိုးများ အသုံးပြု၍ချည်နှောင်ခြင်း၊ လိုအပ်သောနေရာတွင် သံများထပ်မံ ထပ်ပိုးရိုက်ခြင်းဆောင်ရွက်ပါ။ ချွတ်ယွင်းနေသော အစိတ်အပိုင်းများကို ပြုပြင်အစားထိုးပါ။
(ဆ) အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။
(ဇ) အိမ်များကြံ့ခိုင်မှုမထိခိုက်စေရေးအတွက် ကြမ်းခင်းအောက်တွင် ရေမဝပ်စေရန် ဆောင်ရွက်ထားပါ။

သတိပြုဆောင်ရွက်ရန်များ

၄။ ပြည်သူများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်း တိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်လာပါက အောက်ပါ အချက်များကို အထူးသတိပြုလိုက်နာနေထိုင်ကြရန် အကြံပြုအပ်ပါသည်-

(က) လယ်ကွင်း၊ ကွင်းပြင်ထဲနေထိုင်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။
(ခ) မဖြစ်မနေ အိမ်ပြင်သို့ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။ မိမိကိုယ်ကို အကာအကွယ်များပြုလုပ်သွားပါ။
(ဂ) မိုးရွာသွန်းနေစဉ်၊ မိုးခြိမ်းနေစဉ်၊ လျှပ်စီးလက်နေချိန်များတွင် တယ်လီဖုန်းများအသုံးပြုခြင်းရှောင်ကြဉ်ပါ။
(ဃ) တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူနှင့် ကွန်ပျူတာစသည့် လျှပ်စစ်နှင့်ဆိုင်သောပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။
(င) သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနဲ့။
(စ) ရုတ်တရက်တိမ်မည်းလာခြင်း၊ လေပြင်းလာခြင်း၊ မိုးသည်းထန်လာခြင်း၊ မိုးခြိမ်းပြီးအတော်ကြာမှ လျှပ်ပြက်ခြင်း၊ အပူထုထဲတွင် လေအေးများကို ခံစားရခြင်းစသည့် မိုးသီးမုန်တိုင်း၏ လက္ခဏာများအား ဂရုပြုပါ။

ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ

၅။ ပြည်သူလူထုများအနေဖြင့် လေပြင်းဘေးအပြင် အခြားသဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ အရေးပေါ် ဆက်သွယ်နိုင်ပါသည်-

ဖုန်းနံပါတ်များ

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန(ရုံးချုပ်)-၀၆၇-၄၀၄၆၆၆
Hot Line No များ -၀၆၇-၄၀၄၇၇၇
-၀၆၇-၄၀၄၂၂၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ရှွံကိုမလိုရေကိုသာလိုသည့်နယ် ရေရရှိကာမြေကြီးကရွှေသီးနေ

ကိုတောင်သူ(မိတ္ထီလာ)

မြန်မာနိုင်ငံတွင် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့သည် မိုးနည်းရေရှားဒေသတွင် ပါဝင်ကာ သောက်သုံးရေရှားပါးသောဒေသများဖြစ်သည်။ ထို့ကြောင့် ထိုဒေသရှိ ပြည်သူများသည် ရွှံကိုမလို ရေကိုသာလိုအပ်သော ဒေသများဖြစ်ကြသည်။ ထိုဒေသရှိ တောင်သူလယ်သမားများသည် မိုး စပါး၊ နွေစပါး၊ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် အခြားသီးနှံများစိုက်ပျိုးကြသည်။

အဆိုပါသီးနှံများစိုက်ပျိုးနိုင်ရန် ရေလိုအပ်သည့်အတွက် ရေရရှိရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ရေအရင်းအမြစ်ဦးစီးဌာနတို့မှ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်တွင် ဆည်မြောင်းတာတမံများနှင့် ရေတွင်းရေကန်များ ဆောက်လုပ်ပေးနေသည်။

ပခုက္ကူခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုဦးစီးဌာန မှ ပခုက္ကူခရိုင်၊ ဂန့်ဂေါခရိုင်၊ ရေစကြိုမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့တွင် ဆည်တာတမံ ၃၃ခုတည်ဆောက်ပေးထားပြီး ယင်းဆည်တာတမံများမှတစ်ဆင့် ကျေးလက်နေပြည်သူများ သောက်သုံးရေနှင့် နွေစပါး၊ မိုးစပါးစိုက်ပျိုးရေများ ပေးဝေနေသည်။ ယင်းကဲ့သို့ ဆည်တာတမံများတည်ဆောက်ပေးထားသဖြင့် ဒေသအလိုက်စိမ်းလန်းစိုပြည်ပြီး ကျေးရွာလူထုနှင့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်များ သောက်သုံးရေဖူလုံကာ လယ်ယာမြေများ စိုက်ပျိုးရေ ပေးဝေနိုင်ခြင်းကြောင့် နွေစပါး၊ မိုးစပါးစိုက်ပျိုးလာနိုင်ကာဒေသဝမ်းစာဖူလုံသည့်အတွက် ကျေးလက်နေပြည်သူများမှာ ဆင်းရဲနွမ်းပါးမှုလျော့နည်းလာသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆည်မြောင်းတာတမံများမရှိသော ကျေးလက်ဒေသများတွင် သောက်သုံးရေနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရေတွင်း၊ရေကန်များ တူးဖော်ပေးနေသည်။ ပခုက္ကူမြို့နယ် ပန်းတိုင်းခြုံကျေးရွာမှာ အိမ်ခြေ ၅၀၀ ခန့်ရှိပြီး လူဦးရေ ၁၅၀၀ ကျော်ရှိသည်။ ပန်းတိုင်းခြုံကျေးရွာရှိ ပန်းတိုင်းချုံသောက်သုံးကန်မှာ မိုးတွင်းအခါသာ ရေရရှိပြီး နွေရာသီဧပြီလမှစ၍ ရေပြတ်ကာ ကျေးရွာလူထုမှာ သောက်သုံးရေအခက်အခဲနှင့် နှစ်စဉ်ကြုံတွေ့နေရသည်။ ထို့ကြောင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပန်းတိုင်းခြုံကျေးရွာ သောက်သုံးရေကန်ကို ကန်ပေါင်ပြုလုပ်ခြင်း၊ သဲနုန်းတူးဖော်ပေးခဲ့သဖြင့် ယခုအခါ တစ်နှစ်ပတ်လုံး သောက်သုံးရေဖူလုံစွာရရှိနေပြီဖြစ်သည်။ ထိုနည်းလည်းကောင်း ရေစကြိုမြို့နယ်တွင်းရှိ မြေဖြူကျင်းကျေးရွာနှင့်မြေဖြူ(မုံညှင်း)ကျေးရွာရှိ သောက်သုံးကန်နှစ်ကန်ကိုလည်း နွေရာသီတွင် ရေခန်းခြောက်ပြီးရေပြတ်လေ့ရှိသဖြင့် ပခုက္ကူဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ကန်ပေါင်မြှင့်ခြင်း၊ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သဖြင့် ထိုနှစ်ကန်သည် တစ်နှစ်ပတ်လုံးရေဖူလုံစွာရရှိနေပြီဖြစ်၍ ကျေးလက်နေပြည်သူများသောက်သုံးရေနှင့် ကျွဲ၊ နွားတိရစ္ဆာန်များသောက်သုံးရေရရှိသည့်အပြင် ဒေသတွင်းစိမ်းလန်းစိုပြည်ရေးပါ အထောက်အကူရရှိနေသဖြင့် ကျေးရွာလူထုမှာ ဝမ်းသာပျော်ရွှင်နေကြသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပန်းတိုင်းခြုံကျေးရွာ သောက်သုံးရေကန်ကို ကန်ပေါင်ပြုလုပ်ခြင်း၊ သဲနုန်းတူးဖော်ပေးခဲ့သဖြင့် ယခုအခါ တစ်နှစ်ပတ်လုံး သောက်သုံးရေဖူလုံစွာရရှိနေပြီဖြစ်သည်။ ထိုနည်းလည်းကောင်း ရေစကြိုမြို့နယ်တွင်းရှိ မြေဖြူကျင်းကျေးရွာနှင့် မြေဖြူ(မုံညှင်း)ကျေးရွာရှိ သောက်သုံးကန် နှစ်ကန်ကိုလည်း နွေရာသီတွင် ရေခန်းခြောက်ပြီး ရေပြတ်လေ့ရှိသဖြင့် ပခုက္ကူဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကန်ပေါင်မြှင့်ခြင်း၊ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သဖြင့် ထိုနှစ်ကန်သည် တစ်နှစ်ပတ်လုံး ရေဖူလုံစွာ ရရှိနေပြီ

ထိုနည်းတူဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)ကလည်း ခရိုင်အတွင်းစိုက်ပျိုးသီးနှံများနှင့်ကျေးရွာများ သောက်သုံးရေရရှိရေးအတွက် ၂၀၀၇ ခုနှစ်မှစ၍ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၄ ခုဖြင့် ရေပေးဝေနေရာအထူးအောင်မြင်နေသည်။ ခရိုင်အတွင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်နှင့် ရေသွင်းစိုက်ပျိုးစနစ် ကျယ်ပြန့်ထွန်းကားလာစေရန်အတွက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပခုက္ကူခရိုင်အတွင်းရှိ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများဖြစ်သော ရွှေတန့်တစ်မြစ်ရေတင်၊ ကြီးရွာမြစ်ရေတင်၊ ကုက္ကိုလှမြစ်ရေတင်နှင့် ချစ်သူမြစ်ရေတင်တို့မှာ ဧရာဝတီမြစ်ရေတင်လုပ်ငန်းများဖြစ်သည်။ သင့်သည်မြစ်ရေတင်၊ သမန္တပို့မြစ်ရေတင်၊ ရွှေချောင်းမြစ်ရေတင်၊ မအူအောက်ဆိပ်မြစ်ရေတင်၊ မင်းရွာ မြစ်ရေတင်၊ ဝါယာ-သာစည်မြစ်ရေတင်နှင့် ရေပြာမြစ်ရေတင်တို့မှာ ချင်းတွင်းမြစ်ရေတင်လုပ်ငန်းများ ဖြစ်သည်။ စံဖဲမြစ်ရေတင်နှင့်ဆိပ်ဖြူ-အောက်ဆိပ်မြစ်ရေ တင်တို့မှာ ယောချောင်းမြစ်ရေတင်တို့ဖြစ်ကြသည်။

လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်နှင့် ဂန့်ဂေါမြို့နယ်များသို့ မြစ်ရေတင်စီမံကိန်းမှ ကျေးရွာများသို့စိုက်ပျိုးရေနှင့် သောက်သုံးရေများ ဖြန့်ဝေပေးခဲ့ရာ အထူးအောင်မြင်ခဲ့သည်။ ရေပေးဝေရာတွင် ရေရရှိစေရန်အတွက် ရေခေါ်မြောင်းများတူးဖော်ခြင်း၊ ချုံရှင်းခြင်း၊ ပိုက်များပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ပခုက္ကူမြစ်ရေတင်စီမံကိန်းမှ ၂၀၁၆-၂၀၁၇ ခုနှစ်နွေသီးနှံရာသီတွင် စပါးဧက ၁၉၅၀ နှင့် အခြားသီးနှံဧက ၃၆၀၀ စုစုပေါင်းဧက ၅၅၆၀ ကို ရေပေးဝေသွားမည်ဖြစ်သည်။ ယခုနှစ်တွင် ၁၀၁၉ ဧကပိုမိုရေပေးဝေသွားမည်ဖြစ်သည်။

လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ရေများပေးဝေနေရာ ရေစကြိုမြို့နယ်ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်မှ ရေများရရှိသဖြင့် ကန်စွယ်ကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး လယ်သမားကြီးဦးကြည်လင်က ၎င်းပိုင်လယ်ငါးဧကကို မြစ်ရေတင်စီမံကိန်းရေဖြင့် မိုးစပါး၊ နွေစပါးအပြင်ပဲတီစိမ်းများစိုက်ပျိုးခဲ့ရာ အထူးအောင်မြင်ခဲ့သည်။ ကန်စွယ်ရွာမှ ဒေါ်ရွှေသိန်းကလည်း ၎င်းပိုင်လယ်နှစ်ဧကကို ဝိုင်ယာ-သာစည်မြစ်ရေတင်ဖြင့် မိုးစပါး၊ နွေစပါးနှင့် ပဲတီစိမ်းများစိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းနေပြီး မြေကြီးကရွှေသီးနေသည့်အတွက် ပျော်ရွှင်နေကြောင်း ရင်းတွင်းစကားပြောကြားသည်။ ယခင်ကအိပ်မက်ပင်မမက်ဖူးသောရေရရှိနေသဖြင့် တစ်နယ်လုံးလယ်သမားများ လျှပ်စစ်မြစ်ရေတင်စီမံကိန်းကြီးကို ဝမ်းသာကျေးဇူးတင်ကြောင်း ရင်ထဲက အပျော်စကားများကို ကြားသိရသည်။ ။

မြစ်ကြီးနားမြို့၌စုပေါင်းသွေး လှူဒါန်းပွဲကျင်းပ

မြစ်ကြီးနား ဧပြီ ၁၈

ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီကကြီးမှူး ပြုလုပ်သော မြန်မာနှစ်သစ်ကူး နှစ်ဆန်းတစ်ရက်နေ့တွင် စုပေါင်းသွေးလှူဒါန်းပွဲကို ဧပြီ ၁၇ ရက်က မြစ်ကြီးနားမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့်ဇနီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သွေးလာရောက်လှူဒါန်းကြသော စေတနာရှင် သွေးလှူရှင်များအား ကြက်ဥနှင့် အာဟာရဖြည့်စွက်စာဆေးဝါးများပေးအပ်ကာ အားပေးစကားများ ပြန်လည် ပြောကြားပေးသည်။

သွေးလှူရှင်များဖြစ်သည့် မြန်မာနိုင်ငံကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်များ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့များမှ မြစ်ကြီးနားအထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် အရေးပေါ်လိုအပ်သည့်သွေးများကို အချိန်မီရရှိစေရန်အတွက် သွေးအမျိုးအစားပေါင်း ၅၀ ကျော်ကို စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

မင်းရာဇာ(မြစ်ကြီးနား)

ဆည်ရေသောက်စနစ်အဆင့်မြှင့်တင်

ပြည် ဧပြီ ၁၈

မြောက်နဝင်းဆည်ရေသောက်စနစ်အဆင့်မြှင့်တင် ပြုပြင်ခြင်းနှင့် ဆောင်ရွက်ရမည့် လက်ဝဲလက်တံ(၁၃) CL-13 မြောင်းအဖျားပိုင်းတွင် ဖြည်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၇၃၇)တွင်ဧပြီလ ဒုတိယပတ်က ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ JICA အတိုင်ပင်ခံ အဖွဲ့မှ ဦးဝင်းဆွေ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ခံဦးစီးအရာရှိနှစ်ဦးတို့သည် ဒေသခံတောင်သူ များနှင့်အတူ ကွင်းဆင်းဆောင်ရွက်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်းရာတွင် CL-13 မြောင်းဆည်ရေသောက်စနစ်ရှိ တောင်သူများနှင့် တွေ့ဆုံပြီး ဆည်ရေသောက်မြောင်းများ၏ လက်ရှိအခက်အခဲများကိုတောင်သူများမှ လိုက်လံပြသခြင်း၊ တောင်သူများအတွက် ပိုမိုအကျိုးရှိနိုင်သည့် နည်းလမ်းများ၊ လိုအပ်ချက်များဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ ထိထိရောက်ရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်ရေးတို့အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ မြေပိုင်ဆိုင်သူတောင်သူများ၏ အကြံပြုချက်များ တောင်းခံခြင်း၊ လိုအပ်သည့်နေရာအရောက် လိုက်လံကြည့်ရှုခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ထပ်မံဖြည့်စွက်ဆောင်ရွက်ရန်လိုအပ်သည်များကို ရှင်းလင်းပြောကြားခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ရေသောက်မြောင်းများ၏ ယခင်က အားနည်းချက်များရှိခဲ့သော်လည်း ယခုအခါ JICA ODA LOAN အကူအညီဖြင့် ဆောင်ရွက်ခြင်းတွင် တောင်သူများနှင့် သက်ဆိုင်ရာဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ အဆက်မပြတ်ဆွေးနွေးတိုင်ပင်ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

ပုသိမ်ကြီးမြို့၌ သက်ကြီးပူဇော်ပွဲ ကျင်းပ

ပုသိမ်ကြီး ဧပြီ ၁၈

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး စည်းဝေးခန်းမဆောင်၌ ဧပြီ ၁၇ ရက်က အသက် ၉၅ နှစ်အထက် အဘိုးအဘွား ၄၁ ဦးအားပူဇော်ကန်တော့ပွဲ ကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်းဌေလင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ခိုင်နှင့်ဇနီး၊ စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးညွန့်ဆန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် အဘိုးအဘွားများအား လက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ ထို့နောက် အဘိုးအဘွားများကိုယ်စား အဘိုးဦးအေးလွန်းက ဆုတောင်းမေတ္တာစကားပြော ကြားခဲ့ကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံတက်ရောက်မည့် အလုပ်သမားကိုယ်စားလှယ်ရွေးချယ်ရေးဆောင်ရွက်

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ နှစ်စဉ်ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံသို့ တက်ရောက်ရန်အတွက် အစိုးရကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စားလှယ်နှင့် ဆွေးနွေးမည့် ဘာသာရပ်အလိုက် အကြံပေးပုဂ္ဂိုလ်များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့၏အမည်စာရင်းကို ILO ဖွဲ့စည်းပုံ စည်းမျဉ်းအပိုဒ် ၃(၅) အရ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံအစိုးရမှ တင်သွင်းရပါသည်။

ကိုယ်စားလှယ်အဖွဲ့အမည် စာရင်းတင်သွင်းရာတွင် အလုပ်သမားကိုယ်စားလှယ် အမည်စာရင်းတင်သွင်းမှုနှင့် ပတ်သက်၍ ၂၀၁၄ ခုနှစ်တွင် ကျင်းပခဲ့သည့် (၁၀၃) ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ၏ Provisional Record 5C ၌ "ညီလာခံသို့ တက်ရောက်မည့် အလုပ်သမားကိုယ်စားလှယ်နှင့် အကြံပေးပုဂ္ဂိုလ်များကို ရွေးချယ်သတ်မှတ်ရာတွင် ပြည်သူ့အာဏာပိုင်တို့၏ ဝင်ရောက်စွက်ဖက်မှုမှကင်းလွတ်ပြီး အလုပ်သမားအဖွဲ့အစည်းများက ဆောင်ရွက်ရမည့် တာဝန်သာဖြစ်ကြောင်း"ဟု ဖော်ပြပါရှိပါသည်။

ထို့အပြင် Credential Committee အနေဖြင့် အပြည်ပြည်ဆိုင်ရာ အမြဲတမ်းတရားရုံး (Permanent Court of International Justice - PCIJ) ၏ အကြံပြုသဘောထားမှတ်ချက်(၁)ကို ရည်ညွှန်းဖော်ပြထားသည်မှာ အမျိုးမျိုးသော ကိုယ်စားပြုအဖွဲ့အစည်းများရှိသည့် အခြေအနေတွင် ကိုယ်စားလှယ်ရွေးချယ်ရေး အစည်းအဝေးကို ပြုလုပ်သောအခါ၌အစိုးရသည် ထိုအဖွဲ့အစည်းအားလုံးကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး ယင်းတို့အနက်မှ ကိုယ်စားပြုမှု အများဆုံးဖြစ်သော အဖွဲ့အစည်းများ၏ သဘောတူညီချက်ကို ရယူခြင်းသည် အကောင်းဆုံးဖြစ်သည်။ **ကိုယ်စားပြုမှုအများဆုံးဖြစ်သော အဖွဲ့အစည်းများကြား၌ သဘောတူညီမှုမရရှိမှသာ** အစိုးရအနေဖြင့် ကိုယ်စားပြုမှု အများဆုံးဖြစ်သော အဖွဲ့အစည်းအား ILO Criteria နှင့်အညီ အတည်ပြုပေးရမည်"ဟု ဖော်ပြပါရှိပါသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ် ဇွန်လတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပမည့် (၁၀၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံအတွက် အလုပ်သမားကိုယ်စားလှယ် အချိန်မီရွေးချယ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ အလုပ်သမားအဖွဲ့ချုပ်(၃)ဖွဲ့သို့

- ၎င်းတို့အလုပ်သမားအဖွဲ့ချုပ်များ အချင်းချင်းညှိနှိုင်းပြီး အလုပ်သမားကိုယ်စားလှယ် တစ်ဦးရွေးချယ်ပေးရန် (သို့မဟုတ်)
- ထိုသို့ ညှိနှိုင်းသဘောတူညီရွေးချယ်ပေးနိုင်ခြင်းမရှိက ဝန်ကြီးဌာနအနေဖြင့် ILO Criteria များနှင့် အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်
- ကိုယ်စားလှယ် အမည်စာရင်းကို ၂၇-၂-၂၀၁၇ ရက်နေ့ နောက်ဆုံးထားပြီး ပြန်လည်တင်ပြပေးရန် ၅-၁-၂၀၁၇ ရက်နေ့တွင်အကြောင်းကြားစာပေးပို့ခဲ့ပါသည်။

ထို့အပြင် အလုပ်သမား ကိုယ်စားလှယ်ရွေးချယ်မည့် ပုံစံကို ၈-၂-၂၀၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်း " **အလုပ်သမားညီလာခံအတွက် အလုပ်သမားကိုယ်စားလှယ် ကို အချိန်မီရွေးချယ်ပေးရန် လိုအပ်နေ** ဟူသော ခေါင်းစဉ်ဖြင့် ထည့်သွင်းဖော်ပြခဲ့ပါသည်။

ဝန်ကြီးဌာနအနေဖြင့် အလုပ်သမားကိုယ်စားလှယ် ရွေးချယ်ရေးနှင့်စပ်လျဉ်း၍ နည်းလမ်းနှစ်မျိုးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနည်းလမ်းအနေဖြင့် အလုပ်သမားအဖွဲ့ချုပ်များအချင်းချင်းညှိနှိုင်းပြီး အလုပ်သမားကိုယ်စားလှယ်တစ်ဦးရွေးချယ်ရန်နှင့် ဒုတိယနည်းလမ်းအနေဖြင့် အလုပ်သမားအဖွဲ့ချုပ်များအချင်းချင်း ညှိနှိုင်းသဘောတူညီရွေးချယ်ပေးနိုင်ခြင်းမရှိပါက ဝန်ကြီးဌာနအနေဖြင့် ILO Criteria များနှင့်အညီ ကြားဝင်ဆောင်ရွက်၍ အလုပ်သမားကိုယ်စားလှယ်တစ်ဦးရွေးချယ်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

(၁၀၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံသို့တက်ရောက်မည့် အလုပ်သမားကိုယ်စားလှယ်အချိန်မီ ရွေးချယ်နိုင်ရေးအတွက် ဝန်ကြီးဌာနမှ အလုပ်သမားအဖွဲ့ချုပ် (၃)ဖွဲ့သို့ အကြောင်းကြားစာများပေးပို့ခြင်း၊ ကိုယ်စားလှယ်အမည်စာရင်းတောင်းခံခြင်း၊ ဝန်ကြီးဌာနသို့ဖိတ်ကြား၍ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်စေခြင်း တို့ဆောင်ရွက်ခဲ့ပါသည်။ အဖွဲ့ချုပ်(၃)ဖွဲ့အနက် မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(CTUM)မှ အလုပ်သမားကိုယ်စားလှယ် အမည်စာရင်းတင်ပြလာခဲ့ပြီးမြန်မာနိုင်ငံ တောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM-IUF)နှင့်မြန်မာနိုင်ငံစက်မှုလက်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(MICS-TUsF)တို့မှ "**တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်/ အခြေခံအဖွဲ့များအားလုံးအား စည်းမျဉ်းစည်းကမ်းနှင့်အညီဖိတ်ကြားပြီး အလုပ်သမားကိုယ်စားလှယ်ရွေးချယ်ပွဲကျင်းပပေးရန်**" ပြန်ကြားခဲ့ပါသည်။

AFFM-IUF နှင့် MICS-TUsF တို့၏ တောင်းဆိုချက်အရ အလုပ်သမားအဖွဲ့အစည်းအားလုံးမှ အလုပ်သမားများကိုဖိတ်ကြားစုစည်းပေးမည်ဆိုပါကသင့်တော်ကျယ်ဝန်းသည့်အဆောက်အအုံနေရာ စီစဉ်ရမည်ဖြစ်ပြီး အလုပ်သမားများအနေဖြင့် စုစည်းလာရောက်ရန်အတွက် ၎င်းတို့ လုပ်ငန်းခွင်များမှ ခွင့်တိုင်ကြားရခြင်း၊ သွားလာ၊ နေထိုင်၊ စားသောက်ရေးအတွက် စီစဉ်ကြရခြင်းစသည့် အခက်အခဲများအပြင် အလုပ်သမားအဖွဲ့အစည်းများအကြား အမြင်မတူညီမှုများ၊ သဘောထား ကွဲလွဲမှုများရှိလာပါက မလိုလားအပ်သည့် ပြဿနာများဖြစ်ပေါ်လာနိုင်မည်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

ဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ်တွင် ကျင်းပခဲ့သည့် (၁၀၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံအတွက် အလုပ်သမားကိုယ်စားလှယ်ရွေးချယ်ပေးခဲ့ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ အဖွဲ့ချုပ်အဆင့်အထိ အဖွဲ့အစည်းများနှင့် ကိုယ်စားပြုမှုအများဆုံးသော အဖွဲ့အစည်းဟူ၍မရှိသည့်အတွက် အဖွဲ့အစည်းအားလုံးကို ဖိတ်ကြားပြီးရွေးချယ်ပေးခဲ့သည့်သာဓကရှိခဲ့သော်လည်း ယခုအချိန်တွင် အဖွဲ့ချုပ်အဆင့်အထိ အဖွဲ့အစည်းများ ဖွဲ့စည်းပြီးဖြစ်သည့်အတွက် ကိုယ်စားပြုမှုအများဆုံးဖြစ်သည့် အဖွဲ့ချုပ်(၃)ဖွဲ့အချင်းချင်း အခြား ILO အဖွဲ့ဝင်နိုင်ငံများတွင် ဆောင်ရွက်နေသကဲ့သို့ ညှိနှိုင်းသဘောတူညီချက်ဖြင့် ကိုယ်စားလှယ်ရွေးချယ်ပေးရမည်ဖြစ်ပြီး သဘောတူညီမှုမရပါက ဝန်ကြီးဌာနအနေဖြင့် ILO Criteria များနှင့်အညီ ကြားဝင်ဆောင်ရွက်၍ အလုပ်သမားကိုယ်စားလှယ်တစ်ဦး ရွေးချယ်သွားမည်ကို သိရှိရပါကြောင်းနှင့် ညီလာခံတက်ရောက်ရေးအတွက် အလုပ်သမားအဖွဲ့ချုပ်များအကြား ကိုယ်စားလှယ်အမည်စာရင်း အဆင်ပြေချောမွေ့စွာရွေးချယ်နိုင်ပါစေကြောင်း ဆန္ဒပြုတင်ပြလိုက်ရပါသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ဝန်ကြီးဌာနအနေဖြင့် အလုပ်သမားကိုယ်စားလှယ် ရွေးချယ်ရေးနှင့်စပ်လျဉ်း၍ နည်းလမ်းနှစ်မျိုးဖြင့် ဆောင်ရွက် သွားမည်ဖြစ်ပြီး ပထမနည်းလမ်းအနေဖြင့် အလုပ်သမားအဖွဲ့ချုပ်များ အချင်းချင်းညှိနှိုင်းပြီး အလုပ်သမား ကိုယ်စားလှယ်တစ်ဦးရွေးချယ်ရန်နှင့် ဒုတိယနည်းလမ်းအနေဖြင့် အလုပ်သမားအဖွဲ့ချုပ်များအချင်းချင်း ညှိနှိုင်းသဘောတူညီရွေးချယ်ပေးနိုင်ခြင်းမရှိပါက ဝန်ကြီးဌာနအနေဖြင့် ILO Criteria များနှင့်အညီကြားဝင်ဆောင်ရွက်၍ အလုပ်သမားကိုယ်စားလှယ်တစ်ဦးရွေးချယ်ရမည်ဖြစ်

သီးနှံအမျိုးအစားနှင့် စိုက်ကေအလိုက် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ပေးရန် တောင်သူများလိုလား

ညောင်ဦး ဧပြီ ၁၈

ညောင်ဦးမြို့နယ်အတွင်း ကျေးရွာများမှ ဒေသခံတောင်သူများအနေဖြင့် မကြာမီရောက်ရှိတော့မည့် မိုးဦးကျချိန်တွင် နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ ပဲမျိုးစုံနှင့် အခြားသီးနှံစုံကို စိုက်ပျိုးကြတော့မည်ဖြစ်သည်။ ထိုသို့ စိုက်ပျိုးရာတွင် စပါးစိုက်ကေများအတွက် တစ်ကေလျှင် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်တစ်သိန်းခွဲနှင့် အခြားသီးနှံများအတွက် တစ်ကေလျှင် ချေးငွေကျပ်နှစ်သောင်းကို တောင်သူတစ်ဦးလျှင် ၁၀ ကေ အထိ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်မှ ထုတ်ပေးခဲ့သည်။

ထိုသို့ ထုတ်ပေးခြင်းကြောင့် တောင်သူများအနေဖြင့် စိုက်ကေ ၁၀ ကေထက် ပိုများနေလျှင် ချေးငွေရရှိမှုမှာ နည်းနေပြီး လုံလောက်မှုမရှိသောကြောင့် ချေးငွေကို ၁၀ ကေထက် ကျော်လွန်လျှင်လည်း စိုက်ကေအလိုက် ထုတ်ပေးရန်နှင့် အခြားသီးနှံ စိုက်ပျိုးစရိတ်များကိုလည်း တစ်ကေလျှင် ကျပ်နှစ်သောင်းနှုန်းထက် ပို၍ထုတ်ပေးရန် တောင်သူများက ဆန္ဒရှိနေကြခြင်းဖြစ်သည်။

"ကျွန်တော်တို့ တောင်သူတွေမှာ တစ်နှစ်ထက်တစ်နှစ် အရင်းအနှီးက ပိုကြီးလာပါတယ်။ မျိုးစေ့ဈေးကလည်း တောင်သူတွေစိုက်ချိန်မှာ ဈေးကောင်းပေးဝယ်ရတယ်။ သီးနှံပေါ်ချိန် တောင်သူရောင်းရင် ဈေးကောင်းမရဖြစ်နေတယ်။ ကျွန်တော်က စပါးစိုက်ကေ ၁၃ ကေရှိတယ်။ ဒါပေမယ့် စိုက်ဘဏ်က ၁၀ ကေအတွက် ၁၅ သိန်းပဲ ထုတ်ရပါတယ်။ ကုန်ကျစရိတ်က အဲဒီလောက်မကတဲ့အတွက် ၁၃ ကေ အပြည့် ထုတ်ပေးနိုင်မယ်ဆိုရင် ပိုအဆင်ပြေနိုင်တာပေါ့"ဟု ညောင်ဦးမြို့နယ် တောင်ဖက်တန်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

အခြားသီးနှံစိုက် တောင်သူများအနေဖြင့်လည်း တစ်ကေလျှင် လက်ရှိရရှိနေသည့် ချေးငွေကျပ်နှစ်သောင်းနှင့် မလောက်သဖြင့် ချေးငွေကို ပို၍ထုတ်ပေးရန် ဆန္ဒရှိနေကြသည်။

ညောင်ဦးမြို့နယ် လက်ပန်တဲကျေးရွာမှ တောင်သူ အမျိုးသမီးတစ်ဦးက "ကျွန်မတို့က မိုးကောင်းကြိုက်မြေဆိုတော့ တစ်နှစ်မှတစ်ရာသီ တစ်ရာသီမှတစ်သီးပဲ စိုက်ရတာပါ။ ဆီထွက်သီးနှံ မြေပဲစိုက်မယ်ဆိုရင် တစ်ကေကို တစ်တောင်းခွဲ စိုက်ရတယ်။ မြေပဲတစ်တောင်းကို လေးသောင်းပေးရတယ်။ တစ်တောင်းခွဲဆိုတော့ ခြောက်သောင်းအရင်းရှိတယ်။ တစ်ကေအတွက် မျိုးဖိုး ခြောက်သောင်းနဲ့ ထွန်စရိတ်၊ ပေါင်းသင်စရိတ်၊ ရိတ်သိမ်းစရိတ်တွေ အားလုံးတွက်ရင် တစ်သိန်းလောက်ကုန်ကျစရိတ်ရှိတယ်။ စိုက်ဘဏ်က တစ်ကေ နှစ်သောင်းပဲထုတ်ပေးတယ်။ အဲဒီတော့ ဘယ်လိုမှ မလောက်ပါဘူး"ဟု ပြောသည်။

ညောင်ဦးမြို့နယ် ရေတွင်းညောင်ပင်ကျေးရွာမှ တောင်သူဦးအောင်ငွေကလည်း "ကျွန်တော်ဆိုရင် ၁၀ ကေကျော် စိုက်ပါတယ်။ စိုက်ဘဏ်က အခြားသီးနှံ ဆယ်ကေအတွက် စိုက်စရိတ် နှစ်သိန်းသာ ထုတ်ပေးပါတယ်။ ဘယ်လိုမှ အရင်းအနှီးက မလိုက်နိုင်ပါဘူး။ ကျွန်တော်တို့က မိုးနဲ့အလျဉ်းသင့်ရင် သင့်သလို စိုက်ပျိုးတာဆိုတော့ အမှန်တကယ် ၁၀ ကေထက် ကျော်စိုက်ရင် စိုက်သလောက် ထုတ်ပေးစေလိုပါတယ်"ဟု ပြောသည်။

လက်ရှိအချိန်တွင် ညောင်ဦးမြို့နယ်အတွင်းမှ တောင်သူများမှာ စပါးအပါအဝင် နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲနှင့် ပဲအမျိုးမျိုးတို့ကို စိုက်ပျိုးနေကြပြီး တောင်သူတစ်ဦးချင်း ၁၀ ကေထက် ကျော်လွန်စိုက်ပျိုးနေကြသူများလည်း များစွာရှိကြောင်း သိရသည်။

ကျော်ဌေး(ညောင်ဦး)

စစ်တက္ကသိုလ် အပတ်စဉ် (၁၃)
နှစ်ပတ်လည် မိတ်ဆုံညစာစားပွဲ ဖိတ်ကြားခြင်း

စစ်တက္ကသိုလ် အပတ်စဉ် (၁၃) ၏ နှစ်ပတ်လည် မိတ်ဆုံညစာစားပွဲကို ၂၃.၄.၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၁၈း၀၀ နာရီတွင် WESTERN PARK RESTAURANT, POLO CLUB, ဗဟန်း(အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်)၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့် မိသားစုများ၊ ကျန်ရစ်သူဇနီးများနှင့် မိသားစုများ မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၃.၄.၂၀၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် မြို့တော်စည်ပင်သာယာဂေါက်ကွင်း (ငွေသော်တာ) (YCDC) ၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

DSA 13 မှ သူငယ်ချင်းများ

MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
အစိုးရ၏ အရွယ်အစားနှင့်ပတ်သက်၍ ပညာရှင်များ၊ သုတေသီများက သေးငယ်သောအစိုးရသာ သင့်လျော်သည်၊ ကြီးမားသော အစိုးရသာဖြစ်သင့်သည် စသဖြင့် အစိုးရ၏အရွယ်အစား၊ စွမ်းဆောင်ရည်နှင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ အားနည်းချက်၊ အားသာချက်များကို ကြည့်၍ ရှုထောင့်အမျိုးမျိုးမှ ဝေဖန်သုံးသပ်လျက်ရှိကြသော်လည်း နိုင်ငံတစ်နိုင်ငံအတွက် သေးငယ်သောအစိုးရ သို့မဟုတ် ကြီးမားသော အစိုးရ ရွေးချယ်ဖွဲ့စည်းဆောင်ရွက်သင့်သည့်ထက် နိုင်ငံနှင့် ပြည်သူတို့အတွက် အကျိုးစီးပွားဖြစ်ထွန်းမှု ကြီးမားစွာ စွမ်းဆောင်နိုင်သော အစိုးရမျိုးကို ဖွဲ့စည်းခြင်းသည်သာလျှင် အသင့်လျော်ဆုံးဟု ဆိုချင်သည်။

နှစ်ပေါင်းများစွာ လွဲချော်မှု၊ မှားယွင်းမှုများစွာဖြင့် ဖြတ်သန်းခဲ့ရသည့် နိုင်ငံ့အခြေအနေအရပ်ရပ်ကို ပြုပြင်ရင်း ဒီမိုကရက်တစ် အလေ့အကျင့်များနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိလာရေး၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား စစ်မှန်ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိမှု ရရှိရေးတို့အတွက် အားကြိုးမာန်တက် ဆောင်ရွက်ပေးနိုင်မည့် အစိုးရမျိုးသာ လက်ရှိမြန်မာနိုင်ငံ အနေအထားနှင့် သင့်လျော်ပေလိမ့်မည်။

ပြည်သူလူထု၏ ဒီမိုကရေစီအစိုးရသည် ကြီးမားလေးလံနေသည့် အစိုးရအဖွဲ့စရိတ်စက ဝန်ထုပ်ဝန်ပိုးကို လျှော့ချလျက် ကျစ်လျစ်သောခွန်အားဖြင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် ကနဦးပြုပြင်ပြောင်းလဲမှုကို စတင်ခဲ့ခြင်းဖြစ်သည်။ လိုငွေပြဘတ်ဂျက်ကို ရင်ဆိုင်နေရသည့် နိုင်ငံအတွက် ပြည်သူ့ဘဏ္ဍာငွေ ကျပ်သန်းပေါင်းများစွာကို လျှော့ချသုံးစွဲမှု ပြုခဲ့သောကြောင့် ဘတ်ဂျက်ချွေတာသော အစိုးရ တစ်ရပ် ဖွဲ့စည်းဖန်တီးပေးလိုက်ခြင်း ဖြစ်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကနဦးခြေလှမ်းများ

နိုင်ငံတစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဂတိလိုက်စားမှုသည် ကြီးမားသော အဟန့်အတား အနှောင့်အယှက်ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးဆဲတိုင်းပြည် သို့မဟုတ် ပြုပြင် ပြောင်းလဲရေးကာလတစ်ခုကို ဖြတ်သန်းနေရသည့် နိုင်ငံတစ်နိုင်ငံအတွက်မူ အလွန်အမင်းအန္တရာယ်ရှိစေသော အဓိက အကြောင်းတရားဖြစ်သည်။

မြန်မာနိုင်ငံသည်လည်း အဂတိလိုက်စားမှုနှင့် အကျင့်စာရိတ္တပျက်ပြားမှုများ ထင်ရှားစွာရှိနေသောကြောင့် အချိန်တိုအတွင်း လုံးဝပပျောက်ရေးမှာ ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သော်လည်း ဒီမိုကရေစီအစိုးရသည် နိုင်ငံ့တာဝန်များကို စတင်ထမ်းဆောင်သည့်

အချပ်ပို (ခ) သို့

နိုင်ငံတော်၏ စီးပွားရေးမူဝါဒမျှော်မှန်းချက်တွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန် ဦးတည်၍ သဘာဝ သယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင် ချမှတ်ဆောင်ရွက်ရန် မျှော်မှန်း

အအေးခန်း ငါးစက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်ကို တွေ့ရစဉ်

အချပ်ပို (က) မှ

အချိန်မှာပင် အဂတိလိုက်စားမှုပတ်သက်၍ သတိပြုကိုင်တွယ်ခဲ့သည်။

နိုင်ငံ့တာဝန်ထမ်းဆောင်ချိန် တစ်လပင် မပြည့်သေးချိန် ဧပြီလ ၄ ရက်နေ့တွင် အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူပြုမှုခြင်းကို ကြိုတင်ပြင်ဆင်ကာကွယ်သည့် အနေဖြင့် "လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့်ပတ်သက်သည့် နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်" ထုတ်ပြန်ခဲ့သည်။

အဂတိလိုက်စားမှုအန္တရာယ် ကင်းရှင်းရေးအတွက် ပြည်သူ ပြည်သားများ ဆက်သွယ်တိုင်ကြားနိုင်

ထိုထုတ်ပြန်ချက်အလွန် နောက်ထပ်ရှစ်လအကြာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် "အဂတိလိုက်စားမှု အန္တရာယ်ကင်းရှင်းရေးအတွက် ပြည်သူပြည်သားများ ဆက်သွယ်တိုင်ကြားနိုင်"ဟူသော ခေါင်းစည်းဖြင့် ပြည်သူအများ ထိခိုက်နစ်နာစေသော၊ အစိုးရပိုင်း ဌာနပိုင်းဆိုင်ရာ တာဝန်ရှိသူများ၏ အဂတိ လိုက်စားမှုများကို နိုင်ငံတော်အတိုင်ပင်ခံရုံးသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့ပြန်သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အားထုတ်ရင်း နိုင်ငံ၏ ရှုပ်ထွေးလှသော အရေးကိစ္စများ၊ ပြဿနာများကို ဖြေရှင်းနေရသည့် မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ခြစားမှုတိုက်ဖျက်ရေးအဖွဲ့ Transparency International ၏ ခြစားမှုညွှန်းကိန်းအဆင့်အနေဖြင့် ၂၀၁၅ ခုနှစ် အစီရင်ခံစာအရ နိုင်ငံပေါင်း ၁၆၇ နိုင်ငံတွင် အဆင့် ၁၄၇ တွင်ရှိနေခဲ့ပြီး ၂၀၁၆ ခုနှစ် အစီအရင်ခံစာ၌ နိုင်ငံပေါင်း ၁၇၆ နိုင်ငံအနက် မြန်မာနိုင်ငံ၏ ခြစားမှုညွှန်းကိန်းအဆင့်မှာ ၁၃၆ သို့ရောက်ရှိလာခဲ့သဖြင့် အပေါင်းလက္ခဏာပြသော တိုးတက်မှုရရှိခဲ့သည်ကို ကောက်ချက်ချရမည်ဖြစ်သည်။

ထိုသို့ပြောင်းလဲဖြစ်ပေါ်မှုသည် ဒီမိုကရေစီအစိုးရ ကနဦးအားထုတ်မှု၏ ကောင်းမွန်သည့် သိသာသော သက်ရောက်မှုဟု ဆိုရမည်။ အနာဂတ်ကာလများ၌လည်း အဂတိလိုက်စားမှုဆိုးရွားသောနိုင်ငံအဖြစ် လူသိများခဲ့သည့် နာမည်ဆိုးမှ လွတ်မြောက်တော့မည်ဟု မျှော်လင့်နိုင်ပါသည်။

အမျိုးသားရင်ကြားစေ့ရေးကို အခြေခံသော နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးမူဝါဒများ ထုတ်ပြန်ခြင်း

၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒ ၁၂ ရပ်ကို ထုတ်ပြန်ခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးမူဝါဒမျှော်မှန်းချက်တွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ်တိုးတက်မှုရရှိစေရန် ရည်ရွယ်ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန် ဦးတည်၍ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင် ချမှတ်ဆောင်ရွက်ရန် မျှော်မှန်းပါကြောင်း ဖော်ပြထားသည်။

ရည်မှန်းချက်များ အနေဖြင့် -

(၁) အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး စည်းလုံးညီညွတ်သော ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စုကြီး ဖြစ်တည်လာစေရေးကို အထောက်အပံ့ ဖြစ်စေသည့် မူဝါဒအဖြစ် ကျင့်သုံးရန်၊

(၂) တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေသည့် စီးပွားရေးအခြေအနေ ကောင်းများရရှိရေး ဆောင်ရွက်ရန်၊

(၃) နိုင်ငံတော်အတွက် အဘက်ဘက်မှ စွမ်းရည်ပြည့်ဝသော လူငယ်မျိုးဆက်သစ်များ ပေါ်ပေါက်လာစေရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော စီးပွားရေးမူဝါဒအဖြစ် ကျင့်သုံးရန်နှင့်

(၄) နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်နိုင်ပြီး တီထွင်ဆန်းသစ်မှုနှင့် ကြိုးပမ်းအားထုတ်မှုများဖြင့် တိုးတက်မှု ရလဒ်ကောင်းများကို အစဉ်အဆက်ရယူထိန်းသိမ်းနိုင်မည့် စီးပွားရေး စနစ်တစ်ခုအဖြစ် ထူထောင်ရန်တို့ ဖြစ်ပါသည်။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂) ရပ်မှာ အောက်ပါအတိုင်း ဖြစ်သည်-

၁။ ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည့်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်။

၂။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်။

၃။ ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကို ဖြစ်ထွန်းစေနိုင်သည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်။

၄။ လျှပ်စစ်ဓာတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများ စသည့် အခြေခံစီးပွားရေးအဆောက်အအုံများ လျင်မြန်စွာ တိုးတက် လာစေရေးကို ဦးစားပေးဆောင်ရွက်ရန်နှင့် Data ID Card System၊ Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်သွားရန်။

၅။ ပြည်တွင်းနေ နိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ် အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေး ဆောင်ရွက်ရန်။

၆။ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေး ကဏ္ဍနှင့်စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံ ဖော်ထုတ်ရန်။

၇။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့် ရရှိစေရန် နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် မူဝါဒများ သီးခြားရေးဆွဲဆောင်ရွက်ရန်၊ မူပိုင်ခွင့်များနှင့် တရားဥပဒေ စိုးမိုးမှုရှိစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်။

၈။ အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှုရရှိလာစေရေး ဆောင်ရွက်ရန်။

၉။ သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေဖြစ်စေမည့် မြို့ပြများ တည်ထောင်ရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရန်တို့အပြင် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ တိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုစောင့်ရှောက်ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန်။

၁၀။ နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသော အခွန်စနစ်ထူထောင်၍ ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဉစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေများ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်။

၁၁။ တီထွင်ဖန်တီးမှု စွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာ တိုးတက်မှုများကို အားထုတ်ကြိုးပမ်း ဖြစ်ပေါ်စေနိုင်သည့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုအတွက် အထောက်အပံ့ဖြစ်စေသော နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်။

၁၂။ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းသာမက အခြားဒေသများအတွင်းတွင်လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေအနေများကို ဖော်ထုတ်၍ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်တို့ဖြစ်သည်ဟု ဖော်ပြထားသည်။

ရည်မှန်းချက်(၄) ရပ်နှင့် စီးပွားရေးမူဝါဒ(၁၂) ရပ်တို့သည် ပြည်သူကို ဗဟိုပြုရေး၊ စဉ်ဆက်မပြတ်တိုးတက်မှုရှိရေး၊ အမျိုးသားသင့်မြတ်ရေးကို အထောက်အကူပြုရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား စွမ်းအားအရင်းအမြစ်များကို မျှတမှန်ကန်စွာ ခွဲဝေသုံးစွဲရေးတို့ကို ဦးတည်ရေးသားထားသဖြင့် အမျိုးသားရင်ကြားစေ့ရေးကို အခြေခံထားသည့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးမူဝါဒများဟု ဆိုနိုင်သည်။

ဖြေလျှော့လာသည့် စီးပွားရေးပိတ်ဆို့မှုနှင့် ပြန်လည်ရရှိလာသော ကုန်သွယ်ရေး အထူးသက်သာခွင့်

နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ဆောင်ရာတွင် နိုင်ငံတကာ အသိုက်အဝန်းများကြား ငွေရေးကြေးရေးစီးဆင်းမှုနှင့် ကုန်သွယ်ရေးစီးဆင်းမှုများ ချောမွေ့အားကောင်းစေရေးသည် လွန်စွာအရေးကြီးသည်။ ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါက စီးပွားရေးဖွံ့ဖြိုးမှုအားကောင်းပြီး **အချပ်ပို(ဂ) သို့**

ကရင်ပြည်နယ်၌ ဖွင့်လှစ်သည့် ရိုးရာ ဂျပ်ခုတ်သင်တန်းတွင် သင်တန်းသားများ လေ့ကျင့်သင်ကြားနေမှုကို တွေ့ရစဉ်

> **စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အားထုတ်ရင်း၊ နိုင်ငံ၏ ရှုပ်ထွေးလှသော အရေးကိစ္စများ၊ ပြဿနာများကို ဖြေရှင်းနေရသည့် မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ခြစားမှုတိုက်ဖျက်ရေးအဖွဲ့ Transparency International ၏ ခြစားမှုညွှန်းကိန်းအဆင့်အနေဖြင့် ၂၀၁၅ ခုနှစ် အစီရင်ခံစာအရ နိုင်ငံပေါင်း ၁၆၇ နိုင်ငံတွင် အဆင့် ၁၄၇ တွင်ရှိနေခဲ့ပြီး ၂၀၁၆ ခုနှစ် အစီ အရင်ခံစာ၌ နိုင်ငံပေါင်း ၁၇၆ နိုင်ငံအနက် မြန်မာနိုင်ငံ၏ ခြစားမှု ညွှန်းကိန်းအဆင့်မှာ ၁၃၆ သို့ရောက်ရှိလာခဲ့သဖြင့် အပေါင်းလက္ခဏာပြသော တိုးတက်မှုရရှိခဲ့သည်ကို ကောက်ချက်ချရမည် ဖြစ်သည်။**

အချပ်ပို(ခ)မှ

ဝယ်လိုအားကြီးမားသည့် နိုင်ငံကြီးများ၏ ကုန်သွယ်မှုဆိုင်ရာ အခွင့်အရေးပေးမှုများသည် များစွာအထောက်အကူဖြစ်စေသည်။

မြန်မာနိုင်ငံသည် အမေရိကန်နှင့် အီးယူအပါအဝင် နိုင်ငံကြီးအချို့၏ ပိတ်ဆို့အရေးယူမှုများကို ခံစားခဲ့ရသည့်နိုင်ငံဖြစ်သည်။ ယခင်အစိုးရလက်ထက်က အမေရိကန်၊ အီးယူအပါအဝင် နိုင်ငံအချို့မှ ဟန့်တားထားခဲ့သည့် စီးပွားရေးဆိုင်ရာပိတ်ဆို့မှုအချို့ကို ဖြေလျှော့ပေးမှုရှိခဲ့သော်လည်း များစွာ ကျန်ရှိနေသေးသည်။

ဒီမိုကရေစီ အစိုးရလက်ထက်တွင် ကျန်ရှိနေသော စီးပွားရေးပိတ်ဆို့မှု အားလုံးနီးပါးနှင့် ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးများ (၁၉၇၆ ခုနှစ်က မြန်မာနိုင်ငံသို့ ပေးအပ်ထားခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ပြန်လည်ရုပ်သိမ်းခဲ့သည်) ပြန်လည်ရရှိရေးကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အားထုတ်မှုဖြင့် ပြန်လည်ရရှိခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အမေရိကန်ခရီးစဉ်အတွင်း ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၄ ရက် အိမ်ဖြူတော်တွင် အိုဘားမားဖြင့် တွေ့ဆုံပြီးနောက် အရေးပေါ်ကြေညာခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့၌ မြန်မာနိုင်ငံပေါ်တွင် ထားရှိသည့် အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းကြောင်း ထိုအချိန်က အမေရိကန်သမ္မတအိုဘားမား လက်မှတ်ရေးထိုး၍ ထုတ်ပြန်ပေးခဲ့ခြင်း ဖြစ်သည်။

အမေရိကန်အစိုးရအဆက်ဆက် ချမှတ်ခဲ့သည့် International Emergency Economy Power Act၊ ၂၀၀၃ ခုနှစ်တွင် ချမှတ်ခဲ့သည့် Freedom and Democracy Act နှင့် ၂၀၀၈ ခုနှစ်က ချမှတ်ခဲ့သည့် Tom Lantos Block Burmese Jade Act၊ ၁၉၉၇ ခုနှစ်က ချမှတ်ခဲ့သည့် Foreign Operation , Export Financing and Related Programme Appropriation Act ပျက်ပြယ်သွားပြီဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုသမိုင်းတစ်လျှောက် များစွာဆက်စပ်မှုရှိခဲ့သော နိုင်ငံများဖြစ်ခဲ့သည့် အမေရိကန်နိုင်ငံ စက်တင်ဘာလခရီးစဉ်နှင့် နိုဝင်ဘာလ ဂျပန်နိုင်ငံခရီးစဉ်များအတောအတွင်း၌ မြန်မာနိုင်ငံစီးပွားရေးနယ်ပယ်အသီးသီးတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရေးအတွက်လည်း ဖိတ်ခေါ်မှုများ ပြုလုပ်ခဲ့လေသည်။

ရင်းနှီးမြှုပ်နှံမှုကော်မရှင်သစ်၊
မြန်မာရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်

ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးမှုကို မြှင့်တင်နိုင်စွမ်းအရှိဆုံးသော အရာဖြစ်သည်။ အထူးသဖြင့် ပြည်တွင်းတွင် ဖြည့်ဆည်းစရာ များစွာရှိနေသော မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်ကို မြှင့်တင်နိုင်ရန် ပြည်ပမှလာရောက်တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အဓိကကျသည်။

မြန်မာ့ခရီးသွားလုပ်ငန်း မြှင့်တင်မှုဆောင်ရွက်နေမှုကို တွေ့ရစဉ်

အထူးသဖြင့် ငွေကြေးအရင်းအနှီး၊ အဆင့်မြင့်နည်းပညာနှင့် စီမံခန့်ခွဲမှု၊ ဈေးကွက်ရှာဖွေချိတ်ဆက်နိုင်မှုစသည့် နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်မှုများပါရရှိနိုင်မည့် နိုင်ငံရပ်ခြားမှ ရင်းနှီးမြှုပ်နှံမှုများမှာ လက်ရှိအနေအထားအရ မြန်မာ့စီးပွားရေးတွင် ကြီးမားသော အခန်းကဏ္ဍတွင် ရှိနေသည်။

ထို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ပိုမိုစိတ်ဝင်စားမှုရှိရာ လာရောက်ရင်းနှီးမြှုပ်နှံရေးအတွက်လည်း ဘက်ပေါင်းစုံမှ ပြင်ဆင်အားထုတ်ခဲ့သည်။ ဒီမိုကရေစီအစိုးရသစ်သည် နိုင်ငံ့တာဝန်ယူပြီး နှစ်လခန့်အကြာ ၇-၆-၂၀၁၆ ရက်နေ့တွင် ယခင်ဖွဲ့စည်းထားခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (Myanmar Investment Commission-MIC) ကို တတ်သိပညာရှင်များ၊ လုပ်ငန်းရှင်များပါဝင်သော အဖွဲ့ဝင်စုစုပေါင်း ၁၁ ဦးဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

ဥပဒေပိုင်းဆိုင်ရာနှင့် ပတ်သက်၍လည်း ပြန်လည်ပြင်ဆင်နိုင်ရေး အားထုတ်ခဲ့သည်။ လွန်ခဲ့သောကာလများက တသီးတခြားရေးဆွဲ၍ ပြဋ္ဌာန်းကျင့်သုံးခဲ့သည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှစ်ခုကို ပေါင်းစပ်ပြင်ဆင်၍ နိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများကြား၌ မျှတသောအပြုအမူကို ဆောင်သည့် နိုင်ငံတကာအခြေအနေနှင့် လျော်ညီစွာ တစ်ခုတည်းသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ၁၈-၁၀-၂၀၁၆ ရက်နေ့တွင် ပြဋ္ဌာန်းပေးခဲ့သည်။

မြန်မာ့စီးပွားရေးကဏ္ဍတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများကို တန်းတူယှဉ်ပြိုင်ခွင့်ရရှိစေပြီး တာဝန်ယူမှုရှိကာ အပြန်အလှန်အကျိုးရှိစေမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုရန်နှင့် လွယ်ကူရှင်းလင်းသည့် လုပ်ထုံးလုပ်နည်းများဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို အဆင်ပြေစွာ ဆောင်ရွက်ပေးရန်အတွက်လည်း အားထုတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးထားပြီး ရင်းနှီးမြှုပ်နှံသူများကို အာမခံချက် ခိုင်ခိုင်မာမာပေးထားပြီဖြစ်သည်။ ထို့ပြင် ပိုမိုကောင်းမွန်သော အခွန်ကင်းလွတ်ခွင့်ကိုပါ ဖြည့်ဆည်းပေးထားသည်။

အခွန်ကင်းလွတ်ခွင့်နှင့် ပတ်သက်၍ ဖွံ့ဖြိုးမှုနည်းပါးသောဒေသကို ဇုန် (၁)၊ ဖွံ့ဖြိုးမှု အသင့်အတင့်ရှိသောဒေသကို ဇုန် (၂) နှင့် ဖွံ့ဖြိုးမှုရှိသောဒေသကို ဇုန် (၃) အဖြစ် သတ်မှတ်ထားပြီး ဇုန် (၁) တွင် ဝင်ငွေခွန် ခုနစ်နှစ်၊ ဇုန် (၂)တွင် ဝင်ငွေခွန် ငါးနှစ်နှင့် ဇုန် (၃) တွင် ဝင်ငွေခွန် သုံးနှစ်သတ်မှတ်ကာ ရင်းနှီးမြှုပ်နှံသည့်ဇုန် အမျိုးအစားပေါ်မူတည်၍ အခွန်ကင်းလွတ်ခွင့် အလိုအလျောက် ရရှိသည့်ပုံစံဖြစ်သည်။

အစိုးရ၏ တစ်နှစ်တာသက်တမ်း လွန်မြောက်ပြီးနောက် ၁-၄-၂၀၁၇ ရက်နေ့တွင်လည်း ရင်းနှီးမြှုပ်နှံသူများ သိရှိသင့်သည့် သတင်းအချက်အလက်များ အသေးစိတ်ပါဝင်သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ထပ်မံထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

စက်မှုဝန်ကြီးဌာန ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်

အမေရိကန်ဒေါ်လာ ၅ သန်းအောက် လျော့နည်းသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် မြန်မာကျပ်ငွေ ခြောက်ဘီလီယံအောက် လျော့နည်းသည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုများအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အကြောင်းကြားစရာမလိုဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်နိုင်မည်ဖြစ်သည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ၏ စတော့ဝယ်ယူရောင်းချခွင့်များ၊ ပြည်တွင်းစီးပွားရေးကို ၃၅ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်ခွင့်တို့ကိုပါ ထည့်သွင်းရေးဆွဲထားသဖြင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများကို ယခင်ကထက် ပိုမိုဆွဲဆောင်မှုရှိလာနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့ခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည်လည်း

အချပ်ပို (ဃ) သို့

မလိခတံတား (မချမ်းဘော့)ကို တွေ့ရစဉ်

အချပ်ပို(ဂ) မှ

အတိုင်းအတာတစ်ခုအထိ ကိုယ်ပိုင်ဆုံးဖြတ် လုပ်ဆောင်နိုင်မှု ရှိလာသဖြင့် ၎င်းတို့၏ ဒေသများဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အား

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများအတွက် အဓိကကျသော လျှပ်စစ်ဓာတ်အား လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည်လည်း စတင်တာဝန်ယူချိန်မှ ယခုအချိန်အထိ တစ်နှစ်တာကာလအတွင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံများ အသစ်တိုးချဲ့တည်ဆောက်ခြင်း၊ လည်ပတ်နေဆဲ စက်ရုံများကို ပြုပြင်မွမ်းမံခြင်း၊ လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများတိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့နည်းစေရန်၊ ပိုမိုတိုးတက်ပို့လွှတ်နိုင်ရန်နှင့် ဗို့အားတည်ငြိမ်စွာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး အကောင်အထည်ဖော်ခြင်းနှင့် ယခင်က စနစ်တကျမရှိဘဲ ရှုပ်ထွေးစွာ ဆက်သွယ်တပ်ဆင်ထားသည့် ဆားဗစ်ကြိုးများ ရှင်းလင်းခြင်းလုပ်ငန်းများကို အဓိကထား ဆောင်ရွက်ခဲ့သည်။

ဓာတ်အားထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးတို့နှင့် ပတ်သက်၍ ၂၀၁၆ -၂၀၁၇ တစ်နှစ်တာအတွင်း ဓာတ်အား ၃၀၁ မဂ္ဂါဝပ် ပိုမိုထုတ်လုပ်နိုင်ခဲ့သဖြင့် မြို့ပေါင်း ၁၀ မြို့နှင့် ကျေးရွာ ၃၃၃ ရွာကို ဓာတ်အားတိုးတက်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ဓာတ်အား စနစ်ကောင်းမွန်ရေးအတွက်လည်း ၂၃၀ ကေဗွီနှင့် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၅၃၈ ဒသမ ၅၇ မိုင်နှင့် ဓာတ်အားခွဲရုံ ၁၈ ရုံ တို့ကို တိုးချဲ့တည်ဆောက်နိုင်ခဲ့သည်။

နိုင်ငံတွင်း၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လျှပ်စစ်မီး သုံးစွဲသူဦးရေ ၃ ဒသမ ၆၉ သန်းရှိရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၄ ဒသမ ၀၅ သန်း ဦးရေအထိ သုံးစွဲနိုင်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၃ ဒသမ ၂၄ ရာခိုင်နှုန်းခန့် တိုးတက်သုံးစွဲမှုများ ရှိလာခဲ့သည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်သည့် အိမ်ထောင်စု ၁၀ ဒသမ ၈ သန်းတွင် ၃၇ ရာခိုင်နှုန်းကိုသာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပြီး လိုအပ်ချက် ၆၃ ရာခိုင်နှုန်းရှိနေသဖြင့် ကမ္ဘာ့ဘဏ်ချေးငွေ ဒေါ်လာ သန်း ၃၁၀ ဖြင့် National Electrification Plan-NEP ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးဝေနိုင်ရေးလုပ်ငန်းများ အဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ငါးနှစ် စီမံကိန်းတွင် ၁၁ ကေဗွီဓာတ်အားလိုင်းရှိရာ နှစ်မိုင်ပတ်လည်အတွင်းရှိ ကျေးရွာ ၅၀၈၀ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်လျက်ရှိသည်။

JICA ချေးငွေ ဂျပန်ယန်း ၄ ဒသမ ၅၇၁ ဘီလီယံဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် လည်းကောင်း၊ ဂျာမနီနိုင်ငံအစိုးရ KfW (IDA) ချေးငွေ ယူရိုသန်း ၃၀ ဖြင့် ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီး၊ လွိုင်လင်၊ လင်းခေးခရိုင်များရှိ ကျေးရွာပေါင်း ၄၀၆ ရွာ၊ လျှပ်စစ်မီးရရှိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသည်။

နွေရာသီကာလ ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းနိုင်ရေး အတွက်လည်း ရတနာကမ်းလွန်မှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့ကိုအသုံးပြု၍ ဖြည့်ဆည်းနိုင်ရေး ပြင်ဆင်လုပ်ဆောင်လျက်ရှိသည်။ စီးပွားရေးအခြေခံအဆောက်အအုံနှင့် ပြည်သူလူထုအတွက် အိမ်ရာအဆောက်အအုံ၊ နိုင်ငံအတွင်း၌ လမ်း တံတား၊ အဆောက်အအုံစသည်ဖြင့် စီးပွားရေးကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံမှုများသည်လည်း အရေးကြီးသောအခန်းကဏ္ဍတွင် တည်ရှိနေပြီး ထိုကဏ္ဍအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူလျက်ရှိသည်။

ဝန်ကြီးဌာနသည် နိုင်ငံအတွင်း လိုအပ်လျက်ရှိသော အခြေခံအဆောက်အအုံများကို နိုင်ငံတော်ရန်ပုံငွေဖြင့်လည်း ကောင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းအကောင်အထည်ဖော်သည့် Public-Private Partnership-PPP အစီအစဉ်ဖြင့် လည်းကောင်း၊ နိုင်ငံတကာမှ ဖွံ့ဖြိုးမှုမိတ်ဖက်များဖြစ်သည့် JICA၊ ADB၊ WB၊ KOICA ၊ TICA အဖွဲ့များ၊ အလှူရှင်နိုင်ငံများမှ အထောက်အပံ့များဖြင့် လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လမ်းများ၊ တံတားပြုပြင်ထိန်းသိမ်းခြင်းများကို မဟာဗျူဟာမြောက် လုပ်ငန်းစဉ်များ အဖြစ် ရေးဆွဲလျက်ရှိသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဒေသတွင်း ဆက်သွယ်နိုင်သည့် လမ်းများဖောက်လုပ်ခြင်း၊ ဖောက်လုပ်ပြီး လမ်းများကို အဆင့်မြှင့်တင်ခြင်းနှင့် တံတားများ တည်ဆောက်ခြင်းကိုလည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့် လမ်းများဖြစ်သည့် အာဆီယံလမ်းမကြီး၊ အိန္ဒိယ-မြန်မာ-တရုတ် ဆက်သွယ်နိုင်သည့်လမ်းများကို ဝန်ကြီးဌာနကိုယ်တိုင် တာဝန်ယူ၍ လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် BOT စနစ်ဖြင့် လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍတွင် လိုအပ်လျက်ရှိသည့် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများကို UN-Habitat အဖွဲ့၏ အထောက်အပံ့ရယူလျက် ၂၀၁၆ ခုနှစ်အတွင်း ထုတ်ဝေနိုင်ခဲ့သည်။

ထိုစည်းမျဉ်းစည်းကမ်းများကို အားလုံးလက်ခံကျင့်သုံးနိုင်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ အဆောက်အအုံနှင့် ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးရေးဥပဒေကို ပြင်ဆင်ရေးဆွဲလျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည်လည်း မြို့ရွာများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ နေထိုင်မှုအဆင့်မြင့်မားစေရန် အိမ်ရာအဆောက်အအုံများ ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၆-၂၀၁၇ ခုနှစ် တစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ပေါင်း ၂၄ မြို့၏ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း သဘောထားပုံစံများ ရေးဆွဲပေးခဲ့သည်။

မန္တလေးမြို့၊ မော်လမြိုင်မြို့နှင့် ပုသိမ်မြို့ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့် လည်းကောင်း၊ ရန်ကုန်-ဟံသာဝတီ-ပဲခူး စကြံနှင့် ရန်ကုန်အနောက်ပိုင်းဖွံ့ဖြိုးရေး Master Plan ကို ကိုရီးယား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) နှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်ခဲ့သည်။

တန်ဖိုးနည်း၊ တန်ဖိုးမျှတအိမ်ရာ စီမံကိန်းနှင့် ပတ်သက်၍လည်း တစ်နှစ်တာအတွင်း ရန်ကုန်မြို့တွင် အိမ်ခန်း ၂၂၀၈ ခန်းနှင့် မန္တလေးမြို့တွင် မြရည်နန္ဒာအိမ်ရာစီမံကိန်း အိမ်ခန်း ၈၀၀ စုစုပေါင်း ၃၀၀၈ ခန်း တည်ဆောက်ပေးနိုင်ခဲ့သည်။

မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေး စီမံကိန်းဥပဒေ(မူကြမ်း)၊ အမျိုးသားအိမ်ရာ ဖွံ့ဖြိုးရေးဥပဒေ(မူကြမ်း) တို့ကိုလည်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ပြင်ဆင်ရေးဆွဲလျက်ရှိသည်။

ထုတ်လုပ်မှုကဏ္ဍအတွက် ဖြည့်ဆည်းမှု၊ ပုဂ္ဂလိကကဏ္ဍ ဖက်စပ်ဆောင်ရွက်မှုနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး

ကုန်ထုတ်လုပ်မှုကဏ္ဍတွင်လည်း အခြေခံကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုလက်မှုကဏ္ဍမှ ထုတ်လုပ်မှုပြန်လည်အားကောင်းလာရေး၊ သယံဇာတ အခြေခံထုတ်လုပ်မှုများ သဘာဝပတ်ဝန်းကျင် မထိခိုက်စေဘဲ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးတို့ကိုလည်း လိုအပ်ချက်များရှာဖွေ၊ ဖြည့်ဆည်း၍ ဆောင်ရွက်လျက်ရှိသည်။ **အချပ်ပို (င) သို့**

ကချင်ပြည်နယ်၌ စက်မှုလယ်ယာစနစ် ဖော်ဆောင်နေသည်ကို တွေ့ရစဉ်

ATR 72-600 လေယာဉ်သစ်များ ရောက်ရှိမှုကို တွေ့ရစဉ်

အချပ်ပို(ဃ)မှ

အခြေခံကုန်ထုတ်လုပ်မှုကဏ္ဍအတွက် အရေးပါသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သားငါးကဏ္ဍ ပိုမိုတိုးတက်လာစေရေးအတွက် မူဝါဒများရေးဆွဲထားပြီး ကာလအတိုအရှည် သတ်မှတ်ကာ မဟာဗျူဟာအဖြစ် ချမှတ်နိုင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့တို့၏ နည်းပညာအကူအညီဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းကို ခုနစ်ကြိမ်မြောက်မူကြမ်းအထိ ပြုစုထားပြီး အတည်ပြုရန်သာ ကျန်တော့ကြောင်း သိရသည်။

တောင်သူလယ်သမားများ၏ အခြေခံငွေကြေး အရင်းအနှီးအဖြစ် စိုက်ပျိုးစရိတ်ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးလျက်ရှိပြီး ယမန်နှစ်က လယ်တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းသာ ချေးငွေချထားပေးရာမှ ယခုအစိုးရသစ်လက်ထက်တွင် ငွေကျပ်တစ်သိန်းခွဲအထိ တိုးမြှင့်ချထားပေးခဲ့ပြီး စုစုပေါင်း စိုက်ပျိုးစရိတ် ထုတ်ချေးငွေကျပ် ၁၆၁၄ ဒသမ ၄၅၃ ဘီလီယံအထိ ထုတ်ချေးပေးနိုင်ခဲ့သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အား လုပ်ငန်းပိုမိုလည်ပတ်နိုင်ရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်သို့ လွှဲပြောင်းနိုင်ရန် စီစဉ်လျက်ရှိပြီး စိုက်ပျိုးစရိတ်ချေးငွေများ ပိုမိုကျယ်ပြန့်စွာ ထုတ်ချေးနိုင်ရေးအတွက် ပုဂ္ဂလိကဘဏ်များ၏ ပူးပေါင်းဆောင်ရွက်မှု ရရှိရန်လည်း အားထုတ်ဆောင်ရွက်လျက်ရှိသည်။ ယာလုပ်ငန်းအတွက် ပိုမိုတိုးမြှင့် ထုတ်ချေးနိုင်ရန်အတွက် ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကျော်၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးနှင့် ကုန်ထုတ်လုပ်မှုကို အထောက်အကူဖြစ်စေမည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ကျေးရွာ ၂၀၁၇ ရွာအထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်။ လက်ရှိတွင် ကျေးရွာပေါင်း ၈၇၅၆ ရွာအထိ ရှိလာပြီဖြစ်သည်။ ထောက်ပံ့ခွင့်ပြုငွေ ကျပ်သန်း ၂၁၅၃၄၀ နှင့် အတိုးရရှိငွေကျပ် ၃၃၉၁၉ သန်းကျော်နှင့် အကျိုးပြုလူဦးရေ ၅၈၂၀၉၉ ဦး ရှိလာပြီဖြစ်သည်။

အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း ၁၆၈ ဖွဲ့ အားလုပ်ကိုင်ခွင့်ပြုခဲ့ပြီး အသေးစား ငွေရေးကြေးရေးလုပ်ငန်းချေးငွေများထုတ်ချေးလျက်ရှိရာ ပြီးခဲ့သည့် ဘဏ္ဍာနှစ်က ကျေးရွာပေါင်း ၁၃၆၉၃ ရွာ၊ လူဦးရေ ၁ ဒသမ ၈၇၄ သန်းအတွက် ချေးငွေကျပ် စုစုပေါင်း ငွေကျပ် ၁ ဒသမ ၄၅၀ သန်းနှင့် ပြန်လည်စုဆောင်းငွေကျပ် ၀ ဒသမ ၀၉၀ ရှိခဲ့ရာမှ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၁၅၉၁၈ ရွာ၊ လူဦးရေ ၂ ဒသမ ၄၅ သန်းအတွက် ထုတ်ချေးငွေ ၂ ဒသမ ၂၆၈ သန်းနှင့် စုဆောင်းငွေကျပ် သန်းပေါင်း ၀ ဒသမ ၁၄၀ အထိ ရှိလာခဲ့သည်။

စိုက်ပျိုးမွေးမြူရေးကဏ္ဍများမှ အသေးစားစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်ခြင်းအနေဖြင့် ၁၈၁၆ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ရောဝတီတိုင်းဒေသကြီးအတွင်းရှိ အင်းလုပ်ကွက်များမှာ အင်း ၁၇၇၇ အင်းအနက် အင်း ၂၀၉ အင်းကို ရေလုပ်သားအစုအဖွဲ့ ၂၀၄ ဖွဲ့သို့ ကြမ်းခင်းဈေးဖြင့် လုပ်ပိုင်ခွင့်များ ချထားပေးနိုင်ခဲ့သည်။

ငါးမွေးမြူရေးလုပ်ငန်းတွင် ရေချိုငါးပိသာထောင်ပေါင်း ၆၃၀၀၀၀ ကျော်နှင့် ရေငန် ငါးပိသာထောင်ပေါင်း ၃၂၈၀၀၀ ခန့် ထုတ်လုပ်ခဲ့ပြီး ယမန်နှစ်ကထက် ပိုမိုထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

စက်မှုလက်မှုကဏ္ဍတွင် စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စီးပွားရေးတွက်ခြေမကိုက်တော့သည့် စက်ရုံများကို ပြည်တွင်းပြည်ပလုပ်ငန်းရှင်များနှင့် ဖက်စပ်လုပ်ဆောင်ခြင်း၊ လွှဲပြောင်းလုပ်ဆောင်ခြင်းများ စီမံဆောင်ရွက်လျက်ရှိသည်။ စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်တွင် စက်ရုံပေါင်း ၁၁၈ ရုံ ရှိသည့်အနက် စက်ရုံ ၅၉ ရုံအား ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ပုဂ္ဂလိကနှင့် ပူးပေါင်းရန် စက်ရုံ ၁၇ ရုံအား ဖိတ်ခေါ်ထားပြီးဖြစ်သည်။ နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံးရှိ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ပေးခြင်း၊ ချေးငွေအစီအစဉ်များဖြင့် ကူညီပေးခြင်းနှင့် အခက်အခဲများ ကူညီဖြေရှင်းပေးခြင်းတို့ဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးကိုလည်း အလေးထား ကူညီပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် SMEs လုပ်ငန်းရှင် ၆၇၉ ဦးကို SMEs Cluster အဖွဲ့ ၈၈ ဖွဲ့ ဖွဲ့စည်းခြင်း၊ ငွေကြေးအရင်းအနှီးအတွက် CB Bank၊ မြန်မာ့အာမခံလုပ်ငန်း၊ ဂျပန်နိုင်ငံ SMBC တို့နှင့် ပူးပေါင်းပြီး လုပ်ငန်းရှင် ၂၃ ဦးကို ထောက်ခံချက် ထုတ်ပေးခဲ့သည်။ ရောဝတီတိုင်းတွင် SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စက်နှင့် ဆားစက်များကို ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးပြီး နည်းပညာများပံ့ပိုးပေးခဲ့သည်။

SMEs လုပ်ငန်း ၇၀၀ ကို ငွေကြေး၊ နည်းပညာနှင့် ဈေးကွက်ချိတ်ဆက်ပေးနိုင်ရန် SMEs member Card ထုတ်ပေးခဲ့ပြီး SMEs လုပ်ငန်းရှင် ၇၀ တို့အား CGI စနစ်ဖြင့် ချေးငွေထုတ်နိုင်ရန် CB Bank နှင့် ချိတ်ဆက်ပေးခဲ့သည်။

SMEs လုပ်ငန်းရှင်များ Capacity Building များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် Training and Workshop များဆောင်ရွက်ပေးကာ ပုဂ္ဂလိကစက်မှုလုပ်ငန်းပေါင်း ၃၆၀ ခန့် မှတ်ပုံတင်ပေးခဲ့သည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနအဖြစ် စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒကို လည်းကောင်း၊ ၂၀၁၆ ခုနှစ် ဧပြီလတွင် ဥပဒေကို လည်းကောင်း၊ အောက်တိုဘာလတွင် နည်းဥပဒေကို လည်းကောင်း ထုတ်ပြန်ခဲ့ပြီး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကိုလည်း နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တွဲဖက်ဥက္ကဋ္ဌအဖြစ် ၂၀၁၆ ခုနှစ် ဇွန်တွင် ဖွဲ့စည်းထားပြီးဖြစ်သည်။

အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအား ငွေကြေးအရင်းအနှီး ရရှိစေရန် ပံ့ပိုးပေးနိုင်ရေးအတွက် နိုင်ငံတော်၏ ချေးငွေဖြင့် အလုပ်ရှင် ၄၅၆ ဦး၊ ဂျပန်နိုင်ငံ၏ Two Step Loan ချေးငွေဖြင့် လုပ်ငန်းရှင် ၁၈၉ ဦးတို့အား ချေးငွေထောက်ပံ့ပေးနိုင်ခဲ့သည်။

ဗဟိုဘဏ်ဥပဒေအရ ချေးငွေကာလ တစ်နှစ်ဖြစ်သော်လည်း နိုင်ငံတော် အထူးချေးငွေ၊ ဂျပန်နိုင်ငံ၏ Two Step Loan ချေးငွေတို့ဖြင့် ငါးနှစ်ကာလအထိ ထုတ်ချေးပေးနိုင်ခဲ့ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးလည်ပတ်မှုအားကောင်းလာစေရန် ပံ့ပိုးပေးနိုင်ခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်မှုဖြင့် ၂၀၁၆ ခုနှစ်အကုန်မှစ၍ ဒုတိယသမ္မတ(၁)က စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းမှုများ၊ အခက်အခဲများ ဖော်ထုတ်ဖြေရှင်းမှုများ ပြုလုပ်ပေးလျက်ရှိပေသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များ တရားဝင်၊ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ကုမ္ပဏီမှတ်ပုံတင်ကြေးများကို ထက်ဝက်ခန့်လျှော့ချမှုများဖြင့် တရားဝင်မှတ်ပုံတင် လုပ်ကိုင်နိုင်ရေးအတွက်လည်း လုပ်ဆောင်ပေးခဲ့သည်။

နိုင်ငံခြားဝင်ငွေရရှိရေးနှင့် ပြည်တွင်းသုံးစွဲမှုအတွက် စွမ်းအင်ထုတ်လုပ်မှု

မြန်မာနိုင်ငံ ပို့ကုန်ကဏ္ဍမှ နိုင်ငံခြားဝင်ငွေများတွင် စွမ်းအင်ကဏ္ဍထွက်ကုန် ရေနံနှင့် သဘာဝဓာတ်ငွေ့သည် အားထားရသော အခြေအနေမျိုးတွင် ရှိနေသည်။ လက်ရှိ အခြေအနေတွင် ပို့ကုန်အတွက်သာမက ပြည်တွင်းသုံးစွဲမှုအတွက်ပါ ပိုမိုထုတ်လုပ်ပေးလျက်ရှိသည်ကို တွေ့ရသည်။ စွမ်းအင်ကဏ္ဍ ထုတ်လုပ်မှုတွင် တစ်နှစ်တာအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများ၌ တွင်း ၂၉ တွင်း တူးဖော်နိုင်ခဲ့ပြီး အောင်မြင်သောတွင်းများအဖြစ် ၁၂ တွင်း ရရှိခဲ့သည်။

ကုန်းပိုင်းရေနံရှာဖွေတူးဖော်ရေးတွင်လည်း လုပ်ကွက် ၂၇ ကွက်တွင် နိုင်ငံခြား ရေနံကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်လျက်ရှိသည်။ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ယခင်က ပြည်တွင်းသုံးအဖြစ် တစ်ရက်ကို ကုဗပေသန်း ၁၅၀ မှ ၂၀၀ အထိ အသုံးပြုနိုင်ခဲ့သော်လည်း ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှစ၍ ကုဗပေ ၂၃၃ သန်းထိ ပိုမိုသုံးစွဲနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ပိုမိုသုံးစွဲနိုင်မှုကြောင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် ကုဗပေ သန်း ၃၀ ကိုလည်းကောင်း၊ စက်မှုကဏ္ဍအတွက် ကုဗပေ ၃ သန်းကို လည်းကောင်း ပိုမိုသုံးစွဲနိုင်ခဲ့ပြီး ပို့ဆောင်ရေးကဏ္ဍရှိ အများပြည်သူသုံး ခရီးသည်တင်မော်တော်ယာဉ် ၁၄၃ စီး ကိုလည်း CNG တိုးမြှင့် ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ရေနံဓာတ်ငွေ့ရည် တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား ခွင့်ပြုပေးလျက်ရှိပြီး လိုင်စင်အမျိုးအစားငါးမျိုးကို ၂၀၁၆ မေလမှစပြီး စိစစ်ခွင့်ပြုပေးလျက်ရှိရာ တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် (ခ-လိုင်စင်)ကို ပုဂ္ဂလိကကုမ္ပဏီ ၁၉ ခုကို လည်းကောင်း၊ ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း (ဃ-လိုင်စင်)ကို ပုဂ္ဂလိကကုမ္ပဏီ ၆၈ ခုကိုလည်းကောင်း၊ ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို တိုက်ခန်း၊ ဆိုင်ခန်းများသို့ ဖြန့်ဖြူးခြင်းလုပ်ငန်း (င-လိုင်စင်) ကို ပုဂ္ဂလိကကုမ္ပဏီ ၄၃၆ ခုကို လည်းကောင်း၊ ယာယီလိုင်စင်များ ထုတ်ပေးထားပြီး အရောင်းဆိုင်များကိုလည်း တစ်နိုင်ငံလုံး ကြပ်မတ်စစ်ဆေးမှုများ ပြုလုပ်ပေးလျက်ရှိသည်။

ဒေသန္တရ ရေနံချက်လုပ်ခြင်းလုပ်ငန်းများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ယာယီလိုင်စင် ၁၅၆ ခု ထုတ်ပေးနိုင်ခဲ့သည်။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှလည်း တစ်နှစ်တာအတွင်း စက်သုံးဆီ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ဖြင့် ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင် ၂၅၆ ဆိုင်၊ စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူး ရောင်းချခွင့်လိုင်စင်ဖြင့် ပုဂ္ဂလိကစက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရေးစခန်းနှစ်ခု၊ ရေယာဉ်များကို စက်သုံးဆီ တိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်သုံးခုနှင့်

အချပ်ပို(စ)သို့

လေယာဉ်ဆီဖြည့်တင်းသည့်ဌာနများအား ဖက်စပ်လုပ်ငန်းဖြင့်ပြောင်းလဲဆောင်ရွက်ထားရှိမှုကိုတွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြင်းခြံ ၁၃၃မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတွင် ဆောင်ရွက်ပြီးစီးနေမှုကို တွေ့ရစဉ်

အချပ်ပို(င)မှ

လေယာဉ်ဆီ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ၁၁ ခုတို့ကို ပုဂ္ဂလိက လုပ်ငန်းရှင်များကို ခွင့်ပြုပေးခဲ့ပြီဖြစ်သည်။

နိုင်ငံတကာ ကုန်သွယ်မှု

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် အဓိက တာဝန်ယူရသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးမူဝါဒ (၁၂)ရပ်အောက်တွင် နှစ်လတ်ကုန်သွယ်ရေးဖွံ့ဖြိုးမှု အစီအစဉ် (Medium Term Programme-MTP) ကို ရေးဆွဲ အကောင်အထည်ဖော်လျက် မဏ္ဍိုင်ကြီး (၅) ရပ်ဖြင့် အကောင် အထည်ဖော်နိုင်ရေး အားထုတ်လျက်ရှိသည်။

ပို့ကုန်တင်ပို့နိုင်မှု မြင့်မားလာရေးနှင့် ကုန်သွယ်မှုပမာဏ တိုးတက်လာစေရေးအတွက် တရားမဝင်ကုန်သွယ်မှုများကို ထိန်းကျောင်းမှုများ ပြုလုပ်လျက်ရှိပြီး ယခင်က ခွင့်မပြုခဲ့သော အခြားနိုင်ငံများမှ တင်သွင်းမှ နိုင်ငံရပ်ခြားသို့ ပြန်လည်ပို့သည့် ကုန်ပစ္စည်း(reexport) အမျိုးအစား (၁၄)မျိုးကိုပါ ၂၀၁၆ ခုနှစ်အတွင်း ထပ်မံခွင့်ပြုပေးခဲ့သည်။

မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံများနှင့် ကုန်သွယ်ရာ၌ ကုန်သွယ်မှုလိုငွေ ဖြစ်ပေါ်ခဲ့သည်မှာ ကာလကြာညောင်းခဲ့ပြီ ဖြစ်သည့်အတွက် ပို့ကုန်ဝင်ငွေ တိုးတက်ရရှိရေး၊ ပို့ကုန်အမယ် သစ်များ တိုးချဲ့တင်ပို့နိုင်ရေးတို့ကို နည်းလမ်းများ ရှာဖွေလျက် ရှိပြီး ပုဂ္ဂလိကကဏ္ဍမှ ထုတ်လုပ်သူများ၊ ကုန်သည်လုပ်ငန်းရှင် များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)တို့မှ လုပ်ငန်းရှင်များနှင့် လစဉ်အစည်းအဝေးများပြုလုပ်၍ ကုန်သွယ်မှု လုပ်ငန်းများတွင် ဖြစ်ပေါ်လာသည့် အခက်အခဲများ၊ နှောင့်နှေး ကြန့်ကြာမှုများကို အချိန်နှင့်တစ်ပြေးညီဖြေရှင်းနိုင်ရေး ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

တရားမဝင်ကုန်သွယ်မှု တားဆီးရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးတို့အတွက် နယ်စပ် ကုန်သွယ်ရေးစခန်းသစ်အနေဖြင့် ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံ တို့အကြား ဘော်လခဲခရိုင်၊ မယ်စဲ့မြို့နယ် အဝင်/အထွက်နေရာ တွင် နယ်စပ်ကုန်သွယ်ရေးစခန်းသစ် တစ်ခုကိုလည်း ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ဖွင့်လှစ်ပေးခဲ့သည်။

ကုန်သွယ်မှုလွယ်ကူ၊ လျင်မြန်ချောမွေ့စေရေးအတွက် ဂျပန်နိုင်ငံအစိုးရ၏ ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီဖြင့် နိုင်ငံတကာအဆင့်မီ အကောက်ခွန် ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System - MACCS) ကို ၂၀၁၆ နိုဝင်ဘာလ ၁၂ ရက်တွင် စတင် ကျင့်သုံးခဲ့သဖြင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို အွန်လိုင်းစနစ် ဖြင့် ဆောင်ရွက်နိုင်ပြီဖြစ်သည်။

ယင်းစနစ်သည် အစိုးရဌာနဆိုင်ရာများ၊ သွင်းကုန် ထုတ်ကုန်လုပ်ငန်းရှင်များ၊ သင်္ဘောလိုင်းများ၊ ဆိပ်ကမ်းများ၊ အကောက်ခွန် ဝန်ဆောင်မှုအသင်းအဖွဲ့များအားလုံး ချိတ်ဆက် ဆောင်ရွက်နိုင်သည့် စနစ်တစ်ခုဖြစ်ပြီး ရန်ကုန်ဇရိယာတွင် အဆင်ပြေချောမွေ့စွာ အသုံးပြုပြီးပါက ၂၀၁၈ ခုနှစ် နောက်ပိုင်းတွင် နယ်စပ်ဒေသများအထိ တိုးချဲ့သွားရန် ရည်ရွယ် ထားကြောင်း သိရသည်။

ခရီးသွားလုပ်ငန်းကဏ္ဍ

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ ရိုးရာဓလေ့ အစဉ်အလာပွဲတော်များနှင့် တောတောင်ရေမြေ သဘာဝအလှ အပများစွာ ပိုင်ဆိုင်ထားသော မြန်မာ့မြေသည် မီးခိုးမထွက်သည့် စက်ရုံဟု တင်စားခေါ်ကြသည့် ခရီးသွားလုပ်ငန်းဖြစ်ထွန်း အောင်မြင်နိုင်သည့် အခြေခံကောင်းများစွာ ရှိနေသည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနသည် ခရီးသွား လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်နေ သည်။ ယခုအချိန်တွင် နယ်စပ်ဒေသအချို့နှင့် အချို့သောဒေသ များကို လုံခြုံရေးအရ သွားရောက်လည်ပတ်ခွင့် မပြုသော်လည်း (၂၁) ရာစု ပင်လုံငြိမ်းချမ်းရေး ဆွေးနွေးပွဲကြီး အရှိန်မြင့် လာလေလေ တစ်နိုင်ငံလုံးအားဖြင့် ငြိမ်းချမ်းရေးရရှိလာကာ ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းအမျိုးမျိုးလည်း ဖြစ်ထွန်း တိုးတက်လာပေလိမ့်မည်။

၂၀၁၆ ဧပြီလမှ ၂၀၁၇ ဖေဖော်ဝါရီလကုန်အထိ ၁၁ လတာ ကာလအတွင်း ဟိုတယ်နှင့် တည်းခိုရိပ်သာ ၄၂ လုံး၊ အခန်းပေါင်း ၁၉၉၂ ခန်းကို ခွင့်ပြုထားပြီးဖြစ်သည်။ ခရီးလှည့်လည်ရေးလုပ်ငန်း လိုင်စင် ၇၇၂ ခုနှင့် ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ၁၆၄၂ ခုကို လိုင်စင်ခွင့်ပြုပေးပြီး ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် ၈၂၅ ခု ကို လည်း ခွင့်ပြုပေးခဲ့သည်။

နိုင်ငံ့ခရီးသွားလုပ်ငန်းတိုးတက်မှုနှင့်အတူ အရေအတွက် များပြားလာနိုင်သည့် နိုင်ငံခြားခရီးသွားများအဆင်ပြေစေရေး နှင့် နိုင်ငံတကာလေကြောင်းခရီးသွားလုပ်ငန်းနှင့် ဆက်စပ် ဆောင်ရွက်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအတွင်း၌ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေး စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်နိုင်ရေး စီစဉ်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် လေဆိပ်အဆောက်အအုံများကို စတင်ဆောက်လုပ်တော့မည်ဖြစ်သည်။

ကမ်းခြေအပန်းဖြေ ခရီးသွားလုပ်ငန်းများ ထွန်းကားရေး အတွက်လည်း တစ်နှစ်တာကာလအတွင်း ပုသိမ်၊ ငွေဆောင်၊ ချောင်းသာ၊ ဖျာပုံနှင့် မြိတ်မော်တင်စွန်းဒေသများ၌ နိုင်ငံခြားသား ဧည့်သည်များ တည်းခိုနိုင်သည့် အဆင့်မြင့်ဟိုတယ် နှစ်လုံး၊ တည်းခိုရိပ်သာလေးလုံးကို လုပ်ငန်းလိုင်စင်များ ချထားပေးနိုင် ခဲ့ပြီးဖြစ်သည်။

ထန်တလန်မြို့နယ်၌ ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ပြီးစီးမှုကို တွေ့ရစဉ်

နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရေး အားထုတ်မှု

အစိုးရ နိုင်ငံ့တာဝန်စတင်ယူချိန် ဧပြီလက တစ်ဒေါ်လာ ၁၂၀၀ ကျပ် ဝန်းကျင်သာရှိသော ဒေါ်လာဈေးနှုန်းသည် အောက်တိုဘာလဆန်းမှစ၍ အရှိန်မြင့်တက်လာခဲ့ပြီး အမြင့်ဆုံးဈေးနှုန်းအဖြစ် ဒီဇင်ဘာလတတိယပတ် အချိန်ကာလ များတွင် ပြင်ပ ပေါက်ဈေးမှာ တစ်ဒေါ်လာ ၁၄၀၀ ကျပ် ကျော်သည်အထိ ဖြစ်လာခဲ့သည်။

ဒေါ်လာလဲလှယ်နှုန်း ပြန်လည်ကျဆင်းခြင်း၊ ဒေါ်လာ ဈေးနှုန်းတည်ငြိမ်ခြင်း ဖြစ်ပေါ်လာစေရန် အဖြေရှာဆောင်ရွက်နိုင် ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနနှင့် ဗဟိုဘဏ်တို့ တွေ့ဆုံဆွေးနွေး မှုများ အဆက်မပြတ် ပြုလုပ်ခဲ့ကြသည်။

၅-၁-၂၀၁၇ ရက်နေ့နှင့် ၉-၁-၂၀၁၇ ရက်နေ့များတွင် ဗဟိုဘဏ်သည် ပို့ကုန်ရငွေများစိစစ်မှု၊ ပြည်တွင်းနေထိုင်သူများ ပြည်ပတွင် ရင်းနှီးမြှုပ်နှံထားမှုနှင့် ပတ်သက်၍ ညွှန်ကြားချက်များ ထုတ်ပြန်၍ ဒေါ်လာဈေးနှုန်းမြင့်တက်နေခြင်းကို တုံ့ပြန် ဆောင်ရွက်ခဲ့သည်။

စာရင်းကိန်းဂဏန်းများ မှန်ကန်ရေး

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်ကတည်းက ပြည့်စုံ မှန်ကန်မှုမရှိသည့် ကိန်းဂဏန်းများ၊ စာရင်းအင်းအချက်အလက် များကြောင့် သုံးသပ်ချက်များ လွဲချော်ကာ စီမံကိန်းများ အရာမထင်မှု၊ စီးပွားရေးကျဆင်းမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတို့ ကို ခံစားခဲ့ရပြီး ကြီးမားသည့်ဆုံးရှုံးမှုများကို ကြုံတွေ့ခဲ့ရပြီး ဖြစ်သည်။

ဒီမိုကရေစီအစိုးရသည် စာရင်းအင်းဆိုင်ရာညှိနှိုင်းဆောင် ရွက်မှုယန္တရား ခိုင်မာအားကောင်းစေရန် စာရင်းအချက်အလက် များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးတို့အတွက် ဒုတိယ သမ္မတ(၂)က နာယကအဖြစ် ဦးဆောင်၍ စာရင်းအချက် အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီကို ၂၀၁၆ ခုနှစ် ဧပြီလတွင် ဖွဲ့စည်းခဲ့ပြီး သုံးလတစ်ကြိမ် ဆွေးနွေးမှုပြုလုပ်ခြင်းဖြင့် အရည်အသွေးပြည့်ဝသော စာရင်းအင်း စနစ်တကျဖြစ်ပေါ်လာစေရေးအတွက် အားထုတ်မှု များ ပြုလုပ်လျက်ရှိသည်။ **အချပ်ပို (ဆ) သို့**

အချပ်ပို (စ) မှ

မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် ပေါ်ထွန်းလာရေးအတွက် စာရင်းအင်းဥပဒေ ပြဋ္ဌာန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် အမျိုးသားလွှတ်တော်၌ အတည်ပြုနိုင်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် စာရင်းအင်းမူဝါဒ အနှစ်ချုပ် (Statistical Policy Brief)နှင့် စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for Development of Statistics-NDCS) ကိုလည်း စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သဖြင့် စာရင်းအင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး သမိုင်းမှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်တော့မည်ဖြစ်သည်။

ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ ဆောင်ရွက်မှု

ဒီမိုကရေစီအစိုးရသစ်သည် ယခင်အစိုးရလက်ထက်က လိုငွေနှင့် ဂျီဒီပီအချိုးကို ၄ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ရေးဆွဲခဲ့သော ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာရေးအရအသုံးဆိုင်ရာ ဥပဒေကို ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာရေးအရအသုံးဆိုင်ရာကို ပြင်ဆင်သည့် ဥပဒေတွင် ၃ ဒသမ ၉၁ ရာခိုင်နှုန်းသို့ လျှော့ချ ရေးဆွဲခဲ့သည်။

အရှုံးပေါ်နေသည့် နိုင်ငံပိုင်လုပ်ငန်းများကို ခေတ်စနစ်နှင့်





အညီ ပြုပြင်ဆောင်ရွက်ရေး၊ ပိတ်သိမ်းပြီးစက်ရုံများမှ ဝန်ထမ်းများအား အခြားသင့်လျော်သည့်နေရာများတွင် ပြန်လည်ခန့်ထားရေး၊ ဗဟိုဘဏ်မှ လိုငွေဖြည့်ဆည်းပေးရခြင်းမှ တားဆီးရန်အတွက် အစိုးရငွေတိုက်စာချုပ်များ၊ အစိုးရငွေတိုက်လက်မှတ်များကို ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ်ခွဲများနှင့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများသို့ ရောင်းချပေးခြင်းများ ပြုလုပ်ခဲ့သည်။

၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်းပြောဆိုခများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကို စတင်ကောက်ခံခဲ့ပြီး ၂၀၁၆ခုနှစ် ဧပြီလအတွက် ကောက်ခံရရှိ ငွေကျပ် ၇ ဒသမ ၄၅၄ ဘီလီယံကို ပညာရေးကဏ္ဍ၌ သုံးစွဲရန် လွှဲပြောင်းပေးနိုင်ခဲ့သည်။

အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်စေရန်အတွက် အလယ်အလတ်ဆိုင်ရာ အခွန်ထမ်းများရုံးများကိုလည်း တိုးချဲ့ဖွဲ့စည်းထားပြီး အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်ကို အပြည့်အဝ ကျင့်သုံးနိုင်ရန် ပြည်တွင်းအခွန်များဦးစီးဌာနမှလည်း ဆောင်ရွက်လျက်ရှိသည်။

ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax) မှ ကုန်စည်နှင့် ဝန်ဆောင်မှုခွန် (Good and service Tax) သို့ ပြောင်းလဲနိုင်ရေး၊ အခွန်ဆိုင်ရာဥပဒေများ ရှင်းလင်းလွယ်ကူစေရေးအတွက် ကုန်သွယ်လုပ်ငန်းခွန်တွင် ပါဝင်ခဲ့သော အထူးကုန်စည်များအား နိုင်ငံတကာနည်းတူ ၂၀၁၆ ခုနှစ်တွင် အထူးကုန်စည်ခွန်ဥပဒေအဖြစ် သီးခြားပြဋ္ဌာန်းခဲ့ပြီး အခွန်စည်းကြပ်ကောက်ခံခဲ့သည်။

စာချုပ်စာတမ်းများအပေါ် တံဆိပ်ခေါင်းခွန်ထမ်းဆောင်စေရန်အတွက် အခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ်ပေးခဲ့ပြီး တံဆိပ်ခေါင်းများကို ပြင်ပတွင် သတ်မှတ်တန်ဖိုးထက် ပိုမိုရောင်းချခြင်းကိုကာကွယ်ရန် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများခန့်ထားပြီး တံဆိပ်ခေါင်းရောင်းရငွေမှ ၄ ရာခိုင်နှုန်းကို ရောင်းချသူအတွက် ကော်မရှင်ခအဖြစ် သတ်မှတ်ပေးလိုက်ခြင်းကြောင့် လက်ရှိတွင် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ ၃၆၀ အထိ ရှိလာပြီဖြစ်သည်။

ငွေကြေးကဏ္ဍဆိုင်ရာ ဆောင်ရွက်မှု

ငွေကြေးကဏ္ဍနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အစိုးရသစ်၏ ပထမတစ်နှစ်တာကာလဖြစ်သည့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် အပ်ငွေလေလံခေါ်ယူမှု အကြိမ် ၂၀ အထိရှိခဲ့ပြီး တစ်ကြိမ်ပျမ်းမျှ ကျပ် ၃၃၃ ဘီလီယံနှင့် ဈေးကွက်အတွင်းမှ ပိုလျှံငွေကို နုတ်သိမ်းနိုင်ခဲ့သည်။

ဘဏ်များ၏ အနည်းဆုံးသီးသန့်ငွေ လိုအပ်ချက်ထားရှိမှုများကို ငွေကြေးမူဝါဒ နည်းလမ်းတစ်ရပ်အဖြစ် ထိရောက်စွာ အသုံးပြုနိုင်ရန်နှင့် ရိုးရှင်းလွယ်ကူစေရန်အတွက် အများပြည်သူ အပ်နှံငွေစုစုပေါင်း၏ ၅ ရာခိုင်နှုန်းအဖြစ် ပြင်ဆင်သတ်မှတ်ပေးခဲ့သည်။

၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်တွင် အစိုးရငွေတိုက်စာချုပ် ပမာဏ ၁၁၈၀ ဘီလီယံကို ရောင်းချခဲ့ပြီး အစိုးရငွေတိုက်လက်မှတ်ကိုလည်း ပမာဏ ကျပ် ၃၀၃၂ ဘီလီယံ ရောင်းချနိုင်ခဲ့သည်။

ဘဏ်လုပ်ငန်းအခြေခံအဆောက်အအုံ မြှင့်တင်ဆောင်ရွက်ခြင်းအနေဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်အထိ နိုင်ငံခြားဘဏ်ခွဲ ၁၃ ခု၊ ပုဂ္ဂလိကဘဏ် ၂၄ ဘဏ်နှင့် ၎င်းတို့၏ ဘဏ်ခွဲပေါင်း ၁၄၇၅ခု၊ ပုဂ္ဂလိက ငွေရေးကြေးရေးကုမ္ပဏီ ၁၆ ခု၊ နိုင်ငံခြားဘဏ်များ၏ ကိုယ်စားလှယ်ရုံး ၄၅ ခုနှင့် နိုင်ငံခြားငွေရေးကြေးရေးကုမ္ပဏီ နှစ်ခုတို့ကို ခွင့်ပြုပေးခဲ့သည်။

၂၀၁၆ မတ်လ ၃၀ ရက်တွင် ဆက်သွယ်ရေးလိုင်စင်ရရှိထားသည့် နိုင်ငံတကာ မိုဘိုင်းကွန်ရက် (International Mobile Network Operators-IMNOs) အဖွဲ့များဖြစ်သည့် တယ်လီနောနှင့် အူရီဒူး၊ နိုင်ငံပိုင် MPT တို့ မိုဘိုင်း ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်နိုင်ရန် လိုအပ်သည့် စည်းမျဉ်းများကို ထုတ်ပြန်ပေးခဲ့သည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ စတင်၍ မြန်မာနိုင်ငံရှိ ဘဏ်များအား International Card (Visa Card, Master Card, JCB Card, UPI Card) များနှင့် ပြည်တွင်းပြည်ပ အသုံးပြုနိုင်သည့် International Credit Card (Clean Card) များ ထုတ်ဝေခွင့်ပြုခဲ့သည်။ ပြည်တွင်းဘဏ်များမှ ထုတ်ဝေသည့် MPU ကတ်များကိုလည်း နိုင်ငံတကာကွန်ရက်တွင် အသုံးပြုနိုင်ရေးအတွက် MPU-JCB, MPU-UPI စသည့် Co-Branded Card များအဖြစ် ထုတ်ဝေခွင့်ပြုခဲ့သည်။

ဗဟိုဘဏ်သည် ဘဏ်အချင်းချင်း စနစ်တကျ ငွေချေးသည့်စနစ်ကို ပိုမိုစနစ်ကျစေရန်အတွက်လည်း ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွင်း ညွှန်ကြားချက်အသစ်ကို ထုတ်ပြန်နိုင်ခဲ့သည်။ အဆိုပါ ညွှန်ကြားချက်ကြောင့် ဘဏ်များအချင်းချင်း ငွေချေးသက်သေခံလက်မှတ်များကို အပေါင်ပြု၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-Net စနစ်ရှိ ဗဟိုအပေါင်အပ်နှံသည့်စနစ်ကို အသုံးပြု၍ ဆောင်ရွက်နိုင်ပြီဖြစ်သည်။ ယခုအခါ ဘဏ်အချင်းချင်း အပြန်အလှန်ငွေအပ်နှံသည့် စနစ်ကျန်ရှိသော်လည်း ဘဏ်အချင်းချင်း စနစ်တကျငွေချေးသည့် ဆောင်ရွက်ချက်များ ပိုမိုတိုးတက်လာခဲ့သည်။

နိုင်ငံခြားငွေကြေးလဲလှယ်ရာမှ ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှုများကို ကာကွယ်ရန် Currency SWAP စနစ်နှင့် Currency Forward စနစ်ကို ၂၀၁၆-၁၇ ဘဏ္ဍာနှစ်မှ စတင်၍ ခွင့်ပြုပေးခဲ့သည်။

ယခုအစိုးရလက်ထက်မှစတင်က ကမ္ဘာ့ဘဏ်၏ Reserves Advisory and Management Program-RAMP အစီအစဉ်တွင်ပါဝင်၍ ၎င်းနိုင်ငံခြားသုံး သီးသန့်ရန်ပုံငွေများကို အခြားနိုင်ငံများ၏ ဗဟိုဘဏ်များနည်းတူ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိသည်။

ဗဟိုဘဏ်သည် ဒီမိုကရေစီအစိုးရ၏ တစ်နှစ်တာအတွင်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအရင်းအနှီးငွေကြေးများ ထုတ်ပေးနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ဆောင်ရွက်သည့် ချေးငွေအစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိသည်။

အာမခံ ဝန်ဆောင်မှု

မြန်မာ့အာမခံလုပ်ငန်းမှ အာမခံလျော်ကြေးများကို အလျင်မြန်ဆုံး ပေးအပ်နိုင်ရန် ပြုပြင်ပြောင်းလဲခဲ့ရာ ၂၀၁၆ ဩဂုတ်လမှစတင်၍ သူတစ်ပါးထိခိုက်မှု အာမခံပရီမီယံ ပေးသွင်းခြင်းကို အနိမ့်ဆုံးငွေကျပ် ၂၀၀၀ မှ ၅၀၀၀သို့ တိုးမြှင့်ခဲ့ပြီး နစ်နာကြေးများကိုလည်း ငါးသိန်းမှ ၁၀ သိန်းသို့ တိုးမြှင့်ခဲ့ကြောင်းသိရသည်။

ပြည်သူများ ဆုံးရှုံးမှုတစ်စုံတစ်ရာ ကြုံကြိုက်လာပါက ဆုံးရှုံးမှုနည်းပါးစေရန်ရည်ရွယ်ကာ လက်ရှိ အာမခံ အမျိုးအစားကိုးမျိုးအပြင် အမျိုးအစားသစ် ၁၁ မျိုးကို ပုဂ္ဂလိကအာမခံကုမ္ပဏီများသို့ လုပ်ကိုင်ခွင့်ပြုရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

အာမခံဈေးကွက်အတွင်း အပြည့်ပြိုင်ဈေးကွက်အဖြစ်ဖန်တီးနိုင်ရေးအတွက် နိုင်ငံခြားအာမခံကုမ္ပဏီများကိုလည်း လုပ်ငန်းလိုင်စင်များထုတ်ပေးရန်နှင့် အများပြည်သူများသို့လည်း ကျန်းမာရေးအာမခံ အမျိုးအစားကိုလည်း ရောင်းချနိုင်ရန် မြန်မာ့အာမခံလုပ်ငန်းမှ ပြင်ဆင်ဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ စိတ်ဝင်စားမှု

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ငြိမ်းချမ်းရေးကိစ္စကိုသာ အာရုံစူးစိုက်နေပြီး နိုင်ငံ့စီးပွားရေးအပေါ်တွင် စိတ်ဝင်စားမှုမရှိ၊ အာရုံစူးစိုက်ခြင်းမရှိဟု

စာမျက်နှာ (ဇ)သို့

ပြည်ပပို့ကုန်အအေးခန်းစက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်ကိုတွေ့ရစဉ်

ရန်ကုန်မြို့ရှိ စတော့အိတ်ချိန်းကို တွေ့ရစဉ်

အချပ်ပို (ဆ) မှ

ဝေဖန်သုံးသပ်မှုများ ရှိနေစဉ်မှာပင် ၂၉-၇-၂၀၁၆ ရက်နေ့တွင် နေပြည်တော် MICC-II တွင် ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ စီးပွားရေးမူဝါဒများ ရှင်းလင်းပြောကြားခြင်းအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က-

"....မိမိတို့နိုင်ငံ တွင် ၇၀ ရာခိုင်နှုန်းသော ပြည်သူများသည် လယ်ယာကဏ္ဍကို မှီတင်းနေထိုင်ကြသူများဖြစ်ပါကြောင်း၊ စက်မှုကဏ္ဍကို ဦးတည်ဆောင်ရွက်လိုသော်လည်း လယ်ယာ စိုက်ပျိုးရေးကို လျစ်လျူရှုထား၍မရပါကြောင်း၊ ယနေ့ခေတ် ကမ္ဘာကြီးတွင် အစားအသောက်ဖူလုံရေးကို ပြောဆိုကြသော်လည်း လ က်တွေ့ကျကျ ဆောင်ရွက်မှုနည်းပါးပါကြောင်း၊ ထို့ကြောင့် မိမိတို့အခြေအနေကို အားသာချက်ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများကို ဘက်ညီတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း......" စသည်ဖြင့် နိုင်ငံစီးပွားရေးတွင် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်ရေးအညီအမျှ လိုအပ်သည်ကို ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နေပြည်တော် MICC-II တွင် ၂၂-၁၀-၂၀၁၆ ရက်နေ့ နံနက်ပိုင်း၌ ကျင်းပခဲ့သည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် တွေ့ဆုံပွဲ အခမ်းအနားကိုလည်းကောင်း၊ MICC-II မှာပင် ထိုနေ့ နေ့လယ်ပိုင်းတွင် ကျင်းပသည့် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် 1st Myanmar Entrepreneurship Summit 2016 ကို လည်းကောင်း တက်ရောက်ခဲ့သည်။

နံနက်ပိုင်း အခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ "နိုင်ငံရဲ့စီးပွားရေးမူဝါဒကို ချမှတ်တဲ့အခါမှာ နောင်နှစ်အတွက် မဟုတ်ဘူး၊ နောင်ငါးနှစ်အတွက် မဟုတ်ဘူး၊ နောင်ဆယ်စုနှစ်တွေအတွက် စဉ်းစားပြီးလုပ်ရမှာ ဖြစ်ပါတယ်။ အောင်မြင်တဲ့စီမံကိန်းဆိုတာ တစ်နှစ်အတွက်လည်းမဟုတ်ဘူး၊ ငါးနှစ်အတွက်လည်း မဟုတ်ဘူး၊ ဆယ်စုနှစ်၊ ဆယ်စုနှစ်တွေအတွက် မျှော်မှန်းပြီးတော့ ချမှတ်မှ အောင်မြင်နိုင်မှာပါ"ဟူ၍ လည်းကောင်း။

နေ့လယ်ပိုင်းအခမ်းအနားတွင် စီးပွားရေးလုပ်ငန်းရှင်လူငယ်များကို အကြံပေးမိန့်မှာစကား ပြောကြားရာ၌

စက်မှုဝန်ကြီးဌာန ဆေးဝါးထုတ်လုပ်ရေးစက်ရုံတွင် လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်

".....မိမိတို့လူကြီးများ၊ လူငယ်များသည် လက်တွဲ၍ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးများ၊ ဆင်းရဲတွင်းမှ လွတ်မြောက်နိုင်ရန်အတွက်၊ နောင်ခေတ်အဆက်ဆက်တွင် မိမိတို့နိုင်ငံနှင့် ပြည်သူ ပြည်သားများ ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် နေနိုင်သွားရန် အတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြပါစို့" ဟု လည်းကောင်း တိုက်တွန်းပြောကြားခဲ့သည်။

၆-၃-၂၀၁၇ ရက်နေ့တွင် နေပြည်တော် Kempinski Hotel တွင် ကျင်းပပြုလုပ်သည့် ပြည်သူများ အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှု ဆောင်ပုဒ်ဖြင့် မြန်မာအမျိုးသမီးများ ရက်သတ္တပတ်ဖိုရမ် ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထိုအခမ်းအနားတွင် "နိုင်ငံတစ်နိုင်ငံမှာ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဘယ်လိုလုပ်စီးပွားရေးဟာ ရေရှည်ဖွံ့ဖြိုးတိုးတက်မလဲ။ စီးပွားရေးကို ကျွန်မတို့ အားပေးတယ်ဆိုတာဟာ လူသားများရဲ့ အကျိုးစီးပွားကို အားပေးတာပါ။ ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်း တစ်ခု၊ လုပ်ငန်းတစ်ခုအတွက် အကျိုးစီးပွားကို အားပေးတာ မဟုတ်ဘူး...။" ဟူသော မိန့်မှာစကားဖြင့် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆက်စပ်မှုကို သုံးသပ်ထောက်ပြ၍ ပြောကြားခဲ့သည်။

၃၀.၃.၂၀၁၇ ရက်နေ့ အစိုးရအဖွဲ့၏ တစ်နှစ်ပြည့်မြောက် မိန့်ခွန်းထဲ၌လည်း "....ကျွန်မတို့ ယခုကနေစပြီးတော့ အလုပ်အကိုင်ဖန်တီးရေး၊ လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်မီးရရှိရေးတို့ကို အဓိကထားပြီးတော့ လုပ်သွားမှာဖြစ်ပါတယ်..." ဟု ထည့်သွင်း ပြောကြားသွားခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ငြိမ်းချမ်းရေးပန်းတိုင်သို့ ရောက်ရှိရေး တစိုက်မတ်မတ်သွားနေရင်း နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် စိတ်ဝင်စားမှုမည်မျှရှိသည်ကို သတိပြုမိနိုင်သည်။

မြန်မာ့စီးပွားရေး ရှေ့အလားအလာ

စီးပွားရေးအဆောက်အအုံတစ်ခုသည် ပြုပြင်ပြောင်းလဲရေးကာလအတွင်း၌ တုံ့ဆိုင်းမှုများ၊ နှေးကွေးမှုများရှိတတ်သည်။ ရှုပ်ထွေးသောအခက်အခဲများ၊ ပြဿနာများ၊ ပုံသဏ္ဌာန်မမှန်ခဲ့သော ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍ၊ မပြည့်စုံသေးသော အင်စတီကျူးရှင်းများနှင့် ဈေးကွက်ယန္တရား၊ အမြွှာလိုငွေ (Twin Deficit) ဟုခေါ်ကြသည့် အစိုးရ၏ ရသုံးမှန်းခြေငွေစာရင်း(ဘတ်ဂျက်)တွင် လည်းကောင်း၊ ကုန်သွယ်မှုစာရင်းတွင် လည်းကောင်း ကာလတာရှည် လိုငွေပြနေသည့် အားနည်းချက် စသဖြင့် မေခရိုစီးပွားရေးဆိုင်ရာ လိုအပ်ချက်များ ရှိနေသည့် စီးပွားရေးအဆောက်အအုံတစ်ခုတွင် အခက်အခဲများ၊ ပြဿနာများက ထိုအခြေအနေမျိုးထက် ပိုပေလိမ့်မည်။

မည်သို့ပင်ဆိုစေကာမူ ပြည်သူကတာဝန်ပေး၍ ပြည်သူ့အတွက် အလုပ်လုပ်မည့် အစိုးရတစ်ရပ်အနေဖြင့် မည်သည့်အခက်အခဲ ပြဿနာများကိုမဆို မဆုတ်မနစ်သော လုံ့လဖြင့် ရင်ဆိုင်ကျော်လွှားသွားရန် အသင့်ရှိပြီးသားဖြစ်သည်။

ဒီမိုကရေစီအစိုးရသည် ပြည်သူ့ဘဏ္ဍာငွေကို ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုရန် စိတ်ကူးမျှပင်မရှိ၊ တစ်ပြားတစ်ချပ်မျှ လေလွင့်ကုန်ဆုံးခြင်းမရှိစေဘဲ တန်ဖိုးရှိရှိ စနစ်တကျသုံးစွဲမည့် အစိုးရဖြစ်သည်ကို နိုင်ငံ့တာဝန်စတင်ယူချိန်၊ အစိုးရအဖွဲ့ပြန်လည်ဖွဲ့စည်းစဉ်ကတည်းက ပြသပြီးသားဖြစ်သည်။

နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး အရေးကိစ္စများစွာ၊ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်မှန်သမျှ အောင်မြင်ရေး အားထုတ်မှုတွင် ကြီးမားသော အဟန့်အတား အနှောင့်အယှက်ဖြစ်စေသည့် အဂတိလိုက်စားမှုလျော့ကျစေရန် (သို့မဟုတ်) လုံးဝမရှိလာစေရန်လည်း ကနဦးအချိန်ကတည်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့သည်။

ယခင် နိုင်ငံ့စီးပွားရေး၊ ကုန်သွယ်ရေးတို့တွင် ပိတ်ဆို့ထားသော၊ ဟန့်တားရပ်သိမ်းထားသော အခွင့်အရေးများ ပြန်လည်ရရှိစေရန်၊ နိုင်ငံတကာစီးပွားရေး အသိုင်းအဝိုင်းများမှ အထောက်အပံ့ အကူအညီများရရှိစေရန်နှင့် လိုအပ်နေသော စီးပွားရေးဆိုင်ရာ အင်စတီကျူးရှင်းများ ဖြည့်ဆည်းမှုကိုလည်း တစ်နှစ်တာအတွင်း အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ရှေ့အနာဂတ် အချိန်များတွင် နိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများ ပွင့်လင်းလာတော့မည် ယုံကြည်မိသည်။

ကုန်ဈေးနှုန်းများ အဆက်မပြတ်မြင့်တက်လာနေမှု၊ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းလာနေမှု၊ မပြီးပြတ်သေးသော မြေယာပိုင်ဆိုင်မှုများ၊ မြို့ပြများရှိ ကျူးကျော်ပြဿနာ၊ လမ်းဘေးဈေးသည် ပြဿနာ၊ ဘတ်စ်ကားပြဿနာ၊ မော်တော်ကားတင်သွင်းမှု၊ အိမ်ခြံမြေဆိုင်ရာ မူဝါဒများအားနည်းနေမှု စသဖြင့် လတ်တလော ဖြေရှင်းရမည့် ရေတိုကိစ္စများ၊ ရှုထောင့်စုံမှ လေ့လာ၍ ပြင်ဆင်ရမည့် ရေရှည်ပြဿနာများကိုလည်း ကဏ္ဍအလိုက်နည်းလမ်းများ ရှာဖွေဖော်ထုတ်ဖြေရှင်းနေဆဲရှိသည်ကို တွေ့ရသည်။

ကဏ္ဍအသီးသီး၊ အလွှာအသီးသီး၊ နယ်ပယ်အသီးသီးမှ နိုင်ငံသူ နိုင်ငံသားပြည်သူလူထုများ ရင်ဆိုင်ကြုံတွေ့နေရသည့် နေ့စဉ်စားဝတ်နေရေး အခက်အခဲပြဿနာ၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုအခြေအနေ၊ စီးပွားရေးလုပ်ငန်းရှင်များ ၏ လုပ်ငန်းဆိုင်ရာ အခက်အခဲ၊ အဟန့်အတားများစသဖြင့် လက်တွေ့ကျကျ ရင်ဆိုင်နေရသော မြေပြင်အခြေအနေမှန်တို့ကို လေ့လာ၍ ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရမည်ဖြစ်သည်။

တစ်နှစ်တာကုန်ဆုံးခဲ့ပြီ။ တစ်နှစ်တာကာလအတွင်း အစိုးရသစ်၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများမှာ တိုင်းရင်းသားအားလုံး၏ ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းစေရန် ရည်ရွယ်ထားသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အခြေခံသည့် စီးပွားရေးမူဝါဒကို အကောင်အထည်ဖော်ရာတွင် ကနဦး အထောက်အကူဖြစ်စေသည့် ဆောင်ရွက်မှုများဖြစ်ပေလိမ့်မည်။

ခေတ်အဆက်ဆက်က ယိုယွင်းချွတ်ခြုံကျခဲ့သော၊ ၁၉၈၇ ခုနှစ်ကစ၍ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံဖြစ်ခဲ့ရသော၊ မြန်မာ့စီးပွားရေးအဆောက်အအုံကို ပြန်လည်ဆယ်တင်ရာတွင် အတိတ်ကာလက ကျင့်သုံးခဲ့သည့် မိမိအကျိုးစီးပွား၊ မိမိအုပ်စုအကျိုးစီးပွားကို အခြေခံသော၊ ပြောင်းလဲနေသော နိုင်ငံတကာ စီးပွားရေးဝန်းကျင်နှင့် သဟဇာတမဖြစ်ခဲ့သော မူဝါဒဆိုင်ရာ အားနည်းချက်များပေါ်တွင် လက်တွေ့ကျကျ၊ မှန်မှန်ကန်ကန် ဆင်ခြင်သုံးသပ်၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ နိုင်ငံသူ နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဗဟိုပြု၍ ဆက်လက်အားထုတ်သွားနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသတည်း။ ။

တာချီလိတ်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ နယ်စပ်ဝင်ထွက်မှု စစ်ဆေးရေးဂိတ်တွင် တစ်ဖက်နိုင်ငံမှ ဝင်ရောက်လာသည့် ခရီးသွားဧည့်သည်များကိုတွေ့ရစဉ်